
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







# သုမြတ်မွန်မွန်




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



## ကျေးဇူးတင်လွှာ

ဤဝတ္ထုဇာတ်လမ်း ဖြစ်မြောက်လာရန်အတွက် အခြေခံ အကြောင်းတရားတစ်ခု ဖြစ်ခဲ့သော ချစ်သူငယ်ချင်း သန္တာ၊ ဝတ္ထုကျော်ရိုးအတွက် ဖြစ်ရပ်မှန်ဇာတ်လမ်းအား ပြောပြပေးခဲ့သော ချစ်သူငယ်ချင်း ပြုံးချို၊ နာမည်အရင်းအတိုင်း သုံးစွဲခွင့်ပေးခဲ့သော တောင်ကြီးမြို့မှ ခွန်မင်းညို။

အစစအရာရာ ကူညီကာ သိလိုသမျှ ဖြေကြားပေးခဲ့ကြသော တောင်ကြီးမြို့မှ သူငယ်ချင်းများ ဖြစ်ကြသည့် မီးအို၊ ကိုကဲ၊ မီးဆရာ ကိုကျော်လုံးနှင့် တောင်ကြီးမြို့မှ မိတ်ဆွေ သူငယ်ချင်းအပေါင်းတို့အား ကျေးဇူးအထူးတင်ရှိပါသည်။

(ဆုမြတ်မွန်မွန်)

www.burmeseclassic.com

www.burmeseclassic.com







# အပိုင်း(၁)


• တုမရခင်၏ နှိုင်းဘွဲ့

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







# ဟ ၁ သိ

"တ"သည် ညှော်ခန်းထဲက ဆိုဖာဆက်တီပေါ်တွင် ယနေ့ထုတ် ဂျာနယ်ပေါင်းများစွာကို ထိုင်ဖတ်ရင်း သတင်းဦး သတင်းထူး ယူနေတုန်းမှာပဲ "တ"ရဲ့အနားသို့ အိမ်အကူကောင်မလေးက ရောက်လာကာ ကော့ဒ်လက်စ်ဖုန်းကို ကမ်းပေးရင်း ဆိုသည်။

"မမလေး ဖုန်းလာပါတယ်ရှင့်၊ ကိုကျော်ဇောလို့ ပြောပါတယ်"

တသည် ကြားသိရသောအခါ နှာခေါင်းတစ်ချက်ရှုံ့ရင်း ကောင်မလေးလက်ထဲက ကော့ဒ်လက်စ်ဖုန်းကို လှမ်းယူလိုက်ကာ နားထောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ"

"ဟယ်လို ... တုတုလား"

"ဘယ်လိုဖြစ်ရတာလဲ၊ တုတုကို ခေါ်နိုင်းပြီးမှ ဘာဖြစ်လို့ တုတုလား ပြန်မေးနေရတာလဲ"

တုရဲ့ ခပ်ပြတ်ပြတ် စကားတွေကို တစ်ဖက်က ပန်းနဲ့ပေါက်တဲ့အလား ရယ်မောလိုက်သံနေသည်။ မရယ်လို့လည်း မရချေ။ တုရဲ့ အချိုးအချိုတ်သည် ဘယ်သူ့ကိုပဲဖြစ်ဖြစ် ဒီလိုပုံစံချည်းသာဖြစ်သည်။ သူများက အဖြူဆိုလျှင် တုတုက အမည်း။ ဒါပေမဲ့ ဒါတွေဟာ တမင်ရွဲ့ပြောနေတာတွေလည်း မဟုတ်။ အကြောင်းမသိရင်တော့ ဘုဘောက်များ တမင်ကျကာ ရွဲ့ပြောနေသလားဟု ထင်ရလောက်သည်အထိ "တု"ကား စကားပြောပြတ်သူ၊ မာသူတစ်ယောက်သာဖြစ်လေသည်။

"တုရယ် ... ဒီလို ရှည်ရှည်ဝေးဝေး ပြောနေရတာကိုက မမောဘူးလား"

"နင်တို့လို အလိုက်မသိတဲ့လူတွေကြောင့် မောနေရတာပေါ့၊ ကဲ ... ပြော ဘာကိစ္စလဲ"

"သန်ဘက်ခါ ကိုယ့် မွေးနေ့လေ၊ အဲဒါ တုကို ဖိတ်တာ"





"ဖိတ်စာပို့လိုက်လေ၊ လာဖြစ်မယ်မဖြစ်ဘူးကတော့ မသေချာဘူး"

"အင်း ... ကိုယ်ကတော့ လာစေချင်တယ်၊ ဖိတ်စာပို့ထားပါတယ်၊ ကိုယ်တိုင်လည်း ပါးစပ်နဲ့ လှမ်းဖိတ်တာ"

"အိုကေ ... အိုကေ ... ဒါပဲ မဟုတ်လား၊ ဒီမှာ တု ဂျာနယ်ဖတ်နေတယ် မအားသေးဘူး၊ နောက်မှ ပြန်ဆက်တော့"

"ကောင်းပါပြီ တု၊ ဘိုင့် ဘိုင်"

"အေး ... ဘိုင့် ဘိုင်"

တုက ဖုန်းပိတ်လိုက်ပြီး ဆိုဖာပေါ် ပစ်တင်လိုက်ကာ ဂျာနယ်ကို ပြန်ကိုင်မလို့ လုပ်တုန်းမှာပင် ခြံစောင့်က ဖိတ်စာတစ်စောင်ကို လာပေးသည်။ အခုနက ဖုန်းဆက်လာသော ကျော်ဇေယသီဟရဲ့ မွေးနေ့ဖိတ်စာပင်။ ကိုယ်တိုင်လည်း မွေးနေ့တွေ၊ ဘာနေ့ညာနေ့တွေကို စိတ်မဝင်စားသော တုသည် ဖိတ်စာကို သာမန်ကာလျှံကာ ဖတ်ကာ ဘေးသို့ ပစ်ချထားလိုက်သည်။ သွားလည်း မသွားဟု စိတ်ကူးထားသော်လည်း အဲဒီစိတ်ကူးကို ညနေဘက်ရောက်သောအခါ ပယ်ဖျက်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တုရဲ့အဖေနှင့် ထမင်းစားပွဲဝိုင်းမှာ ထမင်းအတူစားကြသောအခါ ဖေဖေက မေးလာသည်။

"သမီး ... သမီးဆီကို ကျော်ဇော့ရဲ့ Birthday ဖိတ်စာ ရောက်လား"

"ရောက်တယ် ဖေဖေ"

တကယ်တော့ ကျော်ဇောသီဟ ဆိုသူမှာ ဖေဖေ့ရဲ့ ပါတနာ ဦးသီဟရဲ့သားဖြစ်သည်။ ရုပ်ရှင်တွေထဲကလို မိဘချင်း ရင်းနှီးတာမို့ တုနဲ့လည်း ကျော်ဇောမှာ (တုဘက်က မရင်းနှီးချင်ဘဲနဲ့) ရင်းနှီးခဲ့ရတာဖြစ်သည်။ ဒါတောင် တုက သူ့ကို ဘယ်တော့မှ ပြေပြေလည်လည်ဆက်ဆံတာမဟုတ်။ တုသည် ဘယ်သူ့ကိုမဆို ကျောသားရင်သား မခွဲခြားဘဲ ဘုဘောက် ဆက်ဆံတတ်သည်။ ငယ်ငယ်လေးတည်းက အနီးကပ်အုပ်ထိန်းမည့် မိခင်၏ ရင်ခွင်နှင့် ဝေးခဲ့ရသော တုသည် ပေါင်းသင်းဆက်ဆံရေးလည်း အင်မတန်ညံ့ဖျင်းလှပါသည်။

ဒါပေမဲ့လည်း ဘယ်ဘဝက အကျိုးပေးလဲတော့ မပြောတတ်။ တုသည် အဲဒီလို တည်တည်တင်းတင်းနေကာ ဘုဆောက်ပြောတာကိုက ချစ်စရာကောင်းသည်ဟု ဩဘာပေးနေကြ





သူက ပေးနေကြသောအခါ တုသည်လည်း ဒီအချိုးအတိုင်း ဒီပုံစံအတိုင်း။ ပြီးတော့ တုက သူများကို သိပ်ဂရုစိုက်တတ်သော ကောင်မလေးမျိုးလည်း မဟုတ်ပါ။

"အေး ... ရောက်တယ်ဆိုရင်လည်း အဲဒီ Birthday ကို သွားဖို့ စီစဉ်လိုက်ဦး၊ Presentကိုလည်း သမီးပဲ စီစဉ်လိုက်... အဲဒီပွဲကို ဖေဖေနဲ့သမီး အတူတူတက်ရမယ်"

"ဟင် ... ဖေဖေ သွားမှာပဲ၊ တုက လိုက်စရာလိုသေးလို့လား"

"လိုတာပေါ့၊ သမီးကိုလည်း မွေးနေ့ရှင်ကိုယ်တိုင် သပ်သပ်ဖိတ်ထားတာပဲဥစ္စာ၊ ဖေဖေ့ကိုလည်း သူ့အဖေက ဖိတ်ထားတာပဲ ...

မသွားလို့မကောင်းဘူးလေ၊ အဲဒီတော့ ခဏတဖြုတ် မျက်နှာတော့ သွားပြရမှာပဲ။ မွေးနေ့လက်ဆောင်ကို သမီးပဲ စီစဉ်လိုက်ပါ"

တုသည် ထမင်းကိုသာ အသာဝါးရင်း အင်းမလုပ် အဲမလုပ်ချေ။ ဘာမှ ပြန်ပြောလို့မရသည့်ကိစ္စမျိုး။ ငြင်းလျှင်လည်း ကိုယ့်သိက္ခာကိုယ်ကျမည့် ကိစ္စမျိုးဆိုလျှင် "တု"က ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်မငြင်းတတ်ပါ။ ဒါကြောင့် ထမင်းကိုသာ တိတ်တဆိတ်ဆက်စားရင်း ဖေဖေ့ကိုလည်း ဘာမှ ထပ်မပြောတော့။ ဖေဖေကလည်း အသံတိတ်နည်းဖြင့် "တု"တစ်ယောက် လက်ခံလိုက်ပြီဆိုတာ သိသဖြင့် ဘာမှ ထပ်မပြောတော့။

သတ်မှတ်ရမယ် ဆိုလျှင်တော့ ဖေဖေနဲ့ "တု"သည် ဖအေတစ်ခု သမီးတစ်ခုဆိုပေမယ့် ရင်းနှီးနွေးထွေးမှုမရှိဘဲ ခပ်စိမ်းစိမ်းပဲရှိသည်။ ငယ်ငယ်တည်းက မေမေ ဆုံးသွားသော်လည်း နောက်အိမ်ထောင်မပြုခဲ့။ စီးပွားရေးကိုသာ ကျိုးရှာခဲ့သော ဖေဖေသည် ငွေကြေးစည်းစိမ်သာ အလုံအလောက်ရှာဖွေပေးနိုင်လျှင် "တု"အတွက် ပြည့်စုံပြီဟု သတ်မှတ်ခဲ့ပုံရလေသည်။ "တု"ကိုယ်၌ကလည်း ဒီဘဝထဲမှာအသားကျနေခဲ့ပြီမို့ ဘယ်သူ့ဆီကမှ ဘာမှ ထပ်မမျှော်လင့်တော့။

ဖာတ်ဆရာ စေထားသည့်ဘဝအတိုင်း "တု"က ကျေနပ်နေခဲ့သည်။

❣ ○ ❣





❦ ၂ ❦

"တု"သည် East Point Shopping Mallကြီးရဲ့ရှေ့မှာ ကားရပ်ဖို့ နေရာကို ဝေ့ဝဲရှာဖွေရင်းမှ ကားတစ်စီးစာလွတ်နေသော နေရာကို ဖျတ်ခနဲသွားမြင်သည်။ အဲဒီနေရာကို ကားတစ်စီးက ထိုးဝင်ဖို့ ကြိုးစားနေသော်လည်း "တု"က ခပ်တည်တည်ပဲ ဝင်ထိုးပစ်လိုက်သည်။ ဟိုကားကလူကတော့ ဘယ်လိုနေမယ်မသိ။ "တု"ကတော့ ကားပါကင်မှာ အကျအနဝင်ရပ်ပြီးလျှင် ကားတံခါးတွေကို ပိတ်ကာ ဆင်းလာခဲ့သည်။

အဲဒီအချိန်မှာပဲ "တု"က ဝင်လုခဲ့သော တစ်ဖက်ကားကလည်း အခြားနေရာတစ်ခုကို ရသွားကာ လူတစ်ယောက်က ကားပေါ်မှဆင်းလာသည်။ အဲဒီကားနှင့် "တု"မှာ ကားနှစ်စီးစာ လောက်ပဲခြားတာမို့ သူ့ကို "တု"က ရှင်းရှင်းလင်းလင်းပဲ တွေ့



www.burmeseclassic.com

www.burmeseclassic.com



မြင်နေရသည်။ ရှင်းသန့်မွန်ရည်သော အဲဒီတစ်ယောက်သည် သူ့နေရာကို ဝင်လုသွားသော "တု"ကို ဘုရှိုးရှိုးရမည့်အစား ပြုံးမြမြနှင့် ခွင့်လွှတ်သလို စိုက်ကြည့်နေတာမို့ "တု"က ဘာလဲဟ ဟူ၍တောင် မျက်မှောင်ကုတ်၍ ပြန်ကြည့်လိုက်သည်။ "တု"ရဲ့ ပုံစံက တကယ့်ကို ရိုက်ပေါက်ပင်။

ဒါပေမဲ့လည်း တစ်ဖက်က Gentel man အထာကို "တု"က အမြင်ကတ်ချင်တာဖြစ်သည်။ "တု"က လူလည်ကျသွားပေမယ့် သူကတော့ လူကြီးလူကောင်းဆန်ပါသည်။ သဘောထားကြီးပါသည်ဟူသော ပုံစံမျိုးကိုလည်း "တု"က မကြိုက်ပြန်။ ဒါကြောင့် ခပ်တင်းတင်းပဲ လှည့်ထွက်လာခဲ့သည်။ ဒီနေ့မှာ ဒီလိုမျိုး Shopping ထွက်ဖို့လည်း စိတ်မပါချေ။ ကျေးဇူးရှင် (မွေးနေ့ဖိတ်သူ)အတွက် မွေးနေ့လက်ဆောင် ဝယ်ပေးရမှာမို့သာ စိတ်မပါတပါဖြင့် ရောက်လာခဲ့ခြင်းဖြစ်သည်။ ရောက်တော့လည်း ဘာဝယ်ရမှန်းမသိ။ ဖေဖေကတော့ MK SHOP ရဲ့ Customer မို့ သူ့ရဲ့ ဒစ်စကောင့်ကတ်ကို ပေးလိုက်သည်။ နောက်ဆုံးတော့ "တု"သည် သိပ်ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ MK ဆိုင်ထဲသို့သာ ဝင်လိုက်တော့သည်။ •





မျက်လုံးထဲတွင် ရှိုးရှိုးသားသား ဖိုးသစ္စာစတိုင်လ် စပို့ရှပ်အရောင်နုနုလေးများကိုသာ ဝတ်ဆင်တတ်သော ကျော်ဇော၏ ရုပ်သွင်ကို ဖျတ်ခနဲမြင်ယောင်ပြီးသည့်နောက်တွင် ARROW စပို့ရှပ် အဖြူရောင်လေးကို ရွေးချယ်မိတော့မလို ဖြစ်သွားသည်။ အဖြူခံပေါ်မှာ အရောင်နုနု လိုင်းအစင်းလေးတွေ ပါဝင်သော ARROW Shirt လေးဟာ အဲဒီတစ်ယောက်နဲ့တော့ လိုက်ဖက်မယ် ထင်တာပါပဲ။

"တု"ဟာ အဲဒီစပို့ရှပ်လေးကို လက်နဲ့လှမ်းရွယ်နေတုန်းမှာပဲ နောက်ထပ်လက်တစ်ဖက်ကလည်း အဲဒီစပို့ရှပ်လေးကို လာကိုင်သည်။ "တု"က ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် အံ့ဩစရာကောင်းစွာ အခုနက "တု"နဲ့ ကားပါကင်မှာ တွေ့ခဲ့သောလူ ဖြစ်လို့နေသည်။

သူက လှည့်ကြည့်လာသော "တု"ကို မျက်ခုံးတပင့်ပင့်၊ ခေါင်းဆာဆတ်ဆတ်ညိတ်ပြကာ ...

"သဘောကျတယ်ထင်တယ်၊ ယူပါ ... ယူပါ"

သူကလည်း အဲဒီအင်္ကျီကို နှစ်သက်ပုံရသော်လည်း "တု"ကို ဦးစားပေးပါတယ်ဟူသော ပုံစံဖြင့် လိုက်လျောတာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဲဒါမျိုးဆိုလျှင် အမြဲဘုပြန်ကျတတ်သော "တု"သည် ချက်ချင်းပဲ အင်္ကျီစကို လက်လွှတ်ပစ်လိုက်ကာ ...

"မယူပါဘူး"

"တု"က ချက်ချင်းပဲ ကျောခိုင်းကာ လှည့်ထွက်ပြီး တခြားအင်္ကျီတွေကို လိုက်ကြည့်သည်။ "တု"ရဲ့အကျင့်သည် သူများက မယူပါနဲ့ သူကြိုက်လို့ ယူပါရစေဆိုလျှင်တော့ ပြိုင်လုမည်ဖြစ်ပြီး တစ်ဖက်က လိုလိုလားလားနှင့် ထိုးပေးလျှင်တော့ ယူချင်စိတ်မရှိတော့။

အခုလည်း တခြားယောကျ်ားတွေကို လိုက်လံရွေးချယ်နေပေမယ့် နားထဲမှာတော့ အခုနကလူရဲ့ အသံတွေကို ကြားနေရသည်။

"Size က Medium နော် ညီမ၊ ကျပ်များ ကျပ်နေမလား"

ဟင်း ... အသံကလည်း။ ယောကျ်ားတန်မဲ့ နုနွဲ့နေလိုက်တာ။ "တု"တောင် အဲဒီလောက် ချိုချိုသာသာ နူးနူးညံ့ညံ့ မပြောတတ်ပါ။ "တု"သည် ဟိုဟိုဒီဒီ ‌ဝေ့ဝဲအကဲခတ်ပြီးမှ နောက်ဆုံးတော့ ဗေဒါဖျော့ဖျော့ Poloစပို့ရှပ်ကိုသာ ရွေးချယ်လိုက်သည်။





ရင်ဘတ်မှာ Poloတံဆိပ်က အနက်ရောင် ခပ်ကြီးကြီးမို့ လူငယ်ဆန်ကာ ဟိုတစ်ယောက်လည်း နှစ်သက်မည်ဟု ထင်၍ပင်။

အဲဒီအချိန်မှာပဲ "တု"ရဲ့ဘေးသို့ အရိပ်တစ်ခုက ကပ်ရောက်လို့လာပြန်သည်။ လှည့်ကြည့်လိုက်လျှင် အခုနကလူပဲ ဖြစ်နေပြန်သည်။ သူက "တု"ရွေးထားသော ဗေဒါရောင်စပို့ရှပ်လေးကို သဘောတကျဖြင့် ကိုင်ကြည့်နေသည်။ ကြည့်ရတာ ဒါကိုလည်း ဝယ်ဦးမည့်ပုံ။ ဒါကြောင့် "တု"က အရောင်းစာရေးမလေးကို လှမ်းပြောလိုက်သည်။

"ဒီစပို့ရှပ်ကို ထည့်ပေးပါ"

"ဟုတ်ကဲ့ အစ်မ၊ ဒီ Size ပဲနော်၊ Size ကြည့်ဦးမလား"

"မကြည့်တော့ဘူး၊ Medium ပဲ"

"တု"ရဲ့အပြောနောက်တွင် ဘေးကလူရဲ့ အပြောကပါ ကပ်ပြီးထွက်လာသည်။

"ကိုယ့်ကိုလည်း ဒီအင်္ကျီ ထည့်ပေးပါ"

အဲဒီအသံကြောင့် "တု"က ဆတ်ခနဲ လှည့်ကြည့်လိုက်လျှင် သူက "တု"ကို ခင်မင်သလို ပြုံးပြလာသည်။ သူ့ရဲ့ပုံစံက မိန်းကလေးချောချောမြင်လျှင် ဖွန်ကြောင်ချင်၊ အရောင်



www.burmeseclassic.com

www.burmeseclassic.com



ချင်သောပုံစံမဟုတ်ဘဲ တကယ့်ကို တစ်ဖက်သားအား ခင်မင်နှစ်လိုဖွယ်ရှိသော ယဉ်မွန်ယဉ်ကျေးသည့် အထက်တန်းကျကျပုံစံဖြစ်သည်။ ပြီးတော့ သူတစ်ပါးအပေါ်မှာ အင်မတန်ကို ခွင့်လွှတ်နားလည်ပေးမည့်ပုံစံမျိုးလည်း ဖြစ်သေးလေသည်။

"တု"က အဲဒီလိုပုံစံကြောင့် ကိုယ်ဝယ်တာကို သူလိုက်ဝယ်သော်လည်း "ဘု"ကြည့် မကြည့်တော့ဘဲ ခပ်တည်တည်သာကြည့်လျက် ပိုက်ဆံရှင်းရန်အတွက် လက်ပိုက်ကာ ကောင်တာသို့ လျှောက်လာခဲ့သည်။ အဲဒီနောက် ဖေဖေရဲ့ဒစ်စကောင့်ကတ်ကို ထုတ်ပေးကာ ပိုက်ဆံရှင်းနေတုန်းမှာပဲ "တု"ရဲ့အနားသို့ အဲဒီလူက ရောက်လာပြန်သည်။ သူကလည်း ဒစ်စကောင့်ကတ်ကိုချပေးကာ "တု"ကို ခင်မင်ရင်းနှီးသော အကြည့်မျိုးဖြင့် ကြည့်လာသည်။ ဖြစ်နိုင်လျှင် စကားတောင် နှုတ်ဆက်ပြောချင်သော သူသည် စကားပြောရမှာ မကောင်းတတ်၍ ပြုံးပဲပြုံးပြနေတာဖြစ်သည်။

"တု"ကတော့ အဲဒါကို ခပ်တည်တည်ပဲ မသိကျိုးကျွန်ပြုကာ ပိုက်ဆံရှင်းပြီးနောက် ချာခနဲ လှည့်ထွက်လာခဲ့သည်။ ဆယ်လှမ်း ဆယ့်ငါးလှမ်းလောက်ပဲ လှမ်းရသေးသည်။ "တု"ရဲ့နောက်မှ ခေါ်သံတစ်ခုက ထွက်ပေါ်လို့လာသည်။





"ညီမလေး"

ဒီတစ်ခါတော့ "တု"က ချဲတော့မည်ဟူသော အတွေးဖြင့် ချာခနဲလှည့်လိုက်လျှင် သူက "တု"ရဲ့သဘောကို ကြိုသိနေသည့်အလား လက်ထဲက ဒစ်စကောင့်ကတ်လေးကို ထောင်ပြရင်း ပြုံးပြသည်။ "တု"က မျက်မှောင်ကြုတ်ကာ ကြည့်နေတုန်းမှာပဲ သူ့ထံက စကားသံထွက်လို့လာသည်။

"ညီမလေး ကျန်ခဲ့တဲ့ဟာလေ"

သူ့ရဲ့ညီမလေးခေါ်သံကြောင့် "တု"က မျက်ခုံးကြောတစ်ချက် ထပ်တင်းသွားသည်။ ပုံစံကြည့်ရတာတော့ သူက "တု"နဲ့ မတိမ်းမယိမ်းပဲရှိမည်။ ဒါပေမဲ့ ကြီးချင်ရင်လည်း နှစ်နှစ် သုံးနှစ်ခန့်တော့ ကြီးနိုင်သည်။ အဲဒါကို ရီးရီးတန်းတန်း "ညီမ"တွေ ဘာတွေ မခေါ်ဘဲ နုနုရွရွ ဖူးဖူးလုလုနှင့် ညီမလေးတွေ ဘာတွေ လုပ်ပစ်တာကို "တု"က မကြိုက်တာဖြစ်သည်။

"ကျွန်မ ကျန်ခဲ့တာ ရှင်က ဘာဖြစ်လို့ လိုက်ပေးရတာလဲ၊ အဲဒီဆိုင်က ဝန်ထမ်းတွေက လိုက်မပေးဘူးလား"

"တု"ရဲ့ ရိုက်ပေါက်အပြောအဆိုကို သူက ရယ်ချင်သလို မျက်နှာပေးဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကိုယ်က လမ်းကြုံနေတာနဲ့ ယူလာတာပါ ... ရော့"

တုက ဘာမှမပြောတော့ဘဲ သူ့လက်ထဲက ကတ်ကို ဖျတ်နဲ့ဆွဲယူကာ လှည့်ထွက်လာခဲ့သည်။ ကိုယ့်နောက်မှာ သူ ကပ်ပါလာတာကိုလည်း သိသည်။ အဲဒီနောက် ကားပေါ်ကင်သို့ အတူတူရောက်ကာ မောင်းထွက်တော့လည်း ပြိုင်တူလိုပင်ဖြစ်သည်။ သူ့ကားက အရင်ထွက်ရမှာဖြစ်သော်လည်း တုကို ဦးစားပေးသည့် သဘောဖြင့် ရပ်စောင့်နေလျှင် တုသည် ဘာမဆိုင် ညာမဆိုင် မျက်စောင်းလှမ်းထိုးကာ ကားကို အရှိန်ပြင်းပြင်း မောင်းထွက်လို့ လာခဲ့လေသည်။

တုရဲ့ဂိတ်နဲ့မတွေ့သော အရာများထဲတွင် ယောကျ်ား တွေကလည်း 1 to 10 စာရင်းဝင်လေသည်။

❦ ○ ❦





## ၃

"တု"သည် ကားပေါ်မှဆင်းလိုက်တာနဲ့ များပြားလှ သော လူစည်ပရိသတ်ကြီးကို ကြည့်ကာ စိတ်ပျက်သွားသည်။ "တု"နဲ့ရွယ်တူ ယောကျ်ားလေးတစ်ယောက်ရဲ့ မွေးနေ့ပွဲဟာ ဒီလောက်ကြီးပဲ လူများရသလား။ "တု" အထင်တော့ ကျော်ဇော အဖေရဲ့ စီးပွားရေး အသိုက်အဝန်းတွေပါ ပါလိမ့်မည်။ ဘာကြောင့် များ ကိုယ့်အပေါင်းအသင်းတွေနဲ့ကိုယ် သီးသီးသန့်သန့် မလုပ် တာပါလိမ့်။ "တု"က စိတ်ညစ်ညူးစွာ တွေးတောနေတုန်းမှာပဲ ဖေဖေက "တု"ရဲ့အတွေးကို ရိပ်မိနေသည့်အလား အသာတပ် ပြောသည်။

"ကျော်ဇောက အခု သူ့အဖေရဲ့ အလုပ်တွေမှာ ဝင်လုပ်နေ ပြီဆိုတော့ မိတ်ဆက်ပွဲသဘောမျိုးလေ သမီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဟာသူ မိတ်ဆက်ပွဲပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် "တု"ကတော့ နှာခေါင်းရှုံ့သည်။ ဒီလို ပကာသနပွဲမျိုးတွေကို ဝါသနာမပါသော သူ့အတွက်တော့ လာရတာ အင်မတန်စိတ်ပင်ပန်းဖို့ကောင်းလှပါသည်။ "တု"ကို မြင်သွားသော မွေးနေ့ရှင်ကတော့ အပြေးအလွှားပဲ ရောက်လာကာ ညှော်ခံသည်။ "တု"က မွေးနေ့လက်ဆောင်ကို ခပ်တည်တည်ပဲ ကမ်းပေးကာ "Happy Birthday"တောင် မပြောဖြစ်။ ဖေဖေကသာ ကျော်ဇောရဲ့ပခုံးကို တရင်းတနှီးပုတ်ကာ Happy Birthday တွေ ဘာတွေ ပြောဖော်ရသေးသည်။

ဘူဖေးကျွေးတာမို့ "တု"က ဘာမှမစားဘဲ လိမ္မော်ရည်ကိုသာ အေးအေးဆေးဆေးသောက်ရင်း စားပွဲဝိုင်းမှာပဲ ထိုင်နေသည်။ အဲဒီအချိန်မှာပဲ ဖေဖေက သူ့ဘော်ဒါတွေ ဆုံလာတာမို့ "တု"ကို ထားခဲ့ကာ ဝိုင်းကူးသွားသည်။ စားပွဲဝိုင်းမှာက "တု"တစ်ယောက်တည်း။ ဒါပေမဲ့ "တု"က တစ်ယောက်တည်းနေရတာကို ပိုကြိုက်တာမို့ ဘာမှတော့ ပြဿနာမရှိပါ။

အဲဒီအချိန်မှာပဲ "တုတု"ဟူသော ခေါ်သံနှင့်အတူ "တု"ရဲ့စားပွဲဝိုင်းသို့ လူနှစ်ယောက် ရောက်လာခဲ့သည်။ တစ်





ယောက်ကတော့ ဖေဖေ့ရဲ့ မိတ်ဆွေ အပျိုကြီးတစ်ယောက်ဖြစ်ပြီး နောက်တစ်ယောက်ကတော့ တစ်နေ့ကပဲ MK SHOP မှာတွေ့ခဲ့ရသည့် Ever smile ပုဂ္ဂိုလ်ဖြစ်သည်။

"တုတု ... သမီးရေ တစ်ယောက်တည်းလား။ ဖေဖေ ဘယ်ရောက်သွားပြီလဲ"

အပျိုလေးရှုံးအောင် ပြင်ဆင်ထားသော အပျိုကြီးရဲ့ ရှန်းရှန်းဝေဝေ နှုတ်ဆက်သံကို စတင်ကြားရသည်။ "တု"က မပြုံးသော်လည်း အနည်းငယ်ပျော့ပျောင်းသော မျက်နှာထားနှင့်ပင် ...

"ဖေဖေ သူ့မိတ်ဆွေတွေဆီ ခဏပါသွားတယ်"

"ဪ ... သမီး ပျင်းနေမှာပေါ့၊ ဘာမှ မစားဘူးလား"

"ဟုတ် ... ဘာမှ စားချင်စိတ်မရှိလို့ပါ"

"ဪ ... Diet လုပ်တယ်ထင်တယ်၊ ကောင်းပါတယ်၊ အန်တီနဲ့ကတော့ မလုပ်နိုင်ဘူး သမီးရေ၊ ဒါကြောင့် မြင်တဲ့အတိုင်း ဝတုတ်ကြီးပဲ၊ ဝ,တဲ့ Body ကိုပဲ ထိန်းထားတာလေ ...

မိတ်ဆက်ပေးရဦးမယ်၊ ဒါ အန်တီနဲ့ရဲ့တူလေးလို ခင်ရတဲ့ သူပေါ့၊ နိုင်းဘွဲ့တဲ့။ ကွန်ပျူတာနဲ့ အပိုပစ္စည်းတွေ



www.burmeseclassic.com

www.burmeseclassic.com



တင်သွင်းတဲ့ ကုမ္ပဏီလုပ်တယ်လေ၊ သူ့အဖေကတော့ Export & Inport ကုမ္ပဏီပေါ့။ "တု"ရဲ့အဖေသိမှာပါ"

"တု"က အင်းမလုပ် အဲမလုပ်ပုံစံဖြင့် ခပ်ပေပေ ကြည့်နေလိုက်သည်။ အဲဒီလို ဂုဏ်တွေ ဒြပ်တွေ ဖော်ပြီး မိတ်ဆက်ပေး တာမျိုးကို "တု"က လုံးဝ သဘောမကျပါ။ ဒါကို "တု"အကြောင်း ကြားဖူးနားဝရှိသော အန်တီနွဲ့ကြီးလည်း သိမည်။ ဒါကြောင့် ထပ်ပြီး မျက်နှာချိုသွေးကာ ...

"နှိုင်းဘွဲ့ ... ဒါကတော့ ဦးခင်မောင်ကျော်ရဲ့ တစ်ဦးတည်း သောသမီး တုမရခင်တဲ့၊ အန်တီကတော့ "တုတု"လို့ပဲ ခေါ်တာပေါ့"

အန်တီနွဲ့ရဲ့ မိတ်ဆက်ပေးသံအဆုံးတွင် သူက မွန်ရည်စွာပြုံးပြလာသည်။ တုကတော့ ထုံးစံအတိုင်း ကပ်စေးနဲ စွာဖြင့် နည်းနည်းလေးသာ ပြုံးပြလိုက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ် တုမရခင်၊ ကိုယ်တို့ ဆုံဖူး ကြတယ်နဲ့ တူတယ်နော်"

ဟွန်း ... လာသေးတယ်။ ဆုံဖူးတယ်ဆိုလည်း ဆုံဖူးတယ်ပေါ့။ ဘာဆုံဖူးကြတယ်နဲ့ တူတယ်နော်တွေ ဘာတွေက





ဘာလုပ်တာမှန်းလဲ မသိ။ "တု"သည် အဲဒါမျိုးတွေကို Follow မလိုက်တတ်သူပီပီ ချက်ချင်းပဲ တုံ့ပြန်လိုက်သည်။

"မသိဘူးလေ"

"တု" အဲဒီလို ပြန်ဖြေမယ်မှန်း မထင်၍ သူက "အဲ"ခနဲ ဖြစ်သွားသည်။ ပြီးတော့မှ သူက "တု"ရဲ့အချိုးအချိတ်ကို သဘောပေါက်သွားဟန်ဖြင့် လှစ်ခနဲ ပြုံးကာ ...

"ဟုတ်လား ဆုံဖူးပါတယ်၊ MKဆိုင်ထဲမှာလေ၊ တုမရခင် ရဲ့ ဒစ်စကောင့်ကတ် ကျန်ခဲ့လို့တောင် လိုက်ပေးခဲ့သေး တယ်"

"ဒါများ ဆုံဖူးတယ်တူတယ်နော်တွေ ဘာတွေ ဘာလို့ လာလုပ်နေသေးလဲ"

"တု"ရဲ့ ဘုကျကျအပြောကို သူက အံ့ဩသလို ဖြစ်သွားသည်။ ပြီးတော့မှ ရယ်ချင်သလို မျက်နှာပေးဖြင့် ကြည့် လိုက်လေသည်။ တုကတော့ ခပ်တည်တည်ပင်။ အန်တီနွဲ့ကတော့ တုရဲ့အကြောင်းကို သိစွာဖြင့် ...

"တုက အဲဒီလိုပဲ နှိုင်းဘွဲ့ရေ၊ စကားပြောရင် အရမ်းပွင့် လင်းတာ၊ တခြားမိန်းကလေးတွေနဲ့ တူတာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကဲ … စကားပြောကြဦး ဟိုမှာ အန်တီနွဲ့ရဲ့အသိတစ်ယောက် ရောက်လာလို့ သွားနှုတ်ဆက်လိုက်ဦးမယ်”

အပျိုကြီးကား အင်မတန်ရိုးစင်းသော ရှောင်ပေးနည်းဖြင့် ထွက်ခွာသွားသည်။ “တု”သည် ဟက်ခနဲ ရယ်ပစ်ချင်စိတ်ကို မနည်းအောင့်အည်းထားရကာ ရှေ့မှာ လိမ္မော်ရည်ခွက်ကို ကောက်မော့လိုက်သည်။ သူက “တု”ကို ခွင့်တောင်းသလို တစ်ချက်ကြည့်ကာ …

“ကိုယ် ဒီမှာ ခဏလောက် ထိုင်လို့ရမလား”

“ခဏဆိုပြီး တစ်နာရီလောက်တော့ မကြာစေနဲ့ပေါ့လေ”

သူက “တု”ရဲ့စကားကို နှစ်သက်သွားသလိုဖြင့် အသာပြုံးကာ “တု”ရဲ့ရှေ့ကခုံမှာ ဝင်ထိုင်သည်။ ပြီးတော့ “တု”ကို နားလည်ရ ခက်လွန်းသည့် မျက်လုံးများဖြင့်ကြည့်ကာ …

“တုမရခင် စကားပြောတဲ့ ပုံစံက တစ်မျိုးပဲနော်”

“ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ရိုက်ပေါက်ပေါ့လေ”

သူက ပြုံးကာ ခေါင်းတစ်ချက်ဆတ်ပြသည်။ “တု”ကို စကားဆက်ပြောလေသည်။





“ရိုက်ပေါက်လို့ ထင်ရပေမယ့် ကိုယ်ကတော့ အဲဒီလို မသတ်မှတ်ပါဘူး၊ တုမရခင်ရဲ့ပုံစံက ဟန်မဆောင်တတ်တာလေ၊ စိတ်ထဲရှိတဲ့အတိုင်း ဆက်ဆံတတ်တာမျိုးပေါ့ …

ဒီခေတ်ထဲမှာက ပေါင်းသင်းဆက်ဆံရေးက အရမ်းအရေးကြီးလာတော့ လူတွေက စိတ်ထဲရှိရှိ မရှိရှိ ဟန်ဆောင်အပြုံးတွေနဲ့ ဆက်ဆံတာများတယ်လေ၊ “တု”က စိတ်အရင်းအတိုင်း ဆက်ဆံတတ်တာကို သဘောကျတယ်”

“တု”က ပခုံးကို တစ်ချက်တွန့်ကာ သူ ဘာသဘောနဲ့ ပြောနေတာလဲဆိုတာကို အကဲခတ်ကြည့်မိသည်။ သူ့ပုံစံကြည့်တော့လည်း တကယ့်ကို ရိုးရိုးသားသားပြောနေသော ပုံစံမျိုးဖြစ်သည်။ “တု”သည် လူတွေနဲ့ သိပ်အပေါင်းအသင်းမလုပ်ပေမယ့် စာအရမ်းဖတ်တာမို့ လူတွေရဲ့ ကားရိုက်တာကို ဖမ်းတတ်တာတော့ လွန်နေသည်။

ဒီလူတစ်ယောက်ရဲ့မျက်နှာမှာ အထင်ဟပ်ဆုံးအရာကတော့ စိတ်ရင်းကောင်းမွန်ခြင်းပဲ ဖြစ်တော့သည်။

အမြဲပြုံးနေတတ်သော မျက်နှာတစ်ခုဟာ ဘယ်သူ့ကိုမဆို မခွဲမခြားပြုံးပြမည့် မျက်နှာမျိုးဖြစ်သည်။ သဘောကောင်း



www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ ရည်မွန်ယဉ်ကျေးခြင်း စတာတွေက သူ့မျက်နှာပေါ်တွင် အတိုင်းအဆမရှိ ပျံ့နှံ့လို့နေလေသည်။

"ကိုယ့်ကို တုမရခင်ရဲ့ မိတ်ဆွေတစ်ယောက်အဖြစ် သတ်မှတ်ပေးမလား"

"ကျွန်မရဲ့စိတ်ရင်းအမှန်အတိုင်း ဆက်ဆံမှုတွေကို လက်ခံနိုင်မယ်ဆိုရင်တော့ ဖြစ်ပါတယ်"

"အိုကေ ... ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ကိုယ်က စတွေ့ကတည်းက တုမရခင်ရဲ့ ထူးခြားတဲ့စတိုင်လ်ကို သဘောကျနေခဲ့တာလေ ; ...

အခု ကျော်ဇောရဲ့ မွေးနေ့ပွဲမှာ မမျှော်လင့်ဘဲ ပြန်တွေ့ရတော့ အရမ်းအံ့သြသွားတာ၊ ဒါနဲ့ အန်တီနွဲ့ကို လက်တို့ကြည့်တော့ သူ့နဲ့ ခင်တယ်ဆိုတာနဲ့ မိတ်ဆက်ပေးဖို့ အကြောင်းဖန်လာကယ်ပေါ့"

"ဒါတွေက ဓာတ်ထုပ်အထားတွေပါ၊ စိတ်ဝင်စားဖို့မရှိဘူး"

"တုမရခင်က စိတ်မဝင်စားဘူး ဆိုပေမယ့် ကိုယ့်အတွက်တော့ ဒီအဖြစ်အပျက်လေးကကို ကျေနပ်စရာကောင်းတယ်လေ ...





ရော့ ... ဒီမှာ ကိုယ့်ရဲ့ကတ်၊ ကွန်ပျူတာနဲ့ပတ်သက်တဲ့ ဘာအကူအညီမဆို တောင်းနိုင်ပါတယ်"

"တု"က ကမ်းပေးနေသော သူ့ရဲ့ Name Cardကို စိတ်မဝင်စားသော်လည်း မကောင်းတတ်၍ လှမ်းယူလိုက်ရပါသည်။

"ကျွန်မမှာတော့ Name Card မရှိဘူးနော်"

"Name Card မရှိပေမယ့် Phone Card တော့ ရှိမှာပေါ့"

"ဟင့်အင်း ... ကျွန်မ ဟန်းဒ်ဖုန်းလည်း မကိုင်ဘူး"

သူက ဒီတစ်ခါတော့ အံ့သြသွားသည့်ပုံစံဖြင့် မျက်ခုံးကို ပင့်ကာ ...

"တကယ်လား၊ ဘာဖြစ်လို့ မကိုင်တာလဲ"

"မကိုင်ချင်လို့ မကိုင်တာပေါ့၊ ကျွန်မအဖေလည်း မကိုင်ဘူး၊ ဒါပေမဲ့ သူက ကိုင်ပေးမယ့်သူတွေရှိလို့ မကိုင်တာ၊ ကျွန်မကတော့ မကိုင်ချင်လို့ မကိုင်တာ ...

ရှင် မယုံရင် စုံစမ်းကြည့်လိုက်၊ တုမရခင်မှာ ဟန်းဒ်ဖုန်းမရှိမှန်း ရင်းနှီးတဲ့သူတိုင်း သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက တကယ်ကို အံ့ဩတယ်ဟူသော ပုံစံဖြင့် မျက်ခုံးတပင့်ပင့်ဖြစ်ကာ ...

"ကိုယ် တကယ်အံ့ဩတယ်နော်၊ မင်းက ထင်ထားတာထက် ထူးဆန်းတဲ့ ကောင်မလေးတစ်ယောက်ပဲ ...

မင်းက ဖုန်းမသုံးတော့ မင်းဆီ ဆက်သွယ်ချင်ရင် ဘယ်လိုဆက်သွယ်ကြလဲ"

"အိမ်ဖုန်းကိုဆက်ပေါ့၊ ဒါကလည်း လိုရင်းတိုရှင်းပြောပေါ့၊ ကျွန်မက ဖုန်းကြာကြာပြောရင် ခေါင်းကိုက်တယ်၊ နာရီဝက်ထက် ပိုမပြောဖူးဘူး"

"အင်း ... တုမရခင်က အိမ်မှာမရှိဘဲ အပြင်ရောက်နေတယ်ဆိုရင်ရော"

"တု"က မခိုးမခန့်ပြုံးကာ လက်ကျန်အချိုရည်ကို ကောက်မော့လိုက်ပြီးနောက် ...

"အပြင်ရောက်နေတယ်ဆိုလည်း ပြန်ဆက်ပေါ့ရှင်၊ ဂျီတွေ ခေတ်စားလာတာ ဆယ်နှစ်မရှိသေးပါဘူး၊ ဒါတောင် လူတိုင်းမှာ ဖုန်းတစ်ယောက်တစ်လုံးစီ ရှိကြလို့လား၊ ဖုန်းမရှိတဲ့သူတွေ ဘယ်လိုလုပ်ကြမလဲ ...





လက်ကိုင်ဖုန်းတွေ မပေါ်ခင်က ဘယ်လိုနေခဲ့ကြလဲ၊ မရှိလည်းဖြစ်ခဲ့တာပဲ မဟုတ်လား၊ ကျွန်မကတော့ အဲဒီလိုပဲ တွေးတယ်"

သူက "တု"ရဲ့အပြောကို ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"တုမရခင်က စကားသိပ်မပြောဘူး ထင်ရပေမယ့် ပြောချင်စိတ်ရှိရင်လည်း အများကြီးပြောတယ်နဲ့ တူတယ်နော်"

"အင်း ... အဲဒါတော့ ဟုတ်တယ်"

အဲဒီအချိန်မှာပဲ တုရဲ့ဖေဖေက စကားဝိုင်းသို့ ပြန်ရောက်လာသည်။ သူ့ကို တစ်ချက်အကဲခတ်နေတုန်းမှာပဲ သူက မတ်တတ်ထရပ်ကာ ဖေဖေ့ကို နှုတ်ဆက်သည်။

"အန်ကယ် ကျွန်တော်က အရက်ဦးထရေးဒင်းက ဦးညီဇော်ရဲ့သားပါ၊ နှင်းဘွဲ့လို့ခေါ်ပါတယ်ခင်ဗျ"

"ဩော် ... အေး၊ ကိုညီဇော်သားလား၊ အင်း အင်း ... သမီးနဲ့ သူငယ်ချင်းတွေပေါ့"

သူက ဘာပြောရမှန်းမသိ ဖြစ်နေတုန်းမှာပဲ တုက ဝင်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုလေးတင်မှ မိတ်ဆွေတွေ ဖြစ်သွားတာပါ၊ အန်တီနဲ့ မိတ်ဆက်ပေးသွားတာ၊ ပြန်တော့မလား ဖေဖေ၊ "တု" ပြန်ချင်ပြီ"

"အေး ... သမီး ပြန်ချင်ရင်လည်း ပြန်မယ်လေ၊ ကဲ ... မောင်နှိုင်းဘွဲ့ အန်ကယ်တို့ကို ခွင့်ပြုဦး"

"ဟုတ်ကဲ့ပါခင်ဗျာ"

"သွားလိုက်ပါဦးမယ်"

တုရဲ့ ခပ်တင်းတင်းလေး နှုတ်ဆက်စကားကိုတော့ သူက အပြုံးတစ်ချက်ဖြင့် ခေါင်းညိတ်ပြသည်။ ကားပေါ်ရောက်သောအခါ တုနဲ့ ဖေဖေက ဒရိုင်ဘာမောင်းသော ကားနောက်ခန်းမှာ အတူတူထိုင်ကြတာမို့ ဖေဖေက တိုးတိုးလေးကပ်ပြောသည်။

"ကောင်လေးကြည့်ရတာ သမီးကို စိတ်ဝင်စားနေတဲ့ပုံပဲ"

တုက "အစစ်ပဲပေါ့"ဆိုသည့် စကားကို စိတ်ထဲမှပဲ ပြန်ပြောလိုက်သော်လည်း ပါးစပ်ကတော့ ဘာမှ မပြောဖြစ်ပါ။ စိတ်ပါလျှင်လည်း တရစပ်ပြောပြီး စိတ်မပါလျှင်လည်း စကားသိပ်မပြောတော့တာက "တု"ရဲ့စတိုင်လ်ပဲဖြစ်သည်။





"ပုံစံကြည့်ရတာတော့ အရမ်းကို ရည်မွန်ယဉ်ကျေးတဲ့ပုံပဲ၊ စိတ်ထားကောင်းမယ်ဆိုတာလည်း သူ့မျက်နှာပေါ်မှာ ထင်ဟပ်နေတယ် ...

အင်း ... ဖေဖေ နည်းနည်းစုံစမ်းကြည့်ဦးမယ်"

"ဘာလုပ်မှာပဲ ဖေဖေ၊ အဲဒါမျိုးတွေ တု ဝါသနာမပါမှန်း သိလျက်သားနဲ့"

"သိပါတယ်၊ ဖေဖေကလည်း လူကြီးချင်း စီစဉ်မလို့မဟုတ်ပါဘူး၊ သမီး စိတ်ဝင်စားလာရင် အဆင်သင့်သိနိုင်အောင်လို့ပါ"

တုက စိတ်ကုန်သွားသဖြင့် စကားဆက်မပြောတော့ချေ။ လက်ကို ခပ်တင်းတင်းပိုက်ကာ အပြင်ဘက်သို့ပဲ ငေးနေလိုက်သည်။ ဒါပေမဲ့ ငေးနေရင်းမှကို "တု"ရဲ့မျက်လုံးထဲတွင် နှိုင်းဘွဲ့ဆိုသော လူတစ်ယောက်ရဲ့ မျက်နှာက ဖျတ်ခနဲ ထင်ဟပ်လို့လာလေသည်။ လူတိုင်းကို မခင်မင်တတ်သော "တု"သည် ဒီတစ်ယောက်ကိုတော့ မဆိုးရှာဘူးဟု မှတ်ချက်ပေးမိတာတော့ တကယ်ပဲ ထူးဆန်းခဲ့ပါသည်။

❣ ○ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၄

"မမလေး ဖုန်းလာနေပါတယ်၊ မမလေးရဲ့ မိတ်ဆွေကိုနှိုင်းဘွဲ့လို့ပြောပါတယ်"

အိမ်အကူ ကောင်မလေးက ရုပ်ရှင်ကြည့်နေသော တုရဲ့ဆီးမှာ လာရပ်လျက် ကော့ဒ်လက်ဖုန်းကို ကမ်းပေးရင်း ပြောလျှင် "တု"သည် တစ်ချက်မျှ တွေသွားပြီးနောက် ဖုန်းကို လှမ်းယူလိုက်သည်။

"ဟယ်လို"

"တုမရခင် ... ကိုယ် နှိုင်းဘွဲ့ပါ"

"ဟုတ်ကဲ့ ... ပြောပါ"

"ဪ ... အထွေအထူးကိစ္စတော့ မရှိပါဘူး။ တုမရခင်ကို သတိရလို့ ဆက်တာပါ။ တုမရခင် ဘာလုပ်နေတာလဲ"





"ရုပ်ရှင်ကြည့်နေတယ်"

"အင်း ... အနှောင့်အယှက်တော့ ဖြစ်သွားမှာပဲ၊ ဆောရီး ကိုယ်နဲ့စကားပြောချင်စိတ် ရှိရဲ့လားဟင်"

"အမှန်အတိုင်း ပြောရရင်တော့ မရှိဘူး"

တုရဲ့စကားကြောင့် သူ့ဘက်မှ အသံတိတ်သွားသည်။ အဲဒီအချိန်မှာပဲ "တု"က လှို့ဝှက်စွာ ပြုံးလိုက်ပြီး ဆက်ပြောလိုက်သည်။

"ဒါပေမဲ့ ရှင်က ကျွန်မရဲ့ဆန္ဒကို မေးလိုက်တဲ့အချိန်မှာပဲ စကားပြောချင်စိတ် ဖြစ်သွားတာ။ ကျွန်မက ကိုယ့်ဆန္ဒကိုပဲ ရှေ့တန်းတင်ပြီး သူများဆန္ဒကို အလေးမထားတဲ့သူတွေဆို မုန်းတယ်"

"ဒါဆို ကိုယ်က တုမရခင် မုန်းတဲ့စာရင်းမှာ မပါဘူးပေါ့နော်"

"အခုထိတော့ မပါသေးဘူး ပြောရမှာပေါ့"

"အင်း ... ဝမ်းသာပါတယ်။ ကိုယ် တစ်ခုလောက်တော့ ပြောချင်တယ်၊ တုမရခင်ကို သူများတွေခေါ်သလိုပဲ တုတုလို့ခေါ်ရင် ရမလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သဘောပဲလေ။ ပြဿနာမရှိပါဘူး"

"ဟား ... ဝမ်းသာလိုက်တာ တုရယ်"

"ဘာဆိုင်လို့ ဝမ်းသာရတာလဲ"

"မသိဘူးလေ။ တုက နာမည်ကို အတိုကောက်ခေါ်ခွင့် ပေးလိုက်တာကိုး။ ကိုယ် ထင်ထားတာက မခေါ်နဲ့လို့များ ပြောမလားလို့"

"ဟင်း ... အဲဒီလို အတွေးအခေါ် ခပ်အောက်အောက်တွေ ကျွန်မ မသုံးဘူး။ ကဲ ... ဒီလောက်ဆို ရှင် သတိရတာ ပြေလောက်ရောပေါ့။ ကျွန်မ ရုပ်ရှင်ကို ဆက်ကြည့်တော့ မယ်"

"အိုကေ ... ဒီလောက်ထိ ဖုန်းလက်ခံပြောပေးတာ ကျေးဇူး တင်ပါတယ်။ နောက်နေ့တွေလည်း ကိုယ် ဆက်မယ်နော် တု"

"မဆက်နဲ့၊ ကျွန်မက ဖုန်းကြာကြာပြောရတာ ဝါသနာမပါ ဘူး"

"ဟာဗျာ၊ အဲဒီလိုဆိုရင် ကိုယ်က ဘယ်လိုလုပ်ရမလဲဟင်"

"ကျွန်မနဲ့ စကားပြောချင်ရင် ကျွန်မအိမ်ကို လာခဲ့ပေါ့"





"ဟာ ... တု တကယ်ပြောတာလား"

"နောက်နေတယ် ထင်ရင်လည်း မလာခဲ့နဲ့လေ"

တုရဲ့ ခပ်ငေါ့ငေါ့လေသံကို သူက အသည်းအသန် တုံ့ပြန်သည်။

"ဟာ ... အဲဒီလို မဟုတ်ပါဘူး။ ဘယ်လို ပြောရမလဲ၊ ကိုယ်က လုံးဝထင်မထားတော့ အရမ်းဝမ်းသာသွားလို့ပါ။ တုက အရမ်းကို ထူးဆန်းတယ်ကွာ ...

တကယ်ကို ထင်မထားတွေ့ သိပ်လုပ်တတ်တယ်။ ဟို ... အခုရော လာလည်လို့ ရလားဟင်"

"မရဘူးလေ။ ကျွန်မ ရုပ်ရှင်ကြည့်နေတယ်"

"အိုကေ ... အိုကေ။ ကိုယ် အရမ်းပျော်သွားပြီ တုရယ်။ တုကို ကျေးဇူးအများကြီး တင်ပါတယ်"

"ကျေးဇူးတင်ရင် ဖုန်းချလိုက်ပြီ"

တုက ဖုန်းကိုပိတ်လိုက်ကာ ရုပ်ရှင်ကားဘက်သို့ အာရုံပြန်ပို့လိုက်သည်။ ပြီးတော့ ဘာကို သဘောကျမှန်းမသိ သဘောကျကာ တစ်ယောက်တည်း လှစ်ခနဲ ပြုံးမိလေသည်။

❣ ○ ❣



www.burmeseclassic.com

www.burmeseclassic.com



အိမ်လာလည်ဖို့ သိပ်ဆန္ဒရှိဟန် မတူသော သူသည် နောက်တစ်နေ့ ညနေခင်းမှာပဲ တုရဲ့အိမ်သို့ လက်ဆောင်ခြင်းကြီးနဲ့ ရောက်လာလေသည်။ သူက ဖေဖေရှိနေမည့် အချိန်ကို တမင်ရွေးပြီး ရောက်လာတာလားတော့ မသိ။ ဖေဖေ့ကို တရိုတသေ နှုတ်ဆက်သည်။ ဖေဖေက သူနဲ့စကားအနည်းငယ်ပြောပြီးနောက် ရေချိုးဖို့ အပေါ်ထပ်သို့ တက်သွားလျှင် တုနဲ့စကားပြောဖို့ ဖြစ်လာသည်။ သူ့ပုံစံက ပထမဆုံးအကြိမ် အိမ်လာလည်တာမို့ နည်းနည်းတော့ ရှိုးတိုးရှန့်တန့် ဖြစ်နေတာကို "တု"က ရိပ်မိလေသည်။

"ရှင် ဘာသောက်မလဲ"

တုရဲ့စကားကို သူက မျက်ခုံးပင့်ကြည့်သည်။ ဒီလူဟာ တစ်ခုခုကို အံ့သြလျှင် မျက်ခုံးပင့်ပင့်ပြီး ကြည့်တတ်တာလည်း သူ့ရဲ့စတိုင်လ်ဖြစ်ဖို့များသည်။





"ကျွန်မမေးတဲ့ စကားကို ရှင် နားမလည်ဘူးလား"

"နားလည်ပါတယ်။ ကိုယ် ဘာမှ မသောက်ချင်ပါဘူး"

"မသောက်ချင်ရင်လည်း ပြီးတာပဲ"

"တု"ရဲ့အပြောကို သူက နားလည်သလို အသာပြုံးကာ

"တုရဲ့ဧည့်သည်တွေကို တုက ဒီလိုပဲ ဆက်ဆံတာပဲလား"

"ကျွန်မဆီကိုလာတဲ့ ဧည့်သည်က လက်ချိုးရေလို့ ရတယ်လေ၊ ကျွန်မကတော့ အဲဒီလိုပဲ မေးတာပဲ။ သူ request လုပ်တဲ့ဟာကို တိုက်တာပဲ။ သူက အပူကြိုက်ပြီး ကျွန်မက အအေးတိုက်နေရင် သူလည်း မသောက်ချင်ပဲ သောက်ရတဲ့ ဒုက္ခကို ခံစားနေရဦးမယ် ...

ပြီးတော့ ကျွန်မက အိမ်ကိုဖိတ်လို့ လာလည်ပြီဆိုကတည်းက အဲဒီတစ်ယောက်က ကျွန်မရဲ့အကြောင်းကို ကောင်းကောင်းသိတဲ့ မိတ်ဆွေမို့လို့ပါပဲ"

သူက ပခုံးတစ်ချက်တွန့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... အဲဒီတစ်ချက်ကိုတော့ ကိုယ် မသိဘူး။ ဒါပေမဲ့ တုကသာ တစ်ခုခုတိုက်ချင်တဲ့ ဆန္ဒရှိရင်တော့ ကိုယ်က သောက်ချင်တယ်"

သူ့ရဲ့စကားပြောကောင်းမှုကို "တု"က သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်ပြီးနောက် ...

"ကောင်းပြီ။ ရှင့်ကို ကော်ဖီတိုက်မယ်။ ကျွန်မ သောက်နေကြဖြစ်တဲ့ ဘရာဇီးလ်ကော်ဖီပေါ့"

"တု"က အိမ်အကူတစ်ယောက်ကို ကော်ဖီဖျော်ယူလာခဲ့ဖို့ ညွှန်ကြားလိုက်သည်။ သူက "တု"ရဲ့ပုံစံကို ပြုံးပြီးကြည့်ကာ ...

"တု ကြည့်ရတာ အိမ်အပြင် သိပ်ထွက်ပုံ မပေါ်ဘူးနော်။ တစ်နေ့ တစ်နေ့ အိမ်ထဲမှာပဲ တု ဘာလုပ်နေတာလဲ"

"ထွက်စရာရှိရင်တော့ ထွက်ပါတယ်။ များသောအားဖြင့်တော့ အိမ်မှာနေတာများတယ်။ ကျွန်မက ဟိုတလောကမှ ကျောင်းပြီးထားတာဆိုတော့ အလုပ်တော့ မလုပ်သေးဘူး။ ခုတော့ အိမ်ထဲမှာပဲ စာဖတ်တယ်။ အင်တာနက်သုံးတယ် ...





ညနေဘက်တွေတော့ တင်းနစ် သွားရိုက်တတ်ပါတယ်"

"ဪ ... ကောင်းပါတယ်။ ကိုယ်က တု တစ်ယောက် အိမ်ထဲမှာပဲ ကုပ်နေသလားလို့။ တုမှာ သူငယ်ချင်းတွေ မရှိဘူးလား။ တု ဘာနဲ့ကျောင်းပြီးတာလဲ"

"ကွန်ပျူတာနဲ့။ ကျွန်မနဲ့ပေါင်းလို့ရတဲ့ သူငယ်ချင်းက နှစ်ယောက်ပဲရှိတာ၊ အခု သူတို့နှစ်ယောက်လုံး နိုင်ငံခြားရောက်သွားပြီ"

"ကိုယ်ကလည်း တုနဲ့ ပေါင်းလို့ရတဲ့ သူငယ်ချင်းပဲလေ။ မဟုတ်ဘူးလား"

အဲဒီအပြောကိုတော့ တုက နှုတ်ခမ်းတွန့်ရုံပြုံးကာ ဘာမှပြန်မပြောတော့ချေ။ အဲဒီအချိန်မှာပဲ သူ့အတွက် ကော်ဖီလာချတာမို့ သူက တစ်ငုံယူမော့ကာ ကောင်းတယ်နော်ဟု ချီးကျူးသည်။ တုသည် ကိုယ့်ရှေ့က လူတစ်ယောက်ရဲ့ပြောပုံဆိုပုံတို့ကို သေချာအကဲခတ် လေ့လာနေသည်ဖြစ်ရာ သူကလည်း အဲဒါကို မဖြုံချေ။ စိတ်ကျဉ်းကျပ်စရာကောင်းသော တုရဲ့အကြည့်တွေကို ခပ်တည်တည် ခပ်အေးအေးပဲ ရင်ဆိုင်လေသည်။ စပို့ရှပ်အပြာ



www.burmeseclassic.com

www.burmeseclassic.com



စင်းကို ကချင်ပုဆိုး နက်ပြာရောင်ဖြင့် တွဲဖက်ဝတ်ဆင်ထားသော သူ့ပုံစံသည် တုမရခင် နှစ်သက်သော ပုံစံမျိုးဖြစ်သည်။

တုက ယောက်ျားလေးတွေ အင်္ကျီမတန် ဝတ်စားပြင်ဆင်ခြင်းကို လုံးဝနှစ်သက်သောသူ မဟုတ်ချေ။ ဒီတစ်ယောက်ကတော့ဖြင့် ပုံမှန်အတိုင်း သန့်သန့်ရှင်းရှင်း ဝတ်စားထားတာကို တုက အမှတ်ပေးမိသည်။

"ညဘက်တွေ တု ဘယ်အချိန် အိပ်တတ်လဲဟင်"

"ဆယ့်နှစ်နာရီပေါ့၊ ရှင် ဖုန်းဆက်မလို့လား"

"ဟုတ်တယ်၊ တုဆီကို ဆက်လို့ရတယ် မဟုတ်လား"

"ကျွန်မက အကြာကြီးတော့ မပြောတတ်ဘူးနော်"

"ရပါတယ်။ တု အကြာကြီး ပြောချင်လာအောင် ကိုယ်က ဆွဲဆောင်မှာပေါ့။ တု စိတ်ဝင်စားမယ့် စကားတွေပြောမယ်လေ။ ကိုယ်ကလည်း စာဖတ်တဲ့သူ၊ တုကလည်း စာဖတ်တဲ့သူဆိုတော့ ကိုယ်တို့ချင်း စိတ်ဝင်စားတဲ့စကားတွေကို ဖလှယ်နိုင်မှာပါ"

တုက သူ့အပြောကြောင့် လွှင့်လွှင့်လေး ပြုံးလိုက်ကာ ...





"ကောင်းပြီလေ။ စမ်းကြည့်ကြတာပေါ့။ ကျွန်မ အားမနာတတ်တာ ရှင် သိနေတာပဲ။ စိတ်မဝင်စားရင်တော့ ချက်ချင်း ဖုန်းချမှာပဲ"

"အိုကေလေ။ ကိုယ် ကြိုးစားမှာပေါ့"

အဲဒီနောက် သူက စကားအနည်းငယ် ထပ်ပြောကာ ကော်ဖီကို ကုန်အောင်သောက်ပြီးနောက် နှုတ်ဆက်ကာ ပြန်သွားသည်။ တုသည် ထွက်ခွာသွားသော သူ့ကျောပြင်ကို အသာငေးကြည့်ကာ သဘောတကျဖြင့် ခေါင်းတစ်ချက် ဆတ်မိလေသည်။

အမြဲတမ်း ပုံမှန်အနေအထားဖြင့် ရှိခဲ့သော "တု"ရဲ့ ဘဝသည် မကြာမီအချိန်တွင်းမှာ လှုပ်လှုပ်ခတ်ခတ် ဖြစ်တော့မှာကိုလည်း တုကိုယ်တု ကြိုသိနေသည်။

ဒါပေမဲ့ အတွေ့အကြုံသစ်တစ်ခုကို တုက ရူးစမ်းချင်နေခဲ့ပါသည်။

❣ ○ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၅

တုရဲ့ညနေခင်းပိုင်း အချိန်တွေသည် အရင်လိုမဟုတ်တော့ပဲ စိတ်ဝင်စားစရာ စကားများဖြင့် ပြောင်းလဲရှင်သန်ခဲ့သည်မှာ နိုင်းဘွဲ့ ဆိုသော လူတစ်ယောက်ကြောင့်ပဲ ဖြစ်ပါသည်။ လူတိုင်းကို မခင်မင်တတ်သော အထူးသဖြင့် ကိုယ့်စိတ်ထဲက အတိုင်း ဆက်ဆံတတ်သော တု အတွက်တော့ သူသည် တကယ့်ကို အံ့ဩဖွယ် ယောကျ်ားတစ်ယောက် ဖြစ်ခဲ့သည်။ အရပ်စကားနှင့် ပြောရလျှင်တော့ အင်မတန် ရစ်တတ်သော တုရဲ့ဒဏ်ကို သူက တော်တော်ခံနိုင်သည်ဟု ပြောရပေမည်။ အမြဲတစေ ပြုံးနေတတ်သော သူ့နှုတ်ခမ်းက တုနဲ့ဆန့်ကျင်သောစကားတို့ တစ်လုံးတလေမှ ထွက်မလာ။



အဲဒီလိုနှင့် သိပ်မကြာသော အချိန်အတွင်းမှာ တုထင်ထားသည့်အတိုင်း သူက တုကို ချစ်ရေးဆိုလာခဲ့လေသည်။ နောက်ပိုင်းတွင် သူနဲ့အတူ မကြာခဏ သွားထိုင်လေ့ရှိကြသော Fuji coffee house လေးမှာ သူက တုကို ဘယ်လောက်ချစ်နေတယ် ဆိုတာကို ရိုးရိုးရှင်းရှင်းလေးပဲ ဖွင့်ဟပြောပြခဲ့တာဖြစ်သည်။

"ကိုယ်က တုကို ပထမဦးဆုံး စတွေ့ဖူးခဲ့တဲ့ အချိန်တည်းကစပြီး အရမ်းစိတ်ဝင်စားသွားခဲ့တာ။ တုရဲ့ပုံစံလေးက ဘယ်သူနဲ့မှ မတူဘူးလေ ...

တည်တည်တင်းတင်းလေးနဲ့ တစ်မျိုးလေးဖြစ်နေတယ်"

"ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ တစ်လောကလုံးကို ရှာကျွေးနေတဲ့ ရုပ်ပေါ့လေ"

တုရဲ့အပြောကို သူက တည်ငြိမ်အေးချမ်းသာ အပြုံးတစ်ခုဖြင့် ကြည့်လာကာ ...

"တုကို ကိုယ် အမှန်အတိုင်း ပြောပြမယ်။ တုရဲ့ပုံစံက ခပ်တည်တည် တင်းတင်းလေး ဖြစ်နေပေမယ့် တုကို ဘယ်သူကမှ မွေးမယူနိုင်ဘူး။ မကောင်းမမြင်ကြဘူး၊ အဲ ရှိရင်တော့ ရှိမှာပေါ့လေ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ တုရဲ့ အတိတ်ဘဝက ကုသိုလ်ကံက တော်တော်ကြီးတယ် ပြောရမှာပဲ။ တုက ဒီလိုနေတတ်တာ တောင် တု အနားမှာ တုကို ခင်မင်ချင်တဲ့သူတွေ အများကြီးပဲလေ ...

ထားပါကွယ်၊ ကိုယ် ပြောချင်တာက အဲဒါ အဓိက မဟုတ်ပါဘူး။ တုကို ကိုယ့်ဘဝမှာ တစ်ခါမှ မချစ်ဖူးတဲ့ အချစ်မျိုးနဲ့ ချစ်မိနေတယ် ဆိုတာပါ ...

တု ကိုယ့်အချစ်ကို လက်ခံဖို့ စဉ်းစားပေးနိုင်မလား"

"အချစ်ဆိုတာ အဲဒီလို စဉ်းစားလို့ ရလို့လား"

"အဲလိုတော့ ကိုယ် မပြောတတ်ပါဘူး။ ဒါပေမဲ့ ကိုယ့်ကို တုက အချိန်တစ်ခုယူပြီး စဉ်းစားမယ် ဆိုရင်လည်း စဉ်းစားနိုင်တယ်လို့ ပြောတာပါ"

"ကျွန်မ မစဉ်းစားနိုင်ပါဘူး။ စဉ်းစားတဲ့အလုပ်ကို ဝါသနာ မပါဘူး။ ရှင်ပဲ စဉ်းစားကြည့်လေ၊ ရှင် ကျွန်မကို စဉ်းစားပြီး ချစ်ခဲ့တာမှ မဟုတ်တာ။ အချစ်ဆိုတာ စဉ်းစားပြီး ချစ်လို့ရသလား။ ဒါဆိုရင်တော့ သေချာပြီ ...

အချစ် မဟုတ်တော့ဘူး"





တုရဲ့ ခပ်ပြတ်ပြတ်အပြောကို သူက ဟက်ခနဲပဲ ရယ်မောလေသည်။ ပြီးတော့ တုကို စူးနစ်စွာ တစ်ချက်ကြည့်ပြီး ခေါင်းညိတ်ကာ ...

"ဒါဆို ကိုယ့်ကို တု ဘယ်လိုသဘောထားမှာလဲ"

"ဘယ်လို သဘောထားရမှာလဲ။ လက်ရှိမှာတော့ ရှင်က ကျွန်မရဲ့မိတ်ဆွေပေါ့။ ရှင့်ကို ကျွန်မ အခုထိတော့ မချစ်သေးတာ အမှန်ပဲ ...

ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်က ချစ်သူဖြစ်တော့မယ်ဆိုရင် ပုံမှန်အားဖြင့်တော့ ရည်းစားစကားပြောမယ်။ မိန်းကလေးကလည်း ချစ်နေတာကို ချက်ချင်း အဖြေပြန်မပေးဘဲ စဉ်းစားဦးမယ်ဆိုပြီး အချိန်တစ်ခု သတ်မှတ်မယ်။ ပြီးရင် အဖြေပေးမယ်။ ဒါက လုပ်ရိုးလုပ်စဉ်တွေပါ ...

ကျွန်မကတော့ သဘောမကျဘူး"

"ဟုတ်ပါပြီ၊ ဒါဆိုလည်း တု သဘောကျသလိုလုပ်ပါ။ ကိုယ်ကတော့ ဘယ်လိုပဲဖြစ်ဖြစ် တုကို ချစ်နေမှာပါ ...



www.burmeseclassic.com

www.burmeseclassic.com



တု ပြန်ချစ်လာမယ့် အခါန်ကိုလည်း စိတ်ရှည်လက်ရှည်နဲ့ စောင့်မှာပါ”

တုက အဲဒီစကား[illegible]တော့ ဘာမှမပြောတော့ဘဲ ပြုံးရုံသာ ပြုံးနေခဲ့လေသည်။ အချစ်ဆိုသော [illegible]တစ်ခုဟာ တု ရင်ထဲသို့ ဝင်ရောက်ဖို့ [illegible]ချောင်းနေ[illegible] ဆိုတာကိုလည်း ရိပ်မိသည်။ အဲဒီအချိန်လေးကိုပဲ တုက ရင်ခုန်နေခဲ့ပြီဖြစ်သည်။





“စမ်းသပ်ခြင်း”ဆိုတဲ့ ကိစ္စတစ်ခုကို ဘယ်သူမဆို ဘဝတစ်သက်တာတွင် (အနည်းဆုံး)တစ်ကြိမ်တစ်ခါလောက်တော့ လုပ်ခဲ့ကြဖူးပါလိမ့်မည်။ ဒီလူတစ်ယောက်ဟာတော့ဖြင့် ကိုယ့်အပေါ်မှာ ဘယ်လိုသဘောထားလဲ ဆိုတာကို ဘယ်သူမဆို နည်းနည်းလောက်တော့ စမ်းကြည့်ဖူးကြမည်။ တုသည်လည်း ဒီနေရာမှာတော့ လူထဲက လူပီသခဲ့ပါသည်။ နှိုင်းဘွဲ့ ဆိုသော တု ရင်ခုန်နေရသည့် လူတစ်ယောက်ကို တုက အမျိုးစုံကျိုတိုက်ဂျစ်ကျကာ ကိုယ့်အပေါ်မှာ စိတ်ရှည်၊ မရှည် စမ်းသပ်ခဲ့သည်။ သူကလည်း အစွဲတောင်ပြန်တိုက်နေသည့်အလား အပြုံးမပျက်ကို သည်းခံခဲ့လေသည်။

တုကတောင် အံ့ဩလွန်းသဖြင့် မေးယူရသည်။

“ရှင် ဘာဖြစ်လို့ အဲဒီလောက်ထိ သည်းခံနေရတာလ နှိုင်းဘွဲ့။ ဒီလိုတွေ သည်းခံနေရင် ရှင့်ကို ကျွန်မက အားနာပါးနာနဲ့ ပြန်ချစ်လိမ့်မယ်လို့ ထင်ထားလို့လား”



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ရင့်ကျောကျော အပြောတွေကိုလည်း သူက ဘယ်လိုမှ နေဟန်မတူပါ။

"မထင်ပါဘူး။ တုမရခင် ဆိုတဲ့ မိန်းကလေးက လူတစ်ယောက်ကို အားနာပါးနာနဲ့ ပြန်ချစ်ဖို့ဆိုတာ မပြောနဲ့ အားနာပါးနာနဲ့ ပြုံးတောင် မပြုံးပြဘူးဆိုတာ သိပြီးသားပါ ...

ကိုယ်က တုကို ချစ်လွန်းလို့ သည်းခံတာထက် စာနာမှုတစ်ခုနဲ့ ပိုသည်းခံဖြစ်တာလေ"

သူ့စကားကို ဒီတစ်ခါတော့ တုက ပြန်အံ့သြရတာ ဖြစ်သည်။ သူ့ကို နားမလည်သလို ကြည့်နေသော မေးခွန်းမျက်ဝန်းများကို သဘောပေါက်ဟန်ဖြင့် ခေါင်းတစ်ချက်ဆတ်ကာ သူ့ဟာသူ ထပ်ရှင်းပြသည်။

"တုကို ကိုယ်က ချစ်လွန်းလို့ သည်းခံတာလည်း မှန်တယ်။ ဒါပေမဲ့ တုကို သနားလို့ သည်းခံတာက ပိုတယ် တုရဲ့"

သူက ကလေးတစ်ယောက်ကို ရှင်းပြသလိုမျိုးဖြင့် ချစ်စနိုးပြုံးကာ ငဲ့ပြောသည်။ ရှင်းသန့်နေသော သူ့ပုံစံက စပို့ရှပ် အဖြူဆွတ်ဆွတ်နဲ့မို့ အင်မတန် မွန်ရည်သပ်ရပ်နေသည်။





သြော်ကွယ် ... ဒါကြောင့် ဖေဖေတောင် သူ့ကို သဘောကျခဲ့တာပဲ။

"ရှင်က ဘာဖြစ်လို့ ကျွန်မကို သနားရတာလဲ"

"ပုံမှန်အားဖြင့်တော့ ဦးခင်မောင်ကျော်ရဲ့ တစ်ဦးတည်းသော သမီးလေးကို သနားတယ် ဆိုတာ စော်ကားသလို ဖြစ်နေမှာပါ။ တုမှာ စည်းစိမ်ဥစ္စာအားဖြင့်တော့ သူမတူအောင် ပြည့်စုံတာ ဟုတ်တယ် ...

ဒါပေမဲ့ နွေးထွေးတဲ့ မေတ္တာကိုတော့ တု ဘဝမှာ ဘယ်တုန်းကမှ မရခဲ့ဖူးဘူးလေ။ အဲဒီလို မေတ္တာငတ်ခဲ့ရတဲ့ ကောင်မလေးကို ကိုယ်က သနားနေတာပါ။ တုကို ချစ်သူတစ်ယောက်လိုလည်း ရင်ခုန်ပြီး ချစ်ပါတယ် ...

ဒါပေမယ့် တဖြည်းဖြည်းနဲ့ တုရဲ့ဘဝအကြောင်းကို ပိုသိလာရတဲ့အခါမှာလည်း တုကို ညီမလေးတစ်ယောက်လို ပိုချစ်လာတယ်။ 1500 Plus 528 ပေါ့ တုရယ် ...

တစ်ခါတလေကျရင် ကိုယ့်အချစ်က အရမ်းကို ငါးရာနှစ်ဆယ့်ရှစ် ဆန်ချင်နေလွန်းလို့ ကိုယ့်ကိုယ်ကိုယ်တောင် သတိပေးနေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအပြောကိုတော့ တုက မျက်စောင်းပဲ အသာထိုးမိလေသည်။ ဒါပေမဲ့ တု ရင်ထဲမှာ အရမ်းကို ကျေနပ်နေခဲ့ပြီဆိုတာ ကိုယ့်ဟာကိုယ်လည်း သိသည်။ တု အပေါ်မှာ မေတ္တာစစ်နဲ့ စစ်မှန်စွာချစ်သော နားလည်သော အားကိုးအားထား ယုံကြည်ဖွယ်ကောင်းသော သူ့ကို တုကလည်း ချစ်မိနေပြီဟုထင်သည်။

ထင်ရုံပဲ ထင်နေတဲ့ အခြေအနေတစ်ခုမှာတော့ သူ့ကို တုက အဖြေမပေးချင်သေးပါ။ ရင်ထဲမှာ သေချာသောတစ်နေ့မှာတော့ ဘိတိကျကျ ပေးတော့မည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားလိုက်လေသည်။





## ၆

အချစ်၏ ပေါင်းစပ်အဓိပ္ပာယ်များထဲတွင် အလွမ်းဆိုတာလည်း ရောနှောပါဝင်နေခဲ့သည် ဆိုတာကို တကယ်ချစ်ဖူးတဲ့သူတွေမှပဲ ခံစားနားလည်နိုင်မှာဖြစ်သည်။ သူ့ကို ချစ်တယ်ဟု ထင်ခဲ့သော တုသည် မန္တလေးသို့ သူ တစ်ယောက် အလုပ်ကိစ္စဖြင့် သွားသောအခါမှပဲ သူ့ကို နင့်နင့်နဲနဲ ချစ်မိနေပြီ ဆိုတာပါလားဟု ကိုယ့်ကိုယ်ကိုယ် ရေရာသေချာစွာ သိမြင်ခဲ့ရသည်။ သူ ခရီးသွားသည်မှာ ဆယ်ရက်ခန့် ကြာမြင့်ခဲ့တာမို့ တုက သူ့ကို အထူးတလည် လွမ်းဆွတ်သတိရခဲ့သည်။ ပိုဆိုးတာက မိုးတွေရွာနေသောကြောင့် နင့်နေအောင် လွမ်းဆွတ်ရပါသည်။

တုသည် နာရီကို ကြည့်လိုက်သောအခါ ကိုးနာရီထိုးပြီးနေပြီ။ ပုံမှန်အားဖြင့်တော့ သူက ညဆယ်နာရီလောက်ဆို



www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ ဖုန်းဆက်တတ်သော်လည်း ဒီတစ်ခါတော့ တုက အလွန်အမင်း သတိရနေပြီမို့ ကိုယ်ကပဲ ဖုန်းစဆက်ဖို့ စဉ်းစားလိုက်သည်။ သူ့ဆီကို တု ဘယ်တုန်းကမှ ဖုန်းစမဆက်ဖူးပါ။ အခုတော့ သူ အံ့သြဝမ်းသာသွားစေခြင်း အလို့ငှာ တုက ဖုန်းဆက်ပါမည်။ သူနဲ့တွေ့တော့မှ အတွေးအမြင်တချို့ ပြောင်းလဲသွားသော တုသည် အခုတော့ သူ တစ်ယောက်တည်းနဲ့ ပြောဖို့ရာအတွက် လက်ကိုင်ဖုန်းတစ်လုံးကို ကိုင်ဆောင်ထားခဲ့ပြီဖြစ်သည်။

တုသည် ရင်ခုန်စွာဖြင့် ဖုန်းကို ကောက်ယူလိုက်သည်။ Memory ထဲမှာ သိမ်းထားသော နာမည်တစ်ခုကို ခေါ်မလို့ ပြင်ဆင်နေတုန်းမှာပဲ အံ့သြစရာကောင်းစွာ တုရဲ့ဖုန်းလေးက မြည်သံထွက်ပေါ်လို့ လာခဲ့သည်။ ငြိမ့်ညောင်းသော တီလုံးသံလေးဖြင့် Display ပေါ်မှာ ထင်နေသော နာမည်တစ်ခုကို မြင်လျှင် တုသည် ရင်ပွင့်မတတ် အံ့သြဝမ်းသာသွားရသည်။ ပြီးတော့ ကြည်နူးခြင်းက တစိမ့်စိမ့် ပျံ့နှံ့ဝင်ရောက်လာကာ ဖုန်းကို ချက်ချင်းဖွင့်မကိုင်သေးဘဲ ကြည်ကြည်နူးနူး ပြုံးပြီးမှ ဖွင့်ကိုင်လိုက်သည်။ ကိုယ်က တစ်စုံတစ်ယောက်ကို အရမ်းလွမ်းဆွတ်သတိ





ရနေတဲ့အချိန်မှာ သူ့ဆီက ဖုန်းလာတာလောက် ရင်ခုန်ပီတိဖြစ်ရသော ကိစ္စမရှိချေ။

တုက ရင်ခုန်မြတ်နိုးစွာဖြင့် ဖုန်းကို ဖွင့်လိုက်သည်။ တုရဲ့နှုတ်ခမ်းတွေက ပြုံးနေကြပါသည်။ ဘယ်သူ့ကိုမှ ချိုသာစွာ သိပ်ထူးလေ့ထူးထ မရှိသော တုသည် ဒီတစ်ခါတော့ နူးညံ့စွာ ထူးမိသည်။

“ဟယ်လို”

“တု ကိုယ်ပါ။ ဘာလုပ်နေတာလဲဟင် နေကောင်းရဲ့လား”

“အင်း ... ကောင်းပါတယ်”

“တု အခု ကိုယ် ဘယ်ရောက်နေလဲ သိလား”

“ဘယ်သိမလဲ”

သူက ရင်ခုန်ဖွယ်ကောင်းအောင် တိုးဖွဖွရယ်သည်။

“ကိုယ် ပြန်ရောက်နေပြီလေ”

“ဘာရယ် ... ကြည့်စမ်း”

သူက သူများကို Surprise လုပ်ရသဖြင့် ပျော်နေသော ပုံစံရှိသည်။ အဲဒီပုံစံကြောင့် တုက နည်းနည်းတင်းသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီကတော့ သူ့ကို လွမ်းနေရတာ။ တုက ဘာမှထပ်မမေးခင် သူက ဆက်ပြောသည်။

"ကိုယ်က ညနေကမှ ရောက်တာ တုရဲ့။ မန္တလေးက ဧည့်သည်တွေလည်း ပါလာတာဆိုတော့ ဖလိုက်နဲ့ ပြန်လာကြတာလေ"

"ဪ ... ဒါနဲ့များ ကျွန်မဆီကို အခုမှ ဖုန်းဆက်တယ် ပေါ့လေ"

တုရဲ့ခနဲ့သံစကားကို သူက သဘောကျဟန်ဖြင့် တဟားဟား ရယ်မောသည်။

ပြီးတော့ တုကို ချော့ပါသည်။

"မဟုတ်ပါဘူး တုရယ်။ ကိုယ် ရန်ကုန် ရောက်တည်းက တုကို ဆက်မလို့ပါ။ ဧည့်သည်တွေက ငါးယောက်လောက် ပါလာတာဆိုတော့ သူတို့ကို တည်းခိုဖို့ စီစဉ်ပေးရ ညစာကျွေးရနဲ့ဆိုတော့ အလုပ်ရှုပ်သွားလို့ပါ ...

ပြီးတော့ တုကို မနက်ဖြန်မနက်ကျမှ Surprise လုပ်မလို့လေ။ တု အိမ်ကို ရောက်လာမလို့။ တုအတွက် လက်ဆောင်တွေ အများကြီး ဝယ်လာတယ်။ သိလား"





"မသိဘူး။ ရှင် ရောက်ရောက်ချင်းပဲ ကျွန်မဆီကို လာခဲ့မယ်လို့ ပြောထားတာ မဟုတ်လား။ အခုမှ ရောက်မလာနိုင်ရင် မနက်လည်း မလာနဲ့တော့ ...

ယောက်ျားဆိုတာ ကိုယ် ပြောထားတဲ့ စကားအတိုင်း တည်မှ ကျွန်မက အထင်ကြီးတာ"

"ဟား ... တုရယ်။ ကိုယ့်ကိုတော့ အဲဒီလို မထင်ပါနဲ့။ အခုဟာက မိုးတွေလည်း ချုပ်ပြီ"

"တော်ပြီ နှိုင်းဘွဲ့။ ဆက်မပြောနဲ့တော့။ ရှင် ကျွန်မအကြောင်းကို သိတယ်နော်။ အခုညမှ ရှင် ကျွန်မဆီရောက်မလာရင် တစ်သက်လုံး နောင်တရဖို့သာ ပြင်ထား"

"အမယ်လေး ... ခြိမ်းခြောက်တာကလည်း ကြောက်ဖို့ကောင်းလိုက်တာ။ ကဲပါကွာ ... ကိုယ်ကလည်း တုကို အရမ်းတွေ့ချင်နေတဲ့သူပါ ...

ကိုယ် အခု ထွက်လာခဲ့မယ်၊ ဟုတ်ပြီလား"

"ပြီးရော"

တုက အနိုင်ကျင့် ဗိုလ်ကျ ဆိုးနွဲ့ခွင့် အာဏာရထားသူတို့၏ ထုံးစံအတိုင်း အနိုင်နဲ့ပိုင်းကာ ဖုန်းချပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လေတစ်ချက်ချွန်ကာ မှန်ရှေ့မှာ မတ်တတ်ရပ်ကြည့်လျက် ကိုယ့်ကိုယ်ကိုယ် လှရဲ့လားဟု ပထမဆုံးအကြိမ်အဖြစ် (ယောကျာ်းတစ်ယောက်အတွက်)စဉ်းစားကြည့်ဖြစ်သွားသည်။

မှန်ထဲမှ တုသည် နူးညံ့လင်းလက်သော မျက်ဝန်းများဖြင့် ပြန်ကြည့်နေသည်။ ဒါလား အချစ်ကို ခံစားမိတဲ့ မျက်ဝန်းတွေ။ တုသည် ဒီအဝတ်အစားနဲ့ ကိုယ့်ကိုယ်ကိုယ် အဆင်ပြေရဲ့လားဟု သုံးသပ်ကြည့်သည်။ အဆင်မပြေပါ။ ညဝတ်အင်္ကျီဝတ်ဆင်ပြီးသား ဖြစ်နေတာမို့ တီရှပ်နှင့် ဂျင်း(န်)ဘောင်းဘီတစ်ထည်ကို လဲလှယ်ဝတ်ဆင်လိုက်ကာ သူ လက်ဆောင်ဝယ်ပေးထားသော ဂျာကင်အဖြူလေးကို ထပ်၍ဝတ်လိုက်သည်။

ပြီးလျှင် တက်ကြွပျော်ရွှင်သော ရင်အစုံဖြင့် အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။ တုရဲ့ရင်ထဲတွင် တစ်ခါမှ မရဖူးသော ပျော်ရွှင်မှုတို့ဖြင့် ပြီးပြည့်စုံနေသည်။ တု ထင်မထားသော ပုံစံဖြင့် surprise လုပ်သော သူ့ကို တုကလည်း surprise ပြန်လုပ်မှာဖြစ်သည်။ အဲဒါကတော့ ဆယ်ရက်ကျော်မျှ မတွေ့မမြင်ခဲ့ရသော သူ့မျက်နှာကို စေ့စေ့ကြည့်ကာ "ရှင့်ကို ကျွန်မချစ်တယ်" ဟု ပြောမှာ ဖြစ်လေသည်။ အဲဒီအတွေးနှင့် တု ရင်ထဲတွင် လှိုက်





ဖိုလာသည်။ အချစ်ဆိုတာ လူတစ်ယောက်ကို အဲဒီလောက်တောင်ပဲ ပြောင်းလဲစေခဲ့သလား။ ချစ်ခြင်းရဲ့အရသာဟာ အဲဒီလောက် ချိုမြိန်မှန်း တု မသိခဲ့ပါ။

သူသည် အေးစက်နေသော တုရဲ့ဘဝလေးကို နွေးထွေးလာအောင် ဖွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ အထူးသဖြင့် သူ့ရဲ့အေးမြသော မေတ္တာတွေအောက်မှာ တုရဲ့နှလုံးသားက အတိုင်းမသိ ချမ်းမြေ့ခဲ့ရလေသည်။ တုက အောက်ထပ်ဧည့်ခန်းထဲမှာ လမ်းလျှောက်ရင်းမှ နာရီကို တကြည့်ကြည့်ဖြင့် စောင့်နေမိသည်။ တဖြည်းဖြည်းနှင့် အချိန်တွေက ကုန်လာသည်။ သူနေသော နေရာနှင့် တုအိမ်မှာ သိပ်တော့ မဝေးလှပါ။ သူက တက္ကသိုလ်ရိပ်သာလမ်းမှာ နေတာဖြစ်ပြီး တုက ကိုးမိုင်မှာနေတာဖြစ်သည်။ တုသည် နာရီကို တကြည့်ကြည့်ဖြင့် ရင်ခုန်လာသည်။ ကားလာတာ မြင်တာနှင့် တံခါးဖွင့်ပေးဖို့ ခြံစောင့်ကိုလည်း မှာကြားထားပြီးဖြစ်သည်။ အပြင်ဘက်သို့ မှန်ချပ်များမှတစ်ဆင့် ချောင်းကြည့်နေတုန်းမှာပဲ လျှပ်ရောင်တစ်ချက်က ဖျတ်ခနဲလက်သွားသည်။ တုသည် အမှတ်တမဲ့မို့ လန့်ဖျပ်သွားတုန်းမှာပဲ မိုးခြိမ်းသံကြီးက ဆူညံကျယ်လောင်စွာ ထွက်ပေါ်လို့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တုက နားမခံသာစွာဖြင့် မျက်ခုံးကို တစ်ချက်ရှုံ့လိုက်ပြီးနောက် နာရီကို ကြည့်လိုက်သည်။ အချိန်အားဖြင့် လေးသယ်ငါးမိနစ်တောင် ရှိနေခဲ့ပြီ။ သူ ရောက်လာသင့်ပြီ။ ဒါပေမဲ့ မိုးရွာနေတာမို့ ကားကို ဖြည်းဖြည်းမောင်းလာတာလည်း ဖြစ်ချင်ဖြစ်နိုင်သည်။ ဖုန်းဆက်ကြည့်ချင်သော်လည်း ကားမောင်းနေတာကို အနှောင့်အယှက် ဖြစ်မှာစိုးသဖြင့် မခံပုက်တော့ချေ။ တဖြည်းဖြည်းနှင့် အချိန်က တစ်နာရီလောက် ကြာသွားသောအခါ တုရင်ထဲတွင် စိုးရိမ်လာသည်။ အဲဒီအချိန်မှာပဲ တုရဲ့ဘောင်းဘီအိတ်ကပ်ထဲကဖုန်းက မြည်သံ ထွက်ပေါ်လို့လာသည်။

တုက ထိတ်ခနဲ ဝမ်းသာသွားသော ရင်အစုံဖြင့် ဖုန်းကို ဖွင့်လိုက်သည်။ သူ့ဆီကဖုန်း ဖြစ်သည်။

"ဟယ်လို"

"မတုမရခင်ပါလား ခင်ဗျာ"

"ဟုတ်ပါတယ်"

ဖုန်းက သူ့ဖုန်းဟုတ်သော်လည်း အသံကတော့ သူ့အသံ မဟုတ်သဖြင့် တုက မျက်မှောင်ကြုတ်သွားရသည်။





"ကျွန်တော်က ကိုနိုင်းဘွဲ့ အဖေရဲ့ ပီအေပါခင်ဗျာ။ ဟုတ်ကဲ့ ... ကိုနိုင်းဘွဲ့ ပြည်လမ်းပေါ်မှာ ကားအက်ဆီးဒင့်ဖြစ်လို့ပါ ... အဲဒါ ..."

တစ်ဖက်က ပြောရခက်သော ပုံစံဖြင့် ဆက်မပြော။ တုရဲ့ရင်ထဲတွင် တဒိုင်းဒိုင်း ခုန်လာသည်။ လက်ကိုင်ဖုန်းကို တင်းတင်းဆုပ်ကိုင်ထားသော တုရဲ့လက်တွေမှာ တဆတ်ဆတ် တုန်ယင်လာကြသည်။

"အခု သူက ဘယ်မှာလဲ"

"စိတ်မရှိပါနဲ့ ခင်ဗျာ။ ကိုနိုင်းဘွဲ့က ဆေးရုံအရောက်မှာပဲ ဆုံးသွားပါပြီ"

"ဘာ ... မဖြစ်နိုင်ဘူး"

အဲဒီအသံက တုရဲ့သွားကြားထဲက အေးစက်တိုးတိတ်စွာ ထွက်လာသော လေသံဖြစ်သည်။ တစ်ဖက်က ...သံ ထွက်လာသည်။

"ဟုတ်ကဲ့ ... အဲဒါလေးကို သိစေချင်လို့ အကြောင်းကြားတာပါ ခင်ဗျာ ...



www.burmeseclassic.com

www.burmeseclassic.com



အခုနကလေးတင်ပဲ သူ့ရဲ့ရုပ်အလောင်းကို ရေခဲတိုက်ကို သယ်သွားပါပြီ။ ကျွန်တော် ဖုန်းချလိုက်ပါဦးမယ် ခင်ဗျ။ အလုပ်ကိစ္စလေးတွေ ရှိသေးလို့ပါ”

တစ်ဖက်က အင်မတန်ကို စိတ်မကောင်းဖြစ်ကာ ညွတ်နူးဝမ်းနည်းနေသော လေသံဖြင့် ဖုန်းကို အသာအယာချလို့သွားသည်။ တုရဲ့လက်ထဲမှ ဟန်းဒ်ဖုန်းကတော့ မွေးပွကော်ဇောပေါ်ကို ထောက်ခနဲ ပြုတ်ကျလို့ သွားလေသည်။ တုသည် မဖြစ်နိုင်ဘူးဟူသော စကားကို အကြိမ်ကြိမ် ရေရွတ်ကာ ခေါင်းတွေကို သွက်သွက်ခါအောင် ယမ်းမိသည်။

အဓိပ္ပာယ်မရှိတာ။ အခုနကလေးတင်ပဲ သူနဲ့ တုစကားပြောခဲ့ကြသေးတာပဲ။ သူ တုဆီကို ထွက်လာခဲ့သေးတာပဲ။ အခု သူက ကားအက်ဆီးဒင့်နှင့် ဆုံးပြီတဲ့။ အဲဒါ ဘယ်သူ့ကြောင့်လဲ။ မနက်ခင်းမှ ရောက်လာမယ်ဆိုတဲ့ သူ့ကို ဒီနေ့မှ (အခုမှ)ရောက်မလာရင် တစ်သက်လုံး နှောင်တရမယ်လို့ ပြောခဲ့တာက ဘယ်သူလဲ။ တုသည် ကိုယ့်ကိုယ်ကိုယ် ချောင်ပိတ်မိသော မေးခွန်းတွေ မေးရင်းမှ ခေါင်းတွေ ချာချာလည် မူးနောက်လာသည်။ အဲဒီနောက် နားနှစ်ဖက်ကို လက်နှင့်အုပ်ရင်းမှ အိမ်အပြင်ဘက် မိုးရေထဲသို့ သွေးရူးတန်းရူး ပြေးထွက်သွားမိသည်။






မိုးခြိမ်းသံတစ်ချက် အကြားမှာတော့ ပြေးရင်းမှ နှလုံးထဲက ဆို့တက်အောင့်မျက်လာကာ ခွေခနဲ ပစ်လဲကျသွားတော့တာကိုသာ နောက်ဆုံး မှတ်မိလိုက်လေသည်။

❣ ○ ❣

www.burmeseclassic.com








၇

"တောက် ... ဒီဆိုင်ကယ်ကလည်း ပြဿနာရှာပြီကွာ"

ခွန်မင်းက စက်ရပ်သွားသော ဆိုင်ကယ်ကို လမ်းဘေးသို့ ဆွဲချရင်းမှ ဒေါက်ထောက်ရင်း ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်သည်။ ဒီဆိုင်ကယ်ရဲ့ စက်အခြေအနေက သိပ်မကောင်းချေ။ မကောင်းဆို သူ့ရဲ့ကိုယ်ပိုင်ဆိုင်ကယ်လည်း မဟုတ်ပါ။ သူ့သူငယ်ချင်း ဖိုးကဲက သူ့ဆိုင်ကယ်နဲ့ လဲယူထားလိုက်တာမို့ သူက အဲဒီကောင်ရဲ့ဆိုင်ကယ်ကို စီးလာရသည်။ သူ့အမေက ကလောကို အလုပ်ကိစ္စတစ်ခုနဲ့ ခိုင်းလိုက်တာမို့ ကားနဲ့လည်း မသွားချင်သော သူဟာ ဆိုင်ကယ်နဲ့ပဲ ထွက်လာခဲ့သည်။

အသွားတုန်းက ဖြောင့်နေသော ဆိုင်ကယ်က အပြန်အတက်လမ်းကျမှပဲ ဒုက္ခပေးတော့တာဖြစ်သည်။ ခွန်မင်းက



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်ကို လမ်းဘေးမှာရပ်ပြီးနောက် အသာစစ်ဆေးကြည့်သည်။ အခြေအနေက လုံးဝမကောင်း။ ဒီပုံအတိုင်း ဆိုလျှင်တော့ ဆိုင်ကယ်ကို ကားပေါ်တင်သွားမှ ရတော့မည်။ သူက ခေါင်းကို ခါယမ်းကာ ဆိုင်ကယ်ကို ဘဝသံသရာတံတားနားသို့ တွန်းလာခဲ့သည်။ အဲဒီနားက ရှခင်းသာယာ လှပကာ နားနေလို့လည်း ကောင်းမွန်တာမို့ ထိုနေရာကပဲ ကားကြုံစောင့်တော့မည်။ သူက ဆိုင်ကယ်ကို ဖြည်းဖြည်းချင်း တွန်းလာနေတုန်းမှာပဲ သူ့အနားမှ ကားတစ်စီးက ခပ်ကြမ်းကြမ်း ဖြတ်မောင်းသွားတာကြောင့် လေကြမ်းတချို့တောင် အနားက ဖြတ်တိုက်သွားသလို ခဲသေးသေးလေးတွေတောင် လာစဉ်ခြင်း ခံရသည်။

"ဟား ... ကြမ်းလှချည်လားကွာ"

သူက မကျေမနပ်နှင့် ရေရွတ်လိုက်ကာ ကားကို သေချာလိုက်ကြည့်လိုက်သည်။ ကားက စိမ်းပြာရောင် Double Cup အမျိုးအစားဖြစ်ကာ ဘဝသံသရာတံတားနားမှာ ထိုးရပ်သွားသည်။ ကြည့်ရတာတော့ ဒီအရပ်ဘက်ကကား မဖြစ်နိုင်။ ခရီးသွားကားတွေကတော့ ဘဝသံသရာတံတားနားသို့ရောက်လျှင် ကားရပ်ကာ ရှုခင်းသာသသောမျိုးဖြင့် ဓာတ်ပုံတွေ ဘာတွေ





ရိုက်ကြသည်။ ဘဝသံသရာတံတားကို တခုတ်တရ ကြည့်ရကြလေသည်။

သူက ဆိုင်ကယ်ကို ဖြည်းဖြည်းချင်း တွန်းလာနေတုန်းမှာပဲ၊ ကားတံခါးက ဖျတ်ခနဲ ပွင့်လာကာ ကားတံခါးနှစ်ဖက်စလုံးပေါ်မှ မိန်းကလေးနှစ်ယောက်က ပြိုင်တူဆင်းလာသည်။ သူက ကားမောင်းသူနေရာက မိန်းကလေးကို ကြည့်လိုက်လျှင် ခုံးတောင် တစ်ချက်လောက် တွန့်မိတော့မလိုဖြစ်သည်။ မိန်းကလေးက ခါးထိလုနီးပါး ဆံနွယ်တွေကို ဒီအတိုင်းပဲ ချထားကာ အနက်ရောင်လောင်းကုတ်တစ်ထည်ကို ဖားလျားဝေအောင် ဝတ်ဆင်ထားသည်။ ဘောင်းဘီကလည်းအနက်၊ အောက်ကလည်း ရှူးဖိနပ်နှင့် အထာကျလှသော မိန်းကလေးသည် အင်္ကျီအိတ်ကပ်ထဲ လက်နှိုက်ကာ ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ နာမည်ကြီးလှသော ဘဝသံသရာတံတားကို ချောက်အစပ်နားထိ သွားရောက်ကာ ငေးမောနေသည်။

နောက်ထပ် မိန်းကလေး တစ်ယောက်ကတော့ professional ကင်မရာသမားလား၊ ဝါသနာရှင် ကင်မရာသမားလားတော့ မသိ။ လက်ထဲမှာတော့ professional ကင်မရာကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးဖြင့် ဟိုချိန် ဒီချိန်ကာ အပီအပြင် ရိုက်တော့မည့်ဒီဇိုင်းဖြစ်သည်။ သူက ဆိုင်ကယ်ကို သူမတို့ကားနှင့် မလှမ်းမကမ်းမှာ ထိုးရပ်လိုက်ပြီးနောက် အမောလည်းပြေကာ အခြေအနေကို အကဲခတ်ကြည့်မိသည်။ စိတ်ကူးကတော့ တခြားမဟုတ်ပါ။ အဲဒီကားသာ တောင်ကြီးမြို့ပေါ်အထိ သွားရိုးမှန်လျှင်ႉ သူက ကားကြုံလိုက်ချင်ပါသည်။ သူ့ဆိုင်ကယ်ကြီးကို တင်သွားဖို့လည်း အဆင်ပြေသည်။ သူမတို့ကားက နောက်မှာ ပစ္စည်းတင်စရာ အခန်းတစ်ခုပါသေးသော Hilux Double Cup မို့ သူက အဆင်ပြေဖို့ရာ မျှော်လင့်သေးသည်။

ဒါကြောင့် မလှမ်းမကမ်းမှနေ၍ မိန်းကလေးနှစ်ယောက်ရဲ့ အခြေအနေကို အကဲခတ်ရသည်။ ဓာတ်ပုံဆရာမကတော့ နောင်မရိုက်ရမှာ စိုးသည့်အလား ဘဝသံသရာတံတားရဲ့ အလှကို ရှုထောင့်အမျိုးမျိုးမှ အမိအရ ရိုက်ယူနေသော်လည်း ကျန်တစ်ယောက်ကတော့ ဟိုးအဝေးကြီးကို ငေးမောနေရုံမျှအပ ဘာမှမလုပ်။ တစ်ချက် တစ်ချက် ဓာတ်ပုံဆရာမက ကားမောင်းလာခဲ့သူ မိန်းကလေးကို စကားလှမ်းပြောသော်လည်း ဟိုမိန်းကလေးက ခေါင်းညိတ် ခေါင်းခါအပြင် ပိုလည်းမလုပ်။





ခဏကြာသောအခါ နှစ်ယောက်စလုံးက ကားရှိရာဘက်သို့ ဦးတည်ပြီး ပြန်လှည့်လာကြသည်။ အဲဒီအခါမှာ သူကလည်း သူမတို့နှစ်ယောက်ရှိရာသို့ အသာချဉ်းကပ်သွားမိသည်။ အနီးနားသို့ ရောက်လာသော သူ့ကို မိန်းကလေးနှစ်ယောက်လုံးက ဘာပါလိမ့်ဟူသော ပုံစံဖြင့် အကဲခတ်သည်။ သူ နှစ်ယောက်စလုံးကို ဝေ့ဝဲအကဲခတ်လိုက်ပြီးမှ ခေါင်းတစ်ချက်ဆတ်ပြကာ...

"ဒီက အစ်မတို့က တောင်ကြီး သွားမှာလား ခင်ဗျ"

ဓာတ်ပုံဆရာမက လော်င်းကုတ်အင်္ကျီရှည်ကြီးနှင့် မိန်းကလေးကို တစ်ချက်လှမ်းကြည့်သည်။ ဟိုမိန်းကလေးကတော့ ရှုတည်တည် အေးစက်စက် ခံစားချက်ဗလာဖြစ်နေသော မျက်နှာဖြင့် ခေါင်းတစ်ချက် ဆတ်ပြသည်။ သူက အားတက်သွားကာ...

"ဒါဆိုရင် အတော်ပဲ။ ကျွန်တော်လည်း တောင်ကြီးကပါ။ ဒီမှာ ကျွန်တော့်ဆိုင်ကယ် စက်ချွတ်ယွင်းသွားလို့ စီးမရတော့ဘူး ခင်ဗျ ...

အဲဒါ လမ်းကြုံလိုက်ချင်လို့ပါ၊ ဟို ... ဒီကားက ..."

"မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူတောင် စကားမဆုံးသေး။ အေးစက်စက်နဲ့ မိန်းကလေးထံမှ စကားသံက ပြတ်သားစွာပဲ တုံးတုံးတိတိ ထွက်လာသည်။ ပြီးတော့ ချက်ချင်းပဲ ချာခနဲ လှည့်ထွက်ကာ ကားတံခါးကိုဖွင့်ကာ ကားပေါ်သို့ တက်သည်။ သူမရဲ့ပုံစံက လူတစ်ဖက်သားကို တကယ်ပင် အဖက်မတန်သလိုပဲဖြစ်သည်။ အဖက်မတန်သလို လုပ်ရအောင်လည်း သူ့ပုံစံက စုတ်တီးစုတ်ပြတ်နှင့် ကလေကချေရုပ် ပေါက်နေတာလည်း မဟုတ်ရပါ။

အဲဒီမိန်းကလေးရဲ့ ပုံစံကကို တစ်လောကလုံးအား အဖက်မတန်သလိုပုံစံ ချိုးထားတာဖြစ်သည်။ သူက အဲဒါကို ထောင်းခနဲ စိတ်တိုသွားသဖြင့် သူမရဲ့ကားတံခါးအနားသို့ ဖျတ်ခနဲ တိုးကပ်ကာ တစ်ခုခုပြောဖို့ ကြိုးစားလိုက်သည်။

"ဒီမှာ"

ဒါပေမဲ့ ဘာမှတောင် မပြောရသေး။ သူမက ကားစက်နှိုးပြီးသား ဖြစ်သဖြင့် ကားကို ဝေါခနဲပဲ တရမန်းကြမ်းမောင်းထွက်လို့သွားလျှင် သူ့ခြေထောက်ကိုတောင် တက်ကြိတ်မိတော့မလို ဖြစ်သွားလေသည်။ သူက အင်မတန် စိတ်တိုစွာဖြင့် ကျန်ခဲ့ကာ ကားနဲ့ ကားနံပါတ်ကို သေချာစွာ မှတ်ထားရင်း





ကျန်ခဲ့သည်။ ဘယ်လိုမိန်းကလေးတွေမှန်းလဲ မသိပါ။ သေချာတာကတော့ အဲဒီမိန်းကလေးတွေဟာ တောင်ကြီးသူတွေ လုံးဝမဟုတ်။ ရုပ်ရည်တွေရော၊ ပုံစံတွေရောဟာ တခြား တစ်ရပ် တစ်ရွာက လာတယ်ဆိုတာ သိသာစေသည်။

သူတို့ဒေသမှာက လူတွေအချင်းချင်း အင်မတန် ရိုင်းပင်းကူညီတတ်ကြသည်။ နောက်ဆုံး မကူညီနိုင်ကြတောင် အားတုံ့အားနာဖြင့် ယဉ်ယဉ်ကျေးကျေး ငြင်းပယ်ကြစမြဲ။ ဒီလို မောက်မောက်မာမာ ရင့်ရင့်သီးသီး ပုံစံမျိုး တစ်ယောက်မှ မရှိကြပါ။ သူက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ခါယမ်းလိုက်ကာ နောက်ထပ် လိုင်းကားတွေကို စောင့်ရသည်။ ဒီအရပ်ဘက်က ကားတော့ သိပ်မရှားပါ။ တောင်ကြီး၊ ဟဲဟိုး၊ အောင်ပန်း၊ ကလော တစ်ဝိုက် အပြန်အလှန် သွားလာလှုပ်ရှားနေကြသော လိုင်းကားတွေ၊ ကုန်တင်ကားတွေလည်း ပေါတာမို့ သူက အဲဒါတွေကိုပဲ စောင့်ဆိုင်းတော့မည်။

စောင့်လို့ သိပ်မကြာခင်မှာပဲ လိုင်းကားတစ်စီး တက်လာသဖြင့် သူက တားကာ ဆိုင်ကယ်ရော လူရော လိုက်ပါလာခဲ့သည်။ သူစီးလာသောကားသည် ကလောကနေ အောင်ပန်း၊



www.burmeseclassic.com

www.burmeseclassic.com



အောင်ပန်းကနေ၍ ဟဲဟိုးနား အရောက်မှာတော့ ကားတစ်စီးကို ဖြတ်ကျော်တက်သွားလျှင် သူသည် လမ်းဘေးမှာရပ်ထားသော အဲဒီကားကို မြင်မြင်ချင်း အံ့ဩသွားရသည်။ ဘယ်လိုမှ မှားနိုင်စရာ အကြောင်းမရှိချေ။ အခုနကလေးတင် လောလောလတ်လတ် သူ့ကို အဖက်မတန်သလို လုပ်သွားသော မိန်းကလေးတွေရဲ့ Double Cup ဖြစ်ကာ လမ်းဘေးမှာ ချရပ်ထားလျက် မိန်းကလေးနှစ်ယောက်လုံးကလည်း ကားနံဘေးသို့ ရောက်နေကာ ကားဘီးကိုကြည့်ပြီး တစ်စုံတစ်ရာကို ပြောဆိုနေကြသည်။ သေချာတာကတော့ ကားဘီးပေါက်ပြီ။ သူက သဘောကျစိတ်ဖြင့် တစ်ချက်ပြုံးလိုက်ကာ ရုတ်တရက် ပေါ်လာသော စိတ်ကူးဖြင့် ကားဆရာကို ကားရပ်ခိုင်းလိုက်သည်။

"ဆိုင်ကယ်ကို ဂိတ်မှာပဲ ထားလိုက်ဗျာ။ ကျွန်တော် သူငယ်ချင်းတစ်ယောက်ကို ဖုန်းဆက်ထားမယ်။ သူ လာယူလိမ့်မယ်"

ကားသမားက ခေါင်းညိတ်ပြပြီးနောက် သူ့ကို ကားရပ်ပေးသည်။ သူက ကားပေါ်မှဆင်းလာကာ သူမတို့ရှိရာဘက်သို့ အေးအေးဆေးဆေးပဲ ပြန်လျှောက်လာခဲ့သည်။ ကားဘီး





ပေါက်တာကို အာရုံစိုက်နေပုံရသော မိန်းကလေးနှစ်ဦးသည် သူလာတာကို မမြင်သေး။ အနားရောက်တော့မှ ခတ်ပုံဆရာမက သူ့ကို အရင်မြင်တွေ့လိုက်သွားသည်။ ဝိုင်းသွားသော မျက်လုံးများသည် သူ့ကို အံ့ဩစွာ မှတ်မိသွားဟန် ရှိပါသည်။

သူက တစ်ချက်ပြုံးလိုက်ကာ ...

"ကားဘီးပေါက်နေတယ် ထင်တယ်။ ကျွန်တော် ကူညီပါရစေ"

သူ့စကားကြောင့် ကျောက်ရုပ်မျက်နှာနှင့် မိန်းကလေးကပါ လှည့်ကြည့်လာသည်။ အေးစက်စက် မျက်လုံးများသည် သူ့ကိုမြင်သွားသောအခါ မှတ်မိသွားဟန် ရှိပါသည်။ မှတ်မိသွားပြီးနောက် မျက်နှာကိုချက်ချင်းလွှဲကာ "ရတယ်"ဟူသော စကားကို ခပ်ပြတ်ပြတ် ဆိုပြန်သည်။ ဘယ်လိုမိန်းမမျိုးပါလိမ့်။ တကယ့်ကို တော်ဝင်မင်းသမီး ရာထူးရာခံကြီးကြီးထဲက မိန်းမမျိုးမို့လို့လား။ သူက အဲဒီမိန်းမရဲ့ပုံစံကိုကြည့်ကာ တော်တော်စိတ်လေသွားသည်။

ဒါကြောင့် တော်တော်လည်း စိတ်အချဉ်ပေါက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... ကျွန်တော်က ခင်ဗျားတို့ကားနဲ့ ကားကြွဲလိုက်ချင်လို့၊ ကပ်ဖားယပ်ဖားလုပ်ပြီး မေးနေတာ မဟုတ်ဘူးဗျ ...

ကူညီဖို့ မေးနေတာ။ ဒီဘက်က ဒေသခံတွေက ရိုင်းပင်းကူညီတဲ့စိတ်ဓာတ်မျိုး ရှိတယ် သိလား"

သူ့စကားကို အေးစက်စက်မျက်နှာနှင့် မိန်းမက စိတ်ကုန်သလို ကျစ်ခနဲ စုတ်သပ်ကာ မျက်နှာကို တစ်ဖက်လှည့်သွားသည်။ ဘယ်လို ထူးဆန်းသော မိန်းကလေးမျိုးမှန်းလည်း မသိပါ။ စိတ်ရော မှန်သေးရဲ့လား၊ ထူးဆန်းစွာ ခံစားမိရလေသည်။ သူက အဲဒီ မိန်းကလေးကို ဆက်မပြောတော့ဘဲ ဓာတ်ပုံဆရာမကိုသာ ဦးတည်ပြီး ပြောလိုက်သည်။

"ခင်ဗျားတို့ ကားဘီးလဲမှာ မဟုတ်လား။ ကျွန်တော်လဲပေးမယ်။ ဘာမျှော်လင့်ချက်မှ မပါ,ပါဘူး။ ခင်ဗျားတို့ကားနဲ့လည်း တောင်ကြီးကို ပြန်မလိုက်ဘူး ... စိတ်ချ ...

ကိုယ့်ဒေသကို လာတဲ့ ဧည့်သည်မိန်းကလေးတွေ ဒုက္ခရောက်နေတာကို ကူညီတာသက်သက်ပဲ"





သူ့စကားကိုတော့ ဓာတ်ပုံဆရာမက နားလည်ဟန်တူသည်။ ခေါင်းကို ခပ်သွက်သွက်ညိတ်ပြကာ လိုအပ်သောပစ္စည်းတွေကို ထုတ်ပေးသည်။ ဒီအလုပ်တွေက သူ လုပ်နေကျ အလုပ်တွေမို့ သူက ကားဘီးကို သွက်လက်ကျွမ်းကျင်စွာ လဲပေးလိုက်သည်။ ပေါက်နေတဲ့ဘီးကို နောက်ခန်းထဲ ပစ်တင်ပေးပြီးသောအခါ' နည်းနည်းတော့ ချွေးစို့နေပြီဖြစ်သည်။

သူက လက်နှစ်ဖက်ကို ခါလိုက်ရင်းမှ ဓာတ်ပုံဆရာမကိုပဲ ဦးတည်ကြည့်ကာ ...

"ကဲ ... ပြီးပါပြီ။ ခရီးဆက်လို့ ရပြီ"

ဓာတ်ပုံဆရာမက ခေါင်းတစ်ချက်ညိတ်ပြကာ (အပြုံးတော့မပါ။ ဘယ်လိုမိန်းကလေးတွေလဲတော့ မသိ။ သူတို့ အမေတွေက မွေးကတည်းက ပြုံးဖို့မသင်ပေးလိုက်ကြဘူးနဲ့တူသည်။)

"ကျေးဇူးတင်ပါတယ်။ ရှင်လည်း တောင်ကြီး သွားမှာမဟုတ်လား။ နောက်ခန်းထဲက ထိုင်လိုက်ခဲ့လို့ ရပါတယ်...

ကျွန်မညီမက ပတ်ဝန်းကျင်နဲ့ သိပ်မရောနှောတတ်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက သဘောထားကြီးသော အပြုံးတစ်ခုဖြင့် ခေါင်းကို ခါယမ်းပြလိုက်ကာ ...

"ပြဿနာမရှိပါဘူး။ ခင်ဗျားတို့ဘာသာ အေးဆေးသွားကြပါ။ ကားတွေပေါ်ပါတယ်။ ကျွန်တော်က တစ်စုံတစ်ခုကို မျှော်ကိုးပြီး ကူညီခဲ့တာ မဟုတ်ဘူး ...

ပြီးတော့ ဒီအရပ်ဘက်ဒေသက လူတွေရဲ့စိတ်ဓာတ်ကိုလည်း သိစေချင်လို့ပါ"

မာတ်ပုံဆရာမက သူ့ကို စေ့စေ့စပ်စပ် ဇာစ်ချက်ကြည့်ကာ "သွားပါဦးမယ်"ဟု ပြောပြီးနောက် ကားပေါ်တက်ဖို့ ပြင်သည်။ ကျောက်ရုပ်မျက်နှာနှင့် မိန်းကလေးကတော့ သူ့ကို လှည့်တောင်မကြည့်။ ကားပေါ်တက်ကာ တံခါးကို ဆွဲပိတ်ခနဲမြည်အောင်ပိတ်လျက် ဝေါခနဲ မောင်းထွက်သွားသည်။ သူက သဘောကျစွာဖြင့် ပခုံးကိုတောင် တစ်ချက်တွန့်ကာ ကားစောင့်ရင်းမှ အိတ်ထဲကဖုန်းကို ထုတ်ကြည့်လိုက်သည်။ ဖုန်းက လိုင်းမိသည်။ ဒါကြောင့် သူ့ကို ဆိုင်ကယ်အစုတ် ငှားလိုက်သော မောင်ကဲကို ဆဲရေးထွာဖို့အတွက် သင်းရဲ့ဖုန်းနံပါတ်ကို မေတ္တာပို့လျက် နှိပ်ခေါ်လိုက်လေသည်။





တပြည်သူ မရွှေထားများရဲ့ ကားကတော့ အမြီးပျပျလေးပဲ မြင်ရအောင် တောင်ကြီးမြို့ဆီသို့ ဦးတည်ထွက်ခွာသွားစမြဲ။

❣ ○ ❣

www.burmeseclassic.com



## ၃

"တု ... ရှေ့က အပေါက်ရောက်ရင် ချိုးလိုက်"

တုက သန္တာပြောသော အပေါက်ကို[ ]င်လျှင် ခေါင်း တစ်ချက်ဆတ်ပြကာ ဆောက်လုပ်ရေးဌာနဝင်းထဲသို့ ချိုးကွေ့ဝင် လိုက်သည်။ နောက်ထပ် သန္တာ ညွှန်ပြသော လမ်းတွေအတိုင်း ဟိုကွေ့ ဒီချိုး ထပ်လုပ်လိုက်လျှင် အပြာ[ ]င်[ ]စ်ထပ်တိုက် ပြားပြားလေးရဲ့ ပေါ်တီကိုအောက်သို့ ရောက်[ ]းသည်။ ကားရပ် လိုက်တာနှင့် သန္တာ့ရဲ့အမေ၊ တုရဲ့အဒေါ် အန်တီမိုးရဲ့မျက်နှာက အပြုံးရွှင်ဆုံး အနေအထားဖြင့် ဆီးကြိုလို့နေသည်။ တုသည် အန်တီမိုးကို မြင်သောအခါ သွားလေသူ မေမေ့ကို သတိရပြီး ငိုချင်လာသည်။ ဒါပေမဲ့လည်း ရင်ဘတ်တွေအောင့်ပြီး ဆို့နင့်ရုံ ကလွဲ၍ မျက်ရည်က မထွက်တော့။ တုရဲ့ဘဝမှာ မျက်ရည်တွေ ခန်းခဲ့တာ ကြာပြီပဲ။





တုက ကားပေါ်မှ ဆင်းလာကာ အန်တီမိုးကို အပြုံးနွမ်းနွမ်းဖြင့်သာ နှုတ်ဆက်လိုက်သည်။ အန်တီမိုးကတော့ တုကို ရင်ဘက်ချင်းအပ်ကာ နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ရှာပါ သည်။

"တုဟု ... သမီးလေး၊ ကားမောင်းရတာ တော်တော်ပင် ပန်းသွားပြီလား ... ဟင်။ တောင်ကြီးကို ဝင်တာ စော သွားပဲ။ အန်တီက မှောင်မှာစိုးရိမ်နေတာ"

"ဒါတောင် လမ်းမှာ ဘီးပေါက်နေသေးတယ် အမေရဲ့။ ဟဲဟိုးနားမှာ ပေါက်တာ"

သန္တာက ဝင်ပြောသည်။ အန်တီမိုးက ရင်ဘတ်ကို ဖိကာ ...

"ဟုတ်လား။ တော်သေးတာပေါ့ ရောက်လာတာ၊ ကိုယ့် ဟာကိုယ်ပဲ လုပ်လာကြတာလား"

"အမြင်မတော်သူတွေကပဲ ကူညီတာပေါ့ အမေရယ်"

သန္တာကပဲ ဝင်ဖြေသည်။ တုကတော့ ဆိုဖာပေါ်မှာ အသာငြိမ်သက်စွာထိုင်ရင်း ဧည့်ခန်းထောင့်က မီးလင်းဖိုလေးကို ငေးနေမိသည်။ အန်တီမိုးက တုရဲ့နံဘေးမှာ လာဝင်ထိုင်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"တုလည်း မသန္တာ ပြန်မလာတည်းက တောင်ကြီးကို မလာတော့တာ အခုမှပဲ ရောက်တော့တယ်။ မရောက်တာ ငါးနှစ်လောက် ရှိမလားပဲ ...

ဘာတွေ ပြောင်းလဲသွားတယ်လို့ ထင်လဲ သမီး"

"သိပ်မပြောင်းလဲပါဘူး"

တုရဲ့ဖြေစကားက ထုံးစံအတိုင်း ခပ်နည်းနည်းပဲ ဖြစ်သည်။ အန်တီမိုးက တုကို သနားကြင်နာ နားလည်စွာကြည့် လာကာ တုရဲ့ဆံနွယ်လေးတွေကို အသာသပ်ဖွပေးရင်းမှ ...

"ပြီးခဲ့တာတွေလည်း ပြီးပြီပေါ့ သမီးရယ်။ အားလုံးဟာ သူ့အကြောင်းနဲ့သူ လာတာမို့ ကံတရားစီမံရာအတိုင်းပဲ ပေါ့။ တစ်နှစ်ကျော်လောက် သမီး အလူးအလိမ့် ခံစားခဲ့ရ တဲ့ ဝေဒနာဟာ ခုလောက်ဆိုရင် အရှင်းမပျောက်သေးတာ တောင်မှ အနယ်တော့ ကျသင့်ပြီလို့ ထင်တယ် ...

ကိုယ့်ကိုယ်ကိုယ် အဲဒီလောက် မနှိပ်စက်နဲ့တော့ လေ။ အခု ဒီမှာ အေးအေးချမ်းချမ်းနေပြီး ဘဝသစ်ကို စတော့။ သမီးအနားမှာ အန်တီလည်း ရှိတယ်။ သန္တာ လည်းရှိတယ်။ ဘာဖြစ်ဖြစ် ဖွင့်ဟတိုင်ပင်လို့ရတယ် ...





ဟုတ်ပြီလား။ စိတ်မကောင်းစရာ ဝမ်းနည်းစရာကိစ္စ တွေကို ခေါင်းထဲမှာ ထည့်မထားနဲ့တော့"

"ဟုတ်ကဲ့ပါ အန်တီ"

တုက တိုးတိတ်စွာ ပြန်ဖြေမိသည်။ တကယ်တမ်း ကျတော့ ဝမ်းနည်းစရာကိစ္စတွေကို ဘယ်လိုလုပ် မေ့ပစ်လို့ရမှာ တဲ့လဲ။ တုရဲ့ပယောဂမကင်းသော ကိစ္စတစ်ခုဖြင့် တု ချစ်သူတစ် ယောက် သေဆုံးသွားရသောကိစ္စကို တုက ဘယ်လိုနည်းနှင့် ခံနိုင်ရည်စွမ်းအား ရှိရမှာတဲ့လဲ။ အဲဒီတုန်းကလည်း ဘယ်လိုမှ ခံနိုင်ရည်စွမ်းအား မရှိခဲ့ပါ။ တုသည် ကိုယ်ပါ လိုက်မသေရုံတစ် မယ် ခံစားရသည်။ အိပ်ရာထဲလဲကာ မစားနိုင် မသောက်နိုင်ဖြစ် ခဲ့တာက ရက်လရှည်များရှိခဲ့ကာ စိတ်ကျဝေဒနာကိုလည်း ခံစား ခဲ့ရတာကြောင့် စိတ်ကျန်းမာရေးအထူးကုဆရာန်ဝန်ကြီးနဲ့ပါ ပြသ ခဲ့ရသည်။

ပထမခြောက်လက ပြင်ပကိုယ်ခန္ဓာ ကျန်းမာရေး အတွက် ကုသခဲ့ရတာဖြစ်ပြီး နောက်ခြောက်လကတော့ စိတ်ကျန်း မာရေးအတွက် ကုသခဲ့ရတာဖြစ်သည်။ အဲဒီအချိန်မှာပဲ စင်ကာပူ ကို ဆယ်တန်းအောင်ပြီးကတည်းက ကျောင်းသွားတက်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



တုရဲ့ညီအစ်မဝမ်းကွဲက မြန်မာပြည်သို့ ပြန်ရောက်လာတာမို့ ဆရာဝန်ရဲ့တိုက်တွန်းမှုအရရော၊ တုဖေဖေရဲ့တိုက်တွန်းမှုအရရော၊ တောင်ကြီးမှာရှိနေသည့် အန်ကယ်နဲ့ အန်တီမိုးတို့ရဲ့ ဖိတ်ခေါ်မှုကြောင့်သော်လည်းကောင်း တုက တောင်ကြီးမြို့သို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

ဒီခရီးကို လာခဲ့ရာမှာလည်း လွယ်လွယ်ကူကူ သက်သက်သာသာနဲ့ရောက်မည့် လေယာဉ်ခရီးစဉ်ကို မရွေးချယ်ခဲ့။ အဲဒီအချက်ကတော့ သန္တာရော၊ တုရောပါ တူညီကြသည်။ သန္တာက သဘာဝရှုခင်းပုံတွေကို ဓာတ်ပုံရိုက်ရတာကို အလွန်ဝါသနာပါလေရာ သူကလည်း ကိုယ့်ကားနဲ့ကိုယ်ပဲ အေးအေးလူလူ သွားလိုသည်။ တုသည်လည်း တစ်စုံတစ်ရာကို အာရုံစူးစိုက်ထားလျှင် ဝေဒနာတွေ အတော်အသင့် လျော့ပါးတန်ကောင်းရဲ့ တွေးမိသောကြောင့် ကိုယ့်ဟာကိုယ်ပဲ ကားမောင်းလာဖို့ စိတ်ကူးခဲ့တော့တာဖြစ်သည်။ ရန်ကုန်ကနေ နေပြည်တော်၊ နေပြည်တော်မှာ ဖေဖေ့ရဲ့အလုပ်ကိစ္စတစ်ခုအတွက် ဌာနဆိုင်ရာရုံးတစ်ရုံးသို့ ဝင်ပေးပြီးနောက် နေပြည်တော်မှာပဲ ညအိပ်ကာ မနက်ခြောက်နာရီလောက်ကထပြီး ခရီးဆက်ခဲ့သော တုတို့တစ်တွေဟာ ညနေ





လေးနာရီလောက်မှာ တောင်ကြီးမြို့သို့ ရောက်၏။ အေးအေးဆေးဆေးမောင်းခဲ့တယ် ဆိုသော်ငြား တု တစ်ကိုယ်လုံးတော့ ညောင်းညာပင်ပန်း ကိုက်ခဲနေခဲ့ပြီ။ ပြီးတော့ တောင်ပြာတန်းရဲ့ လွမ်းမောဖွယ်ရှုခင်းသည် တုရဲ့ရင်ကို တစ်မျိုးလွမ်းဆွတ် သတိရစေသည်။ အလွမ်းရယ် မပြေပါ။

“တုလည်း ပင်ပန်းနေရောပေါ့။ အန်တီမိုးက သမီးတို့လာချင်လွန်းလို့သာ ခွင့်ပြုရတာ၊ မိန်းကလေးနှစ်ယောက်တည်း ကားမောင်းလာရတာ စိတ်ကိုမချဘူး ...

ကဲ ... ခဏနားပြီး ရေနွေးနဲ့ ရေချိုးလိုက်တော့။ ရေနွေးလည်း စပ်ပြီးသား။ ရေချိုးပြီးရင် နွေးနွေးထွေးထွေးနေနော် ...

ခဏနေလို့ သမီးတို့ဦး ပြန်လာရင် ထမင်းစားကြမယ်။ ဒီမှာ သမီး စိတ်ချမ်းသာမှာပါကွယ်”

အန်တီမိုးရဲ့ အဆုံးသတ်စကားက တုရဲ့ပခုံးလေးကို ဖွဖွလေးဖက်ကာ အားပေးစကား ပြောကြားလိုက်တာကြောင့် တုက အားယူပြီး ပြုံးရသော အပြုံးတစ်ခုဖြင့် ပြုံးပြကာ ခေါင်းညိတ်ပြလိုက်ရသည်။ တုတို့အတွက် စီစဉ်ပေးထားသော အခန်း



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ထဲတွင် တစ်ယောက်အိပ်ခုတင် နှစ်လုံးရှိကာ ကျယ်ကျယ် လွင့်လွင့် ရှိလှသည်။ အခန်းထဲသို့ရောက်လျှင် သန္တာကတော့ ခုတင်ပေါ်သို့ ဗိုင်းခနဲပစ်လှဲကာ ...

"ငါတော့ အညောင်းဆန့်လိုက်ဦးမယ်ဟေ့။ နင် အရင် ရေချိုးချင်ရင်ချိုး၊ လည်ဖို့ ပတ်ဖို့ အစီအစဉ်တွေကတော့ နောက်မှ ဆွေးကြတာပေါ့ ...

နင် ဘယ်ကို အရင်သွားချင်လဲ ဟဲ့"

"နင့်သဘောပဲလေ"

"ကျွတ် ... အဲလိုတွေ မပြောစမ်းပါနဲ့။ တစ်ခုခုဆို တက်တက်ကြွကြွနဲ့ စိတ်ဝင်တစား ရှိစမ်းပါဟာ ...

နင် လေလောက်အောင် ခံစားခဲ့ရတာကို နားလည်တယ်။ လွယ်လွယ်နဲ့ မေ့ပစ်လို့ မရဘူး ဆိုတာကိုလည်း သိတယ်။ ဒါပေမဲ့ ကိုယ့်ဘဝကြီးတစ်ခုလုံးကို ရေစုန်မျောပစ်တဲ့အထိ စိတ်လေသွားတဲ့ အဖြစ်မျိုးတော့ ငါ လက်မခံနိုင်ဘူး ...

နင့်ဘဝကို အသစ်က ပြန်စပါဟာ။ နော်"

"အေးပါ"





တုရဲ့အေးပါက ပြီးစလွယ်ဖြေသော အေးပါဖြစ်တာကို သန္တာက ရိပ်မိသော်လည်း ဆက်မပြောတော့။ ဒီကောင်မလေး ဒီလောက်ထိ ပြန်ထောင်လာနိုင်တာကိုပဲ ဝမ်းသာရမည် ဖြစ်လေရာ တဖြည်းဖြည်းချင်းပဲ ပြုပြင်ပြောင်းလဲယူရမယ်ဆိုတာကို နားလည်သဘောပေါက်ထားလိုက်သည်။

"နောက်နှစ်လလောက်နေရင် တန်ဆောင်တိုင်ပွဲတော် ရောက်ပြီလေ။ နင် သိတဲ့အတိုင်းပဲ တောင်ကြီးတန်ဆောင်တိုင်က အရမ်းစည်တာ ...

ငါတို့ ငယ်ငယ်ကပဲ တန်ဆောင်တိုင်ကို ရောက်ဖြစ်ခဲ့တာနော်။ ခုဆို ကွင်းအသစ်ကြီးမှာလုပ်တာ နှစ်နှစ်တောင်ရှိပြီ"

"ဟုတ်လား ... အင်း ... မီးပုံးပျံပွဲကိုတော့ ငါ စိတ်ဝင်စားပါတယ်"

"အေး ... အဲဒီလို လုပ်စမ်းပါ။ ဒီက တောင်ကြီးသားတွေက မီးပုံးပျံကို Crazy နော်။ အရမ်း ရူးသွပ်ကြတာ ...

ငါလည်း အသိကြီးတော့ မဟုတ်ပါဘူး။ နင့်လိုပဲ ဒီတောင်ကြီးမှာတော့ ဧည့်သည်ပဲ။ ဒီတော့ တက်ညီလက်ညီ လေ့လာရေး ထွက်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေပါ။ ငါ ရေချိုးလိုက်ဦးမယ်"

"အေး ... အေး ... ဂွိုး"

တုက ရေချိုးခန်းထဲ ဝင်လာခဲ့ပြီးနောက် ပူနွေးသော ရေတို့ကို လက်နဲ့ထိကာ ခေတ္တမျှ ငြိမ်သက်နေမိသည်။ ပြီးတော့ ခေါင်းကိုမော့ကာ ပင့်သက်တစ်ချက် ရှိုက်လိုက်လျှင် နှင်းဘွဲ့ရဲ့ ရုပ်သွင်က ထင်ဟပ်လို့လာသည်။ ဘယ်လိုမေ့နိုင်မှာလဲ နှင်းဘွဲ့ရယ်။

အံတင်းတင်း ကြိတ်လိုက်သော်လည်း တုရဲ့ပါးပြင်ပေါ်သို့ မျက်ရည်စီးကြောင်းတစ်ခုက ပူလောင်စွာ ဖြတ်စီးလို့ သွားလေသည်။

❦ ○ ❦





## ၉

"ဟော့ကောင် ... မောင်ညို။ ထစမ်းကွာ၊ ဘယ်အချိန်ရှိပြီလဲ။ ဒီလောက်တောင် အိပ်ရသလား ... ဟမ်"

အိပ်နေသော သူ့ရဲ့နား အနားသို့ မိုးခြိမ်းသံလို ဆူညံသော အသံကြီးက ကပ်ပြီးအော်လိုက်လျှင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ခွန်မင်းညိုသည် လန့်ပြီးတော့ကို နိုးသွားရလေသည်။ စိတ်တိုတိုဖြင့် စောင်ကို ခေါင်းမြီးဆွဲခြုံသော်လည်းမရ။ သူ့ဘော်ဒါ ဖိုးကဲက ဂေါ်ဇီလာလို ပါဝါစွမ်းအားဖြင့် သူ့စောင်ကို ဆွဲယူကာ၊ အခန်းထောင့်သို့ ပစ်ပေါက်လွှင့်ပစ်လိုက်သည်။

ပြီးတော့ မိုးခြိမ်းသံလို အသံကျယ်ကြီးက ဟိန်းထွက်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထနော် ... ထနော် ... မထရင်တော့ မျက်နှာပေါ်ကို ရေခဲရေ လောင်းချတော့မှာ"

အဲဒီစကားကြောင့် သူက အိပ်ရာထဲမှာ ကွေးနေရာမှ ဝုန်းခနဲထကာ သူ့အပေါ်မှာ ဆီးမိုးနေသော ဖိုးကဲရဲ့လည်ပင်းကို တံတောင်ဖြင့် ညှပ်ထားလိုက်လျှင် အဲဒီကောင်မှာ တအားအား တအီးအီးဖြင့် မလှုပ်နိုင်ဘဲ ရှိနေသည်။

"ဟေ့ ... ဟေ့ကောင် ... လွှတ်ကွ။ အား ... ငါ လည်ပင်း အစ်နေပြီ သေတော့မယ်နော် ... အား ... ဟေ့ကောင်"

"သေလေ ... သေပေါ့။ သေအောင် လုပ်နေတာပဲဟာ"

"အား ... လွှတ်စမ်းပါကွာ"

"ဟေ့ကောင် ... မနေ့က မင်း ငါ့ကို ဒုက္ခပေးသွားတာ မင်းကိုယ်မင်း သိတယ်နော်။ မင်းကြောင့် ငါ ဘယ်လောက် ဒုက္ခရောက်ရလဲ။ မင်း ဆိုင်ကယ် အစုတ်ကို ငါ့ဆီလာထိုး ထည့်ပြီး။ ဟင်း ... မင်းတော့ သေတော့မယ်"

"အေးပါကွာ၊ ငါကလည်း အဲဒီလို ပျက်မယ်လို့ ထင်လို့ မင်းကို ပေးခဲ့ ... အဲ ... အဲ ... မှားလို့"



သူက စိတ်တိုစွာဖြင့် ဖိုးကဲရဲ့လည်ပင်းကိုညှစ်ကာ ဆောင့်တွန်းပြီး ပြန်လွှတ်ပေးလိုက်သည်။ တောင့်တင်းသန်မာသော သူရဲ့လက်တွေကြောင့် ဖိုးကဲက တအီးအီး တအဲအဲဖြင့် ညည်းညူနေရသည်။ သူကတော့ အိပ်ရာကနိုးသွားပြီမို့ အိပ်ခန်းနဲ့တစ်ဆက်တည်း ရေချိုးခန်းထဲသို့ ဝင်လာခဲ့ကာ တစ်ကိုယ်ရေ သန့်ရှင်းရေးအမှုကိစ္စများကို ဆောင်ရွက်ပြီးမှ အပြင်သို့ ပြန်ထွက်လာခဲ့သည်။

မျက်နှာကရေတွေကို မျက်နှာသုတ်ပုဝါဖြင့် သုတ်နေသောသူ့ကို ဖိုးကဲက စပ်ဖြဲဖြဲဖြင့်ကြည့်ကာ ...

"ဟေ့ကောင် ... ငါ့ ဆိုင်ကယ် ကောင်းသွားပြီကွ"

"မင်း ဆိုင်ကယ်ကောင်းတာ ဘာလုပ်ရမှာလဲ"

"ဩော် ... မကျေနပ်လို့ ပြန်စီးချင်တယ်ဆိုလည်း ရတယ်လို့။ ဟေ့ကောင် ... ငါ ဘာမှမစားရသေးဘူးကွ။ တစ်ခုခု သွားဆွဲရအောင်။ ဘယ်လိုလဲ"

"မင်းကို သိပ်အစာကြွေတာ မဟုတ်ဘူးနော်။ မင်းပဲ ဒုက္ခခံရမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ခြော် ... မယောက်ဖအတွက်ဆို စည်းစိမ်ပါ ပြုတ်စမ်းပါစေ ... ဟဲ ဟဲ"

သူက ဖောရှောတွေ့ သိပ်ပြော်သော ဖိုးကဲကို မျက်ထောင့်ဖြင့် တစ်ချက်ကြည့်လိုက်ကာ ဘာမှမပြောတော့ဘဲ အဝတ်အစားကို ကောက်လဲလိုက်သည်။ တောင်ကြီးမြို့၏ နံနက်ခင်းစောစော ရာသီဥတုသည် ဆောင်းဝင်တော့မှာမို့ ခပ်စိမ့်စိမ့်လေးဖြစ်နေသည်။ အတော်ကို နေလို့ ထိုင်လို့ ကောင်းသော ရာသီဥတုဖြစ်သည်။ ဆောင်းတွင်းမှာလောက်လည်း အရိုးကွဲအောင်သိပ်ပြီးမအေးသေး။ ဒါပေမဲ့လည်း နေလို့ထိုင်လို့ကောင်းအောင်ရာသီဥတုက ကိုယ့်ဘက်ပါနေသည်။

သူက ဆွယ်တာမထူမပါး အနက်ရောင်ကိုဝတ်ကာဂျင်း(န်)ပန့်တစ်ထည်ကို ဆင်ယင်ပြီးနောက် အပြင်ထွက်ဖို့ Ready ဖြစ်သွားသည်။ လည်ပင်းမှာ ပတ်လေ့ရှိသော ပဝါကိုလည်းမမေ့မလျော့ ပတ်ဖြစ်သည်။ ကိုရီးယားကားတွေ ခေတ်မစားခင်တည်းက သူက လည်ပင်းမှာ ပတ်ရသော မာဖလာတွေ၊ ပဝါတွေကို စိတ်ဝင်စားခဲ့တာဖြစ်သည်။ သူ့အမေကလည်း သူငယ်ငယ်လေးတည်းက နွေးနွေးထွေးထွေးဖြစ်အောင် ပဝါလေးတွေ





ပတ်ပေးသည့် အလေ့အထကို လုပ်ပေးခဲ့သည်။ ဒါကြောင့်လည်းသူဟာ ကြီးလာတဲ့အထိ ပဝါတွေ မာဖလာတွေကို ကြိုက်နှစ်သက်တုန်း။ Style တစ်ခု အနေနဲ့လည်း ရွဲရွဲမြဲမြဲပတ်တုန်း။

"ဘယ်ကိုလစ်မှာလဲ ဟေ့ကောင်"

"ဒီနားပဲ ထိုင်မယ်လေကွာ။ ငါ ဗိုက်ဆာနေပြီ။ တော်ဝင်နှင်းဆီကိုပဲ သွားမယ်"

သူက ဖိုးကဲကို လှည့်ဖြေပြီးနောက် သူ့ရဲ့လက်စွဲတော်ဆိုလည်းဟုတ်၊ ခြေထောက်ဆိုလည်းဟုတ်၊ စီးတော်ယာဉ်ဆိုလည်း ဟုတ်သည့် ယမဟာဒီတီဆိုင်ကယ်ကြီးပေါ်သို့ တက်ကာ တစ်ရှိန်ထိုး မောင်းနှင်လာခဲ့သည်။ ဆိုင်ကယ်ကို ခြောက်တန်းကျောင်းသားအရွယ်လောက်ထဲက စတင်စီးတတ်ခဲ့ပြီး တောင်ကြီးတက္ကသိုလ်ကို စတက်သည့် ပထမနှစ်ကျောင်းသားဘဝမှာ DT ဆိုင်ကယ်ကို စတင်စီးခဲ့သည်။ ဆိုင်ကယ်ကို စက်နှိုးပြီးနောက်ကလပ်ရှ်ကို ဆောင့်လွှတ်ကာ လီဗာတင်လျက် လေဟုန်ခွင်း၍ထွက်လာရသော အရသာသည် ဆယ်စုနှစ်တစ်စုစာမျှ ကျွမ်းဝင်ခဲ့ရသော အရာဖြစ်သော်လည်း သူ့အတွက် ဘယ်တော့မှ ရိုးမသွားခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအရသာကိုပဲ နေ့တိုင်း မပြောင်းမလဲ နှစ်သက်တုန်းပင်။ တစ်ခါတလေတော့လည်း သူ စဉ်းစားကြည့်မိသည်။ အချစ်ဆိုတဲ့ အရသာကလည်း ဆိုင်ကယ်စီးရတဲ့ အရသာလိုပဲ၊ ဘယ်တော့မှ မပြောင်းလဲဘဲ အမြဲတမ်း ရှိနေမှာလားလို့ပင်။ တစ်ခါမှ မကြုံဖူးတော့လည်း ကိုယ် စွဲလမ်းနှစ်သက်သည့် အရာတွေနဲ့ အချစ်ကို နှိုင်းယှဉ်ကြည့်တာပဲ ဖြစ်တော့သည်။

သူ့အိမ်က ရေအေးကွင်းရပ်ကွက်မှာ ရှိတာမို့ အိမ်နဲ့မနီးမဝေးမှာရှိသော တော်ဝင်ပုလဲနှင်းဆီ Cafe ကို ခဏလေးနှင့် ရောက်သွားသည်။ နံနက်ကိုးနာရီအချိန်မို့ ဆိုင်ထဲတွင် Breakfast လာရောက် စားသောက်သူများနှင့် စည်ကားနေသည်။ သူနဲ့ ဖိုးကဲက ဆိုင်ကယ်တွေကို ခြံဝင်းထဲတွင် ရပ်ခဲ့ကြပြီးမှ ဆိုင်ထဲရှိ လွတ်နေသော စားပွဲထောင့်တစ်နေရာမှာ ဝင်ထိုင်လိုက်ကြသည်။

အဲဒီနောက် အနားမှာ လာရပ်သော စားပွဲထိုးကို စားချင်တာ မှာကြားပြီးနောက် ဖိုးကဲက သူ့ကို ပြုံးစစဖြင့် ပခုံးတစ်ချက်ပုတ်ကာ စကားစလာသည်။





"ဘယ်လိုလဲကွ၊ အဲဒီနေ့က ဘာတွေ အဆင်မပြေဖြစ်ခဲ့လို့ မင်းက ငါ့ကို တင်းနေရတာလဲ"

သူက အကျရည်တစ်ခွက်ကို ငုံ့သောက်လိုက်ရင်းမှ ဖိုးကဲကို ရှုတည်တည် ပြန်ကြည့်ကာ ...

"မပြေပဲ နေမလားကွ။ မင်းဆိုင်ကယ်က အတက်တွေမှာ ဒုက္ခပေးတာ။ ဆွဲကို မဆွဲတော့ဘူး။ ဘဝသံသရာတံတားနားကျတော့ လုံးဝကို ဒေါင်းသွားရော ...

အဲဒါနဲ့ မိန်းမနှစ်ယောက် မောင်းလာတဲ့ Double Cup နဲ့တွေ့လို့ ကားကြိုးလေး လိုက်ရမလား မှတ်ပါတယ်၊ စကားတောင် မဆုံးသေးဘူး မောင်းထွက်သွားတာကွာ။ လူကို သူခိုးဓားပြ ဆက်ဆံသလို ဆက်ဆံသွားတာ ...

ဖြစ်ချင်တော့ အဲဒီ မရွှေချောတွေနဲ့ ဟဲဟိုးနားမှာ ထပ်တွေ့ရော။ မမတို့က ကားဘီးပေါက်နေတာလေ။ ငါလည်း တမင်ကို ဆင်းနေခဲ့ပြီး ဘီးလဲပေးခဲ့တာ"

"အံမယ် ... မင်းက ဓာတ်လမ်းပေါ့"

"ဘာမှ မဓာတ်လမ်းဘူး။ ငါတို့ နယ်ဘက်က လူတွေက တစ်ယောက်နဲ့တစ်ယောက် ရိုင်းပင်းကူညီတဲ့ စိတ်ဓာတ်ရှိကြောင်း တမင်ပြလိုက်တာ ...



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတွေက အခြေကြီးကြီး ဒီဇိုင်းတွေပါကွာ။ ဘာကြီးတွေမှန်းလဲ မသိဘူး။ အဲဒါတွေနဲ့ ကြုံရပြီး မင်းကိုပါ တွေးမိတိုင်း ဒေါသတွေ ထွက်လာရတာ”

“ဩော် ... ဒီလိုလား။ ဒီလိုတော့ လိုင်းတွေမပူးပါနဲ့ သားရယ်”

သူက လာချပေးသော ရှမ်းခေါက်ဆွဲကို တူနဲ့အသာနယ်ရင်းမှ ဖိုးကဲကို တစ်ချက်လှမ်းကြည့်ကာ မဲ့ပြလိုက်သည်။ ပြီးတော့မှ မီးပုံးပျံကိစ္စကို သတိရသွားကာ ...

“ဟေ့ကောင် ... မီးဆရာ ကိုကျော်လုံးနဲ့ရော ချိန်းထားပြီးပြီလား။ ဒီလကုန်ရင် စတော့မှာနော်။ တခြားကောင်တွေရော ပြောထားဦး”

“ပြောပြီးပါပြီ။ ဒီနေ့ညနေ လုံးလုံးအိမ်မှာ ချိန်းထားတယ်။ ယမ်းစပ်ဖို့တောင် စီစဉ်နေကြတယ်။ ဒီနှစ်ကို မင်းက အဖြူများများ သုံးချင်တယ်ဆို”

“အေး ... ငါ စဉ်းစားထားတာပါ။ တခြားအရောင်တွေလည်း ထည့်တော့ထည့်မှာပေါ့။ ဒါပေမဲ့ အဖြူကိုပဲ ဒီဇိုင်းအမျိုးမျိုးနဲ့ ပေါက်တာကို လိုချင်တာ ...





အဲဒါကြောင့် စဉ်းစားနေတာ။ မနှစ်ကနဲ့တော့ မတူဘူးလေ။ ပိုလှချင်တယ်”

သူတို့သူငယ်ချင်းတွေချည်း စုစည်းကာ လုပ်ကိုင်သော “တောင်ပေါ်သား”မီးပုံးပျံသည် မနှစ်တုန်းက ပထမဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့တာဖြစ်သည်။ မနှစ်တုန်းကတော့ သူတို့ရဲ့မီးပုံးပျံသည် ကောင်းကင်ထက်မှာ ခရမ်းရောင်စုံဖြင့် ပေါက်ကွဲကာ အများ၏နှစ်သက်သဘောကျမှုကို ရရှိခဲ့သည်။ တခြားမီးအရောင်တွေကိုသုံးတာ နည်းလျက် ခရမ်းရောင်မီးတွေကို အများဆုံး သုံးခဲ့သော သူတို့ရဲ့ညမီးကျည်မီးပုံးပျံသည် ပရိသတ်ရဲ့အကြိုက်နှင့် အမှတ်ပေးဒိုင်တွေရဲ့အကြိုက် တစ်ထပ်တည်း ဖြစ်ခဲ့ကာ ပထမဆုကြီးကို ထိုက်ထိုက်တန်တန် ရခဲ့တာဖြစ်သည်။

ဒါကြောင့် လက်ရှိချန်ပီယံဖြစ်သော သူတို့ရဲ့“တောင်ပေါ်သား”မီးပုံးပျံအဖွဲ့သည် ဒီနှစ်မှာလည်း ချန်ပီယံပြန်ဖြစ်ရန် အစွမ်းကုန် ကြိုးစားကြမည်ဖြစ်သည်။

“အဖြူချည်းပဲဆိုတော့ ရိုးမနေနိုင်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



ဖိုးကဲက တို့ဟူးနွေးကို အားရပါးရစားကာ ပလုတ်ပလောင်းလေသံဖြင့် သူ့ကိုမေးသည်။ သူက လက်ဖက်ရည်တစ်ငုံကို အရသာခံသောက်ပြီးတော့မှ ခေါင်းကို ဖြည်းဖြည်းချင်းခါယမ်းကာ ...

"ဘာလို့ ရိုးရမှာလဲ။ မနှစ်တုန်းက နှင်းရိုင်းမီးအဖွဲ့က အဖြူများများ သုံးသွားတာ ဘယ်လောက်လှလဲ။ အတက်စံချိန်နေ့သွားလို့သာ Second ဖြစ်သွားတာ ...

ငါက ဒီကောင်တွေ ရမယ်တောင် ထင်ထားတာ။ ငါတို့က နှာတစ်ဖျားသာသွားတဲ့ သဘောပဲ။ ဒါကြောင့် ဒီနှစ်တော့ အဖြူကိုပဲ ဒီဇိုင်းအမျိုးမျိုးနဲ့ မီးပေါက်အောင် လုပ်မယ်လို့ စိတ်ကူးထားတယ်"

သူ့စကားကို ဖိုးကဲက ခေါင်းတဆတ်ဆတ်ညိတ်ပြသည်။ သူ့စိတ်တွေသည် မီးပုံးပျံအကြောင်းသို့ ရောက်သွားလျှင် စားနေသည့် ရှမ်းခေါက်ဆွဲထဲမှာ စိတ်ကမရှိတော့။ မီးပုံးပျံထဲမှာ ထည့်သွင်းရတော့မည့် ယမ်းစိမ်းတွေအကြောင်းသာ စိတ်ကရောက်သွားသည်။ အဖြူရောင် မီးပွင့်လှလှများ ရဖို့အတွက် မဂ္ဂလိုင်းနှင့် ပိုတက်ဆီယမ်ကို အချိုးကျကျ ရပ်ရမည်။ အဖြူထဲမှာ တစ်





ချက် တစ်ချက် ရွှေရောင်တွေ ဖောက်ထွက်သွားရင်လည်း တော်တော်လှနိုင်မည်။

အဲဒီ ရွှေရောင်တွေ ရဖို့အတွက်က မီးခြစ်ကျောက်ရယ်၊ မီးသွေးရယ်၊ ယမ်းစိမ်းရယ်ကို သမအောင် ထောင်းရဦးမည်။ တဖြည်းဖြည်းနှင့် သူ့နားထဲတွင် ပွဲတော်ထဲက ရှမ်းအိုးစည်သံတွေ ဆူညံလာကာ တန်ဆောင်တိုင်ညကို ချက်ချင်းပဲ ရောက်သွားသလို ခံစားခဲ့ရသည်။ သူတို့ တောင်ကြီးသားတွေက တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို အဲဒီလောက်ထိ Crazy ဖြစ်ရလေသည်။

❣ ○ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"တုရေ ... ဘာလုပ်နေတာလဲ၊ အိပ်နေတာလား၊ ဪ ... စာဖတ်နေတာပဲ ဆောရီး"

သန္တာက အခန်းတံခါးကို အသာဟကာ စာအုပ်ဖတ်နေသော တုကို မြင်လျှင် အခန်းထဲသို့ လှမ်းဝင်လာသည်။ တုက သန္တာ ဝင်လာသောကြောင့် ဖတ်နေသော စာအုပ်ကိုဘေးသို့ချကာ ခေါင်းတစ်ချက်ညိတ် ပြောလိုက်သည်။ သန္တာက တုရဲ့ လက်များကို နွေးနွေးထွေးထွေး ဆုပ်ကိုင်ရင်းမှ ...

"အပြင်ထွက်လာခဲ့လေ၊ မနှစ်က တန်ဆောင်တိုင်ပွဲကို ရိုက်ထားတဲ့အခွေကို ပြမလို့တဲ့ မေမေက"

တုက ခေါင်းတစ်ချက် ဆတ်ပြကာ ထ၍လိုက်လာခဲ့သည်။ တောင်ကြီးမြို့သို့ တု ရောက်ခဲ့သည်မှာ ဒီနေ့နဲ့ပါ





ဆို တစ်ပတ်ခန့်ရှိခဲ့ပြီ။ အန်တီမိုးတို့က အနီးတစ်ဝိုက်က လည်ပတ်စရာတွေဖြစ်သော ကလော၊ အင်းလေး၊ ပင်းတယ၊ မွေတော် ကက္ကူ၊ ထန့်စမ်းလိုဏ်ဂူ စသော နေရာတွေကို လိုက်ပို့ဖို့ စီစဉ်ကြသော်လည်း တုနဲ့သန္တာက မသွားလိုသေး။

သန္တာကလည်း ခတ်ပုံပြိုင်ပွဲ ဝင်ချင်တာမို့ နောက်မှပဲ နှစ်ယောက်သား အေးအေးဆေးဆေး သွားကြမည်ဟု စိတ်ကူးထားသောကြောင့်ဖြစ်သည်။

တောင်ကြီးမှာ ပျော်သလောက် စိတ်ပြေလက်ပျောက်နေဖို့ စိတ်ကူးထားသော တုအတွက် ခုချိန်မှာတော့ ဘယ်ကိုမှ မသွားချင်သေးပဲ အေးအေးလူလူ နေချင်သေးသည်။ သပ်ရပ်သန့်ရှင်းကာ အဆင့်အတန်းတစ်မျိုးရှိသော မြို့လေးသည် တုအတွက်တော့ စိတ်အေးချမ်းမှုကို တစ်စုံတစ်ရာ ပေးစွမ်းနိုင်စွမ်း ရှိလေသည်။

"တုရေ ... ဒီမှာ သေချာလာကြည့်။ ဒါ မနှစ်တုန်းက မီးပုံးပျံပွဲကို အစအဆုံး ရိုက်ထားတာ ...

ဟောဒီ ကွင်းအသစ်ကြီးက သမီး အန်ကယ် ဆောက်ထားခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တုက ခေါင်းညိတ်ပြပြီးနောက် ဆိုဖာပေါ်တွင် ဝင်ထိုင်ကာ တီဗီမှာ လာနေသော တန်ဆောင်တိုင်ပွဲတော် ရိုက်ကူးမှုများကို ငေးမောကြည့်နေလိုက်သည်။ တဖြည်းဖြည်းနှင့် မီးပုံးပျံလွှတ်တင် ပြိုင်ပွဲဝင်သည့်နေရာသို့ ရောက်လာလျှင် အန်တီမိုးက တစ်ခုချင်း ရှင်းပြသည်။

"ဒါက မနှစ်က First ရသွားတဲ့ အဖွဲ့ပေါ့။ တောင်ပေါ်သားအဖွဲ့လေ"

တုက တီဗီဖန်သားပြင်သို့ စူးစိုက်ကြည့်မိသည်။ မီးပုံးပျံကွင်း တစ်ခုလုံး နီယွန်းမီးတွေ ထိန်နေအောင် ထွန်းထားကာ ကြည်လင်ပြတ်သားစွာ ရိုက်ထားတာကြောင့် တောင်ပေါ်သားအဖွဲ့၏ လှုပ်ရှားပုံတွေကို ရှင်းရှင်းလင်းလင်း တွေ့မြင်နေရသည်။ မီးပုံးပျံရဲ့ မှိုင်းခံစက္ကူကြီးကို သယ်လာသော ကားက တစ်စီးသပ်သပ် ယမ်းခွေကြီးကို သယ်လာတာက ကားတစ်စီးသပ်သပ်၊ အဲဒီနောက်မှာ အိုးစည်ဗုံမောင်းတီးသော အဖွဲ့တွေက သပ်သပ်၊ ကားတွေက ခုနစ်စင်း ရှစ်စင်း၊ ဆိုင်ကယ်တွေက အုပ်လိုက်နှင့် ယောကျ်ားလေးတွေရော၊ မိန်းကလေးတွေရော အားလုံးက ပွဲတော်ရဲ့ဖမ်းစားမှုအောက်မှာ တက်ကြွပျော်ရွှင်စွာ ရင်ခုန်စိတ်လှုပ်ရှားနေကြသည်။





ကင်မရာသမားကလည်း Professional ရိုက်တတ်သူလားဟု ထင်ရလောက်အောင် Mood ဝင်နေသော မျက်နှာတွေကို တစ်ယောက်ချင်းစီ ထင်ရှားပြတ်သားစွာ ရိုက်နိုင်လေရာ တုသည် ခံစားချက်အပြည့်နှင့် ပျော်ဝင်နေသော မျက်နှာများကို ငေးမောကာ သူတို့အပျော်တွေက ကိုယ့်ကိုပါ ကူးစက်လာသလို ခံစားရ၏။ ကြည့်စမ်း ... သူတို့ ဘာကြောင့် ဒီလောက်ထိပျော်နေကြတာပါလိမ့်။

အဲဒီအချိန်မှာပဲ တုရဲ့မြင်ကွင်းထဲသို့ မျက်နှာတစ်ခုက ထင်ရှားပြတ်သားစွာ ရောက်လို့လာသည်။ တုသည် အဲဒီမျက်နှာကိုကြည့်ကာ မျက်မှောင်တစ်ချက် တွန့်သွားမိသည်။ ဒီမျက်နှာ... ဒီရုပ်။ ဒီမျက်နှာကို ငါ တွေ့ဖူးပါတယ်။ ဘယ်မှာပါလိမ့်။ တိုင်းရင်းသား မျက်နှာမျိုးရှိကာ ဆွဲဆောင်မှုတစ်မျိုးရှိသော မျက်နှာသည် တုရဲ့ Memory ထဲမှာ မွှေနှောက်ဖွေယမ်းနေသည်။ သြော် မှတ်မိပြီ။ ဒီလူသည် ဘဝသံသရာတံတားနားမှာ တုတို့နှင့် ကားကြုံလိုက်ဖို့ တောင်းဆိုခဲ့သူ။ ပြီးတော့ တုတို့ ကားဘီးပေါက်တုန်းက ကူညီခဲ့သူ စသဖြင့် တုရဲ့အာရုံထဲတွင် တဖြည်းဖြည်းနှင့် မှတ်မိလို့လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တည်းမှာပဲ သန္တာ့ထံမှလည်း အသံထွက်လာသည်။

"ဟဲ့ ... မိန်းကလေး။ အဲဒီတစ်ယောက်ဟာ ကျုပ်တို့ကို ကားဘီးလဲပေးခဲ့တဲ့ တစ်ယောက်မဟုတ်လား"

"အင်း ... ထင်တာပဲ"

တုက မတိမကျ ဖြေလိုက်သည်။ သန္တာက သေချာကို စိုက်ကြည့်ရင်းမှ ...

"ဟုတ်ပါတယ်၊ အဲဒီသူငယ်ပဲ။ ဪ ... တွေ့မှတွေ့ရပလေတယ်၊ မေမေ သူတို့အဖွဲ့လား First ရတာ"

"ဟုတ်တယ်၊ တောင်ပေါ်သားအဖွဲ့လေ၊ ကြည့် ... ကြည့်၊ အဲဒီမီးပုံးပျံက အရမ်းလှတယ်"

အန်တီမိုးရဲ့စကားကြောင့် တုရော သန္တာရောက မီးပုံးပျံလွှတ်တင်တာကို မမှိတ်မသုန် စိုက်ကြည့်နေကြသည်။ ရှမ်းအိုးစည်တီးနေသော ရှမ်းလူငယ်တစ်ယောက်ရဲ့ ပန်းချီပုံကြီးနှင့် ကြီးမားသားနားသော မီးပုံးပျံကြီးသည် ကောင်းကင်ပေါ်သို့ တက်သွားပြီးနောက် သိပ်မကြာခင်မှာပဲ မီးပန်းတွေက လှပစွာ ပေါက်ထွက်လာသည်။ ခရမ်းရောင်စဉ်ဖြာနေသော မီးပန်းတွေ





သည် ဒီဇိုင်းစုံဖြင့် ပေါ်ထွက်နေတာကို တုက တအံ့တသြဖြင့် ငေးမောနေမိသည်။

သန္တာကတော့ လှလိုက်တာ လှလိုက်တာဖြင့် အော်၍မဆုံး။ ကလေးလိုပဲ လက်ညှိုးတထိုးထိုးဖြင့် ခုန်ဆွ ခုန်ဆွ ရှိနေသည်။

"လှလိုက်တာ မေမေရယ်။ အရမ်းမိုက်တာပဲ။ စင်ကာပူမှာ ခရစ္စမတ်ကျရင်လွှတ်တဲ့ မီးပန်းတွေထက်တောင် သာသေးတယ် ...

အမယ်လေး ... တန်ဆောင်တိုင် မြန်မြန်ရောက်ချင်လှပြီ။ ဒီမီးပုံးပျံတွေကို အပြင်မှာ ကြည့်ချင်လိုက်တာ"

"သုံးမိနစ်ပဲစောင့် ချစ်သမီးလေး ... အဟင်း ဟင်း"

အန်တီမိုးက သန္တာ့ကို ချစ်စနိုး ကျီစယ်ပုံကို တုက အမှတ်တမဲ့ ငေးမောမိရာမှ မေမေ့ကို ဖျတ်ခနဲ သတိရသွားသည်။ ကြည့်စမ်း ... ဘယ်လောက် နွေးထွေးတဲ့ အေးမြမေတ္တာတွေလဲလို့။ တုရဲ့ဘဝမှာ ဒီလိုအေးမြမေတ္တာမျိုးတွေ ဘာကြောင့် ရှားပါးခဲ့ရတာလဲ။ မေမေကလည်း ငယ်ငယ်ရွယ်ရွယ်မှာ ဆုံးပါးသွား၊ ဖေဖေကလည်း သူ့အလုပ်နဲ့သူ၊ တုကိုလည်း မြတ်နိုးလွန်း



www.burmeseclassic.com

www.burmeseclassic.com



သူ တွေ့ခဲ့ရသော်လည်း ကံတရားက တုကို လုံးဝမျက်နှာသာ မပေးခဲ့။

တု ဘာကြောင့် ဒီလောက်ထိ ကံဆိုးရတာလဲ။ လောကကြီးက ဘာကြောင့် မတရားတာလဲ။ တုကျတော့မှပဲ ချစ်သူတွေကို ဘာကြောင့် တစ်ယောက်ပြီးတစ်ယောက် ဆွဲထုတ်ခေါ်သွားရတာတဲ့လဲ။ တွေးရင်း တွေးရင်းနှင့် တုရဲ့ရင်ထဲမှာ တဖြည်းဖြည်းနဲ့ လှိုက်တက်ပြီးလာသည်။ အဲဒီနောက် တုသည် ထိုင်ရာမှ ဝုန်းခနဲ ထရပ်ကာ အိမ်အပြင်ဘက်သို့ ပြေးထွက်ခဲ့သည်။ အရှေ့မှာ ရပ်ထားခဲ့သော တုရဲ့ကားမှာက သော့တန်းလန်း။ တုသည် ကိုယ့်ကိုယ်ကိုယ် ဘာလုပ်လို့ လုပ်မိမှန်းတောင် မသိတော့ချေ။ အင်မတန်ကို နာကျင်အောင့်မျက်နေသော စိတ်ဖြင့် ကားကို တရကြမ်း မောင်းနေမိတာပဲ သိသည်။

တုရဲ့ မျက်လုံးထဲတွင် နှင်းဘွဲ့ရဲ့ ပုံရိပ်တွေပြန်မြင်ပြီးလာသည်။ ပြီးတော့ ညတိုင်းမက်ခဲ့ရသော အိပ်မက်ဆိုးများ။ ရင်ခွင်တစ်ခုလုံးသည် ဆယ်ပေါင်တွကြီးနှင့် ထုချခံလိုက်ရသလို အောင့်မျက်လာပြီးနောက် ရှေ့တည့်တည့်က လာနေသည့် ဆိုင်ကယ်တစ်စီးထဲ တုရဲ့ကားခေါင်းက ပြေးဝင်သွားသည်။ ဒါပေမဲ့





သတိတစ်ချက် ဖျတ်ခနဲ ကပ်လာချိန်ဝယ် စင်တီရာတိုင်ကို အားကုန်ဆွဲလှည့်လိုက်သောကြောင့် စီးလာသော ဆိုင်ကယ်နှင့် တုရဲ့ကားခေါင်းမှာ နိုင်ငံခြားအက်ရှင်ကားတွေထဲကလို ပွတ်ကာသီကာဖြင့် ကပ်ရှောင်သွားသည်။ ပြီးတော့မှ ဘရိတ်ကို နင်းကန်အုပ်လိုက်သောကြောင့် တုရဲ့ကားမှာ ကျွီခနဲ မြည်သံကျယ်ကြီးနှင့် ရပ်တန့်လို့သွားတာ ဖြစ်လေသည်။

တုသည်လည်း စင်တီရာတိုင်ပေါ်ကို ခေါင်းမှောက်ကျသွားသည်မှာ ခေါင်းကို ပြန်မထူနိုင်။ ရင်ဘတ်ထဲမှ နှလုံးသားသည် တဒိုင်းဒိုင်းနှင့် ခုန်ပေါက်လှုပ်ရှားနေသည်မှာ အပြင်သို့ ထွက်ကျလာမလားတောင် ထင်ရလေသည်။ အဲဒီအချိန်မှာပဲ တုရဲ့ဘေးက ကားတံခါးကို တစ်စုံတစ်ယောက်က ဆွဲဖွင့်လိုက်တာကို သိလိုက်ရသည်။ ပြီးတော့ နားထဲသို့ ရောက်လာတာက ဒေါသတကြီးလေသံတစ်ခု။

"ဟေ့ ... မင်း ကားကို ဘယ်လိုမောင်းလာတာလဲဟာင်၊ သေချင်လို့လား၊ ဒါမှမဟုတ် မိုက်ရိုင်းတာလား ... တောက်"

တုက ဒေါသတကြီး လာရောက်ပြောဆိုနေသော အသံကို ကြားသော်လည်း ဘာမှပြန်မပြောနိုင်။ ခေါင်းကို မနည်း



www.burmeseclassic.com

www.burmeseclassic.com



ထူကာ နောက်မှီခုံမှာ ခေါင်းကို ပက်လက်မှီလျက် အသက်ကို ခပ်ပြင်းပြင်း ရှူသွင်း၍ ရင်ခုန်နှုန်းကိုပြေအောင် မနည်းဖြေလျှော့နေရသည်။ မျက်လုံးကိုလည်း မဖွင့်။ လာပြောနေသူကိုလည်း ဂရုမစိုက်နိုင်အားချေ။ တုရဲ့ရင်ဘတ်အစုံသည် ဖားဖိုတစ်ခုလိုပဲ နိမ့်ချီ မြင့်ချီဖြင့် မောဟိုက်တုန်ယင်နေသည်။

"ဟာ ... ဘယ်လိုမိန်းမလဲကွာ၊ တောက်"

"ခဏ ... ခဏလေးပါရှင်၊ ကျွန်မ ကြားထဲက တောင်းပန်ပါတယ်ရှင်။ တုရေ ... တု ... ဘာဖြစ်သွားတာလဲဟင်။ နေကောင်းရဲ့လား။ ဘာဖြစ်တာလဲ၊ ဘာဖြစ်သွားသေးလဲဟင်"

တုရဲ့နားထဲမှာ အသံတစ်ခုကို ကြားရသည်။ သန္တာ့ရဲ့အသံပဲ ဖြစ်လေသည်။ သန္တာရဲ့ စိုးရိမ်ပူပင်မှု အပြည့်ရှိသော အသံကြောင့်သော်လည်းကောင်း၊ နည်းနည်းလည်း စိတ်တည်ငြိမ်မှု ရသွားသောကြောင့်သော်လည်းကောင်း တုက မျက်လုံးဖွင့်လိုက်သည်။ တုရဲ့မြင်ကွင်းထဲသို့ သန္တာရဲ့စိုးရိမ်နေသော မျက်နှာက ဝင်ရောက်လာသည်။

"တု ဘာဖြစ်သွားသေးလဲ"





"ဘာမှ မဖြစ်ဘူး။ ဘာမှ မဖြစ်ဘူး။ အကောင်းကြီးဗျ၊ အကောင်းကြီး။ ဒီမှာ သေဖို့နီးနီးလေးပဲ ကပ်လိုသွားတဲ့ လူက ကျုပ်ဗျ ကျုပ် ...

သိရဲ့လား။ ခင်ဗျားတို့ ဘယ်လိုမိန်းကလေးတွေလဲ။ ဒီမှာ လူတစ်ယောက်လုံး သေဘေးက သီသီလေးကပ်လွတ်သွားရတာ။ ဒါကို ဒီလူကျတော့ တောင်းပန်ဖို့ စိတ်ကူးမရှိဘူး။ ဘာတွေလဲ ... ဟား ... မိန်းကလေးတွေ ဖြစ်နေလို့ပေါ့ကွာ။ တောက် ..."

စောစောက တည်ငြိမ်မလို ဖြစ်ခဲ့သည့် တုသည် ဒေါသတကြီး ပြောဆိုနေသော အသံများကြောင့် နှလုံးက ချက်ချင်းလိုပဲ မငြိမ်မသက် ပြန်ဖြစ်လာသည်။ လူက ရင်ထဲမှာ တလှပ်လှပ်ဖြစ်ကာ ခေါင်းတစ်ခုလုံးလည်း ချာချာလည် မူးနောက်လို့လာလေသည်။ နားထဲမှာလည်း သန္တာ့တို့ရဲ့ အသံတွေကိုကြားတစ်ချက် မကြားတစ်ချက်ဖြင့်ရှိသည်။

"ဆောရီးပါ ... သူက နေမကောင်းတဲ့သူမို့ပါ။ ကျန်းမာရေးမကောင်းတဲ့ သူမို့ပါ၊ တုရေ ... ဟိတ် ... ဘာဖြစ်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



တုရဲ့နောက်ဆုံးလက်ကျန် သတိမှာ မေးစေ့ကိုလှုပ်၍ ခပ်ဆတ်ဆတ် ပုတ်လိုက်သော အသိဖြစ်ပြီးနောက် နားထဲမှ လေတွေထွက်သွားသလို ဖြစ်သွားကာ ဘာကိုမှ သတိမရတော့ချေ။

❣ ○ ❣





"ဟင်း ... တစ်ခါမှ မကြားဖူးပါဘူးကွာ။ ကိုယ့်ကို ကားနဲ့တိုက်မလိုလုပ်တဲ့ မိန်းကလေးကို ကိုယ်တိုင်ကပဲ ကားမောင်းပြီး ဆေးခန်းကို လိုက်ပို့ရတယ်တဲ့။ အံ့ရော ... အံ့ရော"

"ငါကတော့ အဲလို မထင်ပါဘူးကွာ"

သူ့အပြောကို ဖိုးကဲက ပခုံးတွန့်ကာ ခပ်မဲ့မဲ့ပြောလျှင် သူက မျက်မှောင်ကြုတ်သွားရသည်။

"ဘာလို့လဲ၊ ဘာကိစ္စ အဲလို မထင်ရတာလဲ"

"ဟိုတစ်ခါက ငါ့ဆိုင်ကယ်ကြောင့် မင်းဒုက္ခရောက်ခဲ့ရတယ် မဟုတ်လား။ ဒါကြောင့် ငါ့ကို လက်စားချေတဲ့အနေနဲ့ ဆိုင်ကယ်ကို လမ်းဘေးမှာ သွားကောက်ခိုင်းတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သေလိုက်... သေလိုက်။ ဒီမှာ တင်းနေရတဲ့အထဲ မင်းက တစ်မျိုး။ ငါကလည်း ဒီမိန်းမတွေနဲ့ တော်တော်ကို ရေစက်ပါတယ်နဲ့တူတယ်။ တွေ့လိုက်တိုင်းလည်း ဒီကားနဲ့ချည်းပဲ"

"ကြည့်ရတာ မင်းကို အသေတိုက်သတ်ချင်နေတဲ့ပုံပဲ။ နေစမ်းပါဦးကွာ အဲဒီမိန်းကလေးက ဘာလဲ။ ကားမမောင်းတတ်တဲ့သူလား၊ ကားမောင်းတတ်ခါစလူလား၊ ဒါမှမဟုတ် အရက်မူးလာတာလား၊ ဒါမှမဟုတ်လည်း စိတ်မမှန်တဲ့လူလား"

"ဟော့ကောင် ... အဲဒီလောက်မှ သိချင်ရင်လည်း ကိုယ့်ဟာကိုယ်ပဲ ဖုန်းဆက်မေးတော့"

"မဟုတ်ဘူးလေ။ ငါပြောချင်တာက အဲဒီမိန်းကလေးရဲ့ ပုံစံက မင်းပြောသလိုဆို စိတ်ဝင်စားစရာ ကောင်းမလားလို့လေ ...

မင်းပဲပြောတော့၊ သူ့ကြည့်ရတာ တစ်ခုခု ချွတ်ယွင်းနေတဲ့ပုံဆို"





ဖိုးကဲရဲ့စကားကြောင့် သူက မကြာသေးခင်ကမှ ဖြစ်သွားသော လတ်တလောကိစ္စရဲ့ မြင်ကွင်းအစုံကို မျက်လုံးထဲတွင် ကွက်ကွက်ကွင်းကွင်း ပြန်မြင်ယောင်လာသည်။ သူစီးလာသော ဆိုင်ကယ်ရှေ့သို့ သူမရဲ့ Double Cup ကားခေါင်းကြီးက တည့်တည့်မတ်မတ် ပြေးဝင်လာပုံ၊ သူတောင် ဘာလုပ်လို့ လုပ်ရမှန်းမသိဘဲ သွားပြီဟု ထင်နေတုန်းမှာပဲ ကားခေါင်းက သူ့အနားမှာ ပွတ်သီးကပ်သီ ရှောင်ထွက်သွားကာ ဘရိတ်အုပ်သံ အကျယ်ကြီးကို ကြားလိုက်ရပုံ၊ သူ့ဆိုင်ကယ်သည်လည်း အရှိန်ဖြင့် လမ်းဘေးမှာ ပစ်လဲကျသွားပုံ၊ သူက ဒေါသတကြီးဖြင့် သွားရောက် ပြောဆိုခဲ့သော်လည်း မချွေချောမှာ သူ့ကိုတောင်းပန်ဖို့နေနေသာသာ သူမကိုယ်သူမတောင်မှ အသက်ကို ခက်ခက်ခဲခဲ ရှူနေရပုံမျိုးဖြစ်သည်။

နောက်တော့ မိန်းကလေးတစ်ယောက်ပါ ထပ်ရောက်လာပြီးနောက် သူမက မေ့မြောသွားတော့လေရာ သူက အဲဒီကားကိုပဲ မောင်းပြီးနောက် ဆေးခန်းပါ လိုက်ပို့လိုက်ရသေးသည်။ ဆေးခန်းရောက်တဲ့ အထိလည်း သိပ်မကျေနပ်သေး။ ဒါကြောင့် လူနာစောင့် မိန်းကလေးကိုတောင် ငေါက်ငမ်းလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့လူက ဘယ်လိုမိန်းကလေးလဲဗျ၊ ကျုပ်ဆိုင်ကယ်ဆီကို သူ့ကားက တည့်တည့်ပြေးဝင်လာတာ။ စိတ်ရောကောင်းသေးရဲ့လား"

ဆံပင်တိုတို၊ မျက်လုံးဝိုင်းဝိုင်း နှင့် ကောင်မလေးက သူ့ကို တောင်းပန်သလိုကြည့်ကာ ...

"တောင်းပန်ပါတယ်ရှင်၊ သူက သိပ်နေမကောင်းလို့ပါ"

"ဘာရယ် ... ! ။ နေမကောင်းတဲ့လူကို ကားမောင်းခွင့်ပေးထားတယ် ဟုတ်လား"

"ဆောရီးပါ။ ကျွန်မ အစစအရာရာအတွက် တောင်းပန်ပါတယ်။ အခုလို ဆေးခန်းထိ လိုက်ပို့ကူညီတဲ့အတွက်လည်း ကျေးဇူးအများကြီး တင်ပါတယ်"

"မလိုပါဘူးဗျာ။ ခင်ဗျားတို့ကိုတော့ တကယ်ပဲ စံတင်ပါတယ်"

မျက်လုံးဝိုင်းဝိုင်းနှင့် ကောင်မလေးက သူ့ကိုဘာမှမပြောတော့ဘဲ ဒီအတိုင်းသာ ကြည့်နေလျှင် သူက ဘာမှထပ်ပြောချင်စိတ် မရှိတော့ဘဲ စိတ်ကုန်စွာဖြင့် လှည့်ထွက်လာခဲ့သည်။ စိတ်ထဲမှာတော့ အဲဒီကောင်မလေးနှစ်ယောက်ကို ဘယ်လိုမှ နားလည်ခဲ့ချေ။ ဘယ်လိုပုံစံတွေလဲ မသိ။ သူ့ကို ကားနဲ့တိုက်သတ်တော့မည့် မိန်းကလေးက်ဆို ပိုတောင်ဆိုးသေးသည်။





ပထမတော့ မာနကြီးသလိုလို၊ လူတစ်ယောက်ကို အဖက်မတန်သလို လုပ်တတ်တယ်ဟု ထင်ရသော ကောင်မလေးသည် သေချာလေ့လာကြည့်တော့မှ လောကကြီးကိုပါ ဂရုမစိုက်၊ စိတ်မဝင်စားသော စိတ်ဝင်စားစရာကောင်းသည့် ကောင်မလေးဖြစ်နေတာမှန်း သိရတော့သည်။

သွေးရောင်ဖျော့ဖျော့လေး လွှမ်းနေသည့် အသားအရေနှင့် ပိန်ပိန်ပါးပါး ကောင်မလေးသည် တစ်ခုခုကို နာကျင်ခံစားနေရသော မျက်ဝန်းတွေနဲ့ ဆိုတာလည်း တဖြည်းဖြည်းနှင့် ရိပ်မိလာရသည်။ သူမတို့နဲ့မှ တိုက်တိုက်ဆိုင်ဆိုင် ဆုံရသော ရေစက်မှာလည်းဘယ်ဘဝက ရေစက်မှန်း မသိတော့ပါ။ ထူးဆန်းသော စိတ်အာရုံတစ်ခုအရတော့ သူမနဲ့ နောက်တစ်ခါလောက် ထပ်ဆုံလိမ့်ဦးမည်ဟု သူ့စိတ်က အလိုလို သိနေခဲ့ခြင်းပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

သူမနှင့် နောက်တစ်ကြိမ် ထပ်ဆုံတွေ့ခဲ့သည်မှာ အကြာကြီးနေမှတော့ မဟုတ်ခဲ့။ ကားအက်ဆီးဒင့်ဖြစ်ပြီး နောက်တစ်ရက်မှာဖြစ်သည်။ ဖြစ်ပုံကလည်း သူ့အမေကို ကုသရမည့်လူနာအိမ်သို့ လိုက်ပို့ပေးရာမှ အစပြုသည်။

သူ့အမေက တောင်ကြီးမြို့ မူးယစ်ဆေးဝါးဖြတ်ပေးသည့် ဆေးရုံမှ ဆရာဝန်တစ်ဦးဖြစ်ကာ လူနာတွေရဲ့အိမ်သို့ အဲဒီလို လိုက်ပြီးကြည့်ပေးလေ့မရှိ။ ဒါပေမဲ့ ဒီတစ်ခါတော့ လိုလိုလားလား လိုက်ကြည့်ပေးမည်မို့ သူကတောင် အံ့သြသဖြင့် ကားမောင်းရင်းမှ မေးကြည့်ရသည်။

"ဘယ်သူမို့လို့ မေမေက အိမ်အထိတောင် သွားကြည့်ပေးရမှာလဲ"





"မေမေ့မိတ်ဆွေတစ်ယောက်ရဲ့ တူမပါ။ ဆောက်လုပ်ရေးဝင်းထဲကို မောင်းရမှာ သား။ အဲဒီက CE ရဲ့တူမပေါ့"

"CE ရဲ့တူမက ! "

သူက အံ့အားတသင့်ဖြင့် သံယောင်လိုက်လျှင် သူ့အမေက သူ ဘာကိုဆိုလိုချင်တယ်ဆိုတာ ချက်ချင်းသဘောပေါက်သွားပြီး ခေါင်းယမ်းပြသည်။

"မဟုတ်ဘူး သား။ အဲဒီလို မဟုတ်ဘူး။ CE ရဲ့တူမက ရန်ကုန်က ရောက်လာတယ်လို့ ပြောတယ်။ သူ့အကြောင်းက စိတ်ဝင်စားဖို့တော့ ကောင်းပါတယ်။ သူ့ History က ငယ်ငယ်လေးတည်းက မိဘမေတ္တာကို မရခဲ့တဲ့သူပေါ့။ သူ့အဖေကလည်း စီးပွားရေးကိုပဲ အာရုံစိုက်နေတော့ ကောင်မလေးကို လုံးဝဂရုမစိုက်နိုင်ဘူး ...

ဒီတော့ ကောင်မလေးကလည်း စိတ်ဒဏ်ရာရသလိုတစ်မျိုးလေး ဖြစ်နေခဲ့တာပေါ့။ အဲဒီအချိန်မှာပဲ သူ့အပေါ်နားလည်ပြီး အရမ်းချစ်တဲ့ကောင်လေးတစ်ယောက်နဲ့ သွားတွေ့တယ်။ အဲဒီကောင်လေးက ခရီးတစ်ခုသွားပြီး ပြန်အလာမှာ သူက သူ့ဆီလာတွေ့ဖို့ ခေါ်တယ်။ ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



က မိုးတွေလည်း ရွာနေလို့ မနက်မှ လာမယ်ဆိုတာကို သူက မရဘူး ခုဆို ခုမှ ဆိုတော့ ကောင်လေးကလည်း လာရရော၊ အဲဒီအချိန်မှာပဲ ကောင်လေးက ကားအက်ဆီးဒင့်နဲ့ ဆုံးသွားတာ"

သူ့ရင်ထဲတွင် ခြောက်ခနဲ ဖြစ်သွားသည်။ သူ့အမေက စကားမဆုံးသေးသဖြင့် ဆက်ပြောသည်။

"အဲဒီမှာ တိုတိုပြောရရင်တော့ ကောင်မလေးက တော်တော်စိတ်ထိခိုက်သွားတယ်ပေါ့ကွယ်။ တစ်နှစ်လောက်ကို ဆေးကုယူရတယ် ...

အမိက,ကတော့ စိတ်ပေါ့။ သူ့စိတ်ကို သူ ဘယ်လိုမှကို Control မလုပ်နိုင်ဘူး"

"အဲဒါနဲ့ ရန်ကုန်ကနေ ဒီကို ဘယ်လိုလုပ် ရောက်လာရတာလဲ"

"သူက CE ရဲ့တူမလေး။ တူမဆိုတာက CE ကတော်ရဲ့တူမပေါ့။ ပြီးတော့ CE ရဲ့သမီးကလည်း စင်ကာပူကနေ ဒီကိုပြန်ရောက်လာတာဆိုတော့ သူ့ကို စိတ်ပြေလက်ပျောက်ဖြစ်အောင် တောင်ကြီးကို ခေါ်လာတာ ...





အဲဒါ ဟိုတစ်နေ့က စိတ်ထိခိုက်စရာ တစ်ခုခုတွေ့ပြီး ဘာဖြစ်သွားတယ် မသိပါဘူးကွယ်။ ပေါ်တီကိုအောက်မှာ ရပ်ထားတဲ့ သူ့ကားကို ချက်ချင်းတက်မောင်းပြီး လမ်းမှာ ဆိုင်ကယ်တစ်စီးကို တိုက်မိမလို ဖြစ်တယ်တဲ့ ...

ပြီးတော့ ..."

သူ့ရင်ထဲတွင် ဒုန်းခနဲ ဖြစ်သွားသည်။ အာရုံထဲတွင် မျက်နှာတစ်ခုကို ချက်ချင်းပဲ မြင်ယောင်ပြီးလာသည်။ သေချာပါတယ်၊ ဒီအဖြစ်အပျက်ဟာ အဲဒီလောက်ကြီးပဲ မလွဲနိုင်ပါ။

"မေမေ ... အဲဒါ သား ထင်တယ်နော်။ သား တစ်နေ့တုန်းက ကားတစ်စီးနဲ့ တိုက်မိမလို ဖြစ်ခဲ့တယ်။ သား ဆိုင်ကယ်ဆီကို ကားက တည့်တည့်ကြီး ပြေးဝင်လာတာ။ သားတော့ သွားပြီလို့လို ထင်တာ ...

ပြီးတော့ သူ့ဟာသူ ရအောင်ရှောင်ထွက်သွားတာ။ ဟား ... တော်တော်ဆိုးတဲ့ မိန်းကလေးပဲ မေမေ"

သူ့အမေက သူ့ကို အံ့ဩသလို လှည့်ကြည့်သည်။ ပြီးတော့ ခေါင်းတဆတ်ဆတ် ညိတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်မယ်နဲ့ တူတယ်။ မေမေကတော့ မတွေ့ဖူးသေးဘူး။ အခုမှ ကြည့်ရမှာပဲ။ သူ့ History ကိုတော့ မနေ့ကမှ သူ့အဒေါ်က ပြောပြထားလို့ သိရတာ။ သူက သာမန်နေမကောင်းတာအပြင် စိတ်နဲ့လည်းဆိုင်တော့ မေမေ့ကို အကူအညီတောင်းတဲ့ သဘောပဲ ..."

CE နဲ့ရော သူ့အမျိုးသမီးနဲ့ရောက မေမေနဲ့အာရမ်းရင်းနှီးတော့ အိမ်အထိ သွားကြည့်ပေးတာပါ။ ပြီးတော့ ဒီကလေးမလေးရဲ့ History ကို ကြားတာနဲ့ မေမေလည်း စိတ်ဝင်စားသွားလို့"

"သူ့ရောဂါ အခြေအနေက ရန်ကုန်မှာပဲကုရင် ပိုအဆင်မပြေဘူးလား"

"သူက အဲဒီလို ဆိုးဆိုးဝါးဝါးကြီး မဟုတ်ဘူးလို့ ပြောတာပဲ။ မေမေလည်း သူ့ကို သေချာမကြည့်ရသေးတော့ ပြောရခက်တယ် ..."

အခုမှ သေချာကြည့်ရမှာ။ သားကို ကားနဲ့တိုက်မိမလိုဖြစ်တဲ့ ကောင်မလေး ဟုတ်,မဟုတ် အဲဒီကျရင် သိရမှာပဲလေ"





သိစရာကတော့ မေးကြည့်စရာတောင် မလိုတော့ချေ။ သူ့ကားကို ဆောက်လုပ်ရေးဝင်းထဲက အရာရှိရိပ်သာနားသို့ ချိုးကွေ့လိုက်စဉ်မှာပဲ တစ်နေ့က သူ့ကို သေမင်းနိုင်ငံသို့ အလည်ခေါ်ဆောင်သွားတော့မည့် စိမ်းပြာရောင် Double Cup ကြီးကို မြင်တွေ့လိုက်ရတာနဲ့ သူက သဘောပေါက်သွားပြီဖြစ်သည်။ သူတို့ကားရပ်လိုက်လျှင် အိမ်ထဲမှ အမျိုးသမီးကြီးတစ်ဦးနှင့် မိန်းကလေးတစ်ယောက်တို့က ဆီးကြိုကြသည်။

မိန်းကလေးသည် သူ့ကိုမြင်သောအခါ အနည်းငယ်အံ့သြသွားသလိုရှိသည်။ သူကတော့ သိပ်ပြီး မအံ့သြတော့။ ကြိုပြီး မျှော်လင့်ထားသောကြောင့် ဖြစ်ပါသည်။ အမျိုးသမီးကြီးကတော့ သူတို့သားအမိနှစ်ယောက်ကို ဖော်ရွေလှိုက်လှဲစွာဖြင့် ကြိုဆိုရှာသည်။

"လာ ... ညီမလေး ... လာ။ သားရော ... လာ။ ထိုင်ကြဦးနော်"

"ဟုတ် ... မမ။ ဒါက ကျွန်မသားလေ။ ခွန်မင်းညိုတဲ့။ သား ... ဒါက အန်တီ ဒေါ်ခင်မိုးမိုးတဲ့"

"ဟုတ်ကဲ့ပါ ခင်ဗျ၊ ကျွန်တော် ခွန်မင်းညိုပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ...။ သားက အမေတူသားလေးပါ။ မနှစ်က သားတို့မီးပုံးပျံ မဟုတ်လား၊ ပထမဆု ရသွားတာ"

"ဟုတ်ကဲ့ ခင်ဗျ"

"အေး ... အေး ... တော်တော်လှတယ်၊ ဒီနှစ်ရော ဝင်ပြိုင်ဦးမှာ မဟုတ်လား"

"ဟုတ်ကဲ့ ... ပြိုင်မှာပါ"

"ကောင်းတယ် ... ကောင်းတယ်။ ဒီနှစ်လည်း ဆုရအောင် ကြိုးစားနော်။ နန်းရေ ... ဒါက မမသမီးလေးလေ။ ခင်သန္တာအောင်တဲ့။ တုမရခင်နဲ့ ညီမတစ်ဝမ်းကွဲပေါ့"

"ဩော် ... စင်ကာပူမှာနေတဲ့ သမီး ဆိုတာပေါ့နော်။ အခုမှပဲ တွေ့ဖူးတော့တယ်"

မျက်လုံးဝိုင်းဝိုင်းနှင့် သန္တာဟု သိရသော ကောင်မလေးက သူ့အမေရော သူ့ရောကို ခြိုင့်ပြီး အရင်ပြုံးပြသည်။ ပြီးတော့မှ သူ့ဆီကို မသိမသာ မေးတစ်ချက်ဆတ်ပြကာ သူမရဲ့အမေကို လက်တို့ပြောသည်။

"ဒီက ကိုခွန်မင်းညိုက တစ်နေ့က တုရဲ့ကားနဲ့ တိုက်မိမလိုဖြစ်ခဲ့တဲ့သူလေ မေမေ"





"ဟင် ... ဟုတ်လား။ ဩော် ... ဖြစ်မှ ဖြစ်ရလေကွယ်။ တိုက်တိုက်ဆိုင်ဆိုင်။ ဒါဆိုရင် အဲဒီနေ့က တုရဲ့ကားကို ပြန်မောင်းပေးပြီး ဆေးခန်းလိုက်ပို့ပေးခဲ့တာ သားပေါ့"

သူက အပြုံးတစ်ချက်နှင့် ခေါင်းညိတ်ပြလိုက်ရသည်။ သူ့အပြုံးဟာ နည်းနည်းတော့ အီလည်လည်ကြီးများ ဖြစ်နေမလားတော့ မပြောတတ်ပါ။ အမျိုးသမီးကြီးကတော့ သူ့ကို အင်မတန်မှ လှိုက်လှဲဖော်ရွေသော အပြုံးများဖြင့်ကြည့်ကာ ...

"ကျေးဇူးတင်ပါတယ် သားရယ်။ ဘာမှဖြစ်မသွားတာပဲ ကံကောင်းသွားတာပေါ့၊ နောက်ကိုလည်း တုတို့သန္တာတို့ကို လိုအပ်တာရှိရင် ကူညီဂရုစိုက်ပေးပါဦး ...

သူတို့တွေက တောင်ကြီးမြို့နဲ့ နည်းနည်းစိမ်းလို့ပါ"

"ဟုတ်ကဲ့ပါ"

သူ့ကို သန္တာဟူသော ကောင်မလေးက ကြည်လင်သော အပြုံးတစ်ခုဖြင့် ကြည့်ကာ ...

"သူက သမီးတို့ တောင်ကြီးကို စရောက်ကတည်းက ကူညီခဲ့တယ်လို့ ပြောလို့ရတယ်။ ဟဲဟိုးနားမှာ ကားဘီးပေါက်သွားခဲ့တုန်းကလည်း သူပဲ ကူညီခဲ့တာလေ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက သန္တာတို့ကားနဲ့ ကားကြုံခေါ်မသွားတာကို စိတ်မဆိုးပါနဲ့နော်။ တုက နည်းနည်း **Sensitive** ဖြစ်လို့ပါ"

"စိတ်မဆိုးပါဘူးဗျာ၊ မဆိုးလို့လည်း ကားပေါ်ကနေတောင် ဆင်းနေခဲ့ပြီး တမင်ကူညီပေးခဲ့တာပေါ့၊ ကျွန်တော်တို့ တိုင်းရင်းသားတွေက ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းနဲ့ ကူညီတတ်ကြပါတယ်"

သူ့အပြောကို အားလုံးက ခေါင်းတဆတ်ဆတ်ညိတ်ကြသည်။ နောက်တော့ သူ့အမေက လူနာကြည့်ဖို့ရာအတွက် အန်တီကြီးနှင့် လိုက်ပါသွားလျှင် ဧည့်ခန်းထဲမှာက သူရယ် သန္တာဆိုသော မိန်းကလေးရယ်သာ ကျန်ရစ်ခဲ့သည်။

ကောင်မလေးက သူ့ရှေ့သို့ ကော်ဖီခွက်ကို တွန်းပို့ပေးကာ ...

"သုံးဆောင်ပါဦးနော်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ပြောပြရဦးမယ်။ အဲဒီနေ့က တုရယ်၊ သန္တာရယ်၊ မေမေရယ်က မနှစ်က တန်ဆောင်တိုင်မီးပုံးပျံပွဲအခွေကို ကြည့်နေကြတာ ...



ကြည့်နေရင်းနဲ့ တုက ဘာဖြစ်သွားတယ် မသိဘူး။ ထိုင်နေရာကနေ ဝုန်းခနဲ ထထွက်သွားပြီး ကားမောင်းထွက်သွားတာလေ။ သန္တာတို့မှာ နောက်ကနေ အပြေးအလွှား လိုက်ရတာ ...

တိုက်တိုက်ဆိုင်ဆိုင်ပဲ သူနဲ့ သွားငြိတဲ့ဆိုင်ကယ်က ကိုခွန်မင်းညိုရဲ့ဆိုင်ကယ် ဖြစ်နေတော့ သန္တာဖြင့် အရမ်းအံ့သြသွားတာပဲ"

သူက ဘာပြန်ပြောရမှန်း မသိသဖြင့် ခေါင်းတစ်ချက်ညိတ်ကာ ကော်ဖီကို ယူမော့လိုက်ရသည်။ ကောင်မလေးကပဲ စကားဆက်ပြောပါသေးသည်။

"အဲဒီနေ့ကလည်း ထူပူနေတော့ သေချာမတောင်းပန်ဖြစ်ဘူး။ အရမ်းအားနာပါတယ် ကိုခွန်မင်းညိုရယ်"

"ရပါတယ်။ ကျွန်တော့်ကို သူများတွေခေါ်သလို ကိုညိုလို့ပဲ ခေါ်ပါ"

"ဟုတ်ကဲ့ ကိုညို။ ဒီနှစ်ရော မီးပုံးပျံဝင်ပြိုင်ဦးမှာလားဟင်"

"ပြိုင်မှာပေါ့ ... ပြိုင်ရမှာပေါ့။ မီးပုံးပျံက ကျွန်တော်တို့ရဲ့ Crazy ပဲဟာ။ တောင်ကြီးသားတွေက မီးပုံးပျံနဲ့ Rock ဂီတကို အစွဲလမ်းဆုံးပဲလေ ...

ကျွန်တော့်ဆော်ဒါတွေဆို ဘယ်နေရာ ဘယ်ဒေသကိုပဲရောက်ရောက် တန်ဆောင်တိုင်ဆို မဖြစ်,ဖြစ်အောင် မရောက်,ရောက်အောင်ကို ပြန်လာကြတာ ...

အဲ ... နိုင်ငံခြား ရောက်နေတဲ့ လူတွေက လွဲလို့ပေါ့ဗျာ"

"ဟုတ်တယ် ... စ,လုံးမှာ သန္တာ့သူငယ်ချင်းတွေ တောင်ကြီးကလူတွေရှိတယ်။ သူတို့ဆို တန်ဆောင်တိုင်အကြောင်း မီးပုံးပျံတွေအကြောင်း သိပ်ပြောတာပဲ ...

အင်တာနက်မှာ မီးပုံးပျံပွဲကို တင်ထားတော့ သန္တာတို့ဆို အမြဲစောင့်ကြည့်ရတာ။ တလည်း မီးပုံးပျံပွဲကို စိတ်ဝင်စားတယ်။ တရော သန္တာရော ဒီနှစ် တန်ဆောင်တိုင်ပွဲကို သေချာရိုက်ပြီး On Line တင်ဖို့ စိတ်ကူးထားတာ"

"ဪ ... ကောင်းပါတယ်။ ပိုအပ်တဲ့ အကူအညီရှိရင် ပြောပါ။ ကျွန်တော်က ကူညီဖို့ အချိန်မရွေးပါပဲ ...

မသန္တာကိုလည်း ဓာတ်ပုံရိုက်တာ ဝါသနာပါမှန်း ရိပ်မိပြီးသားပါ။ စတွေ့တည်းက ကင်မရာကြီးနဲ့လေ"





သူ့ရဲ့ ပွင့်ပွင့်လင်းလင်း အပြောကို ကောင်မလေးက ဟက်ဟက်ပက်ပက်ကြီး ရယ်မောသည်။ အဲဒီတစ်ခဏမှာပဲ သူတို့နှစ်ယောက် ပိုရင်းနှီးသွားသလို ခံစားရပါသည်။ ဆက်ပြီး ဟိုအကြောင်း ဒီအကြောင်းလေးတွေ ပြောနေတုန်းမှာပဲ သူ့အမေနဲ့ အန်တီကြီးတို့က အပြင်သို့ ပြန်ထွက်လာကြသည်။ ပြန်ဖို့အချိန်ရောက်ပြီမို့ သူကလည်း မတ်တတ်ထရပ်လိုက်ပါသည်။ သူ့အမေက အန်တီကြီးကို လက်ကိုကိုင်ကာ လှိုက်လှဲစွာ နှုတ်ဆက်နေသည်။

"ဘာမှ သိပ်စိုးရိမ်စရာ မရှိပါဘူး မမရယ်။ သူက နလုံးလည်း နည်းနည်းအားနည်းနေလို့ပါ။ အခုဆိုရင် အခြေအနေက စိတ်ချနေရပါပြီ ...

တစ်ပတ်တစ်ခါလောက် လာကြည့်ပေးပါ့မယ်။ ဒီကြားထဲ လိုအပ်တာရှိရင်လည်း ဖုန်းဆက်လိုက်ပါ"

"ကောင်းပါပြီ ညီမလေးရယ်။ ကျေးဇူးတင်ပါတယ်နော်"

"အန်တီရော ... သန္တာရော ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပြီ သား။ သားကိုလည်း ကျေးဇူးတင်တယ်နော်"

www.burmeseclassic.com



ကျေးဇူးတင်စကားတွေ မိုးမွန်အောင် ပြောဆိုပြီးကြလျှင် သူတို့သားအမိနှစ်ယောက်မှာ ဆောက်လုပ်ရေးဝင်းထဲမှ ပြန်ထွက်လာခဲ့ကြသည်။ သူက တုမရခင်ဟူသော ထူးဆန်းဖွယ်ရာ ကောင်မလေးအကြောင်းကို မေးဖို့ဟန်ပြင်နေတုန်းမှာပဲ (သူတောင် မမေးရသေး) သူ့အမေက ချစ်ဖို့ကောင်းစွာဖြင့် စကားစ,လာခဲ့သည်။

"ကောင်မလေး အခြေအနေက သိပ်ဆိုးဆိုးဝါးဝါးကြီး မဟုတ်ပေမယ့် ဂရုတစိုက်တော့ ထားရမယ့်ပုံစံပဲ သားရဲ့။ စိတ်ထိခိုက်တဲ့ ပုံစံက တော်တန်ရုံ မဟုတ်ဘူး ...

သူက ပထမတော့ မေမေ့ကို Pshchiat;ist ထင်နေတာ။ သူ မရူးဘူးနော်တဲ့။ မေမေပေးတဲ့ ဆေးတွေလည်း မသောက်နိုင်ဘူးတဲ့။ အဲလို ပြောတာ"

"ဟုတ်တယ် မေမေ။ အဲဒီတယ်သောက်က စကားပြောရင် ပြတ်ထွက်နေတာပဲ။ မျက်နှာကလည်း Terminator(3) ဇာတ်ကားထဲက စက်ရုပ်မရဲ့ မျက်နှာနဲ့ တူတယ်။ ဘာခံစားချက်မှကို မရှိဘူး"





သူ့အပြောကို သူ့အမေက ဟက်ခနဲ တစ်ချက်ရယ်တာ ...

"သားကလည်းကွယ်၊ သူများကို အဲလိုမပြောပါနဲ့။ သူ့ History ကို သိပြီးသွားရင် သူ့ type ကို နားလည်ပေးလို့ ရပါတယ်"

"ဟင် ... မေမေကတော့ မေမေ့ပေးရှင့်ကိုး။ နားလည်ပေးလို့ ရမှာပေါ့။ အခု သူ ဖြစ်နေတဲ့ အဓိက အကြောင်းအရာက ဘာလဲ မေမေ"

"အင်း ... စိတ်ကျရောဂါပါပဲ။ ဒါပေမဲ့ သိပ်ဆိုးဆိုးဝါးဝါးကြီးတော့ မဟုတ်ပါဘူး။ အရင်က သူ ဖြစ်ခဲ့တာတွေနဲ့စာရင် အခုဟာက သေးသေးလေးပါ ...

ဒါကြောင့် ထိန်းထားလို့ရတယ်။ ဒီလောက်ပဲ။ နောက်ဆို ရေပြောင်း မြေပြောင်း ရာသီဥတု အပြောင်းအလဲနဲ့ တော်တော်ကောင်းသွားမှာပါ ...

သားလည်း ကြုံရင် ဂရုစိုက်ပြီး ကူညီလိုက်ပါကွယ်"

ဟုတ်ကဲ့ဟု ပြန်ပြောစရာ မလိုပါ။ သူ ကူညီမယ်ဆိုတာကိုလည်း သူ့အမေက သိပြီးဖြစ်ပါလိမ့်မည်။ ကြုံရင်



www.burmeseclassic.com

www.burmeseclassic.com



ကူညီရမယ်ဆိုတော့ နောက်တစ်ခါကြုံဖို့ ဆိုတာက ဘယ်လိုအခြေအနေမျိုးမှာ ထပ်ကြုံဦးမလဲ ဆိုတာတော့ သူက ရင်နည်းနည်းခုန်စွာ စိတ်ဝင်စားနေခဲ့သည်။

ရင်ခုန်တယ် ဆိုတာကလည်း သူ့ဆီ တားခေါင်းကြီးက တည့်တည့်ပြေးဝင်လာသော ဖီလင်ကို အခုထိ ခံစားမိနေသောကြောင့်ပဲ ဖြစ်ပါသည်။





## ၁၂

သူမနဲ့ နောက်တစ်ကြိမ် ထပ်ဆုံဖြစ်ခဲ့သည်မှာ သူတို့ အမြဲထိုင်နေကြဖြစ်သော Burger House ကော်ဖီဆိုင်လေးမှာဖြစ်သည်။ သူနဲ့ သူ့သူငယ်ချင်းတွေသည် ညနေဘက်ပဲဖြစ်ဖြစ်၊ ညဘက်ပဲဖြစ်ဖြစ် အေးအေးဆေးဆေးရှိသော ဒီကော်ဖီဆိုင်လေးမှာ လာထိုင်ကာ စကားတွေ ဖောင်ဖောင်ကျကြသည်။ အခုလည်း ညနေခြောက်နာရီလောက်တည်းက ရောက်နေကာ စားချင်တာ မှာစားကြလျက် မီးပုံးပျံအရေးတော်ပုံ ဆွေးနွေးပွဲ လုပ်နေကြတာဖြစ်သည်။

သူက အဝင်ဝဘက်ကို ကျောခိုင်းထားတာမို့ သူမတို့ ရောက်လာတာကို မမြင်ခဲ့ချေ။ သူတို့အုပ်စုထဲတွင် မိန်းကလေးမှန်သမျှ အရင်ဆုံးမြင်တတ်သူ မိန်းကလေးတစ်အုပ်လာလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်စက္ကန့်အတွင်းမှာပဲ ဘယ်သူအချောဆုံးဆိုတာ ရွေးပြနိုင်သော အရည်အချင်းရှိသူမှာ အာကာ ဖြစ်သည်။ အခုလည်း သူမတို့ဝင်လာတာကို အဲဒီကောင်ကပဲ အရင်ဆုံး စ,မြင်တာဖြစ်သည်။

"ဟေး ... ဘရာသာတို့။ ဟိုမှာ အမှန်အကန်လေးတွေ ဝင်လာတယ်နော်။ ဒီဘက်က အရပ်ရှည်ရှည်နဲ့တစ်ယောက်က မိုဒယ်လား မသိဘူး။ မြင်ဖူးသလိုပဲ"

"ဘယ်တုန်းက မြင်ဖူးတာလဲ။ ဟိုဘက်ဘဝတုန်းကလား"

ဖိုးကဲက ထုံးစံအတိုင်း ရိုးရာမပျက်ဖွဲ့သည်။ ဒါလည်းပဲ အာကာတို့က မမှုပါ။

"ဟိုဘက်ဘဝကလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ မပြောမရှိနဲ့နော်။ အဖြူရောင်ဆွယ်တာနဲ့ တစ်ယောက်က ကိုယ့်ပစ္စည်းပဲ။ ချိတ်ပိတ်လိုက်ပြီ"

"မင်းကလည်း လွန်လိုက်တာကွာ"

သူက အာကာ့ကို စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းယမ်းပြလိုက်ပြီးနောက် ရှေ့က ကော်ဖီခွက်ကို ယူမော့လိုက်သည်။ Expresso Coffee ၏ ခါးစိမ့်ပြင်းရှ အရသာသည် သူ့လျှာဖျားထက်တွင် စွဲထင်ပြီးသွားသည်။ ပြီးတော့ ဘာရယ်မဟုတ်ဘဲ သူ့





မျက်လုံးက သူတို့စားပွဲဝိုင်းရဲ့ မျက်စောင်းထိုးနေရာရှိ စားပွဲဝိုင်းသို့ ရောက်သွားလျှင် သူ့မျက်ခုံးတွေက အံ့ဩစိတ်ဖြင့် ပင့်တက်သွားရလေသည်။

သူမ ! ။ သူမ ဆိုတာ ဂျာနယ်ကျော်မမလေးရဲ့ ဝတ္ထုနာမည် မဟုတ်ရပါ။ သူက တထူးတဆန်း မိန်းကလေးဟု မှတ်ယူထားခဲ့သော "တုမရခင်"ဆိုသည့် မိန်းကလေးပဲ ဖြစ်ပါသည်။ ထိုမိန်းကလေးသည် သူတို့ကိုလည်း မြင်ဟန်မတူပါ။ မီနူးကတ်ကိုသာ ငုံ့ကြည့်လျက် တစ်စုံတစ်ရာကို စဉ်းစားရွေးချယ်နေပုံဖြစ်သည်။ ဂျူးလီယက်ဆံပင်ပုံစံ အလယ်တီတီခွဲထားသော ခါးထိလုထိခင် ဆံနွယ်ရှည်များကို ဒီအတိုင်းပဲ ချထားကာ လည်ထောင်အဖြူရောင်ဆွယ်တာကို ဝတ်ဆင်ထားသော ကောင်မလေးကို သူက ဘာရယ်မဟုတ် အတန်ကြာ ငေးစိုက်မိသွားသည်။

ဖြူစင်ဝင်းမွတ်နေသော မျက်နှာလေးသည် ဘာခံစားချက်မှ မရှိသလို အေးစက်စက် ဖြစ်နေတာကိုက သူမရဲ့ ဆွဲဆောင်မှု တစ်ခုလေလားတော့ မပြောတတ်ပါ။ အမှတ်တမဲ့ ကြည့်မိရာမှ မျက်စိမခွာနိုင် ဖြစ်သွားပုံမှာ ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားမိတော့ချေ။ သူ့မျက်နှာရှေ့ကို လက်ဝါးကြီးတစ်ခုက



www.burmeseclassic.com

www.burmeseclassic.com



ကာဆီး ကာဆီး ရောက်လာတော့မှပဲ အာရုံပျက်သွားတာ ဖြစ်တော့သည်။

"ဟား ... ဘာလုပ်တာလဲကွာ"

သူ့ရှေ့သို့ လက်ဝါးကြီး လာရောက်ကာဆီးသော အာကာက ပြုံးစိစိလုပ်ကာ ပခုံးတွန့်လျက် ...

"ငါပြောပြီးသားနော်။ ငါ့ပစ္စည်းလေးပါလို့။ သူ အခု ဒီဆိုင်ထဲကထွက်၊ ငါက သူ့နောက်က လိုက်ပြီးသားပဲ"

အာကာရဲ့အကျင့်က အဲဒီလိုဖြစ်သည်။ မိန်းကလေးချောချောမြင်လျှင် ဘယ်တော့မှ အလွတ်မပေး။ ဒါကြောင့် သူတို့ တစ်အုပ်စုလုံးကလည်း ဒီကောင့်ကို တွေ့မရှောင်ဟု နာမည်ပေးထားကြကာဖြစ်သည်။ သူက အာကာရဲ့စကားကြောင့် အသာအယာပြုံးကာ ...

"ဟုတ်လား ... ဒါဖြင့်ရင် မင်းနဲ့ ငါနဲ့ အလောင်းအစား တစ်ခု လုပ်ရအောင်"

"ဘာအလောင်းအစားလဲ"

"ငါ အခု သူတို့ စားပွဲဝိုင်းကို သွားမယ်။ ပြီးရင် သူ့နာမည်ကို မေးလာခဲ့မယ်။ အဲဒီထက်ပိုရင်တော့ သူတို့ဝိုင်း





မှာ ခဏထိုင်မယ်ပေါ့ကွာ။ အဆင်ပြေရင် မင်းတို့နဲ့ပါ မိတ်ဆက်ပေးမယ်၊ ဘယ်လိုလဲ ...

အဲဒီလို လုပ်နိုင်ရင် မင်း သူ့နောက်ကို လိုက်မသွားရဘူး"

အာကာက နဂိုမျက်စိပေါက် မေးကျဉ်းကျဉ်းများကို ပြူးနေအောင် ဖွင့်ကြည့်သည်။

သူကတော့ ကော်ဖီတစ်ငုံကိုသာ အေးအေးဆေးဆေး ထပ်ငုံလိုက်ကာ အခြေအနေကို ဒူးနှံ့ပြီး စောင့်ကြည့်နေလိုက်သည်။

"မင်းဟာက သေချာလို့လား"

"ငါ စကားကို နှစ်ခါမပြောတတ်ဘူးဆိုတာ မင်း သိပါတယ်"

သူ့ရဲ့အတည်ပေါက်ရုပ်ကို ဖိုးကဲကပါ မျက်ခုံးပင့်ကြည့်နေသည်။ သူနဲ့ တခုမရခင်ရဲ့ အသိုင်းအဝိုင်းကို သိကျွမ်းကြပုံကို သူ့သူငယ်ချင်းတွေ တစ်ယောက်မှ မသိသေးပါ။ ဖိုးကဲပင်လျှင် မသိသေး။ မသိသေးဆို ဆေးခန်းမှာ သူ့ကို လာခေါ်ပေးတုန်းကလည်း မိန်းကလေးတွေက ပြန်သွားကြပြီမို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



သူက တစ်ခုခုကို အချိန်မဆွဲချင်တော့ဘူးဆိုလျှင် လုပ်နေကြထုံးစံအတိုင်း စားပွဲခုံကို လက်ဖြင့်တခေါက်ခေါက် ခေါက်ကာ ...

"ကဲ ... ကဲ ... ကဲ ... ကြာတယ်ကွာ၊ ဘယ်လိုလဲ ?။ အမြန်ဆုံးဖြတ်"

သူ့ရဲ့ပိုင်နိုင်တိကျနေသော လေသံကို အာကာက မယုံနိုင်သလို စိုက်ကြည့်နေသည်။ ပြောရလျှင် ကောင်မလေးတွေနဲ့ ပတ်သက်ပြီး ဘယ်တုန်းကမှ အဲဒါမျိုး သူ မလုပ်ဘူးပါ။ မိန်းကလေးတွေဆိုလျှင် စိတ်ဝင်တစားဖြင့် သိပ်တောင်စိုက်မကြည့်မိခဲ့။ အစဉ်အလာ မရှိခဲ့သော သူ့ကို သူငယ်ချင်းတွေက အံ့သြမည်ဆိုလည်း အံ့သြလောက်စရာဖြစ်သည်။

"ပြီးရောကွာ၊ မင်းစကားနဲ့ မင်းပဲ။ သွားတော့"

"အိုကေ ... စောင့်နေ သူငယ်ချင်းတို့"

သူက ထိုင်နေရာမှ ရုတ်တရက် ထရပ်ကာ သူမတို့ စားပွဲရှိရာသို့ လျှောက်လာခဲ့သည်။ စားစရာများကို မှာကြားပြီး အေးအေးဆေးဆေး ထိုင်နေသော သူမသည် သူ လျှောက်လာတာကို ပထမတော့ မြင်ပုံမရပါ။ သူကတော့ တခြားဘယ်ကိုမှမကြည့်





ဘဲ သူမကိုပဲ စိုက်ကြည့်ပြီး လျှောက်လာတာမို့ သူ့ဆီက အာရုံ တစ်ခုကိုတော့ ကောင်မလေးက ဖမ်းမိသွားဟန် တူပါသည်။ မျက်လုံးအကြည့်တို့က ဖျတ်ခနဲပဲ ရွေ့လာသည်။ ခဏလေးပါပဲ၊ ခဏလေးဆိုသော အခိုက်အတံ့မှာ သူမ မျက်ဝန်းတွေကို သူက အမိအရ ဖတ်ယူနိုင်လိုက်သည်။

သူမဟာ သူ့ကို မှတ်မိသည်။ မှတ်မိပြီးတော့ မဆို စလောက် အံ့သြသွားပုံရသော အစိပ္ပာယ်များကြောင့် အေးစက်စက် မျက်နှာလေးအတွက် သူ ဝမ်းသာရမည် ဖြစ်ပါသည်။ စားပွဲဝိုင်းနားသို့ လက်နှစ်ဖက် နောက်ပစ်ကာ လာရပ်သော သူ့ကို သန္တာရော သူမရောကပါ မော့ကြည့်ကြသည်။ သန္တာဆိုသော ကောင်မလေးက သူ့ကို မြင်သွားသောအခါ အားတက်ဖွယ်ရာ လှိုက်လှိုက်လှဲလှဲ ပြုံးပြလာသည်။

"ကိုညို ပါလား။ ဘယ်က ရောက်လာတာလဲ"

"ကျွန်တော်က ဒီမှာရောက်နေတာ နည်းနည်းကြာပြီ။ သန္တာတို့ကို ခုနလေးကမှမြင်လို့ လာနှုတ်ဆက်တာပါ"

"ဩော် ... သန္တာတို့လည်း ခုမှ ရောက်တာပါ။ စားစရာ တွေတောင် ရောက်မလာသေးဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ဦးလေ၊ တစ်ခုခု စားမါဦးလား။ ဘာစားမလဲ”

သူက သူမနှင့် မျက်နှာချင်းဆိုင်မှာရှိသော ခုံတစ်လုံးကို ဆွဲထုတ်ရင်းမှ ...

“ထိုင်တာတော့ ခဏထိုင်ပါမယ်။ စားတာတော့ မစားတော့ဘူး။ စားခဲ့ပြီးပြီ”

“လက်ဖက်ရည်ကြမ်းလေးတော့ သောက်ပါ”

သန္တာခက အလိုက်သိ ခည့်ဝတ်ကျေပွာဖြင့် လက်ဖက်ရည်ကြမ်းခွက်ကလေးကို သူ့ရှေ့သို့ အသာအယာ တိုးပေးသည်။ သူက ခေါင်းတစ်ချက်ဆတ်ကာ လက်ခံယူရင်းမှ အငွေးတထောင်းထောင်း ထနေသော လက်ဖက်ရည်ခွက်ကလေးကို လက်နှစ်ဖက်ဖြင့် အသာယှက်ထားကာ ရှေ့တူည့်တည့်မှာရှိသော သူမကို အသာအယာ ပြုံးကြည့်လိုက်သည်။

“တုမရခင် နေကောင်းတယ်နော်”

သူမက သူမေးတာကို မဖြေဘဲ သူ့ကို အေးစက်စက်သာ စိုက်ကြည့်နေသည်။ ကြည့်ပုံက စက်ရုပ်မတစ်ရုပ်သည် ဒီလူတစ်ယောက်ကို လူဆိုးလား လူကောင်းလားဟု ခွဲနိပျူတာဦးနှောက်နှင့် သရုပ်ခွဲနေသော ပုံစံမျိုးဖြစ်သည်။ အဲဒီ အေးစက်





စက် ထုံပေပေ ပုံစံကိုပဲ သူက ကြာလေ သဘောကျလေ ဖြစ်ပါသည်။

သူမရဲ့ ဖော်ရွေမှုကင်းသော မျက်နှာကြောင့် သန္တာက အားတုံ့အားနာဟန်ဖြင့် ဝင်ပြောသည်။

“တု ... အဲဒါ ငါပြောတဲ့ ကိုခွန်မင်းညိုလေ။ ဒေါက်တာနန်းဖြူဖြူရဲ့ သားပေါ့။ နင် ကားနဲ့တိုက်မိမလို ဖြစ်သွားခဲ့တဲ့သူလေ။ အဲဒီနေ့က နင့်ကားကို သူပဲ ဆေးခန်းထိမောင်းပေးခဲ့ရသေးတာပေါ့”

သန္တာ ပြောပြနေပုံက သူ့ကျေးဇူးတွေ နင့်မှာရှိတယ်၊ နှုတ်ဆက်လိုက် ကျေးဇူးတင်စကား ပြောလိုက်ဦးဟု သတိမပေးရုံတစ်မယ်ဖြစ်သည်။ တကယ်ဆို သူနဲ့ တွေ့ဆုံပတ်သက်ရသည့် အကြောင်းတွေကိုလည်း သန္တာခဆိုသော မိန်းကလေးက အသေးစိတ်ပြန်မပြောဘဲနေမှာ မဟုတ်ပါ။ ဒီမိန်းကလေးတွေသည် တောင်ကြီးမြို့သို့ စတင်ခြေမချမီကပင် သူနဲ့တွေ့ခဲ့ကြသည့် မိန်းကလေးတွေ ဖြစ်လို့ ရေစက်ကတော့ မသေးဘူးဟု ပြော၍ရသည်။

အမှန်အတိုင်း ပြောရလျှင်တော့ တုမရခင်ဆိုသော ကောင်မလေးဟာ အခုအခြေအနေမှာတော့ သူ့အပေါ်မှာ အမြင်



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးတော့ ရှိသင့်လောက်ပြီ၊ ရှိလောက်ပြီဟု သူက မျှော်လင့်ခဲ့တာဖြစ်သည်။ ဒါပေမဲ့ သူ ထင်သလို မဟုတ်ခဲ့။ ကျေးဇူးဟူသော စကားလုံးနှစ်လုံးသည် အေးစက်စက် မျက်နှာပေးကို အပြုံးတစ်ချက် လွှင့်လာအောင် မစွမ်းဆောင်နိုင်သေးပါ။

ဘာပဲဖြစ်ဖြစ် သူမကို သူ သဘောကျသွားသည်။ တစ်လက်စတည်းမှာပဲ ကျေးဇူးတရားအပေါ်မှာ မျှော်လင့်ချက်တစ်ခု ထားနေခဲ့မိသော သူ့ကိုယ်သူလည်း နည်းနည်းရှုံ့သွားပါသည်။ ဒါကြောင့် အေးစက်စက် မျက်နှာပိုင်ရှင်က Bravo ပေးသည့် အနေဖြင့် သူက အားပါးတရ ပြုံးပြလိုက်သည်။

"ကျွန်တော် ခွန်မင်းညိုပါ"

သူမက သူ့ကို အသိအမှတ်ပြုသလို ခေါင်းတစ်ချက်ဆတ်ပြသည်။ ဒီလိုကြေးလား။ သူမသာ ဝစီပိတ် အဓိဋ္ဌာန်ဝင်မထားဘူးဆိုလျှင် စကာပြောနိုင်အောင် သူ စွမ်းဆောင်နိုင်ပါလိမ့်မည်။

"တုမရုခင် တစ်ယောက် ဟိုတစ်ပတ်က တော်တော်ရှော့ခ် ရသွားမှာပဲနော်။ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် သွားပြီလို့ကို ထင်တာ ..."





စိတ်ထဲမှာ ကိုယ့်အရှိန်နဲ့ကိုယ် ဆိုင်ကယ်က လမ်းဘေးကို လဲကျသွားတုန်းကတောင် ပြန်အထမှာ ကိုယ့်ကိုယ်ကိုယ် ဝိညာဉ်လား၊ တကယ့်လူလားဆိုတာ ဆန်းစစ်ကြည့်ရသေးတယ်"

သူမက သူ့ကို အေးစက်စက်ပဲ စိုက်ကြည့်ကာ ...

"ဘာလဲ ...။ ရှင်က အဲဒီအတွက် တောင်းပန်စကား ပြောစေချင်နေတာလား"

"ဟဲ့ ... တု"

သူတောင် ဘာမှပြန်မပြောရသေး။ သန္တာ့ထံမှ အသံက ချက်ချင်းပဲ ထွက်လာ၏။ သူက သန္တာ့ကို ဘာမှမဖြစ်ပါဘူးဟူသော အပြုံးမျိုးဖြင့် အသာအယာ လှည့်ပြုံးပြလိုက်ကာ သူမကို တည့်တည့်ပြန်ကြည့်လိုက်သည်။

"မပြောစေချင်ပါဘူး။ ခင်ဗျားကြောင့် ကျွန်တော် ဘာတစ်ခုမှ ထိခိုက်ဒဏ်ရာ ရသွားတာမှ မဟုတ်တာ"

သူ့စကားကို သူမက ဒါ မှန်တာပေါ့ ဟူသော အကြည့်မျိုးဖြင့်ကြည့်ကာ နှုတ်ခမ်းလေးက ယောင်ယောင်လေး တွန့်သွားလျှင် သူက အဲဒီလောက်လေးဖြစ်အောင် လုပ်နိုင်တာကိုပဲ ဂုဏ်ယူချင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ...။ ရှင့်ကို ထိခိုက်ဒဏ်ရာရအောင် ဘာတစ်ခုမှ မလုပ်ခဲ့ဘူး။ ကျွန်မကားနဲ့ ရှင်နဲ့ ထိတောင် ထိမသွားဘူး။ ကျွန်မက ရှင့်ကို တိုက်မိမယ့်အစား ကိုယ့်ဘာသာပဲ သေချင်တာလေ ...

ကျွန်မအတွက်ကြောင့်တော့ ဘယ်သူမှ ဘာမှ မဖြစ်စေချင်တာပါ"

အဆုံးသတ် ပြောလိုက်သော တိုးတိတ်စကားသံလေးကြောင့် သူက ငေးခနဲ ဖြစ်သွားရကာ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။ သူမကတော့ လာချပေးသည့် ဆင်းဒ်ဝချ်နဲ့ ကော်ဖီကို သုံးဆောင်ဖို့ ပြင်ဆင်နေပြီဖြစ်သည်။ စားပါဦး ... သောက်ပါဦးဟု တစ်ခွန်းတလေမှ မပြောဘဲ ရှိတယ်ဟုတောင် သဘောမထားသော ကောင်မလေးကို သူက စိတ်ဝင်တစား စိုက်ကြည့်ရင်းမှ နှစ်ခြိုက်လွန်းသော ခံစားမှုတွေက ဗိုင်းရပ်စ်ပိုးတွေလို ခန္ဓာကိုယ်တွင်းသို့ တဖြည်းဖြည်းနှင့် ပျံ့နှံ့ဝင်ရောက်လာသည်။

"ကိုညိုတို့ မီးပုံးပျံရော အခုထဲက စပြီး run နေပြီလား"





အဲဒီစကားကို ဝင်မေးသူက သန္တာဖြစ်သည်။ သူက အငွေ့နည်းနည်း သေသွားသော လက်ဖက်ရည်ကြမ်းကို အသာမော့သောက်ရင်းမှ ခေါင်းတစ်ချက်ဆတ်ကာ ...

"စလုပ်နေပြီ။ ယမ်းတွေ စပြီးစပ်ကြည့်နေပြီလေ။ စိတ်ဝင်စားရင် လာကြည့်ဖို့ ဖိတ်ခေါ်ပါတယ်။ တခြားသိချင်တာတွေရှိရင်လည်း မေးပါ"

"သိချင်တာတော့ အများကြီးပဲ။ မီးပုံးပျံတစ်လုံး စတင်လုပ်ကိုင်ပုံကစပြီး လွှတ်တင်တဲ့ အချိန်အထိ အဆင့်ဆင့်ကို သိချင်တာလေ"

"ဪ ... ရပါတယ်၊ အခု သိချင်**တာလား**"

သူက ပြောရင်းမှ သူမကိုပါ **မသိမသာ အကဲ**ခတ်ချောင်းကြည့်လိုက်လျှင် သူမက သူ့စကားကို စိတ်ဝင်စားမနေပါ။ သူမဘာသာ မုန့်စား၊ ကော်ဖီသောက်နှင့် အေးအေးဆေးဆေးရှိနေသည်။

"အခုတော့ မသိချင်သေးပါဘူး။ နောက်မှပဲ။ ကိုညိုတို့ မီးပုံးပျံလုပ်တဲ့ နေရာကို လာကြည့်ပါမယ်။ မေးစရာရှိတာလေးတွေမေး၊ ဗီဒီယိုရိုက်စရာ ရှိတာလေးတွေရိုက်ပြီး On line မှာ တင်မယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com



မနှစ်က ချန်ပီယံအဖွဲ့ရဲ့ ဒီနှစ် ကြိုတင်ပြင်ဆင်နေပုံများ ဆိုပြီးတော့။ ဖြစ်တယ် မဟုတ်လား။

"ဖြစ်ပါတယ် ... လာကြည့်လေ"

"အဲဒီ မီးပုံးပျံအဖွဲ့ရဲ့ Leader က ဘယ်သူလဲ"

"ကျွန်တော် ခွန်မင်းညိုပါ ခင်ဗျာ"

"ဩော်"

သန္တာက လာချပေးသော ပသျှူးထမင်းကြော်ကို စားဖို့ စတင်မွှေနှောက်နေတုန်းမှာပဲ သူက ဒီနေရာက ထွက်ခွာဖို့ အချိန်တန်ပြီဆိုတာ သဘောပေါက်လိုက်သည်။ ဒါကြောင့် ထိုင်ရာမှ ထရပ်ကာ ဘောင်းဘီအိတ်ကပ်ထဲသို့ လက်နှစ်ဖက်လျှိုထည့်လျက် တုမရခင်ကိုသာ တည့်တည့်မတ်မတ် စိုက်ကြည့်လိုက်သည်။

"တုမရခင်"

သူမ နာမည်ကို အတိအကျ ခေါ်လိုက်သောအခါ သူမက အသာအယာပဲ မော့ကြည့်လာသည်။ ခေါင်းမော့လိုက်သောအခါ ပခုံးမှာတင်နေသည့် ဆံနွယ်တွေက ရင်ဘတ်ရှေ့သို့ ဝဲခနဲ ပြုတ်ကျလာပုံကို သူက ငေးခနဲ ဖြစ်သွားသည်။ အဲဒီတစ်ခဏအတွင်းမှာ သူ့ရင်ထဲသို့ တစ်စုံတစ်ရာက ဖြတ်စီးသွားသလို ခံစားသွားရသည်။ သို့သော် အဲဒီဖီလင်ကို ဘာလဲဟု အခုလက်ရှိ ပြန်စဉ်းစားဖို့ အချိန်မရှိ။ သူမကို သူ တစ်စုံတစ်ရာ ပြောရမည်။





"ခွင့်ပြုပါဦး"

သူမထံမှ ခေါင်းညိတ်ပြမည့် သင်္ကေတတစ်ခုသာ ရောက်လာမည်ဟု ထင်ထားသော်လည်း ထင်မထားစွာ စကားပြောလာသည်။

"ကောင်းပါပြီ"

သူမက ပြောပြီးတာနှင့် စားစရာကိုသာ ပြန်ပြီး အာရုံစိုက်သွားသည်။ သူက သဘောကျစွာဖြင့် လှစ်ခနဲ တစ်ချက်ပြုံးလိုက်ကာ သန္တာကိုပါ နှုတ်ဆက်လိုက်သည်။

"သန္တာ ... ကျွန်တော့်ကို ခွင့်ပြုပါ"

"ဩော် ... ဟုတ်။ သန္တာတို့ မီးပုံးပျံလုပ်တာကို လာကြည့်မယ့်အချိန်ကျရင် ဖုန်းကြိုဆက်ပါမယ်။ ကိုညိုရဲ့ ဖုန်းနံပါတ်လေး တစ်ဆိတ်လောက်"

"09-5228520 ပါ။ တခြား ဘာအကူအညီပဲလိုလို ဆက်နိုင်ပါတယ် ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

သူက သူမတို့ စားပွဲဝိုင်းမှ ပြန်လည်ထွက်ခွာလာပြီး သူတို့စားပွဲဝိုင်းသို့ရောက်လျှင် သူငယ်ချင်းတွေကို ခေါင်းတစ်ချက်ငဲ့ပြကာ ...

"ဟေ့ကောင်တွေ လစ်ကြမယ်"

သူ့ကို အာကာက မျက်လုံးအပြူးသားဖြင့်ကြည့်ကာ ...

"ဟေ့ကောင် ... ဘာလဲ။ မင်း ပြောတော့ နာမည်ပြောပြမယ်ဆို"

"ပြောမယ်လေ။ ဒါပေမဲ့မင်း သူ့နောက်ကို မလိုက်ရဘူး။ ဒီတော့ စားလို့လည်း ပြီးပြီဆိုတော့ ပြန်ကြမှာပေါ့။ လမ်းရောက်မှ သူ့နာမည်ကို ပြောမယ် ...

နှစ်ယောက်စလုံးရဲ့ နာမည်ကိုပြောမယ်ကွာ။ ဟုတ်ပြီလား ...

ကဲ ... ငါတော့ လစ်ပြီ"

သူက ပြောပြောဆိုဆိုဖြင့် ဆိုင်အပြင်ဘက်သို့ ထွက်သွားလျှင် ဒါမျိုးကို တစ်ခါမှ မကြုံဖူးသော ဘော်ဒါနှစ်





ကောင်က ပိုက်ဆံအမြန်ပြေးအလွှားရှင်းကာ သူ့နောက်က ကမန်းကတန်း ပြေးလိုက်လာကြသည်။ အဲဒီအချိန်မှာ သူက ဆိုင်ကယ်ကိုတောင် စက်နှိုးပြီးနှင့်နေပြီ။ သူ့ရဲ့လက်စွဲတော် YAMAHA DT ဆိုင်ကယ်ကြီးကို လီဗာသံ တဖြင်းဖြင်း ပေးနေတုန်းမှာပဲ အာကာက သူ့နံဘေးနားသို့ ရောက်လာသည်။

"ဟေ့ကောင် ... မင်းက ဘာအထာလဲ။ အဲဒီဆော်နဲ့ မင်းနဲ့ သိပြီးသား မဟုတ်လား"

"အဲလို ရိုပ်မိတာကို ဝမ်းသာပါတယ်။ သူ့နာမည်က တုမရခင်တဲ့။ နောက်တစ်ယောက်က သန္တာ။ ရန်ကုန်က ရောက်လာတယ်။ မင်း သူတို့နှစ်ယောက်လုံးကို နှောင့်ယှက်ဖို့ မကြိုးစားပါနဲ့"

"ဟား ... ဘာကြီးလဲ။ ဂေါက်သွားပြီလား။ အဲဒီလိုပြောရအောင် အဲဒီတစ်ယောက်ကို မင်းက လိုက်မှာမို့လို့လား"

"ဟေ့ကောင် ... လိုက်လိုက် မလိုက်လိုက်ကွာ။ မင်းမှာလည်း မင်းဇယားတွေ အများကြီးရှိတယ်။ ဒါကိုတော့ ဖယ်ထား။ မင်းအတွက်နဲ့ သူ့မှာ စိတ်အနှောင့်ယှက် မဖြစ်စေချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကောင်ကြီးတော့ တော်တော်ထူးဆန်းနေပါလား။ အေး
လေ ... ကြည့်ရတာ မင်းက စိတ်ဝင်စားနေတဲ့ပုံပါ။
အမှန်အတိုင်း ဝန်ခံစမ်း ဟော့ကောင် ...
ဒါဆိုရင် ငါ့ဖီလင်တွေကို ရော်ပေးမယ်"

"အေး ... ဝန်ခံတယ်ကွာ။ စိတ်ဝင်စားတယ် ဘာဖြစ်လဲ"

သူက ပြောပြီးတာနဲ့ ကလပ်ရှိုကို ဆောင့်၍လွှတ် လိုက်လျှင် သူ့ဆိုင်ကယ်က ဝေါခနဲ ပြေးထွက်သွားသည်။ မိန်း ကလေးတစ်ယောက်သာ ဆိုလျှင်တော့ ဒီနေရာမှာ ရှက်သွားသဖြင့် ထွက်ပြေးသွားသည်ဟု ပြောနိုင်သည်။

ယောက်ျားလေးဆိုတော့ ရှက်ပြီး ထွက်ပြေးတာတော့ မဟုတ်ချေ။ ဝန်ခံပြီးသွားချိန်မှာ မြူးဖျသွားသော စိတ်နှလုံးသာ ဖြင့် လေဟုန်မှာ ဝဲချင်သောကြောင့် လွှတ်လပ်စွာ ပျံသန်းသွား တာပဲ ဖြစ်ပါသည်။

❣ ○ ❣





## ၁၃

တုသည် စာဖတ်နေရာမှ မျက်စိညောင်းလာသော အခါ ဖတ်လက်စစာအုပ်ကို အောက်သို့ပစ်ချလျက် ဇက်ကိုပါ တဂျွတ်ဂျွတ်မြည်အောင် ချိုးလိုက်သည်။ ပြီးတော့ ထိုင်နေရာမှ မတ်တတ်ထရပ်ကာ အိမ်ရှေ့သို့ ထွက်လာလျက် အပြင်ဘက်သို့ ငေးမောမိလေသည်။ အိမ်ရှေ့ဘက် အပြင်လမ်းမကြီးပေါ်မှာ ဆိုင်ကယ်တချို့နှင့် ကားတချို့သာ ဖြတ်သန်းသွားလာနေကြပြီး ခပ်ရှင်းရှင်းရှိသည်ဟု ပြောနိုင်သည်။ ရန်ကုန်မှာလို ကားတွေ ကျပ်သပ်မနေ။ လေထုညစ်ညမ်းမနေပါ။ တောင်ကြီးမြို့သည် ဒီအစဉ်အလာကို တစ်သက်လုံး ထိန်းသိမ်းထားနိုင်လျှင် ကောင်း ပါမည်။



www.burmeseclassic.com

www.burmeseclassic.com



အခုဆိုလျှင် တောင်ကြီးမြို့သို့ တု ရောက်ခဲ့သည်မှာ တစ်လခန့်ရှိခဲ့ပြီ။ တစ်လအတွင်းမှာ အနီးတစ်ဝိုက်ရှိ လည်ပတ်စရာတွေကိုလည်း ရောက်သင့်သလောက် ရောက်ခဲ့ပြီးပြီဖြစ်သည်။ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထန့်စမ်းလိုဏ်ဂူ၊ ကလော စသဖြင့် စုံပြီးပြီ။ ဘယ်နေရာကိုပဲရောက်ရောက် ဒေသခံတိုင်းရင်းသားတွေရဲ့ ရိုးသားဖြူစင်တဲ့ အပြုံးတွေနှင့် အေးမြလန်းဆန်းသော ရာသီဥတု၊ လတ်ဆတ်သန့်ရှင်းသော လေထုတို့ကို ခံစားရသည်မှာ တုရဲ့စိတ်တွေကို အပြောင်းအလဲတော့ ပေးစေပါသည်။

ရန်ကုန်မှာတုန်းက မွန်းကျပ်ပိတ်လှောင်ခဲ့သော စိတ်များသည် ရေမြေဒေသနှင့် ရာသီဥတု အပြောင်းအလဲကြောင့်ရော၊ အဒေါ်မိသားစုနှင့်အတူတူ တကယ့်မိသားစုလိုမျိုး နွေးနွေးထွေးထွေး နေရတာကြောင့်ရော အတော်လေးကို ကြည်လင်ပြီဟု ပြောရှိရသည်။ ပြီးတော့ တုရဲ့ကျန်းမာရေးကို ကူညီတာဝန်ယူပေးနေသည့် ဒေါက်တာကြောင့်လည်း ပါ,ပါမည်။ ဒေါက်တာ့အကြောင်း တွေးမိလျှင် ဒေါက်တာ့ကို လိုက်ပို့ရာ၌ ပါလာတတ်သော ဒေါက်တာရဲ့သား ဆိုသူကပါ တုရဲ့အာရုံထဲသို့ ရောက်လာ





သည်။ ဒါပေမဲ့ သူ့အကြောင်းကို သေချာဆက်မတွေးဖြစ်တော့။ အဘယ်ကြောင့်ဆိုသော် တုရဲ့ပခုံးကို တစ်စုံတစ်ယောက်က ဆုပ်ကိုင်လိုက်သောကြောင့်ဖြစ်သည်။

နောက်သို့ လှည့်ကြည့်လိုက်သောအခါ သန္တာ။

"ဘာတွေ ငေးမောနေတာလဲ မိန်းကလေး။ ပျင်းနေတာလား"

တုက သန္တာ့ကို နားလည်စွာဖြင့် တစ်ချက်ပြုံးပြ
ဘာ ခေါင်းယမ်းပြလိုက်သည်။ အဲဒီ သန္တာဟာ တုကို မျက်စိအောက်က ဘယ်တော့မှ အပျောက်မခံ။ တစ်ခုခုကို တုက စိတ်ခင်တစား တွေးတောနေလျှင်တောင် ဘာတွေခံစားနေရလဲ။ နေကောင်းရဲ့လား၊ စိတ်ကောင်းရဲ့လားဟု အသည်းအသန် တွေးတောနေသည့်လူ ဖြစ်သည်။ ဒီလို ဂရုစိုက်အားကြီးလွန်းသောကြောင့် ကြာသောအခါ အန်တီမိုးနှင့် သန္တာ့ကို အားနာတာနဲ့ပဲ လိုက်လိုက်လျောလျော လန်းလန်းဆန်းဆန်း နေလာခဲ့တာလည်းပါသည်။

"မပျင်းပါဘူး။ ဒီလိုပဲ လမ်းသွားလမ်းလာတွေကို ငေးနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အပြင်သွားမလား"

"နှင်းသဘောပဲလေ။ ဘယ်သွားချင်လို့လဲ"

သန္တာက လက်မှနာရီကို မြှောက်ကြည့်ကာ ...

"နှစ်နာရီခွဲပဲ ရှိသေးတယ်။ အချိန်တော့ မီပါတယ်။ ငါးကန်သွားမလားဟင်။ သွားချင်လား"

"ငါးကန် ! "

တုက သန္တာရဲ့စကားကို သံယောင်လိုက်,လိုက်လျှင် သန္တာက ဆက်ပြောသည်။

BURMESE CLASSIC .com

"ဟုတ်တယ်။ ညောင်ရွှေက ငါးကန်ကိုပြောတာ။ ဒီနေ့ စနေနေ့ဆိုတော့ စည်မှာပဲ။ နှင်းကို မေမေ ပြတယ်လေ။ အင်းလေး သွားတဲ့နေ့တုန်းက အပြန်မှာ မှောင်နေတာနဲ့ မဝင်တော့တာ ...

တောင်ကြီးက လူတွေ အားလပ်ရက်ဆို သွားအပန်းဖြေတဲ့ နေရာတစ်ခုပေါ့။ ဘယ်လိုလဲ သွားမလား"

"သွားလေ"

"အိုကေ ... ဒါဆို အဝတ်အစားလဲကြစို့"

"နှင်ပဲ လဲတော့။ ငါက မာဖလာပဲ ပတ်တော့မယ်"





သန္တာက တုကို သုံးမိနစ်ပဲစောင့်ဟုဆိုကာ အခန်းထဲသို့ လှစ်ခနဲ ပြေးဝင်သွားသည်။ တုကတော့ အကျီနှင့်လိုက်ဖက်သော ပဝါအနက်ရောင်ကို လည်ပင်းမှာ ပတ်လိုက်လျှင် အပြင်ထွက်ဖို့ Ready ဖြစ်သွားခဲ့ပြီ။ အဝတ်အစားလဲတာ ခဏလေးနှင့်ပြီးသော သန္တာ တစ်ယောက် ပြန်ထွက်လာလျှင် တုမောင်းသောကားသည် လမ်းမပေါ်မှာပြေးနေပြီဖြစ်သည်။

တောင်ကြီးမြို့ရဲ့အထွက် အဆင်းလမ်းများသို့ရောက်လျှင် သန္တာက လမ်းဘေးဝဲယာ ရှုခင်းများကို ငေးမောကာ ...

"တို့ ငယ်ငယ်တုန်းကဆို ဒီ View Point တွေက အရမ်းကြည့်လို့ကောင်းတာဟ။ ခုတော့ သစ်ပင်တွေ ကြီးလာတော့ ရှုခင်းသာတွေကို ပိတ်ကုန်ပြီ ...

မဟုတ်ရင် ကားပေါ်ကကြည့်ရင် အရမ်းလှတာ"

"ခုလည်း လှပါတယ်"

"ဟုတ်လား၊ နှင် သဘောကျလား။ တောင်ကြီးမှာ နေရတာ နှင် သဘောကျလား တု"



www.burmeseclassic.com

www.burmeseclassic.com



"ကျတာပေါ့၊ ငါက ဒီလို သဘာဝဆန်တဲ့ ရာသီဥတုနဲ့ ရေမြေအနေအထားကို အရမ်းကြိုက်တာ။ လူတွေကလည်း ရိုးသားပွင့်လင်းပြီး ခင်စရာကောင်းတယ်၊ မြို့ကလည်း အရမ်းသန့်ရှင်းတယ်။ ခေတ်လည်း မီတယ်၊ ဒီနယ်ဘက်မှာက ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေ အများကြီး ရှိတယ်။ ပြီးတော့ လတ်ဆတ်တဲ့ သစ်သီးဝလံတွေ ပေါတာကိုလည်း သဘောကျတာ"

"မီးပုံးပျံတွေလည်း လွှတ်တင်တတ်တာတွေလည်း ပြောဦးလေ"

အဲဒါကိုတော့ တုက ပခုံးတစ်ချက်တွန့်ကာ ...

"ဒါကတော့ ငါ့မျက်စိနဲ့ တပ်အပ် မတွေ့ရသေးတာ"

"အေးပါ ... အေးပါ။ ပြောဖို့ စောသေးတယ်ပေါ့လေ"

တုက ဘာမှပြန်မပြောတော့ဘဲ အသာအယာပြုံးကာ ကားကို ဂရုတစိုက် မောင်းလာခဲ့သည်။ နှစ်ယောက်သား စကားစမြည်ပြောလိုက်၊ ချယ်ရီအကော်ဖ်အမ်က တေးသံသာများကို နားထောင်လိုက်နှင့် မောင်းလာခဲ့သည်မှာ ငါးကန်ကို ဘယ်လိုတောင် ရောက်သွားမှန်းတောင် မသိတော့ချေ။ ငါးကန် ဖွင့်ထားသော





ကျိုင်းဝှံ့ စားသောက်ဆိုင်ဝင်းထဲတွင် ကားတွေကတော့ အပြည့်ပဲဖြစ်သည်။ တုကတော့ နာမည်ကျော်လှသော ငါးကန်ဆိုတာကို အခုမှ ရောက်ဖူးတာမို့ ဟိုဟိုဒီဒီ စူးစမ်း စိတ်ဝင်စားနေရသည်။

ဆိုးတော့လည်း မဆိုးလှပါ။ မိသားစုတွေပဲဖြစ်ဖြစ်၊ သူငယ်ချင်း အုပ်စုလိုက်ကြီးပဲဖြစ်ဖြစ် လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး ပျော်ပွဲစား ထွက်နိုင်သော နေရာပဲဖြစ်သည်။ ငါးကန်ဟု ခေါ်တွင်ထားသော ရေကန်ကျယ်ကြီးရဲ့ ကမ်းနဖူးပေါ်မှာ မနီတဲလေးတွေကို ခြေတံရှည်အိမ်လေးတွေအဖြစ် ဆောက်လုပ်ထားကာ သီးသန့်စားသောက်ရသော ပုံစံမျိုးဖြစ်သည်။ ရေပြင်ကျယ်ရယ်၊ ဝေးဝေးက လှမ်းမြင်နေသော တောင်တန်းတွေရယ်၊ ကျေးငှက်ပေါင်းစုံရယ်ဖြင့် သာယာလှပသော ပတ်ဝန်းကျင်သည် တုကို အကြီးအကျယ်ပဲ ဖမ်းစားလို့ ထားလေသည်။ သဘောတကျဖြင့် လက်ပိုက်ကာ ငေးမောနေတုန်းမှာပဲ သန္တာကလျှောက်လာကာ ...

"မိန်းကလေးရေ ... တဲတွေက လူအပြည့်ပဲတဲ့၊ ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



တုက ဘာမှမပြောတတ်လျှင် လုပ်နေကြပုံစံအတိုင်း ပခုံးတစ်ချက်သာ တွန့်ပြလိုက်သည်။ အဲဒီအချိန်မှာပဲ မျက်နှာချင်းဆိုင်က လျှောက်လာသော လူတစ်ယောက်ကိုမြင်လျှင် တုရဲ့မျက်ခုံးအစုံမှာ ပင့်တက်သွားရသည်။ သူကလည်း တုတို့ကို မြင်သွားသောအခါ အံ့သြသွားပုံ ရပါသည်။ ပြီးတော့ တစ်လက်စတည်းမှာပဲ သူ့နှုတ်ခမ်းတွေက ပြုံးယောင်သမ်းသွားလျှင် တုရဲ့နှုတ်ခမ်းတွေကတော့ အလိုလိုကို စေ့ပိတ်ပြီးသား ဖြစ်သွားလေသည်။

တုရဲ့နောက်နားက သန္တာကလည်း ရှေ့မှလာနေသူကို တွေ့မြင်သွားလျှင် အမည်နာမတစ်ခုကို အလိုလိုရေရွတ်ပြီးသား ဖြစ်သွားသည်။

"ကိုညို ! "

"သန္တာတို့ပါလား။ အခုမှ ရောက်တာနဲ့တူတယ်"

"ဟုတ်တယ်။ တဲက အလွတ်မရှိလို့တဲ့လေ။ အဲဒါ အပြင်မှာ ထိုင်ရမလို ဖြစ်နေတာ"

"ဩော် ... မထိုင်ရပါဘူး။ ကျွန်တော်တို့တဲမှာ လာထိုင်လေ။ ဘယ်သူမှ မပါဘူး။ ကျွန်တော်နဲ့ သူငယ်ချင်းနှစ်ယောက်ပဲ ...





လာထိုင်လေ"

"ဟို ... ရပါတယ်။ အားနာစရာကြီး ဖြစ်နေပါ့မယ်။ ကိုညိုတို့ဘာသာပဲ လွတ်လွတ်လပ်လပ် ထိုင်ကြပါ။ ပြီးတော့ မှာလားဟင်။ ပြီးတော့မယ်ဆိုရင်လည်း အဲဒီတဲကို ဆက်ယူမယ်လေ"

"ဟင့်အင်း ... အခုနကမှ ရောက်တာ။ ကျွန်တော်တို့ကကလောက လာကြတာလေ။ ဗိုက်ဆာတာနဲ့ ငါးကန်ဝင်ကြရအောင်ကွာ ဆိုပြီး ဝင်လာကြတာ ...

အစားအစာတွေတောင် ခုမှမှာထားတုန်း။ ကျွန်တော်က သန့်စင်ခန်း ခဏသွားမလို့ ထွက်လာတာ။ ဟိုမှာ ကျွန်တော်တို့တဲက ထိပ်ဆုံးတဲပဲ။ သွားလိုက် ... သွား ... ကျွန်တော် ပြန်လာခဲ့မယ်"

ဘယ်လိုလူမှန်းလဲ မသိပါ။ သူ ပြောချင်ရာတွေကို ဝဲတဲ ဝဲတဲဖြင့်ပြောကာ အန္တရာယ်ကို မလွှယ်ထားနိုင်သည့်ပုံစံဖြင့် သုတ်သီးသုတ်ပျာ ပြေးထွက်သွားသည်။ တုက သန္တာ့ကို ဘယ်လိုလဲဟူသော အကြည့်မျိုးဖြင့် ကြည့်လိုက်လျှင် သန္တာကလည်း တုကို ဘယ်လိုလဲဟု ပြန်ကြည့်နေခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘယ်လိုလုပ်ချင်လဲ တု"

တုက ဘာပြန်ပြောရမှန်း မသိ။ သန္တာက ဆက်ပြောသည်။

"သူက အန်တီနန်းရဲ့သားနော်၊ ပြီးတော့ ငါတို့ကို ကူညီဖူးခဲ့တဲ့သူပဲ။ သူတို့နဲ့ မထိုင်ချင်ဘူးဆိုတာ သိပ်တော့ မကောင်းဘူးနဲ့တူတယ်"

"ငါ့အတွက်က ကောင်းတာတွေ မကောင်းတာတွေ မရှိဘူးလေ"

တုရဲ့ ကန့်လန့်တိုက်သော စကားကြောင့် သန္တာက မျက်လုံးပြူးဖြင့် မော့်ကြည့်သည်။ အဲဒီပုံစံလေးကို အားက ချစ်စနိုးဖြစ်စွာဖြင့် လှစ်ခနဲ ပြုံးပြလိုက်ကာ ...

"အဲဒီမှာ ထိုင်ရလို့လည်း စိတ်အေးလက်အေးတော့ ဖြစ်မှာမဟုတ်ပါဘူး။ နင့်သဘောပဲလေ"

"အင်း ... ခဏတော့ ထိုင်ကြတာပေါ့ဟယ်။ တို့က မီးပုံးပျံလုပ်တာတွေလည်း စိတ်ဝင်စားနေတဲ့ဟာ၊ သူတို့လုပ်နေတာကိုပဲ သွားကြည့်ရမှာပဲ"





သန္တာ ပြောပြီး သိပ်မကြာချေ။ တောင်ပေါ်သားသည် ပြုံးပြုံး ပြုံးပြုံးဖြင့် တုတို့အနားသို့ ပြန်ရောက်လာသည်။ ပြီးတော့ ခေါင်းတစ်ချက်ဆတ်ပြကာ ...

"လာလေ ... ကျွန်တော်တို့တဲက ဟိုးထိပ်ဆုံးမှာ"

သူ ခေါ်ဆောင်ရာနောက်သို့ တုတို့က လိုက်ပါလို့လာလျှင် ဟိုးထိပ်ဘက်ရှိ တဲနန်းလေးရှိရာသို့ ရောက်သွားသည်။ စားသောက်ရမည့်ပုံစံမှာ ဂျပန်စတိုင်လ်လိုလို ဘာလိုလိုဖြစ်၍ တုက သဘာဝဆန်သော ပုံစံကို သဘောကျသွားရသည်။ သူက သူ့သူငယ်ချင်းနှစ်ယောက်နှင့် တုတို့ကို မိတ်ဆက်ပေးလေသည်။

"တုမရခင်နဲ့ သန္တာ။ ဒါ ကျွန်တော့်သူငယ်ချင်းတွေပါ၊ ကျွန်တော်တို့ တောင်ပေါ်သား အဖွဲ့ဝင်တွေဆိုလည်း ဟုတ်ပါတယ်။ သူက အာကာ၊ သူက ဖိုးကဲလို့ပဲ အလွယ်မှတ်ထားပါ ...

ဟော့ကောင်တွေ ... ဒါက ငါ့မိတ်ဆွေတွေပေါ့။ ရန်ကုန်ကနေ ခဏရောက်နေတဲ့ ဧည့်သည်တွေဆိုလည်း ဟုတ်တယ်။ သူက တုမရခင်။ သူက သန္တာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့သူငယ်ချင်းနှစ်ယောက်ကို တုတို့က ဖော်ရွေစွာ ပြုံးပြရုံကလွဲ၍ တွေ့ရတာ ဝမ်းသာပါတယ်တွေ ဘာတွေ မပြောပါ။ အဲဒီလို ဘာမှမပြောတာကိုလည်း တုက ပိုသဘောကျသည်။ တကယ်တမ်းလည်း တွေ့ရတာဟာ ဘာမှဝမ်းသာစရာ မကောင်းပါ။

မိတ်ဆက်ပေးမှုဟာ သာမန်ဆန်စွာပဲ ပြီးဆုံးသွားသောအခါ သူက တုတို့ထံသို့ မီးနူးစာအုပ် ကမ်းပေးကာ ...

"ကြိုက်တာ မှာလေ။ တခြားသားတွေတော့ ဘာမှမရဘူး။ ငါးပဲရတာ။ ကြိုက်တာမှာကြ"

သန္တာက မီးနူးကို ဟိုဟိုဒီဒီ လှန်လှောရင်းမှ တုကို တစ်ချက်ငဲ့ကြည့်ကာ ...

"တု ဘာစားမှာလဲ"

"ငါးကင်နဲ့ ကိုလာတစ်ဘူးဆို ရပြီ"

"အိုကေ ... ငါကတော့ ငါးဒုက္ခနဲ့ လိမ္မော်ရည်ပဲ"

သူက ခေါင်းတစ်ချက်ဆတ်ကာ အနားရောက်လာသော ဝန်ထမ်းတစ်ယောက်ကို တစ်ဆင့်ထပ်မှာပေးသည်။ ပြီးလျှင် တုတို့နှစ်ယောက်လုံးကို နွေးနွေးထွေးထွေး ပြုံးကြည့်လာလျက် ...





"လွတ်လွတ်လပ်လပ်သာ စားနော်။ ဘာမှအားမနာနဲ့။ ဒီမှာရော ဘယ်တွေရောက်ပြီးပြီလဲ။ နံ့ပြီလား"

သူက တုကို ဦးတည်ပြီး မေးတာဖြစ်သော်လည်း တုက မဖြေပါ။ ထုံးစံအတိုင်း သန္တာကသာ ဖြေရတာဖြစ်သည်။

"နံ့တော့ နံ့နေပါပြီ။ ဒီနားတစ်ဝိုက်က လည်စရာ ပတ်စရာတွေတော့ ကုန်ပြီ။ ငါးကန်တော့ အခုမှရောက်တာပဲ။ ဒီမှာက တော်တော်စည်တယ်နော်"

"ဟုတ်တယ် ... သင်္ကြန်တို့၊ တန်ဆောင်တိုင်ပွဲတော်ရက်အတွင်းတို့ဆိုရင် ပိုတောင်စည်သေးတယ်။ ကြိတ်ကြိတ်တိုးပဲ ...

ကျွန်တော်တို့ကတော့ ဒီမှာ လာနေကြဗျ။ ပျင်းရင် ဒီထွက်လာတာပဲ၊ ဒီမှာကျတော့ လွတ်လွတ်လပ်လပ်အေးအေးဆေးဆေးလည်း ရှိတယ်၊ ပြီးတော့ ငါးတွေကလည်း ချိုတယ်လေ ... ဟဲ ဟဲ"

သူ့ရဲ့အဆုံးသတ်စကားကို တုမှအပ ကျန်တဲ့လူတွေအားလုံး ရယ်ကြသည်။ ခပ်တည်တည် နေတတ်သော တုရဲ့ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



ကို သူကလည်း ရိပ်မိဟန်တူပါသည်။ တုကိုပဲ စေ့စေ့စပ်စပ်စိုက်ကြည့်လာကာ ...

"တုမရခင်က စကားသိပ်မပြောဘူးနော်။ ဆိတ်ဆိတ်နေ ထောင်တန်ဆိုတဲ့ မူဝါဒကို ကျင့်သုံးတာလား၊ ဒါမှမဟုတ် မခင်လို့ တမင်စကားသိပ်မပြောတာလား"

"နှစ်ခုလုံးပဲ"

ဒီလိုအဖြေမျိုးကို ချက်ချင်းတုံ့ပြန်လိမ့်မည်ဟု မထင်ထားသောကြောင့်လားတော့ မပြောတတ်ပါ။ သူ့မျက်နှာက အံ့ဩမိသလိုဖြင့် ခေတ္တကြောင်သွားသည်။ မျက်ခုံးပင့်ကာ အံ့ဩသလိုဖြင့် ပွင့်အာသွားသော နှုတ်ခမ်းများသည် အံ့ဩစိတ်ကြောင့်ဖြစ်နိုင်သော်လည်း ချက်ချင်းပင် သူက ရယ်ဟဟပုံစံသို့ ပြောင်းပစ်လိုက်တာဖြစ်သည်။

"မိုက်တယ်နော် ... အံ့ရမ်းမိုက်တယ်ကွာ။ ဒါနဲ့ စကားမစပ် မသိလို့ မေးပါရစေ။ တုမရခင်က ရန်ကုန်သူလားဟင်၊ ဩော် ... ရန်ကုန်သူ အစစ်လားလို့ မေးတာပါ"

"အဲဒါက ရှင့်အတွက် ဘာများအရေးပါနေလို့လဲ"





"ပါတာပေါ့။ ကျွန်တော်ရဲ့ ထင်မြင်ချက်တစ်ခုအတွက် အတည်ပြုပေးချင်လို့ပါ"

"ဟုတ်တယ်။ ကျွန်မက ရန်ကုန်မှာမွေး ရန်ကုန်မှာကြီးတဲ့ ရန်ကုန်သူအစစ်ပဲ။ အဲဒါ ဘာဖြစ်လဲ"

"ဩော် ... ကြားဖူးတာတော့ ရန်ကုန်သူတွေဟာ စကားချိုချိုလေးတွေ ပြောတတ်ကြတယ်ဆိုလို့ပါ။ အခု မျက်မြင်ဒိဋ္ဌ တွေ့နေရတဲ့ ရန်ကုန်သူကတော့ ရွဲ့ပြောနေသလား မှတ်ရအောင် စကားပြောလိုက်ရင် တဲ့တွေချည်းပဲ ...

ဒါပေမဲ့ ကောင်းပါတယ်။ ကျွန်တော်တို့ တောင်ပေါ်သားတွေကလည်း ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ဆက်ဆံတာကို အကြိုက်ဆုံး ဆိုတော့ ပြဿနာမရှိပါဘူး"

"ပြဿနာရှိလည်း မတတ်နိုင်ဘူးလေ။ ကျွန်မကတော့ ကျွန်မ နေတတ်သလို နေတာပဲ"

သူက ဟုတ်ပါပြီဟူသော အပြုံးမျိုးဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က လူချစ်လူခင်ပေါတဲ့ လူတစ်ယောက်မဟုတ်
ပေမယ့် သိပြီးသွားရင်တော့ တော်တော်များများက ခင်တတ်
ကြပါတယ် ...

ဒါပေမဲ့ ဟိုဘက်ဘဝက တုမရခင်ကို ဘာများလု
ခဲ့မိလဲ မသိဘူးနော်၊ ကိုယ့်ကို လုံးဝမခင်တတ်ဘူး ဖြစ်နေ
တယ်။ ကျွန်တော်ကလည်း ကိုယ့်ကိုမခင်တဲ့ လူကို
ပိုခင်စေချင်နေတယ်"

တုက သူ့ကို တစ်ခုခု ပြန်ပြောဖို့ ကြိုးစားတုန်းမှာ
ပဲ သန္တာ့ထံက အသံထပ်ထွက်လာသည်။

"မဟုတ်ပါဘူး။ ကိုညို့ကိုမို့လို့ အဲဒီလို ဖြစ်နေတာလည်း
မဟုတ်ဘူး။ တုရဲ့ type ကိုက ဘယ်သူ့ကိုမှ အလွယ်တကူ
မခင်တတ်တဲ့ type ပါ ...

သူ့ဟာသူပဲ အေးဆေးနေတတ်တာ။ သန္တာ့ကိုတော
သူနဲ့ ကာစင်မို့လို့ ငယ်ငယ်တည်းကလည်း ရင်းနှီးလာကြ
လို့ ဒီလိုဆက်ဆံတာ ...

စိတ်မရှိပါနဲ့"

"စိတ်ရှိတော့ရော ဘာဖြစ်လဲ သန္တာရယ်"





တုက အဲဒီစကားကို လေသံအေးလေးဖြင့် ပြောလိုက်တာဖြစ်သော်လည်း သန္တာကတော့ တုကို မျက်စိမျက်နှာပျက်ဖြင့် လှည့်ကြည့်သည်။ ဒါပေမဲ့လည်း တုက ဘာမှမဖြစ်ပါ။ တုတို့ မှာထားသော ငါးကင်တွေ ငါးခုက္ခတွေ လာချပေးနေပြီမို့ စားသောက်ဖို့သာ ပြင်ဆင်တော့သည်။ ငါးကင်ကို အေးအေးဆေးဆေးစားလိုက်၊ ကိုလာကို အသာမော့လိုက်ဖြင့် တုကတော့ ဘာကိုမှ ခေါင်းထဲမထည့်တော့ချေ။ သန္တာကတော့ တုကြောင့် ပိုအားနာသွား၍လားတော့ မပြောတတ်။ ကျန်တဲ့နှစ်ယောက်နဲ့ပါ အဖွဲ့ကျလျက် စကားတွေ ပိုပြောနေသည်။ တုကတော့ ကိုယ့်ကို တိုက်ရိုက်လာမေးသည့် တစ်ခွန်းတလေမှလွဲ၍ ပိုမပြော။

ငါးကန်မှ ပြန်ခါနီး ကားပေါ်တက်ခါနီးမှာတော့ ခွန်မင်းညို ဆိုသောလူသည် တုကို အသာတိုးကပ်ခေါ်ကာ ...

"တုမရခင် ... မင်းကို စိတ်ဆိုးအောင် ပြောတဲ့စကားတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ မင်းသိထားဖို့က ကိုယ်က ကိုယ့်ကို မခင်တဲ့လူ၊ ဂရုမစိုက်တဲ့လူဆိုရင် ခင်လာအောင်၊ ဂရုစိုက်လာအောင် လုပ်တတ်တယ်ဆိုတာ ပြောပြချင်တာပါ၊ ဒါလေးပါပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အိုကော ... ကားကို ဂရစိုက်မောင်း၊ မင်းကားနောက်မှာ ကိုယ်တို့ ပါလာမယ်နော်”

တုက ဘာမှပြန်မပြောဘဲ အေးစက်စက် အကြည့်နဲ့သာ တစ်ချက်ကြည့်လျက် ကားပေါ်တက်၍ မောင်းထွက်လာခဲ့သည်။ အမြဲတမ်း ဗလာဖြစ်နေသော ခံစားမှုများသည် ဒီတစ်ခါတော့ အနည်းငယ် ယားကျိကျိဖြစ်ကာ ရယ်ချင်သလိုပဲ ဖြစ်နေခဲ့သည်။ လူတွေဟာ ရယ်စရာကောင်းသည်။ အထူးသဖြင့် ယောကျ်ားတွေက ပို၍ရယ်စရာကောင်းလေသည်။

❣○❣





၁၄

“အရင်တုန်းကတော့ စိတ်ဝင်စားသလိုလို ရှိခဲ့တာကွ။ သူ့ပုံစံကလည်း ထူးခြားတာကိုး။ အဲဒီနေ့ကတော့ သဘောကိုကျသွားတာ ...

အရမ်းသဘောကျသွားတာ။ အရမ်းမိုက်တယ်ကွာ။ ဘယ်လိုမိုက်မှန်းကို မသိဘူး”

သူ့ရဲ့ အားရပါးရပြောသော စကားသံကို သူ့သူငယ်ချင်းတွေက မျက်နှာတွေရှုံ့မဲ့ပြ၊ ခန္ဓာကိုယ်တွေ တွန့်လိမ်ပြဖြင့် အမျိုးမျိုး သြဘာပေးကြသည်။ သူကတော့ တကယ်ပဲ မညာပါ။ တုမရခင် ဆိုသော ကောင်မလေးကို ချစ်မိသွားကာ ရိုက်ပေါက်တွေချည်း ဖြေတတ်သော စကားတွေကိုလည်း အရှုံးအမှုးကို သဘောကျသွားပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးထဲတွင် အေးစက်စက် အကြည့်တွေနှင့် ကြည့်တတ်ကာ မထိတရိ လုပ်တတ်သော မျက်နှာပေးကို မျက်လုံးထဲမှ မထွက်ခဲ့တော့ချေ။

"သူ လှတယ်ဆိုတာကို ငါ လက်ခံပါတယ်။ ဆွဲဆောင်မှုလည်းရှိတယ်။ ဒါပေမဲ့ အရမ်းအေးစက်လွန်းတယ်။ ရင်ခုန်ချင်စရာ မကောင်းဘူး။ ချစ်စရာ မကောင်းဘူး။ ဟုတ်တယ်နော် အာကာ ...

ကိုယ်တို့က ချစ်စရာကောင်းတဲ့ မိန်းကလေး၊ ရင်ခုန်ချင်စရာကောင်းတဲ့ ကောင်မလေးမျိုးကိုမှ ချစ်ချင်တာ။ မင်းကျမှပဲ မဟုတ်တာကို ရင်ထဲတိုးနေတယ်"

သူ့တော်ဒါ ဖိုးကဲက ကိုယ့်စိတ်နှင့်နှိုင်းကာ ဝေဖန်ပြောဆိုသည်။ လူဆိုတာ ကိုယ့်အကြိုက်နှင့်ကိုယ်မို့ ဘယ်သူတွေ ဘာပြောပြော သူကတော့ သိပ်မမှုပါ။ အာကာကလည်း သူ့ဘက်ကမပါချေ။ သူမရဲ့အေးစက်စိမ်းကားမှုကို ငါးကန်မှာတည်းက မျက်ဝါးထင်ထင် တွေ့လိုက်ရ၍ တော်တော်လန့်သွားသည့်ပုံစံရှိသည်။





"ဟုတ်တယ် ... သူ့ကို စတွေ့တုန်းက မိုက်တယ်ဆိုပြီး စိတ်ဝင်စားခဲ့တာပဲ။ ဒါပေမဲ့ အဲဒီနေ့ကတော့ တော်တော် လန့်သွားတယ် ...

မျက်လုံးတွေကလည်း အေးစက်စိမ်းကားလိုက်တာ။ စကားပြောတော့ ပိဆိုး။ ရင်ထဲကို ကန့်လန့်ဝင်တာ။ ဒီက တို့ တောင်ကြီးသူမတွေလည်း ပဲမများပဲ ရှင်းရှင်း လင်းလင်း ဖွင်းဖွင်းပြောတတ်ကြတာပါပဲ။ ချစ်စရာလည်း ကောင်းကြတယ် ...

သူကတော့ လန့်တယ် ... လန့်တယ်"

သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုကြသော်လည်း သူကတော့ ခပ်ပြုံးပြုံးဖြင့် မဖြေပါ။ အဲဒီလို အေးစက်စက်၊ ထုံပေပေ ကောင်မလေးမျိုးကိုမှ သူက ရင်ခုန်သွားတာတော့ သူလည်းပဲ မတတ်နိုင်။ နှလုံးသားသည် သူ့သဘော အတိုင်းသာ သွားသည်။ သူ့မှာ နှလုံးသားရဲ့ အလိုဆန္ဒကို ငြင်းပယ်စရာ ဆန့်ကျင်စရာ ဘာအကြောင်းမှမရှိ။ အားလုံးဟာ နှလုံးသားရဲ့ အလိုတော်အတိုင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း သူ့ကိုမှ try မယ် ဆိုရင်တော့ သိပ်တော့လွယ်မယ် မထင်ဘူးနော်။ အပြင်းစား တုံ့ပြန်မှုတွေပဲ ရလိမ့်မယ်လို့ ထင်တယ်"

"ငါကလည်း ဒါကို ကြိုတွက်ပြီးသားပါ။ သူက စတွေ့ ကုန်းက အတိုင်းပဲလေ၊ ခုချိန်ထိ ဘာမှ,မှ မပြောင်းလဲ သေးတာ။ တွေ့စကအတိုင်းပဲ"

"တွေ့စကအတိုင်းပဲ မင်း ပြောပါတယ် ... တွေ့စကအတိုင်း ပဲ မင်း မုန်းပါကွယ် ... ပေါ့ ... ဟုတ်လား"

အာကာက အဆိုတော် ဆူဇီ၏ တွေ့စကအတိုင်းပဲ သီချင်းကိုဖျက်ကာ အသံဝဲတဲ ဝဲတဲဖြင့် ဆိုပြသေးသည်။ သူက သဘောကျစွာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ဟုတ်တယ်။ သူက တွေ့စကအတိုင်းပဲ၊ ဘာမှမပြောင်း လဲဘူး၊ ဖီလင်မလာရင် ဘာမှမလုပ်ဘူးဆိုတဲ့ ဒီဇိုင်းပဲ။ ဖီလင်လာရင်လည်း ဘယ်သူတွေ ဘာပြောပြော ဂရုကို မစိုက်ဘဲ ရှေ့ဆက်တိုးမှာပဲဆိုတဲ့ ပုံစံမျိုး ..."

ငါ့ကိုဆိုလည်း သူ့စိတ်ထဲရှိသလို ဆက်ဆံတာကို ငါက ပိုကြိုက်တာ။ တကယ်ဆို သူ ထောက်ထားမယ်ဆို





ရင် ထောက်ထားစရာတွေ အများကြီးပဲ။ ငါ့အမေက သူ့ ကို လက်ရှိမှာ ကုပေးနေတဲ့ ဆရာဝန်၊ သူ မေ့နေတုန်း ကလည်း ငါက သူ့ကားကိုမောင်းပြီး ဆေးခန်းကို လိုက် ပို့ပေးထားခဲ့ရသေးတယ် ...

ဒါပေမဲ့ သူက မင်းတို့မြင်တဲ့အတိုင်းပဲ။ လုံးဝ Don't care ပဲနော်၊ သမားရိုးကျဆိုရင် သူက ငါ့ကို ကျေးဇူးတွေတင်၊ တောင်းပန်စကားပြော အဲလိုတွေနဲ့ ရိုးရိုးပဲ ဖြတ်သန်းသွားရမှာ ...

ခုတော့ ဒီလိုမဟုတ်ဘူး။ ပုံမှန်တွေထဲက ကွဲထွက် နေတယ်။ ဘာအတွက်ကြောင့်နဲ့မှ ငါ့ကို ဂရုမစိုက်ဘူးဆို တဲ့ ကောင်မလေးကို ဂရုစိုက်စေချင်လာတာ။ အဲဒါပါပဲ"

"ဟော့ကောင် ... လိုက်မယ်ဆိုရင်လည်း ဖယားရှိ မရှိ စုံစမ်းဦးနော်၊ သူ့မှာ ရည်းစားရှိလို့ မင်းကို ဂရုမစိုက် တာလည်း ဖြစ်နေဦးမယ်"

ဖိုးကဲရဲ့ သတိပေးစကားကြောင့် သူက တွေခနဲ တစ်ချက်ဖြစ်သွားသည်။ နားထဲတွင် သူ့အမေပြောပြခဲ့သော သူမရဲ့သမိုင်းကို ပြန်လည်ပြီး ကြားယောင်လာသည်။ မေတ္တာဒို



www.burmeseclassic.com

www.burmeseclassic.com



ငတ်မွတ်ခဲ့တဲ့ ကောင်မလေး၊ အချစ်ကို ရှားရှားပါးပါး ရှာဖွေတွေ့ ရှိခဲ့တော့လည်း ကံဆိုးစွာ ဆုံးရှုံးပျက်စီးခဲ့ရသူလေး၊ ကြည့်ရတာ တော့ အဲဒီ“သူလေး”ရဲ့ နှလုံးသားဟာ အခုထက်ထိ ဒဏ်ရာမ ကျက်သေးဘူးပေါ့။

အဲဒီဒဏ်ရာတွေကို သူ ကုစားပေးချင်ပါသည်။

“ဘာပဲဖြစ်ဖြစ် ချစ်တယ်ကွာ”

အဲဒီစကားကို သူ့နှလုံးသားကပဲ ပြန်ကြားကာ ရင်ခုန်သံတွေက ချက်ချင်းလိုပဲ မြန်လာသည်။ တစ်စုံတစ်ယောက် ကို နှလုံးသားထဲက လှိုက်လှိုက်လှဲလှဲ ချစ်မိသွားလျှင် ဘာမဆို ရင်ဆိုင်ချင်သော စွမ်းအင်တွေ ရလာသလားတော့ မပြောတတ်ပါ။ သူ့နှလုံးသားကတော့ သူ့ရင်ထဲမှ အတင်းရုန်းကန် လူးရှားတိုး ထွက်ကာ သူမဆီ ရောက်အောင်သွားဖို့ ဟန်ပြင်နေခဲ့ပြီဖြစ်သည်။

❣ ○ ❣





တကယ်တော့ အချစ်ဆိုတာ ဘာမှ သိပ်ထူးထူးဆန်း ဆန်းကြီးတော့လည်းပဲ မဟုတ်ပါ။ သူက အချစ်ကို ဘယ်လိုကြီး ဘယ်ဝါကြီး ဟူ၍လည်း ဖွင့်ကာဖွဲ့၍ မရှဲ့ချင်ချေ။ အချစ်ဆိုတာ ရိုးရိုးလေးပဲဖြစ်သည်။ သူကတော့ အချစ်နဲ့ပတ်သက်ပြီး သူ့ကိုယ်ပိုင်ဒဿနတစ်ခု ထပ်၍ထုတ်ချင်သည်။ အချစ်စစ်လေ ရိုးလေ လေသာ ဖြစ်ပါသည်။ ကြီးကျယ် မြင့်မြတ်သော ချစ်ခြင်းမှန်သမျှ သည် သဘာဝထဲမှာပဲ ရှိကြသည်။ လူတစ်ယောက်ကို ချစ်မိပြီဆို လျှင် သူ့ကို မြင်ချင် တွေ့ချင်၊ စကားပြောချင်တာလည်း ချစ် ခြင်းထဲက အစိတ်အပိုင်းတစ်ခုပဲ ဖြစ်သည်။

အခုလည်း ချစ်သော တုမရခင်ကို တွေ့ရဖို့အတွက် ဘယ်လိုကြံရဖန်ရမလဲဟု စဉ်းစားအကြံထုတ်လေသမျှ သူ့အမေက စကားစလာသောအခါ အကွက်ကောင်း ဆိုက်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရေ … အိမ်မှာ ဒံပေါက်ဖောက်တာ မမမိုးတို့ဆီ သွားပို့ပေးပါလား၊ ကလောခြံထွက် ပျားလိမ္မော်တစ်ဖါပါ ယူသွား …

မမမေတော့ မလိုက်တော့ဘူး။ ခဏနေ ဧည့်သည် တစ်ယောက် လာမှာမို့လို့"

သူ့ပါးစပ်ကြီး နားရွက်သို့ တက်ချိတ်သွားသလား တော့ မပြောတတ်ပါ။ ချက်ချင်းပဲ သူ မောင်းသော ဂျစ်ကားပေါ် သို့ ဒံပေါက်ချိုင့်ရယ်၊ ပျားလိမ္မော်တစ်ဖာရယ်ကိုတင်ကာ သူမရှိ နေမည့်နေရာသို့ ထွက်လာခဲ့သည်။ သူ့အိမ်က ရေအေးကွင်းရပ် ကွက်မှာ တည်ရှိသည်မို့ သူမ နေထိုင်ရာ ဆောက်လုပ်ရေးဝင်း သို့ သိပ်ကြာကြာ မမောင်းရချေ။ ရင်ထဲတွင် သူမနဲ့ တွေ့ရတော့ မည်ဟူသော အသိက သူ့နှလုံးသားကို အတိုင်းမသိ ပေါ့ပါးလွတ် လပ်စေပါသည်။

ချယ်ရီ FM မှ လွှင့်နေသော သီချင်းလိုပဲ သူမက သူ့ကို ရည်ရွယ်ပြီးဆိုလျှင် တော်တော်ကောင်းပါမည်။

"ဘယ်တော့လာခေါ်မလဲကွယ် … အလှတွေ ပြင်ထား တယ် … ရင်ခုန်လွန်းအားကြီးလို့ ခေါင်းညိတ်မိပါတယ် …





တကယ်ချစ်တာ ယုံမလားကွယ် … အသည်းမမာနိုင်တော့ လည်း … ဒါဟာ ပထမဆုံး တို့ရဲ့ဝန်ခံခြင်းပဲ"

သူက မိန်းကလေးသီချင်းကို ခပ်မြူးမြူးဆိုကာ ဆောက်လုပ်ရေးဝင်းထဲသို့ ကားကိုချိုးကွေ့လိုက်သည်။ ဆောက် လုပ်ရေးကွင်းထဲက တင်းနစ်ကွတ်မှာ တင်းနစ်ဆော့ကစားသူ တချို့ကို မြင်ရလျှင် သူတောင် ဒီထဲမှာ တင်းနစ်လာရိုက်ရင် ကောင်းမလားဟု စဉ်းစားမိသည်။ ဒါပေမဲ့ ဒီထဲမှာ တင်းနစ်လာ ရိုက်တာနဲ့ သူမနဲ့က ဘာမှတော့ မဆိုင်ချေ။ သူမက တင်းနစ် ရိုက်လို့ သူက လာရိုက်ရတယ်ဆိုလည်း ဟုတ်တုတ်တုတ်ရှိသေး သည်။

သူက ခေါင်းတစ်ချက်ယမ်းကာ ကားကို သူမတို့ နေထိုင်ရာ တစ်ထပ်တိုက်ပြာလေး၏ ပေါ်တီကိုအောက်သို့ ထိုး ရပ်လိုက်သည်။ သူက ကားပေါ်မှ ဖျတ်ခနဲ ခုန်ဆင်းကာ အိမ် ထဲသို့ အရိပ်အခြေကို ကြည့်လိုက်သော်လည်း လူရိပ်လူခြေမတွေ့ ရချေ။ သူက အိမ်တံခါးဝသို့သွားကာ ဘဲလ်ကိုတီးသည်။ ဘယ်သူ မှ ထွက်မလာချေ။ နောက်ထပ်ပဲ ဘဲလ်ထပ်တီးရတော့မှာလိုလို၊ အိမ်ရှင်တို့ဟုပဲ အော်ခေါ်ရတော့မှာလိုလို ဖြစ်နေတုန်းမှာပဲ သူ့



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ တစ်ယောက်ယောက် လာရပ်သလို ခံစားအာရုံရတာမို့ လှည့်ကြည့်လိုက်လျှင် ထင်မှတ်မထားသော သူမကို တွေ့လိုက်ရသည်။

ခရမ်းရောင်အင်္ကျီ၊ ဂျင်း(န်)ဘောင်းဘီတစ်ထည်ဖြင့် အလှကြီး လှနေသော သူမသည် မပြုံးမရယ် အနေအထားဖြင့် သူ့ကို လက်ပိုက်ကာ ရပ်ကြည့်နေသည်။ သူက ထုံးစံအတိုင်း မျက်ခုံးနှစ်ဖက်ကို ပင့်ပြပြီးမှ တစ်ချက်ပြုံးပြလိုက်သည်။ သူမက ပြန်မပြုံးပြသော်လည်း အသိအမှတ်ပြုသလို ခေါင်းတစ်ချက်ဆတ်ပြလိုက်သဖြင့် သူ့မှာ တော်တော်ဝမ်းသာသွားရသေးသည်၊

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

သူမက စမေးကာဖြစ်သည်။ ပြောတဲ့ပုံစံကိုက သူမနဲ့တွေ့ဖို့လာတာတော့ မဖြစ်နိုင်ဘူးဆိုသော ပုံစံနှင့် အပိုင်မေးတာဖြစ်သည်။ သူကလည်း ဒါမျိုးကိုမှ ကြိုက်သူမို့ ...

"တုမရခင်နဲ့ တွေ့ချင်တာပါ"

သူမရဲ့ မျက်ခုံးနှစ်ဖက်က တွန့်ချိုးသွားကာ နှုတ်ခမ်းနှစ်လွှာက တင်းတင်းစေ့ထားရာမှ ဖျတ်ခနဲ ပွင့်လာသည်။

"ဘာကိစ္စ တွေ့ချင်တာလဲ"





"ကိစ္စက အထူးတလည်တော့ မရှိပါဘူး။ တွေ့ချင်တဲ့စိတ်ပဲ ရှိတာပါ"

ကဲ ... ဘယ့်နှယ်ရှိစ။ လူငှတွေပြောနေကြသည့် ဘန်ရာတန်ရာဆိုတာ ဒါမျိုးပဲ ဖြစ်လိမ့်မည်။ တဲ့တွေကြိုက်သော မိန်းကလေးကို တဲ့တွေပဲကျွေးတာ ကောင်းပါမည်။ အခုလည်း သူက ရင်ထဲရှိတဲ့အတိုင်း ပြောလိုက်တော့ သူမက ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ သူ့ကို ပြန်ပြောဖို့ သူမ တစ်ယောက် စကားလုံး ရှာဖွေနေတုန်းမှာပဲ သူက အဲဒီမျက်နှာလေးကို စိမ်ပြေနပြေ ငေးခွင့်ရရှိနေသည်။

"ကျွန်မမှာတော့ ရှင်နဲ့တွေ့ချင်တဲ့ဆန္ဒ မရှိဘူး။ ရှင်ပြန်တော့"

"အခုလောလောဆယ်တော့ ပြန်လို့မဖြစ်သေးဘူး။ ကျွန်တော့်အမေက ဒီအိမ်အတွက် ဒံပေါက်နဲ့ ပျားလိမ္မော်လာ ပို့ခိုင်းလို့ ပို့ပေးတာပါ ...

အန့်တီမိုးတို့ မရှိဘူးနဲ့တူတယ်"

သူက အရိပ်အကဲကို နားလည်စွာ မေးလိုက်လျှင် သူမက ချက်ချင်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ဘယ်သူမှ မရှိကြဘူး။ အပြင်သွားကြတယ်။ အဲဒီတော့ ရှင် ဘယ်လိုလုပ်မှာလဲ"

"ဘယ်လိုမှ မလုပ်ဘူးလေ။ စောင့်မှာပေါ့။ ရပါတယ် မင်း အိမ်ထဲဝင်ချင်ဝင်ပါ။ သော့ခတ်ထားပါ။ ကိုယ်ကကား ပေါ်ကပဲ စောင့်နေမယ်"

သူ့စကားကြောင့် သူမက သူ့မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်လာသည်။ အဲဒီအကြည့်တွေကြောင့် သူ့ရင်တွေ အခုန်မြန်သွားသော်လည်း သူမထံမှ အကြည့်တွေကိုတော့ မလွှဲဖယ်မိချေ။ သူမကလည်း သူ့ရဲ့ချစ်စိတ်ဝင် အကြည့်တွေကို ဘယ်နည်းနဲ့မှ ဖြုံပုံမပေါ်ပါ။ သူနဲ့ သူမတို့ တစ်ယောက်နဲ့ တစ်ယောက် နှစ်စက္ကန့်လောက် ကြည့်ပြီးသောအခါ သူမထံမှ စကားသံ ထွက်လာသည်။

"ကောင်းပြီ။ ရှင် စောင့်ချင်ရင် ဟိုခုံမှာ ထိုင်စောင့်ပါ"

သူမက ပြောပြီးတာနှင့် ချာခနဲ လှည့်ထွက်သွားသည်။ သူက ပထမတော့ နားမလည်ချေ။ နောက်တော့မှ သူမ ထိုင်နေရာသို့ ဖိတ်ခေါ်မှန်း သိလိုက်လျှင် ဘာနဲ့မှမတူအောင် လိုက်ခနဲ ပျော်သွားရသည်။





သူမ ထိုင်ခဲ့ဟန်ရှိသော နေရာလေးမှာ သစ်ခွစင်တွေအောက်က စားပွဲပုလေးနဲ့အတူ နောက်မှီပါ သံဖြူခုံလေးများ ဖြစ်ကြသည်။ ကြည့်ရတာတော့ သူမသည် အဲဒီခုံတွေမှာ နေပူစာလှုံရင်း စာဖတ်နေခဲ့ဟန်တူသည်။ စားပွဲပေါ်မှာ ယနေ့ထုတ်ဂျာနယ်တချို့။ ကောင်မလေးဟာ ခေတ်ကိုတော့ အဆက်ဖြတ်ထားချင်ပုံ မရပါ။

သူမက ခုံတစ်လုံးကို လက်နှင့်ညွှန်ပြရင်း "ထိုင်ပါ" ဟု တည်တည်ငြိမ်ငြိမ်ဆိုသည်။ သူမ ကိုယ်တိုင်လည်း သူနဲ့မျက်နှာချင်းဆိုင် ခုံတစ်လုံးမှာ ခြေထောက်ချိတ်ပြီး ဟန်ပါပါ ဝင်ထိုင်လိုက်သောကြောင့် သူက အဲဒီပုံစံကို သဘောကျစွာဖြင့် လှစ်ခနဲ ခိုးပြုံးလိုက်ရသည်။ ဘာမှမကြာသေးခင်မှာပဲ သူမထံကစကားသံ ထွက်လာခဲ့သည်။

"ရှင် ကျွန်မနဲ့ စကားပြောချင်လား"

သူက သူမကို မော့ကြည့်လိုက်လျှင် သူမက သူ့ကို ဝင်းလက်တောက်ပသော မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။ ခါတိုင်းမှာ အမြဲတမ်း အေးစက်နေသော မျက်ဝန်းများသည် အခုတော့ အရောင်တွေ တဖျပ်ဖျပ် လက်နေသဖြင့် သူကောင်



www.burmeseclassic.com

www.burmeseclassic.com



မျက်စိလည်ချင်သလို ခံစားသွားရသည်။ ပြီးတော့ အဲဒီမျက်လုံးတွေမှာ အရောင်တစ်ခုပါသည်။ အဓိပ္ပာယ်တစ်မျိုးပါသည်ဟု ထင်သည်။ ဘာတွေလဲဟု အဓိပ္ပာယ်ဖော်နေတုန်းမှာပဲ သူမထံမှ စကားသံ ထွက်လာသည်။

"ကျွန်မကတော့ ရှင်နဲ့ စကားမပြောချင်ဘူး။ ဒါပေမဲ့ ရှင့်အမေက ကျွန်မကို ကုပေးနေတဲ့ ဆရာဝန်။ ရှင်ကလည်း ကျွန်မကို ကူညီဖူးတယ် ...

ဒါကြောင့် ရှင့်ကို အခွင့်အရေး တစ်ခုပေးမယ်။ အဲဒီအခွင့်အရေးကတော့ ရှင် ကျွန်မကို မေးခွန်းတစ်ခုမေးရမယ်။ အင်မတန် ခက်ခဲတဲ့ မေးခွန်းပေါ့ ...

အဲဒီမေးခွန်းကို ကျွန်မက မဖြေနိုင်ရင် ရှင့်ကိုမိတ်ဆွေတစ်ယောက်အဖြစ် သတ်မှတ်မယ်။ ဖြေနိုင်ရင်တော့ မိတ်ဆွေအဖြစ် မသတ်မှတ်နိုင်ဘူး ...

ဘယ်လိုလဲ"

အဲဒီနောက်ဆုံးစကားကို သူမက စိန်ခေါ်သလို ပြုံးပြီးပြောတာ ဖြစ်ပါသည်။ အဲဒီပုံစံကို သူ အရမ်းကြွေသွားသည်။ အခုမှပဲ သူမရဲ့ မျက်ဝန်းအဓိပ္ပာယ်တွေကို ကောင်းကောင်းနား





လည်သွားတာ ဖြစ်တော့သည်။ နိုင်ကွက်ရှိနေသဖြင့် ကျေနပ်နေသော မျက်ဝန်းများဖြစ်သည်။ ဒါကြောင့် ပြောတာပေါ့။ ထူးဆန်းနေပါတယ်လို့။ ခါတိုင်းက အေးစက်စက်မျက်လုံးတွေဟာ ဒီတစ်ကြိမ်မှာတော့ ထူးထူးခြားခြား သက်ဝင်တောက်ပနေတာကိုပဲ သူ့အတွက် အံ့ဩဘနန်း ဖြစ်နေရသည်။

အိုကေ ... မင်း ကျေနပ်တယ်ဆို ကိုယ် ပျော်ပါတယ်မေ။

"ကောင်းပြီလေ။ ဒီလို အလောင်းအစားမျိုးက စိတ်ဝင်စားဖို့ ကောင်းပါတယ်။ တစ်ခုလောက် မေးလို့ရမလားဟင်"

"မေးပါ"

"မင်းက မင်းကိုယ်မင်း ယုံကြည်မှု အတော်ရှိလား။ ဆိုလိုတာက ကိုယ် ဘာမေးမေး ဖြေနိုင်မယ်လို့ ထင်ထားသလား"

"ဒါကတော့ ရှင် မေးကြည့်ရင် သိလိမ့်မယ်လေ"

သူက သဘောကျစွာဖြင့် ပခုံးတစ်ချက်ကို တွန့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ဒါဆိုရင်တော့ မင်းက ဗဟုသုတတော်တော်ကြွယ်ဝတယ်နဲ့ တူတယ်။ သုံးခုလောက် မေးလို့မရဘူးလား။ သုံးခုမှာ ရှေ့နှစ်ခုကို မင်းဖြေနိုင်ပြီး နောက်ဆုံးတစ်ခုကို မဖြေနိုင်တော့မှ မင်း ရှုံးတယ်လို့ သတ်မှတ်ရင် မကောင်းဘူးလား"

သူမက သူ့ကို အတန်ကြာ စိုက်ကြည့်သည်။ ပြီးတော့ နှုတ်ခမ်းထောင့်စွန်းလေးတင် တစ်ချက်မဲ့ကာ တိုးတိုးလေး ပြောလိုက်သော စကားသံကို သူ့နားနှင့် ဆတ်ဆတ်ကြားလိုက်ရသည်။

"စိတ်ပျက်စရာ"

ပြီးတော့ သူမက သူ့ကို စေ့စေ့ကြည့်လာလျက် ခေါင်းတစ်ချက်ဆတ်သည်။

"ကောင်းပြီ။ ရှင် ကျွန်မကို မေးခွန်းသုံးခု မေးပါ။ နောက်ဆုံးတစ်ခုကို မဖြေနိုင်ရင် ကျွန်မ အရှုံးဆိုတာကို လက်ခံတယ် ...

ကဲ ပထမဆုံး မေးခွန်းကို စတော့"





အေးမြသော ရာသီဥတုမှာ သူသည် နည်းနည်းတောင် ချွေးစို့ချင်သလို ဖြစ်လာသည်။ ဘာမေးရမှာလဲ။ သူမ မဖြေနိုင်သော မေးခွန်းဖြစ်ဖို့လိုသည်။ ဒီနေရာမှာ ကြီးကြီးကျယ်ကျယ် ပြောရလျှင်တော့ နှလုံးရည်ချင်း ယှဉ်ပြိုင်သည့်နေရာမှာ သူမကို ငဲ့ညှာ၍ မရပါ။ သူ ငဲ့ညှာ၍ သူမ ဖြေနိုင်သွားလျှင် သူနဲ့ သူမက မိတ်ဆွေအဖြစ် ပတ်သက်၍ ရမှာမဟုတ်တော့။

သူက လည်ချောင်းတစ်ချက် ရှင်းလိုက်သေးကာ ...

"လူရဲ့ဦးနှောက်နဲ့ ပုံသဏ္ဌာန်တူတဲ့ အသီးတစ်မျိုးတော့ ရှိမှာပေါ့။ အဲဒါ ဘာအသီး ဖြစ်နိုင်မလဲ"

သူမက အသာအယာပြုံးသည်။ အဲဒီ နူးညံ့လွန်းသော အပြုံးကို သူ့မှာ အသက်မရှူစတမ်း ငေးမောနေရလေသည်။

"အဲဒါ သစ်ကြားသီးလေ။ သစ်ကြားသီးကို ခွဲလိုက်ရင် အထဲက အဆံအနှစ်သဏ္ဌာန်တွေက လူရဲ့ဦးနှောက်နဲ့ ပုံသဏ္ဌာန်တူတယ် ...

ကျွန်မဖြေတာ လက်ခံလား"

သူက အသာအယာပြုံးကာ ခေါင်းညိတ်ပြလိုက်ရသည်။ ဒီမိန်းကလေးဟာ စာဖတ်သော၊ Internet သုံးသော ခေ



www.burmeseclassic.com

www.burmeseclassic.com



တော်တော် ကောင်မလေးတစ်ယောက် ဖြစ်နိုင်ပါသည်။ ဒုတိယမေးခွန်းကိုတော့ သူမနှင့် သိပ်မအပ်စပ်ဘူးထင်သည့် နယ်ပယ်တစ်ခုကနေ ခပ်ညစ်ညစ်ဖြင့် ရွေးမေးလိုက်သည်။ ဖြေနိုင်မယ်လို့တော့ သိပ်မမျှော်လင့်ပါ။

"ဂေါက်သီးရိုက်တဲ့ အားကစားနည်းတစ်မျိုးကို မင်း သိမှာပေါ့။ အဲဒီ ဂေါ့ဖ်ရိုက်တာမှာ အလောင်းအစားနဲ့ ရိုက်ကြတာတွေ ရှိတယ်။ အလောင်းအစားနဲ့ ရိုက်တဲ့နေရာမှာ သုံးတဲ့ ဝေါဟာရတစ်ခုကို မေးချင်တယ် ...

Air press ဆိုတဲ့ ဝေါဟာရက ဘာအဓိပ္ပာယ်လဲ"

သူမက ခေါင်းတဆတ်ဆတ်ညိတ်ကာ သူ့ကို ပြုံးကြည့်သည်။ အဲဒီအပြုံးသည် ရှင့်မေးခွန်းကို ကျွန်မ ဖြေနိုင်တယ်ဟု ပြောလိုက်သော အသံတိတ်စကားပဲ ဖြစ်ပါသည်။

"Air press ဆိုတာ တစ်ယောက်က ရိုက်လိုက်တဲ့ဂေါက်သီးလေထဲမှာပဲ ရှိနေတဲ့အချိန်မှာ ပြိုင်ဘက်က press လို့အော်ပြီး ကျင်းလောင်းကြေးကို နှစ်ဆထပ်တင်လိုက်တာလေ ...

ဘယ်လိုလဲ။ ရှင်ရော ဂေါ့ဖ် ကစားတယ်ပေါ့"





"အင်း ... ကိုယ့်အဖေနဲ့ ခုနစ်တန်းလောက်တည်းက လိုက်ကစားတာ။ အိုကေလေ ... မင်းက မေးခွန်းနှစ်ခုကို ဖြေနိုင်သွားပြီ။ နောက်ဆုံးမေးခွန်းပဲ ကျန်တော့တယ်"

သူ့အပြောကြောင့် သူမက ခါးကို မတ်လိုက်သယောင်ရှိသည်။ မျက်ဝန်းတွေက တောက်ပကာ နှုတ်ခမ်းတွေက တင်းတင်းစေ့လျက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိနေသည့် ပုံစံကြောင့် သူတောင် နည်းနည်း စိတ်မာတ်ကျချင်သလိုဖြစ်သွားသည်။

"မင်း ဒီရှမ်းပြည်နယ်ကို ရောက်လာတဲ့အခါမှာ ရှမ်းရိုးမတောင်တန်းကြီးတွေကို တွေ့ရမှာပေါ့။ တစ်ခါတလေလည်း အဲဒီတောင်တန်းကြီးတွေကို မင်း ငေးရင် ငေးမောဖူးမှာပါ ...

ကိုယ်လို ဒီမှာမွေး ဒီမှာကြီးပြင်းလာတဲ့သူတောင် တစ်ခါ တစ်ခါကျ ဘာရယ်မဟုတ် ငေးမောမိသေးတာပဲ။ အဲဒီလို ငေးတဲ့အခါတိုင်း တောင်တန်းတွေကိုကြည့်ပြီး တစ်ခုစဉ်းစားမိတယ်။ စဉ်းစားမိတယ် ဆိုတာက မေးခွန်းထုတ်မိတာပါ။ တောင်တန်းတွေမှာ ဖီလင်ရှိမှာပဲလို့။ အဲဒီတောင်တန်းတွေရဲ့ဖီလင်ကို သိချင်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ကျေနပ်နိုင်လောက်မယ့် အဖြေတစ်ခုလောက် မင်း ဖြေပေးပါ”

သူမက သူ့ကို မျက်မှောင်ကုတ်ပြီး ကြည့်သည်။ သူမရဲ့မျက်ဝန်းတွေက သူ့မေးခွန်းဟာ သူ့ရင်ထဲက အမှန်အကန်ဟုတ်,မဟုတ် စစ်ဆေးနေတဲ့ပုံစံ ဖြစ်သည်။ သူကတော့ ရိုးသားစွာမေးမြန်းသူမို့ ဘာမှကြောက်စရာ မရှိပါ။ နောက်မှီခုံမှာ အားပါးတရ ကျောမှီထိုင်ရင်း သူမကို အသာအယာပဲ ငေးမောကြည့်နေလိုက်သည်။

သူမက သူ့ကို စူးစူးစိုက်စိုက် ကြည့်နေရာမှ တစ်နေရာသို့ အကြည့်လွှဲသွားသည်။ အဖြေတစ်ခုကို စဉ်းစားနေဟန်ပဲ ဖြစ်ပါသည်။ သူသည် လီလီပန်းလေးလို နုးညံ့ဖြူဖွေးနေသည့် သူမရဲ့မျက်နှာလေးကို ငေးမောကာ ရင်ခုန်သံတွေက လုံးဝတိတ်ဆိတ် ငြိမ်သက်နေသည်။ သူ တကယ်ပဲ မကြာခဏ မေးခွန်းထုတ်နေတတ်သော အဖြေကို သူမ ဖြေပေးနိုင်မလား။

သူမက တစ်မိနစ်လောက် ငြိမ်သက်နေပြီးတော့မှ သူ့ကို နက်ရှိုင်းစွာ ကြည့်လာကာ ...





“ဆောရီးပဲ။ ရှင် ကျေနပ်လောက်တဲ့ အဖြေမျိုး ကျွန်မ မဖြေနိုင်ဘူး။ တောင်တန်းတွေမှာဖီလင် ရှိရင်လည်း ရှိမှာပေါ့ ...

ဒါပေမဲ့ ဘာဖီလင် ဆိုတာလဲတော့ ကျွန်မ မသိဘူး”

သူက သူမကို အတန်ကြာ စိုက်ကြည့်မိသွားသည်။ ပြီးတော့ ငိုလင့်နေသော မျက်လုံးများဖြင့် အဓိပ္ပာယ်မပြည့်စုံစွာဖြင့် မေးသည့် ဝါကျတစ်ခုကို လှမ်းဖြေလိုက်သည်။

“အဲဒီတော့”

“အင်း ... ကျွန်မ ရှုံးသွားပြီပေါ့။ စကားအတိုင်းပဲ ရှင့်ကို မိတ်ဆွေတစ်ယောက်အဖြစ် သတ်မှတ်ရတော့မှာပေါ့ ...

ဒါထက် စကားမစပ် ရှင်မေးတဲ့မေးခွန်းရဲ့အဖြေကို ရှင်ပဲ ပြန်ဖြေပြပါ၊ အဲဒီအဖြေကို ကျွန်မလည်း သိချင်တယ်”

“ကိုယ်မသိလို့ မင်းကိုမေးတာလေ”

“ဒါဆို ရှေ့ကဖြေခဲ့တဲ့ အဖြေနှစ်ခုကိုရော ရှင် သိခဲ့လို့လား”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ သိတာပေါ့။ လောကကြီးမှာ မေးခွန်းကိုမေးတဲ့သူက နှစ်မျိုးရှိတယ်။ တစ်ခုက မေးလိုက်တဲ့မေးခွန်းရဲ့ အဖြေကိုသိလို့ မှန်,မမှန်၊ သိ,မသိ တစ်ဖက်လူကို ပညာစမ်းတာ ...

နောက်မေးခွန်းကတော့ ကိုယ် ကိုယ်တိုင်က မသိတဲ့အတွက်ကြောင့် မေးရတာ။ ရှေ့နှစ်ခုကို မင်း ဖြေနိုင်တဲ့နောက်မှာတော့ မင်းဟာ စာဖတ်အား၊ လေ့လာအားကောင်းပြီ ဗဟုသုတကြွယ်ဝတဲ့သူလို့ သတ်မှတ်လို ရပါတယ် ...

ဒါကြောင့် နောက်ဆုံးတစ်ခုကိုတော့ ကိုယ်တိုင်မသိတဲ့ မေးခွန်းကို မေးလိုက်တာ"

"ကျွန်မ စဉ်းစားကြည့်ဦးမယ်"

"အင်း ... စဉ်းစားပါ။ ကိုယ်လည်း စဉ်းစားကြည့်မယ်။ စိတ်ထဲမှာ ကျေနပ်လောက်တဲ့ အဖြေရခဲ့ရင် မင်းကိုပြောပါ့မယ်"

သူမက သူ့ကို တစ်ချက်သာကြည့်ပြီး ဘာမှပြန်မပြောပါ။ သူက အသိချင်ဆုံးသောအရာကို မေးခွန်းထုတ်လိုက်သည်။





"တောင်ကြီးမှာ ဘယ်လောက်ကြာကြာနေမယ်လို့ စိတ်ကူးထားလဲ"

"အဲလိုမရှိဘူး။ ကျွန်မ ပြန်ချင်တဲ့အချိန် ထပြန်သွားမှာပဲ။ တစ်နှစ်လောက် ကြာရင်လည်း ကြာနိုင်သလို မနက်ဖြန်မှာပြန်ချင်တဲ့စိတ်ရှိရင်လည်း ထပြန်သွားမှာပဲ"

ယုံပါသည်။ အဲဒီစကားကိုတော့ သူက အကြွင်းမဲ့ကို ယုံကြည်လေသည်။

"တောင်ကြီး နေရတာ ပျော်ရဲ့လား တုမရခင်"

"အဲဒီဖီလင်မျိုး မခံစားရဘူး။ ဒါပေမဲ့ ဒီမြို့ကိုတော့ တော်တော်သဘောကျပါတယ်။ ဒီမြို့ ဒီနယ်မှာ နေထိုင်ကြီးပြင်းရတဲ့လူတွေ၊ တော်တော်ကံကောင်းကြတယ်လို့ မြင်တယ်။ Simply life style ပဲ"

"ဟုတ်တယ်။ ကိုယ်သည်လည်းပဲ ကိုယ့်ဘဝတစ်လျှောက်လုံးမှာ တောင်ကြီးသားတစ်ယောက် ဖြစ်ရတာကို ဂုဏ်အယူဆုံးပဲ"

သူက ခေါင်းတစ်ချက် ညိတ်ပြစဉ်မှာပဲ ကားတစ်စီးဝင်လာသံ ကြားလိုက်ရသည်။ စကားပြောသံတွေအရ အန်တီနွဲ့



www.burmeseclassic.com

www.burmeseclassic.com



နှင့် သန္တာတို့ အပြင်က ပြန်ရောက်လာပြီဆိုတာ ရိပ်မိလိုက်ပါသည်။ သူတို့နှစ်ယောက် သစ်ခွစင်အောက်မှာ ထိုင်နေတာကို မြင်သောအခါ သန္တာတို့သားအမိက ဒီဘက်ကို လျှောက်လာကြသည်။ သူကလည်း မတ်တတ်ထရပ်ကာ ကြိုဆိုနှုတ်ဆက်လိုက်ပါသည်။

"အန်တီ ... မေမေက ဒံပေါက်ဖောက်တာနဲ့ ပို့ခိုင်းလိုက်လို့ပါ။ ပြီးတော့ ပျားလိမ္မော်ရော ...

အဲဒါ အန်တီတို့ မလာသေးတာနဲ့ စောင့်နေတာ"

"ဟုတ်လား။ ကျေးဇူးတင်ပါတယ် သားရယ်။ အိမ်ထဲဝင်ထိုင်လေ။ တုက အပြင်ဘက်မှာ နေပူစာလှုံနေတာနဲ့ တူတယ်"

"ဟုတ်"

"ကျွန်တော် အိမ်ထဲမဝင်တော့ဘူးခင်ဗျ။ သွားလိုက်ပါဦးမယ်။ သန္တာ ... သွားဦးမယ်နော်"

"ဟုတ်ကဲ့ပါ"

သူက ဒံပေါက်နှင့် ပျားလိမ္မော်ကို အန်တီမိုးနဲ့ သန္တာရဲ့လက်ထဲသို့ လွှဲပြောင်းပေးအပ်ပြီးနောက် ကားပေါ်တက်





ကာ စက်နှိုးလိုက်သည်။ သူမကိုတော့ အကြည့်တစ်ချက်နဲ့ပဲ နှုတ်ဆက်ဖြစ်သည်။ သူ့ကို လှမ်းကြည့်သော သူမရဲ့အကြည့်များထဲတွင် အရင်လို အေးစက်မှုများ ရှိမနေတော့တာကိုက သူ့အတွက် ကြီးမြတ်မှုတစ်ခုပဲ ဖြစ်ပါလိမ့်မည်။

ဘာပဲဖြစ်ဖြစ် တောင်တန်းတွေရဲ့ဖီလင်ဟာ သိပ်ဆိုးဆိုးဝါးဝါးကြီးတော့ ရှိနေမယ် မထင်ပါ။

❣ ○ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ပွဲတော်က ဝါးမျိုထားတဲ့ညသည် မီးရောင်စုံတို့ဖြင့် လင်းလက်တောက်ပကာ ခမ်းနားလွန်းနေသည်။ ဖြူ၊ နီ၊ ဝါ၊ ပြာ ရောင်စုံမီးချောင်းတွေဖြင့် လည်ပတ်နေသော ရဟတ်မြင့်မြင့်ကြီးတွေ၊ စတော့ချ်ရှိုးစင်မြင့်ကြီးတွေ၊ မီးရောင်စုံထွန်းထားသည့် ဆိုင်ခန်းတွေ၊ နောက် များပြားလှသည့်လူတွေ ... လူတွေ စသဖြင့် အဲဒါတွေကို တုသည် ကားပေါ်မှ တအံ့တသြ ငေးမောနေရလေသည်။ ဒီနေ့ညချမ်းသည် တောင်ကြီးမြို့၏ တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲည ဖြစ်သည်။ ဖွင့်ပွဲအချိန်က ညခုနစ်နာရီလောက်မှ စ,မှာဖြစ်သော်လည်း တုတို့ကအိမ်ကနေ ခြောက်နာရီလောက်တည်းက ထွက်ရသည်။





ကားတွေ ကျပ်ညပ်ရှုပ်နေတာရော၊ ဆိုင်ကယ်တွေဆိုတာလည်း ပွထနေတာကြောင့်ရော အန်တီမိုးက တုကိုကားပေးမမောင်းချေ။ ဒရိုင်ဘာကိုသာ မောင်းစေသည်။ ဒါကြောင့် တုနဲ့ သန္တာသည် ကားနောက်ခန်းထဲကနေ၍ ပွဲတော်ရှုခင်းကို တအံ့တသြ ငေးမောနေကြရသည်။ ကားလမ်းက အမြင့်ပိုင်းမှာ ပွဲခင်းက အနိမ့်ပိုင်းမှာမို့ ပွဲတော်ထဲမရောက်သေးမီကပင် မြူးကြွသော ရှမ်းအိုးစည်သံတွေ၊ တေးဂီတသံတွေ ကြားရကာ လူတွေအားလုံးဟာ အပျော်မျက်နှာတွေဖြင့် ရှိနေသည်။

"လူတွေ များလိုက်တာနော်"

တုရဲ့အပြောကို အန်တီမိုးက နောက်သို့လှည့်ကြည့်ကာ ...

"ဒါ ဖွင့်ပွဲနေ့ပဲ ရှိသေးတယ် သမီးရဲ့။ လပြည့်နေ့ဆိုရင် ပွဲခင်းထဲတောင် လျှောက်လို့မရတော့ဘူး။ နယ်အရပ်ရပ်က ဧည့်သည်တွေ အများကြီးတက်လာကြတာ။ ဒီနေ့တွေ ကြားရက်တွေက နယ်ခံတွေပဲ ရှိသေးတယ်"

တုက ခြော်ဟုတောင် ပြန်မရေရွတ်နိုင်။ တုတို့ရဲ့ ကားဘေးမှ လူငယ်သုံးယောက် စီးလာသော ဆိုင်ကယ်တစ်စီးက



www.burmeseclassic.com

www.burmeseclassic.com



ပွတ်ကာသီကာ ကျော်တက်ရင်း ဟေးခနဲ အော်ဟစ်သွားသည်။ ဒီမြို့က လူငယ်ယောကျ်ားလေး မိန်းကလေး မှန်သမျှ ဆိုင်ကယ်စီး အတော်ကျွမ်းကျင်ကြတာကို သတိပြုမိသည်။ အားလုံးရဲ့မျက်နှာတွေဟာ အပျော်မျက်နှာတွေဖြစ်လျက် လေထဲမှာ ပျံ့ဝဲနေကြသလို ပေါ့ပါးလွတ်လပ်နေသည့်ဒီဇိုင်း ဖြစ်သည်။

အဲဒီအပျော်တွေဟာ တုကိုတောင် ရေတွေစဉ်သလိုလာစဉ်လေ၏။

"ဒီနေ့ ညမီးကျည် ဘယ်နှလုံးပါလဲ မသိဘူးနော်"

သန္တာကမေးလျှင် တုက လက်ထဲမှာကိုင်ထားသော မီးပုံးပုံ List ပန်းဖလက်လေးကို ဖွင့်ကြည့်လိုက်သည်။ MIKKO ကော်ဖီမစ်မှ တစ်မြို့လုံးသို့ မေတ္တာဖြင့် အခမဲ့ဝေငှထားသော ပန်းဖလက်လေးထဲတွင် မီးပုံးပျံပွဲတော် စတင်ကျင်းသည့် (၂၅-၁၀-၂၀၀၉)မှ ပြီးဆုံးမည့်(၁-၁၁-၂၀၀၉)နေ့အထိ ပြိုင်ပွဲဝင် လွှတ်တင်ကြမည့် မီးပုံးပျံတွေရဲ့ နာမည်စာရင်းနဲ့ Date ကို အတိအကျဖော်ပြထားလေသည်။

ညမီးကျည်နဲ့ စိန်နားပန် အမျိုးအစားကို တစ်လှည့်စီလွှတ်တင် ပြိုင်ပွဲဝင်ကြခြင်း ဖြစ်လေရာ မီးရှူးမီးပန်းတွေ





လုပစ္စာ ပေါက်ကွဲပြီးမှ အပေါ်သို့တက်သော ညမီးကျည်ကို သန္တာက ပိုစိတ်ဝင်စားဟန်တူသည်။ တုက list ကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ စိန်နားပန်မီးပုံးပျံရဲ့သင်္ကေတအဖြစ် စတားပြထား ခွဲခြားထားသည်။

"ဒီည ... စိန်နားပန်က လေးလုံးပဲပါတာ။ ကျန်တဲ့ခြောက်လုံးက ညမီးကျည်တွေချည်းပဲ။ စွာကျယ်မီးတို့ လုံ့လမီးတို့ အဲဒါတွေက ညမီးကျည်တွေ"

"ဟုတ်လား ... အဲဒီမီးတွေက နာမည်ကြီးတယ်တဲ့၊ ဟဲ့ ... ခွန်မင်းညိုတို့ မီးပုံးပျံကရော ဘယ်နေ့ လွှတ်မှာလဲ မသိဘူး"

တုက ဘာမှမပြောပဲ List ထဲမှာ တစ်ချက်ရှာဖွေလိုက်သည်။ တွေ့ပါပြီ။ မီးပုံးပျံနာမည်တွေရဲ့နံဘေးမှာ ဦးစီးသော အဖွဲ့ခေါင်းဆောင်ရဲ့နာမည်လည်း ပါဝင်လေရာ ခွန်မင်းညို ဆိုသော နာမည်ကိုလည်း တွေ့သည်။ ပြီးတော့ တောင်ပေါ်သား ဆိုသော သူတို့ရဲ့မီးပုံးပျံ နာမည်ကိုလည်း တွေ့သည်။ အဲဒီမီးပုံးပျံသည် နောက်ဆုံးနေ့ လပြည့်ညမှ လွှတ်တင်ကြမှာဖြစ်သည်။

"သူတို့က လပြည့်နေ့ကျမှ လွှတ်ကြမှာ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... နောက်ဆုံးပိတ် အိတ်နဲ့လွယ် အပြတ်ပြိုင်ကြမယ်နဲ့တူတယ်"

သန္တာရဲ့မှတ်ချက်အဆုံးတွင် တုတို့ရဲ့ကားသည်လည်း ပွဲကျင်းပရာ ကွင်းထဲသို့ ရောက်သွားသည်။ တုတို့က ဆောက်လုပ်ရေးမဏ္ဍာပ်ကစင်မှာ ကြည့်ရှုကြမှာဖြစ်သည်။ ဒီမီးပုံးပျံကွင်းသစ်ကြီးရဲ့အမည်မှာ အဝေရာကုန်းသာယာဟု အမည်တွင်ကာ တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပွဲအတွက် အထူးဆောက်လုပ်ထားတာဖြစ်သည်။ ကြီးမားကျယ်ပြန့်သော ကွင်းကြီးရဲ့အလယ်မှာမှ မီးပုံးပျံလွှတ်တင်ဖို့ နေရာကို သပ်သပ်ခြဝင်းခတ်ထားကာ စနစ်တကျ စီစဉ်ထားသေးလေသည်။

တုက စင်ပေါ်မှနေ၍ ပွဲခင်းရှုခင်းကို လက်တော်ပေးမောနေသလို သန္တာသည်လည်း Studio 35 နှင့်အပြိုင် ပွဲခင်းရှုခင်းကို ဗီဒီယိုကင်မရာတစ်လုံးဖြင့် မှတ်တမ်းတင်နေပြီဖြစ်သည်။ Studio 35 ရဲ့ ရိုက်ကူးရေးအဖွဲ့သည် စင်မြင့်ပေါ်မှနေ၍ မီးပုံးပျံပွဲရဲ့ရှုခင်းများကို တစ်ချိန်လုံး ရိုက်ကူးကာ အနီးတစ်ဝိုက်ဒေသများသို့ တိုက်ရိုက်လွှင့်နေသည်ဟု သိရသည်။ ခဏနေသောအခါ သက်ဆိုင်ရာ အာဏာပိုင်များ ရောက်လာပြီးနောက် (၂၀၀၉)





တန်ဆောင်တိုင်ပွဲတော်ကို ဖွင့်လှစ်ပေးလိုက်လျှင် အရပ်လေးမျက်နှာရှိ တောင်ကြောတွေပေါ်မှ မီးရှူးမီးပန်းတွေက တဒိန်းဒိန်းနှင့် ပေါက်ကွဲထွက်လာတော့သည်။

လူတွေရဲ့ အား အီး အု အဲ အော်ဟစ်သံတွေနဲ့အတူ တောင်ကြောတစ်ခုလုံးလင်းထိန်အောင် ပေါက်ကွဲနေသော မီးရှူးများကို တုက အံ့သြမင်သက်စွာ ငေးမောနေမိသည်။ သိပ်ကိုလှပတဲ့ မြင်ကွင်းပဲ။ တန်ဆောင်တိုင်ပွဲတော်ဟာ ဒီလောက်ပျော်စရာကောင်းပြီး ဒီလောက်ထိ အကုန်ကျခံကာ ခမ်းခမ်းနားနား ကျင်းပကြောင်း သူများပြောလျှင် ယုံနိုင်စရာမရှိ။ ကိုယ်တိုင်တွေ့တော့မှပဲ ရင်သပ်ရှုမောဖို့ ကောင်းတော့သည်။

မီးရှူးမီးပန်းတွေက ဒီဇိုင်းစုံ ရောင်စုံ လွှတ်တင်နေတာ အဆက်မပြတ် ဖြစ်သည်မို့ တုတောင် မနေနိုင်တော့။ စင့်ပေါ်ကနေဆင်းကာ အောက်ကနေ အရှေ့ဘက်ထိပ်များဆီသို့ မျှော်ကြည့်ရသည်။

အဲဒီအချိန်မှာ ကွင်းလုံးပြည့် ကြားနေရသော ဘိုဖြူရဲ့ အဖြူရောင်သံစဉ်သီချင်းကလည်း က,ချင်စရာ ကောင်းလောက်အောင်ကို မြူးကြွနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထင်းရှူးတောတန်း တောင်တန်းကြီးတွေနဲ့ ... ဝိုင်းလို့ ကာဆီးထားတဲ့ မောမြေမြင့်မှာ ... မြူနှင်းများနဲ့ ရီဝေကာ အုပ်ဆိုင်းလို့နေတယ် ... တောင်ကုတ်များက ဘော်ငွေရောင် ပမာ ရစ်သိုင်းလို့နေတယ် ...

ဖြူစင်စိုက်ထားနဲ့ သဘောအလွန်ကောင်းတဲ့ ... သွေးချင်းတို့မြေ ... တို့ရဲ့စနေ့ဌာနေ ... ဝဲတဲ့စကားသံတစ်မျိုးလေး ချစ်စရာပေ ...

အိုးစည်ကြီးတီးလို့ပျော်နေ... နှစ်စဉ်နှစ်တိုင်း နွှဲလို့ပျော်နေ ... တို့များရိုးရာပွဲ ရိုးရာအမွေကို ထိန်းလို့ပျော်မည် ... ကောက်ရိတ်သိမ်းတဲ့ပွဲ ...

တို့မလေ့ကို တွေ့ရအောင် ... လှမ်းခဲ့ပါ ဖိတ်လို့ခေါ် ... ပျော်စရာကောင်းလွန်းလို့နော်"

တုက မီးရှူးမီးပန်းတွေ ပေါက်နေတာကို သဘောတကျဖြင့် လက်ပိုက်ငေးကြည့်နေရာမှ ကိုယ့်အနားသို့ လူတစ်ယောက် လာရပ်သလို ခံစားရ၍ လှည့်ကြည့်လိုက်လျှင် တောင်ကြီးမြို့မှ တစ်ဦးတည်းသော မိတ်ဆွေသစ် ဖြစ်လို့နေသည်။ သူက လက်နှစ်ဖက်ကို နောက်ပစ်ကာ ဂုဏ်ယူနေသော မျက်နှာထားဖြင့် မေးသည်။





"ဘယ်လိုလဲ။ သဘောကျရဲ့လား"

"တော်တော်လေးလှတယ်။ တော်တော်လည်း ဗိုက်ဆံကုန်မယ်နော်"

သူက ပခုံးကို တစ်ချက်တွန့်ကာ ...

"ပိုက်ဆံဆိုတာ ဒီဘက်က လူတွေအတွက် အပေါဆုံးအရာတွေပါ"

အဲဒီစကားကြောင့် ရယ်ခဲလှစွာသော တုသည် ဟက်ခနဲ တစ်ချက်ရယ်မိသွားသည်။

"တောင်ကြီးတန်ဆောင်တိုင် ... တောင်ကြီးတန်ဆောင်တိုင် ဆိုပြီး လူတွေပြော,ပြောနေကြတာတော့ ကြားပါတယ်။ ဒါပေမဲ့ ဒီလောက်ကြီး ခမ်းနားစည်ကားလိမ့်မယ်လို့ မထင်ထားခဲ့ဘူး"

"အင်း ... တစ်နှစ်ထက်တစ်နှစ် ပိုကြီးကျယ်လာတဲ့ သဘောပါ။ အရင်တုန်းကတော့ ရပ်ပွဲရွာပွဲပုံစံလေ။ နောက်တော့ တစ်နိုင်ငံလုံး ကျော်ကြားတဲ့ပွဲ၊ ကမ္ဘာထိသိတဲ့ ပွဲကြီး ဖြစ်သွားတာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဖော်ရိန်နှာတွေဆိုအမျှားကြီးလာတယ်။ သိပ်ဂုဏ်ယူဖို့ကောင်းတာကွ၊ မီးပုံးပျံကို ဖန်တီးထားတာ အားလုံး ဒေသထွက် ရိုးရာပစ္စည်းတွေနဲ့ပဲလေ ...

အရင်က မီးပုံးပျံလွှတ်တာ စူဠာမုဏိဘုရားခြေရင်းမှာ လွှတ်တာ။ နောက် တဖြည်းဖြည်း ပိုကြီးကျယ်လာတော့ ဒီမီးပုံးပျံကွင်းအသစ်ကြီးကို ဆောက်လိုက်တာ။ ဒါပါနဲ့ဆို နှစ်,နှစ်ပဲ ရှိသေးတယ်”

သူ့စကားကို တုက ခေါင်းညိတ်လိုက်စဉ်မှာပဲ ရိုက်ကူးရေး ခဏနားသွားသော သန္တာက အနားသို့ ရောက်လာသည်။

“လှလိုက်တာ အရမ်းပဲနော်။ ကိုညို ဘယ်တုန်းကရောက်နေတာလဲ”

“အခုနကပါ။ ဘယ်လိုလဲ သဘောကျကြရဲ့လား”

“ကျတာပေါ့။ ညကျရင် ဒါတွေကို On line ပေါ် တင်တော့မယ်။ ဟိုက သူငယ်ချင်းတွေ ကြည့်လို့ရအောင်လို့”

“တုနဲ့ သန္တာ ပွဲခင်းထဲ မလျှောက်ကြဘူးလား။ လျှောက်ချင်ရင်ပြောနော်။ လိုက်ခဲ့ပေးမယ်”





သန္တာက တုကို တစ်ချက်ငဲ့ကြည့်ကာ “တု လျှောက်ချင်လား”ဟု မေးသည်။ တုက လောင်းကုတ်ရှည်ကြီးရဲ့ အိတ်ကပ်ထဲသို့ လက်နှစ်ဖက်ကို ထိုးသွင်းကာ ...

“သဘောပဲ။ လျှောက်ချင်ရင်လည်း လျှောက်ပေါ့။ ရပါတယ်”

“အိုကေ ... ဟိုးဘက်ထိ မသွားချင်ရင်တောင် မီးပုံးပျံကွင်းကိုပဲ တစ်ပတ် ပတ်ကြည့်ပေါ့။ ကိုယ် Guide လုပ်ပေးပါမယ်”

အဲဒီလိုနှင့် တုတို့သုံးယောက်သားသည် အေးအေးလူလူပဲ လမ်းလျှောက်ထွက်လာကြသည်။ မီးပုံးပျံလွှတ်မည့် ကွင်းထဲမှာ လူတစ်စုက မီးပုံးပျံလွှတ်ဖို့ ပြင်ဆင်နေကြသည်။ သူက လက်ညှိုးထိုးပြရင်းမှ ...

“အခု လွှတ်မှာက စိန်နားပန် အမျိုးအစားပေါ့။ သူက မီးပုံးပျံရဲ့ဘေးမှာ မီးပဒေသာလေးတွေနဲ့ အငြိမ်လွှတ်တာ။ ညမီးကျည်ကတော့ လူတွေပိုကြိုက်တာပေါ့။ သူကဝုန်းဝုန်း ဒိုင်းဒိုင်းနဲ့ မီးရှူးတွေ ပေါက်တာက သိပ်လှတယ်လေ ...

ပြီးတော့ အန္တရာယ်လည်း ပိုများတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်နော် ... တချို့ဆို လေထဲမှာ မီးလောင်သွားတာတို့၊ အနိမ့်လေးမှာပဲ ယမ်းတွေ အရမ်းပေါက်ကုန်တာတို့ဖြစ်ပြီး လူတွေပါ ထိခိုက်ကုန်တယ်လို့ ကြားဖူးတယ် ...

အဲဒီလိုတွေ ဖြစ်ကုန်တာကျတော့ ဘာနဲ့ဆိုင်လဲ။ အဲဒီအဖွဲ့တွေက လူတွေရဲ့ Experience နဲ့ ဆိုင်သလား"

"အင်း ... အဲဒီလိုလည်း ဆိုင်တယ်။ နောက်တစ်ခုက ရာသီဥတု အခြေအနေပေါ့၊ လေငြိမ်နေမှ ကောင်းတာ။ လေတိုက်နှုန်း များနေရင်လည်း မီးပုံးပျံလွှတ်တင်ရာမှာ အန္တရာယ်ရှိတယ်။ အခက်အခဲလည်း ရှိတယ် ...

ဒါကြောင့်လည်း မီးပုံးပျံအဖွဲ့တွေဟာ ဆိုင်ရာပိုင်ရာတွေကို ပူဇော်ပသတာတို့၊ ပွဲထိုးတာတို့ လုပ်ကြတာပေါ့။ ရိုးရာပေါ့လေ"

တုက မေးခွန်းတွေ ဝင်မမေးသော်လည်း သူ ရှင်းပြနေတာတွေကိုတော့ ဂရုတစိုက် နားထောင်ဖြစ်သည်။ တုတို့တွေ လမ်းလျှောက်နေတုန်းမှာပဲ နှင်းစက်မီးဟု စာတန်းရေးထိုးထားသော မီးပုံးပျံကြီးက ကောင်းကင်ပေါ်သို့ အောင်မြင်စွာတက်သွားခဲ့ပြီဖြစ်သည်။ အဲဒါကိုလည်း Information Center က





ပွဲခင်းတစ်ခုလုံးကြားအောင် ကြော်ငြာပေးသည်။ ယခုတက်သွားသော မီးပုံးပျံဟာ ဘာအမျိုးအစား၊ မီးဆရာ ဘယ်သူ၊ ဘယ်ရပ်ကွက်ကို ကိုယ်စားပြု၊ ယမ်းပိသာချိန်က ဘယ်လောက် စသဖြင့် စနစ်တကျ ပြောပြပေးတာဖြစ်သည်။

နာရီလက်တံလှည့်သလို ကွင်းကို ပတ်လာသော တုတို့တစ်တွေသည် တဖြည်းဖြည်းနှင့် အရှေ့ဘက်ထိပ်သို့ ရောက်လာသည်။ အရှေ့ဘက်ထောင့်တွင် GRAND ROYAL ၏ စတေ့ချ်စင်ကြီးက ဟီးထနေသည်။ အဆိုတော်တွေကတော့ သီချင်းမဆိုကြသေး။ မောင်မောင်အေးတို့ ဆန်းထွန်းတို့ ပါဝင်သော Dream Boat အဖွဲ့သားတွေက ပရိသတ်တွေကို စင်ပေါ်ခေါ်တင်ကာ ဂိမ်းကစားနေကြသည်။ သန္တာက စိတ်ဝင်စားသဖြင့် ခဏရပ်ကြည့်ပြီးနောက် ဆက်လျှောက်လာခဲ့ကြသည်။

သူက ရှေ့မှာ မြင်နေရသော စင်မြင့်တစ်ခုကို လှမ်းညွှန်ပြကာ ...

"အဲဒါ ဒိုင်စင်လေ။ အဲဒီကနေ အမှတ်ပေးတာပေါ့။ ဒီဘက်ကဟာက ယမ်းချိန်တဲ့ကတ္တားပေါ့။ အခု ခဏနေ လွှတ်တင်တော့မယ့် စွာကျယ်မီးကို ယမ်းချိန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ယမ်းချိန်ရတာလဲဟင်"

"သူက Limit ရှိတယ်လေ။ ညမီးကျည်တစ်ခုဟာ ယမ်းပိဿာချိန် လေးဆယ်ထက် ပိုလို့မရဘူး ...

ပိုရင် ဖြုတ်ပေးရတယ်။ မဟုတ်ရင် သူ့ကိုပေးမတက်ဘူး။ လွှတ်ခွင့်မပေးဘူးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ယမ်းချိန် အရမ်းများရင် မီးပုံးပျံက အပေါ်ကို မတက်နိုင်ဘူး။ တချို့ကျတော့ ယက်ကန်ယက်ကန်နဲ့တော့ တက်သွားတယ်။ ဒါပေမဲ့ အမြင့်ပေ(၃၀)လောက်မှာ ယမ်းတွေပေါက်ကွဲထွက်ကုန်တော့ လူတွေကို ထိကုန်တာပေါ့ ...

ဒဏ်ရာရတာတွေ ဘာတွေ ဖြစ်ကုန်တာပေါ့။ သူ့ရဲ့အမှတ်ပေးစည်းမျဉ်းထဲမှာက မီးအလှတွေဟာ ပေ(၃၀၀)လောက်မှ စကျရမှာလေ ...

ဒါမှ အမှတ်ပေးတဲ့ဘောင်ထဲကို ဝင်တာ"

"ကိုညိုက အမှတ်ပေးတဲ့ အချက်တွေကိုလည်း သိနေတာပေါ့"

"အထင်မကြီးပါနဲ့။ ဒါက ဒီဘက်ကလူ တော်တော်များများ သိကြပါတယ်။ မီးပုံးပျံသမားတွေကတော့ ပိုသိရတာပေါ့ ...





ဟော ... ရွာကျယ်မီးက ယမ်းချိန်တာ Pass ဖြစ်သွားပြီ၊ ကွင်းထဲ သွားနေပြီ။ ခဏနေ လွှတ်တော့မယ်"

"ကိုညိုတို့က လပြည့်နေ့ညမှ လွှတ်မှာနော်။ ကြားထဲမှာကျတော့ တခြားအဖွဲ့တွေကို အားပေးမှာပေါ့"

"ဟုတ်တယ်။ ဒီနေ့ ကျွန်တော့်သူငယ်ချင်းတွေအဖွဲ့ ပါတယ်။ နောက် ညီဝမ်းကွဲတို့ အစ်ကိုဝမ်းကွဲတို့တစ်တွေကလည်း သူတို့အဖွဲ့တွေနဲ့သူတို့ လွှတ်ကြမှာတွေ ရှိတယ် ...

ကျွန်တော်တို့ ဆောက်လုပ်ရေးစင်ကို ပြန်ရောက်မယ့်အချိန်နဲ့ ရွာကျယ်မီး တက်တော့မယ့်အချိန်က အံကိုက်ပဲ"

ရွာကျယ်မီးပုံးပျံအဖွဲ့သည် ယမ်းချိန်ရာ၌ အောင်ပွဲခံသွားပြီးနောက် မီးပုံးပျံလွှတ်ရမည့် နေရာသို့ ရှမ်းအိုးစည်သံတည်းညံ့ဖြင့် စိတ်အားတက်ကြွစွာ သွားနေသည်။ ဟိုင်းလပ်ကားတွေပေါ်မှာ မီးပုံးပျံရှမ်းစက္ကူရွက်ကြီးကို နှင်းရိုက် နှင်းစိုမှာစိုးသဖြင့် ပလတ်စတစ်အစကြီးဖြင့် ဖုံးထားသည်။ နောက်ထပ်ကားတစ်စီးပေါ်မှာက မီးပုံးပျံရဲ့အောက်ခြေမှာ ချိတ်ဆွဲပေးလိုက်မည့် ယမ်းခွေကြီး။ ရှေ့ဆုံးကားကတော့ မြတ်စွာဘုရားရှင်ရဲ့ပုံ



www.burmeseclassic.com

www.burmeseclassic.com



တော်နှင့်အတူ ပူဇော်ထားသော ကန်တော့ပွဲများ၊ မီးဆော်တုတ်ချောင်းများ စသဖြင့် မီးပုံးပျံအဖွဲ့တစ်ခုလျှင် ကားခုနစ်စီး ရှစ်စီး၊ ဆိုင်ကယ်ပေါင်းများစွာက လုံခြုံရေးခြံရံလျက် စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင်ဖြင့် လွှတ်တင်ရမည့် ကွင်းထဲသို့ ချီတက်သွားတာကို တုက သဘောကျစွာ ငေးမောနေမိသည်။

"ရင်ဘတ်တွေမှာ တံဆိပ်တွေနဲ့နော်"

"ဟုတ်တယ်။ အဲဒီတံဆိပ်မပါရင် လွှတ်ရမယ့်ကွင်းထဲကို ဝင်ခွင့်မရှိဘူးလေ"

"ဘာဖြစ်လို့ မဝင်ရတာလဲဟင်။ အခု သန္တာတို့က လွှတ်မယ့်နေရာအထိ ဝင်ကြည့်မယ်ဆိုရင် မရဘူးပေါ့"

"အေးပေါ့ ... အဲဒီအဖွဲ့ထဲက တစ်ယောက်ယောက်က တံဆိပ်ပေးထားမယ် ဆိုရင်တော့ ရတာပေါ့။ မီးပုံးပျံမှိုင်းဝပြီး အပေါ်ကို တက်တော့မယ်ဆိုရင် အဖွဲ့သားတွေက လက်ချင်းချိတ်ပြီး မီးပုံးပျံကို ဝိုင်းထားတော့တာ ...

အနားကို ဘယ်သူမှ အကပ်မခံတော့ဘူး။ မီးဆရာနဲ့ လက်ထောက်တစ်ယောက်ပဲ ရှိရတော့တယ်။ တချို့က တစ်ခါတလေမှာ ရှိတတ်တယ်ဗျ။ မီးပုံးပျံကို ဝင်ဖျက်ဆီး





တာတို့၊ မီးရှို့တာတို့။ မတည့်တဲ့သူတွေက နှောင့်ယှက်တာမျိုးလည်း ရှိတာပေါ့ ...

ဓာတ်လမ်းတွေကတော့ အမျိုးမျိုးပဲပေါ့"

သန္တာက သူ ရှင်းပြတာတွေကို စိတ်ဝင်တစားဖြင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။ အဲဒီအချိန်မှာပဲ တုတို့သည်လည်း ဆောက်လုပ်ရေးမဏ္ဍပ်စင်သို့ ပြန်ရောက်လာကြပြီဖြစ်သည်။ သူက စင်ပေါ်တက်၍ အန်တီမိုးကို နှုတ်ဆက်သေးသည်။ ပြီးတော့ တုကို ပြုံးပြလာကာ ...

"တုမရခင် ဘာစားချင်လဲ၊ ကော်ဖီ သောက်ချင်လား၊ ခေါက်ဆွဲကြော်မှာ ပူပူလေးနဲ့လေ"

"ဘာမှ မစားချင်တော့ဘူး"

သူက တုကို နူးညံ့သော မျက်ဝန်းများဖြင့် ပြုံးကြည့်လာကာ ခေါင်းတဆတ်ဆတ်ညိတ်ပြသည်။ အဲဒီအချိန်မှာပဲ လူတွေရဲ့ အော်ဟစ်သံတချို့ကြောင့် ကွင်းထဲသို့ လှမ်းကြည့်လိုက်လျှင် မီးပုံးပျံကြီးက မှိုင်းဝကာ ပရိသတ်ကို တစ်ပတ်လှည့်ပြနေပြီဖြစ်သည်။

"ကြည့် ... ကြည့်။ အဲဒီကောင် တက်တော့မယ်"

စေတနာ့စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ စွာကျယ်မိပုံးပျံကြီးသည် အပေါ်သို့ တဖြည်းဖြည်းချင်း တက်သွားလေသည်။ ပထမပိုင်းတော့ ဣန္ဒြေရရနှင့် ငြိမ်ငြိမ်လေးတက်သွားသော မီးပုံးပျံကြီးသည် အမြင့်ပေ (၂၀၀)လောက်မှာတော့ မီးရှူးမီးပန်းတွေ စပြီးကျလာသည်။ ပြီးတော့ ပုလဲလုံးလေးတွေလို မီးရောင်စုံ အလုံးလေးတွေ ကျလာတာက တော်တော်လှသည်။ မီးဖေါက်သည့် ဒီဇိုင်းတွေကတော့ ရောင်စုံပဲဖြစ်ကာ တုသည် တစ်ခါမျှ မမြင်ဖူးသော မြင်ကွင်းကို မျက်တောင်မခတ်စတမ်း ငေးမောနေရလေသည်။

သူကတော့ တုရဲ့ နံဘေးမှာနေ၍ မီးရှူးမီးပန်း အခေါ်အဝေါ်များကို ရှင်းပြနေသည်။

"အဲဒါက ဂလိုက်ဒါလို့ခေါ်တယ်၊ ဒီကလှူတွေခေါ်တာတော့ ရှဉ့်ညီနောင်ပေါ့၊ သူက ရှဉ့်လေးနှစ်ကောင် ပြေးဆင်းသလို ကျလာလို့လေ"

"တော်တော်လှတာပဲ"

တုက တိုးဖွဖွ ရေရွတ်မိသည်။ နောက်ထပ် အဖြူရောင် မီးစတွေက ဖြာခနဲ ဖောင်းခနဲ လွင့်ထွက်ပေါက်ကြပြန်သည်။ စွာကျယ်မီးသည် နာမည်နဲ့လိုက်အောင်ပင် ကောင်းကင်ထက်





မှာ စွာစွာကျယ်ကျယ်ပဲ ပေါက်နေသည်။ ပန်းခိုင်တွေလို အလုံးလိုက်၊ အဆုပ်လိုက် ပြုတ်ကျလာတာတွေလည်း ရှိသေးသည်။

"ဒါတွေက ပုလဲပန်းခိုင်လို့ခေါ်တယ်"

မီးပုံးပျံက အတော်ဝေးဝေးရောက်တဲ့အထိ မီးအလှတွေ ပေါက်တုန်းပဲဖြစ်သည်။ ကြာသောအခါ ကြည့်သူ၏ မြင်ကွင်းကနေ တဖြည်းဖြည်းဝေးသွားသည်။ ဒီလိုပဲ အချိန်တွေကြာလာလျှင် လူတွေဟာ တဖြည်းဖြည်းနဲ့ မေ့သွားတတ်ကြသလား။ တုရော နှိုင်းဘွဲ့ကို မေ့သွားပြီလား။

ကြည့်စမ်း ... ဒီရက်ပိုင်း အတွင်းမှာ နှိုင်းဘွဲ့အကြောင်း တု သိပ်မတွေးဖြစ်ခဲ့ချေ။ နှိုင်းဘွဲ့အကြောင်း မတွေးဖြစ်လျှင် ဘယ်သူ့အကြောင်း တွေးဖြစ်သလဲ။

ဘယ်သူ့အကြောင်းမှတော့ မတွေးဖြစ်ပါ။ ဒီရက်ပိုင်းတွေမှာ တု နေလို့ထိုင်လို့ တော်တော်လေးကောင်းသည်။ စာဖတ်လိုက်၊ အင်တာနက်သုံးလိုက်၊ အန်တီမိုးတို့ သန္တာတို့နှင့် စကားပြောလိုက်ဖြင့် တု ငြိမ်းချမ်းမှုရနေသည်ဟု ပြောလို့ရလေသည်။ ဒါပေမဲ့ ဒီလို ငြိမ်းချမ်းမှုဟာ တု ရှာဖွေထားရတဲ့ ငြိမ်းချမ်းမှုမျိုး မဟုတ်ခဲ့ချေ။ တုဟာ ဒီလို ငြိမ်းချမ်းအေးမြရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အရသာမျိုးကိုလည်း မလိုချင်ခဲ့။ နှိုင်းဘွဲ့အပေါ်မှာ တု အကြွေးတွေရှိသည်။ တုကြောင့် နှိုင်းဘွဲ့ သေဆုံးသွားခဲ့ရသည်ဟူသော အဖြစ်ကို တုက တစ်သက်လုံး မပျော်ရွှင်စွာ နေထိုင်ခြင်းဖြင့် အကြွေးဆပ်ချင်ခဲ့တာဖြစ်ပါသည်။

"တု ကိုယ် ပြောနေတာ ကြားရဲ့လား"

"ဟင် ... ဘာလဲ ... ဘာပြောတာလဲ"

တုသည် အနားမှာ ကပ်၍ ခေါ်သံကျယ်ကျယ် ကြားလိုက်တော့မှ ပစ္စုပ္ပန်၌ သတိပြန်ကပ်လေသည်။ တုရဲ့ မျောနေသော ပုံစံကို သုက နားလည်သလို အပြုံးမျိုးဖြင့် ကြည့်ကာ ...

"တုတစ်ယောက် အတွေးတွေ မီးပုံးပျံကြီးနဲ့ ချိတ်ပါသွားတယ်လို့ထင်တယ် ဟုတ်လား"

ဟုတ်နေသောကြောင့် တုက ဘာမှ ပြန်မပြောပါ။ ခပ်ဝေးဝေးသို့သာ လှမ်းငေးနေလိုက်သည်။

"တု မီးပုံးပျံအားလုံး လွှတ်ပြီးတဲ့အချိန်အထိ ကြည့်ကြမှာလား"

"ကြည့်မှာပါ၊ ကျွန်မ သိပ်စိတ်ဝင်စားတယ်"





"ဟုတ်လား၊ မီးပုံးပျံလွှတ်ကဲ့နေရာနားအထိ မီးပုံးပျံကြီးနားအထိပေါ့၊ သွားကြည့်ချင်သေးလား"

"အင်း ... ကြည့်တော့ကြည့်ချင်တယ်"

"ဒါဆို မနက်ဖြန်မှာ ကြည့်မလား၊ မနက်ဖြန် ကိုယ့်ညီဝမ်းကွဲတွေရဲ့ မီးပုံးပျံလွှတ်ဖို့ရှိတယ်၊ အဲဒါဆို အနီးကပ်ဝင်ကြည့်လို့ရတယ်"

"ရှင်တို့ မီးပုံးပျံကျတော့ရော"

တုက ကိုယ့်ထက် အရပ်နည်းနည်းမြင့်သော သူ့ကို မော့ကြည့်ကာ အမှတ်တမဲ့မေးလိုက်လျှင် သုက တုကို နွေးထွေးလိုက်ဖြာနေသော အကြည့်တွေဖြင့် ရူးနင့်စွာ စိုက်ကြည့်နေတာကို ကြုံတွေ့လိုက်ရသည်။ အဲဒီအကြည့်တွေကြောင့် တု ရင်ထဲမှာ တစ်မျိုးဖြစ်သွားလေသည်။ စိတ်လှုပ်ရှားတာလည်းမဟုတ်၊ ရင်ခုန်တာလည်းမဟုတ်ဘဲ တစ်မျိုးဖြစ်သွားသော စိတ်တို့ကို ဘာရယ်ဟုတိကျစွာ သရုပ်မခွဲနိုင်ခဲ့ပါ။

"ကိုယ်တို့ မီးပုံးပျံကျတော့ ကိုယ်က Leader လေ၊ ကိုယ့်ဟာနဲ့ကိုယ် ရှုပ်နေမှာဆိုတော့ တုကို ဂရုမစိုက်နိုင်မှာစိုးလို့ပါ ...



www.burmeseclassic.com

www.burmeseclassic.com



ခုကျတော့ တုကို သေချာပြပေး ရှင်းပြလို့ရတာပေါ့၊ သန္တာရော တုရော နှစ်ယောက်လုံး လိုက်ကြည့်ပေါ့"

"အင်း ... ရှင် အဆင်ပြေသလိုပေါ့"

"အိုကေ ... အဲဒါဆို မနက်ဖြန်ကျရင် မီးပုံးပျံလွှတ်ခါနီးကျ ကိုယ် လာခေါ်လိုက်မယ်၊ အခု ကိုယ် သွားတော့မယ်၊ ဘိုင့် ဘိုင်"

တုက ခေါင်းတစ်ချက်ညိတ်ပြလိုက်လျှင် သူက အန်တီမိုးနှင့် သန္တာကိုပါ နှုတ်ဆက်ပြီး ထွက်သွားသည်။ ပြီးတော့ အန်တီမိုးက တုတို့ကို ကော်ဖီနဲ့ ခေါပုတ်ကြော်ပူပူလေးတို့ဖြင့် ဧည့်ခံသည်။ မီးပုံးပျံလွှတ်မည့် နောက်ထပ်တစ်ဖွဲ့ကတော့ အိုးစည်ဗုံ မောင်းသံတွေ တညံညံဖြင့် ဆက်လက်ချီတက်လာဆဲ။

အဲဒီနေ့ညက မီးပုံးပျံတွေ တစ်လုံးပြီးတစ်လုံး လွှတ်တင်သွားကြသည်မှာ တကယ့်ကို အံ့သြဘနန်းပဲဖြစ်ပါသည်။ တုသည် ဖေဖေ့ကိုတောင် သတိရသွားလျက် လုံးဝ မသုံးဘဲ ပိတ်ထားသော ဖုန်းကိုဖွင့်ကာ တောင်ကြီးကိုလာလည်ပါ ဟု SMS ပို့ထားလိုက်သည်။ မနက်ခင်း မိုးလင်းရင်လည်း ဖေဖေ တွေ့လိမ့်မည်။ မအိပ်သေးရင်လည်း ယခုပဲ တွေ့ပါမည်။ တုကတော့ ဖုန်းကို ချက်ချင်းပဲ Power off ပြန်လုပ်ပစ်လိုက်သည်။





ပြီးတော့ တုရဲ့ စိတ်ဝိညာဉ်တို့ကို ယခု လွှတ်တင်တော့မည့် "ညပျော်လှုငယ်" မီးပုံးပျံကြီးမှာ ချိတ်ပေးလိုက်လေသည်။

❣○❣



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

"ဘယ်လိုလဲကွ ရှိုင်းလှချည်လား၊ ကြည့်ရတာတော့ အဆင်ပြေနေပုံရတယ်"

သူ့ဘော်ဒါက မီးပုံးပျံပွဲသွားဖို့ ပြင်ဆင်နေသော သူ့ကို ပြုံးစိစိဖြင့် လှောင်သည်။ ဒီလိုပွဲတော်ရက်တွေမှာတော့ သူငယ်ချင်းတွေက သူ့အိမ်မှာပဲ အိပ်ကြသည်။ ညဆိုလျှင် တစ်နာရီ နှစ်နာရီမှ အိမ်ပြန်ရောက်ကြကာ မနက်ဆိုလျှင် ဆယ်နာရီ ဆယ့်တစ်နာရီမှထ ဒါတွေက ပွဲတော်ရာသီတိုင်း ဒီကလူတွေ ဖြစ်တတ်သည့်ပုံစံမျိုးပဲဖြစ်သည်။ ညနေ ခြောက်နာရီလောက်ဆိုလျှင်တော့ ပွဲသွားဖို့ ကြော့ကြော့ ဖြစ်နေကြပြီ။





ရာသီဥတုက ဘယ်လောက်ပဲအေးပါစေ။ ရေနွေးနှင့် ရေချိုးကာ သူကတော့ စမတ်ကျကျ ဝတ်စားဆင်ယင်ပြီးပြီဖြစ်သည်။ မာဖလာတွေကို Crazy ဖြစ်သူမို့ သူ့လည်ပင်းမှာက မာဖလာကုလည်း မပါမဖြစ်ပင်။ အဆုံးသတ်ပြင်ဆင်မှုအဖြစ် ဆံပင်ကို ဂျယ်လ်လိမ်းနေစဉ်မှာပဲ အာကာက မေးခွန်းထုတ်လာသည်။

"မင်း အဆင်ပြေတယ်မဟုတ်လား"

"အရင်ကထက်စာရင်တော့ နည်းနည်းပြေလာတယ် ပြောရမှာပေါ့၊ ပြေတယ်ဆိုတာ ဟိုလိုတွေ လျှောက်မတွေးနဲ့နော်၊ အခုမှ စကားပြောဖြစ်ရုံရှိတာ"

"အေးလေ အဲဒါကိုပဲ ပြောတာပါ၊ ဘာပဲဖြစ်ဖြစ် ကြိုးရင်တော့ ကြိုးသလိုထည့်ကွာ၊ သူက တစ်မြို့တစ်ရွာက မဟုတ်လား ...

တော်ကြာ ငေါက်ခနဲ ထပြန်သွားမှ မင်း ငုတ်တုတ်မေ့နေမယ်"

အာကာရဲ့စကားကို သူတောင် မချေပရ။ ဖိုးကဲက ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာငုတ်တုတ်မေ့စရာလိုလဲ၊ ရန်ကုန်လိုက်သွားမှာပေါ့၊ ရန်ကြီးအောင်ကို ဒီနေ့တက်စီးသွား၊ မနက်ဖြန်မနက် ရန်ကုန်ရောက်နေပြီ"

"ဩော် ... ဒါတော့ မင်းပြောမှလား၊ ဒါက ကိုယ့်ခွင်ထဲ လေ"

"ဟော့ကောင်တွေ တော်ကြပါတော့ကွာ၊ ကိုယ့်ခွင်ထဲက ပိုတောင်ကျပ်သေးတယ်၊ ခုချိန်မှာ ငါက အိမ်ရှင် သူက ဧည့်သည် ...

တစ်ခုခုဆိုရင်တောင် နှောင့်ယှက်သလိုဖြစ်မှာစိုးလို့ နောက်ဆုတ်နေရတာတွေ အများကြီးပဲ၊ သူ့အရိပ်အကဲကို ငဲ့ကြည့်နေရတာ"

"ဒါပေမဲ့ ငါ တစ်ခုအကြံပေးချင်တာက သူ့အရိပ်ကိုပဲ ကြည့်ပြီး အပျော့ဆွဲဆွဲမနေနဲ့ကွ၊ ဒီမိန်းကလေးက အနုအရွ သိပ်ကြိုက်ပုံမပေါ်ဘူး၊ ဒီတော့ ခပ်တည်တည်နဲ့ တဲ့သာ ဝင်လိုက်"

"အေးပါကွာ ... အေးပါ၊ ကဲ ... လစ်စို့ ဟော့ကောင်တွေ၊ တော်ကြာ တစ်ခုခုဆို ထိမိခိုက်မိပြီး အန္တရာယ်ဖြစ်မှာစိုးလို့"





အဲဒီနောက် သူတို့သုံးယောက်က ဆိုင်ကယ်ကိုယ်စီ ဖြင့် ထွက်လာခဲ့ကြသည်။ ဒီမှာက ဘယ်လောက်ပဲအေးအေး ဘယ်လောက်ပဲချမ်းချမ်း သူတို့တောင်ကြီးသားတွေသည် ကားကို သိပ်မသုံးကြချေ။ ကားရှိလည်းပဲ ဆိုင်ကယ်ကိုသာ မက်မက်မော မော စီးကြသူများဖြစ်ကြသည်။ အိမ်မှတစ်ဆင့် ပွဲတော်သို့ထွက် သွားရာ လမ်းတစ်လျှောက်တွင် ကားတွေ ဆိုင်ကယ်တွေမှာ အထူးများပြားလေသည်။ ဒါတောင် ဒီရက်တွေက နယ်ခံတွေပဲ အလာများးတာဖြစ်သည်။

လပြည့်ညမတိုင်ခင်တစ်ရက်နှင့် လပြည့်ညဆိုလျှင် တော့ အနယ်နယ် အရပ်ရပ်ရှိ ဧည့်သည်များ၊ ဘုရားဖူးကားများ ဖြင့် တောင်ကြီးတစ်မြို့လုံး နေ့ခင်းကြောင်တောင်မှာပင်လျှင် စည်ကားသိုက်မြိုက်နေတော့သည်။ ညဘက် မီးပုံးပျံပွဲမှာဆိုလျှင် တော့ တိုးကိုမပေါက်တော့။ မီးပုံးပျံပွဲရှိရာသို့ ကားလမ်းသွားရာ လမ်းတစ်လျှောက်မှာ ကားတွေက သကြၤန်တွင်း ရေပက်ခံထွက် သလိုကို တန်းစီပြီး တိုးမပေါက်နိုင် ဖြစ်နေခဲ့သည်။

သူတို့တွေက ဆိုင်ကယ်တွေမို့ ကားတွေလို လမ်း ပိတ်မနေဘဲ အကျိုအကျားက ကွေ့ဝိုက်မောင်းနှင်ကာ မီးပုံးပျံကွင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ရောက်လာခဲ့ကြသည်။ သူတို့ရောက်သောအခါ သူမတို့ တောင် မရောက်သေးပေ။ သူက ဆောက်လုပ်ရေးစင်ရှေ့က မခေါင့်ဘဲ ခပ်လှမ်းလှမ်းက မီးသတ်ကားပေါ်တက်ကာ မြင်ကွင်း တစ်ခုလုံးကို အပေါ်စီးက ရှုစားနေလိုက်သည်။ ဒါပေမဲ့ ဘယ် တော့ရောက်မလာမလဲဟု မျှော်တလင့်လင့် ဖြစ်နေသဖြင့် ကား ဝင်လာရာလမ်းကိုလည်း လှည့်ကြည့် လှည့်ကြည့်နေရသေးသည်။

မြင်ချင်သောမျက်နှာတစ်ခုကို မမြင်ရမချင်း ပြည့်စုံ သည်ဟူ၍ မရှိပါ။ လည်ပင်းတရှည်ရှည်ဖြစ်ပြီး လေး,ငါး မိနစ် လောက်ကြာတော့မှ သူမတို့ကားဝင်လာသည်။ ကားမောင်းလာ သူက သူမကိုယ်တိုင်ပဲဖြစ်ပြီး လမ်းကျပ်ခြင်းဒဏ်ကို ခံစားလာရ ဟန်တူပါသည်။ သူက ကောင်မလေးရဲ့ လှုပ်ရှားမှုပုံသဏ္ဌာန်ကို အဝေးကနေ ငေးမောနေမိသည်။ လူတစ်ယောက်က သူ့ကို ဘယ်သူမှ ကြည့်မနေဘူးဟု ထင်သည့်အခါမှာ အဲဒီလူရဲ့ လှုပ် ရှားနေထိုင်ပုံက အရိုးသားဆုံးဟု သတ်မှတ်မိ၍ဖြစ်ပါသည်။

သူ့ကောင်မလေးသည် အဖြူရောင်ကုတ်အတိုကို Skinneyအောက်ရှူးဂျင်း(န်)အနက်တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင် ထားကာ လည်ပင်းမှာ ပဝါအနက်စင်းလေးကို ပတ်ထားသည်။





ချူလီယက်ဆံပင်ပုံစံလို အလယ်ခွဲ၊ ကျောလယ်လောက်ရှိသည့် ဆံနွယ်တွေကတော့ ဘယ်အချိန်ကြည့်ကြည့် ဒီအတိုင်းပဲဖြစ်ကာ ဘယ်တော့မှလဲ မရိုးပါ။ သူမနှင့် သန္တာရယ်၊ သန္တာရဲ့အမေမဟုတ် သော အမျိုးသမီးကြီးတစ်ယောက်ရယ်၊ နောက် ကောင်မလေးတစ် ယောက်က မလှမ်းမကမ်းသို့ တက်လာကြကာ လူတချို့နှင့် နှုတ် ဆက်ပြီးနောက် ခုံတွေမှာ ဝင်ထိုင်ပြီးကြည့်ကြသည်။

သိပ်မကြာခင်မှာ တောင်ကြီးတက္ကသိုလ်က လွှတ် တင်သော မီးပုံးပျံကြီးက ပထမဆုံးတက်သည်။ နောက်တစ်လုံး က (……) မီးပုံးပျံ ညမီးကျည်အမျိုးအစား လွှတ်တင်မှာဖြစ်သည်။ အဲဒီအချိန်မှာပဲ သူက သူမတို့ရှိရာသို့ ထွက်လာခဲ့ပါသည်။ သူ့ ကို မြင်သွားသော သူမရဲ့မျက်လုံးတွေက ဖျတ်ခနဲ လက်သွားလျှင် သူ့ရင်ထဲမှာ နွေးခနဲ ဖြစ်သွားသည်။

"တုမရခင်တို့ နောက်ကျတယ်နော်"

"ဟုတ်တယ်၊ လမ်းမှာ ကားတွေ ပိတ်နေတယ်"

"ထင်တော့ထင်ပါတယ်။ အခုလွှတ်မယ့် မီးပုံးပျံက ကျွန်တော့်ညီရဲ့ မီးပုံးပျံမဟုတ်သေးဘူး၊ ဘယ်လိုလဲ ဝင် ကြည့်မှာလား၊ ကြည့်မယ်ဆိုရင် ရင်ထိုးမှာမလို့၊ သန္တာရော"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်မယ်လေ၊ အန္တရာယ်တော့ မရှိဘူးမဟုတ်လား"

"မရှိပါဘူး၊ ကျွန်တော့်သူငယ်ချင်းတွေကလည်း လိုက်စောင့်ရှောက်ပေးမှာပါ"

"ကိုညို"

"ခင်ဗျ"

"ဟို သန္တာတို့ ပွဲခင်းထဲ လျှောက်မလို့၊ ဂုံညင်းထိုးချင်လို့ ရွှေဘောလုံးရော"

သူက သန္တာရဲ့ ကလေးဆန်ဆန်အပြောကို မျက်ခုံးပင့်ပြီး ရယ်ဟဟဖြစ်သွားကာ ခေါင်းညိတ်ပြလိုက်သည်။ အဲဒီနောက် သူက သူမတို့နှစ်ယောက်ရဲ့ ဘော်ဒီဂတ်လုပ်ပေးရသည်။ ပွဲခင်းထဲမှာ သန္တာက အရုပ်လိုချင်သဖြင့် မြားပစ်သည်။ သူမကတော့ အံ့ဩစရာကောင်းစွာ ဂုံညင်းထိုးလေသည်။ အိတ်ကပ်ထဲက တစ်ထောင်တွေကို အပုံလိုက်ချကာ လောင်းကြေးကြီးကြီးတွေ ထိုးတာဖြစ်သည်။

အကောင်တစ်ကောင်ကို ထိုးထားတိုင်း လက်ပိုက်ကာ အေးအေးဆေးဆေးပြုံးကြည့်တတ်သော စတိုင်လ်ဟာ ဘယ်လိုမိုက်မှန်းမသိပါ။ သူမက လောင်းကစား၌ Luck ရှိသည်ဟု





ပြောရမည်ထင့်။ အကြိမ်အရေအတွက် တော်တော်များများနိုင်သည်။ သူက သူမအနားသို့ ကပ်ကာ ခပ်တိုးတိုးသတိပေးရသည်။

"တုမရခင် နိုင်နေပြီဆို၊ တခြားဒိုင်ကို ပြောင်းထိုးတော့လေ"

"ကျွန်မ သိတယ်"

ဟင်း ... ပြောလည်းပြောရသေး။ သူမက သူသိသူတတ် ဆရာကြီးပုံစံဖြစ်သော်လည်း သူက အဲဒီပုံစံလေးကိုပဲ သဘောတကျတွေ ဖြစ်နေရသည်။ ဂုံညင်းဝိုင်းက ထွက်လာသော သူမသည် လေးသောင်းကျော်လောက် နိုင်လာလေသည်။

သူက သူမရဲ့ လောင်းကစားဗီလင်ကို သိချင်စွာ၊ ပြီးတော့ ဒီလိုလည်း ဝါသနာပါမှန်းမသိသောကြောင့် တအံ့တဩ စပ်စုမိသည်။

"မင်း လောင်းကစားလုပ်တာ ဝါသနာပါလား"

သူမက သူ့ဘက်သို့ စွဲမက်ဖွယ်ကောင်းစွာ လှည့်ကြည့်ကာ အသာအယာပြုံးသည်။

"အခုမှ ဝါသနာပါသွားတာ"

"မြတ်စွာဘုရား ... !၊ တကယ်ပြောနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ လောင်းကစားမှာ ရှုံးတာနဲ့ နိုင်တာ နှစ်မျိုးပဲ ရှိတာ၊ ပြီးတော့လည်း ရှုံးဖို့ကများတယ်၊ ဒါပေမဲ့ လူတွေက ဘာကြောင့် ထိုးကြတာလဲ၊ မျှော်လင့်ချက်နဲ့လေ ...

ကျွန်မက မျှော်လင့်ချက်မရှိတော့ဘူးလို့ ကိုယ့်ကိုယ်ကိုယ် ထင်ထားခဲ့တဲ့သူဆိုတော့ အခုမှ မျှော်လင့်ချက်တွေကို ဝယ်ယူသလိုမျိုးပေါ့၊ အဲဒီဖီလင်ကို ကျွန်မ ကြိုက်တယ်"

မှတ်ကရော ...။ သူမရဲ့ ဒိုင်တွေက မိုက်နေ၍ သူ ဘာမှ ပြန်မပြောနိုင်ပါ။ သန္တာကတော့ တုမရခင်တစ်ယောက် ဒီလို လှုပ်လှုပ်ရှားရှားဖြစ်နေခြင်းကို သဘောတွေ အင်မတန်ကျနေပုံဖြင့် ပါးစပ်တောင် မပိတ်နိုင်ချေ။ သူမက တစ်နေရာမှာ လူတွေ အုံနေသော ရွှေဘောလုံးကို လက်ညှိုးထိုးပြကာ ...

"ကျွန်မ အဲဒါ ထိုးမယ်"

"ကောင်းရော၊ လုပ်ချင်ရာသာလုပ်တော့"

သူမက ရွှေဘောလုံးလည်း ဝင်ထိုးသည်။ လောင်းကြေးတွေ အများကြီးတင်ထိုးသော မိန်းကလေးကို လူတွေကလည်း စိတ်ဝင်တစားကြည့်ကြသည်။ ရွှေဘောလုံးဒိုင်မှ ဖွင့်ထားသော





ဒစ္စကိုတေးသံ မြူးကြွကြွရယ်၊ ဘောလုံးလိမ့်သွားရာ အရောင်ကွက်တွေအတိုင်း စည်းချက်ညီညီ လိုက်အော်ပေးသော လူရဲ့ အသံရယ်ကို သူမက သဘောတကျဖြင့် ပီကေဝါးရင်း ပြုံးနေလျှင် အဲဒီမျက်နှာလေးကို ခိုးငေးကာ သူ့မှာ ကျေနပ်ပျော်ရွှင်ရသည်။

"အဝါရောင်လေးဟော့ ... အဝါရောင်လေး ... ပေါ ပြာပြာလေးပါ ... အစိမ်းရောင်လေး ... ရွှေရောင် ... ရွှေ ရောင် ... တို့ ရွှေရောင် ... ထိုးလိုက်ကြစို့ ဘော်ဒါနော် ... ကဲ ... ဖွင့်ပါပြီဗျာ ... ဖွင့်ပါပြီ၊ ကဲ ... ငွေရောင် တဲ့ဗျား"

သူမ ထိုးထားတာလည်း ငွေရောင်ပဲဖြစ်သည်။ ရပ်နေသော မိန်းကလေးက သူမကို ငွေစက္ကူတွေ အများကြီးပြန်ပေးသည်။ သူမက အိတ်ကပ်ထဲသို့ ထိုးထည့်ကာ "သွားမယ်"ဟု ပြောပြီး ချက်ချင်း လှည့်ထွက်သည်။

"ဘာဖြစ်လို့ ဆက်မထိုးတော့တာလဲ၊ မင်း နိုင်နေတယ်လေ"

သူမက ခပ်မတ်မတ် လမ်းလျှောက်ရင်းမှ ခပ်မော့မော့ပြုံးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လောင်းကစားလုပ်တယ်ဆိုတာ ကံတရားနဲ့လည်း အများကြီးသက်ဆိုင်တယ်၊ ဒီထိုးနေတဲ့ ခဏလေးတွင်းမှာကိုပဲ လူ့ကံက ပြောင်းလဲနေတယ် ...

ပြီးတော့ ကျွန်မမှာ အာရုံတစ်မျိုးရှိတယ်၊ အဲဒီအာရုံ အရ ရပ်လိုက်တာပဲ၊ လောင်းကစားမှာ နိုင်နေရင် ပွဲထဲက ထွက်လိုက်တော့ ...

လူ့ဘဝကြီးထဲမှာလည်း တစ်ခါတစ်ခါကျ လောင်းကစားလုပ်နေတဲ့အတိုင်းပါပဲ၊ နိုင်နေရင် ပွဲထဲက ထွက်လိုက်တော့၊ ဆက်ကစားနေရင် ရှုံးသွားနိုင်တယ်"

"တုမရခင်က ဒိုင်တွေ တော်တော်ပြောတယ်နော်၊ စိတ်ဝင်စားစရာတော့ ကောင်းတယ်"

"ဟုတ်တယ် ကိုညိုရေ၊ သူက မပြောချင်ရင်လည်း ဘာစကားမှမပြောဘူး၊ သူ စိတ်ပါလို့ စကားပြောရင်လည်း အရမ်းနားထောင်လို့ကောင်းတာပဲ ...

သူက အရမ်းစာဖတ်တယ်လေ"

သူက သန္တာ့စကားကို ခေါင်းညိတ်ထောက်ခံလိုက်သည်။ ပွဲခင်းထဲကနေ ပြန်ထွက်လာခဲ့ပြီး အပြင်သို့ လျှောက်လာ





နေစဉ်မှာပဲ သူက မှိုင်းဝနေသော မီးပုံးပျံကြီးကို လှမ်းတွေ့လိုက်ရသည်။

"ဟိုမှာ နောက်တစ်လုံး၊ ညမီးကျည်ပဲ၊ တက်တော့မယ်"

ကွင်းအလယ်နား ရောက်ခါနီးလျှင် သူတို့က လမ်းလျှောက်နေရာမှ မီးပုံးပျံကြီးကို ရပ်ကြည့်ကြသည်။ သူတို့က အမြင့်ပိုင်းမှာဖြစ်၍ မှိုင်းဝကာ အပေါ်တက်ဖို့ရုန်းနေသော မီးပုံးပျံကြီးကို ထင်ရှားစွာမြင်နေရသည်။ ပြီးတော့ သူတို့နဲ့လည်း နီးပါသည်။ သူက မီးပုံးပျံကို စူးစိုက်ကြည့်ကာ ...

"မီးပုံးပျံက တက်ရတော့မှာကွ၊ မှိုင်းတွေ အရမ်းဝနေပြီ၊ ရုန်းတောင်ရုန်းနေပြီ၊ ဘာတွေ ရှေ့ရှိနေတာလဲ မသိဘူး"

သူမရော သန္တာရောက ဘာမှ ပြန်မပြော။ မီးပုံပျံကိုသာ စူးစိုက်ပြီးကြည့်နေကြသည်။ အဲဒီနောက် မီးပုံးပျံက အပေါ်သို့ တက်သွားသည်။ ဒါပေမဲ့ တက်ပြီး သိပ်မကြာခင်မှာပဲ အောက်က ယမ်းငွေ့ရဲ့အလေးချိန်ကို မခံနိုင်ဖြစ်ကာ မြေပြင်မှ အပေါ်သို့ မြင့်မြင့်မတက်နိုင်ဘဲ ဖြစ်နေသည်။ အဲဒီအချိန်မှာ ယမ်းတွေက စပြီး ပေါက်ကွဲတော့တာဖြစ်သည်။ လူတချို့ကို ထိမှန်ပြီးနောက် လူတွေထံမှ အော်သံတွေ ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား … အန္တရာယ်ရှိတယ် တုမရခင်၊ သန္တာ … လာ လာ အကွယ်မှာနေမှဖြစ်မယ်"

သူက ခေါ်သော်လည်း မိန်းကလေးနှစ်ယောက်က တော့ တုပ်တုပ်မှ မလှုပ်ကြချေ။ မမြင်ဖူးသော မြင်ကွင်းကို အထူးတဆန်းဖြစ်ကာ အံ့ဩငေးမောနေကြသည်။ မီးပုံးပျံကတော့ အပေါ်ကို ထပ်မတက်နိုင်တော့။ အနိမ့်ပိုင်းမှာတင် ပျံဝဲကာ ယမ်းခွေမှာ တပ်ဆင်ထားသော ယမ်းတွေက တစ်ခုပြီးတစ်ခု ပေါက်ကွဲတော့သည်။ ဒါမျိုးက ခပ်မြင့်မြင့်ကနေ ပေါက်လျှင် တောင် လူတွေက ကြည့်ကျက်ရှောင်ရသည်ဖြစ်လေရာ ဒီလို အနိမ့်ကနေ ပေါက်တာကတော့ ပြောဖွယ်ရာမရှိတော့။

မီးပုံးပျံတစ်ကွင်းလုံး ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်သည်။ ယမ်းစတချို့သည် သူတို့အနားသို့ ဖွာခနဲ ဖောင်းခနဲ လွင့်စဉ်ပြီးကျလာသည်။ သန္တာက လန့်ကာ စူးစူးဝါးဝါးအော်သည်။ သူက မိန်းကလေးနှစ်ယောက်လုံးကို စိုးရိမ်စိတ်ဖြင့် အော်ဟစ်ရှာသည်။

"သန္တာ တုမရခင် အကွယ်မှာ သွားနေတော့၊ အန္တရာယ် ရှိတယ်၊ ဟိုစင်နောက်ကိုသွား သန္တာ သွား … သွား"





"တု လာလေ နီးနေပြီ"

တုမရခင်က သိပ်ကို တုန်လှုပ်ပုံမပေါ်။ ခပ်အေးအေး ပဲ သန္တာ့ကို လှည့်ကြည့်ကာ သန္တာ့လက်ထဲက ဗီဒီယိုကင်မရာ ကို ဆွဲယူရင်း မီးပုံးပျံရှိရာသို့ ချိန်သည်။

"ကိုခွန်မင်းညို … သန္တာ့ကို ခေါ်သွားပါ၊ ကျွန်မ ဒီမြင် ကွင်းကို ရိုက်ချင်တယ်၊ ကျွန်မအတွက် စိတ်မပူနဲ့"

သူမကား တကယ်ကိုပဲ အကြောက်အလန့်မရှိဘာ ဖြင့် ကင်မရာကို မီးပုံးပျံဆီသို့ချိန်ကာ ရိုက်နေသည်။ မီးပုံးပျံက ယမ်းတွေ အဆက်မပြတ် ပေါက်ကွဲနေမှုကြောင့် လူတချို့လည်း ထိသူကထိ၊ ပြေးလွှားသူအချင်းချင်း တိုက်မိကြ၍ လဲပြိုကျသူတွေကျ ဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်။ သန္တာက အင်မတန်လန့်နေ သောကြောင့် သူက သန္တာ့ကို ဒိုင်စင်ပေါ်သို့ ခေါ်သွားရသည်။ အဲဒီနေရာမှလည်း ယမ်းတွေ လာစဉ်ခြင်းက လွတ်နိုင်မည်။ ဒါတောင် ဒိုင်တွေ ထိုင်သည့်နေရာအထိ မီးကျည်တွေက တဖြောင်းဖြောင်းဝင်လာတာကြောင့် ယင်းလိပ်တွေကို ဆွဲချကာ ကာကွယ်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက သန္တာ့ကို မကြောက်ဖို့ ဖျောင်းဖျရသည်။ အပေါ်မှာလည်း လွတ်ရာကို တက်ရောင်သော တခြားမိန်းကလေးတွေလည်း ရှိသေးသည်။

"သန္တာ ဒီမှာ ခဏနေခဲ့ဦး၊ ကျွန်တော် တုကို သွားခေါ်ဦးမယ်၊ ဘာမှ မစိုးရိမ်နဲ့"

"ခေါ်ပါ ... ခေါ်ပါ၊ မြန်မြန်သွားခေါ်ပါ ကိုညိုရယ်၊ တု တစ်ခုခုဖြစ်သွားလိမ့်မယ်"

"ဒီမှာပဲ စောင့်နေနော်၊ ဘယ်မှ မသွားနဲ့"

သူက သန္တာ့ကို ထားခဲ့ကာ စင်အောက်သို့ ပြန်ဆင်းလာခဲ့သည်။ သူမအတွက် စိုးရိမ်စိတ်က ငယ်ထိပ်ကို ဆောင့်တက်နေကာ တစ်ခုခုဖြစ်သွားမှာကို ကြောက်လှသည်။ များပြားလှသော၊ ယောက်ယက်ခတ်နေသော လူတွေကြားမှာ သူမ ( ) မျက်ကလဲဆန်ပြာ ရှာဖွေရသည်။ သူမ ဝတ်ထားတာ အဖြူရောင်ကုတ်အင်္ကျီမို့ ခဏကြာသောအခါ ရှာတွေ့သွားသည်။

မရွှေချောက သူမကိုယ်သူမ နိုင်ငံခြားသတင်းထောက်များ မှတ်နေလားတော့မသိ။ တစ်စက်မှ အကြောက်အလန့်မရှိဘဲ မီးပုံပျံပေါက်တာကို အသည်းအသန် လိုက်ရိုက်နေသည်။





တစ်ချက်တစ်ချက် ပစ်ဝင်လာသော မီးကျည်များကို ရှောင်ရင်း ဒါမျိုးလုပ်ရတာကို အတော်သဘောတွေ့နေဟန်တူသည်။ သူက ဒေါသထွက်လာစွာဖြင့် သူမရဲ့ပခုံးကို ဆွဲလှည့်လိုက်လျှင် သူမက အံ့သြစွာဖြင့် လှည့်ကြည့်သည်။

"တုမရခင် ဒါလောက်ဆိုတော်ပြီကွာ၊ လာခဲ့တော့ အရမ်းအန္တရာယ်များတယ်"

"ဘာလဲ ဖယ်စမ်းပါ"

သူမက စိတ်ရှုပ်သလိုဖြင့် သူ့လက်ထဲမှ ရုန်းဖယ်သည်။ သူက စေတနာကို နားမလည်သော မိန်းမကို ဒေါသတွေ တော်တော်ထွက်လာသည်။

"ဟိတ် ... မင်းအတွက် စေတနာနဲ့ ပြောနေတာကွ၊ ဒီလောက်တောင် နားမလည်ဘူးလား၊ ဟိုမှာ သန္တာလည်း မင်းကို အရမ်းစိတ်ပူနေတယ် ...

လာစမ်းပါကွာ"

သူက သူမရဲ့လက်မောင်းကို ဆွဲခေါ်လိုက်လျှင် သူမက ထောင်းခနဲဒေါသထွက်သွားဟန်ဖြင့် သူ့ကို စူးစူးဝါးဝါး ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ ဘာဆိုင်လို့လဲ၊ ဖယ်စမ်းပါ ဘာဖြစ်လို့ လိုက်ပြော နေရတာလဲ"

"မင်းကို ချစ်လို့ပေါ့ကွာ၊ ရှင်းပြီလား ... ကဲ"

သူက စိတ်တိုတိုဖြင့် တမင်ပြောပစ်လိုက်သည်။ သူမရဲ့ မျက်လုံးတွေက ဖျတ်ခနဲ ငြိမ်သွားကာ ချက်ချင်းပဲ အေးစက်သွားကြသည်။ ပြီးတော့ ချာခနဲ လှည့်သွားသည်။ အဲဒီအချိန်မှာပဲ မီးကျည်ကြီးတစ်ခုက သူတို့ဘက်သို့ တည့်တည့်ကြီး ပြေးဝင်လာတာကို တွေ့လိုက်ရလျှင် သူက သူမကို ဆွဲကာ အောက်ဘက်သို့ ဝပ်ချလိုက်ရသည်။ မီးကျည်က သူတို့အားက တိုင်တစ်ခုကို သွားထိကာ ဖောင်းခနဲပေါက်သည်။ နောက်ထပ်တစ်ချက်က သူ့ကိုယ်ခန္ဓာကို ဖောက်တည့်လာမှန်သည်။ သူက သူမကို အုပ်မိုးထားတာမို့ သူမ မထိသွားခြင်းဖြစ်သည်။

သူတို့နှစ်ယောက်ကို အနီးနားမှ လူတွေက ဝိုင်းထူကာ သူ့ကို အမြန်ဆေးပြန်းသည်။ သူ့လက်မောင်းမှာ မီးပေါက်သွားကာ ယမ်းထိသွားတာမို့ နာကျင်နေသော်လည်း သူမကိုသာ စိုးရိမ်နေခဲ့ရသည်။

"တုမရခင် ဘယ်ထိသွားသေးလဲ"





"ဘယ်မှ မထိဘူး၊ သန္တာ ဘယ်မှာလဲ"

"ဒီအပေါ်မှာ သွားခေါ်လာခဲ့"

သူမက ခပ်တည်တည်ပဲ ဒိုင်စင်ပေါ်သို့ တက်သွားကာ ခဏနေတော့ သူပါ လိုက်ဆင်းလာသည်။ အဲဒီအချိန်တွင် မီးပုံးပျံသည်လည်း လောင်ကျွမ်းပေါက်ကွဲခြင်း ပြီးဆုံးသွားပြီဖြစ်သည်။ လူတွေကတော့ ဒဏ်ရာရတဲ့သူကရ၊ လဲသူကလဲ၊ ကွဲသူကတွဲ၊ ပြုံသူကပြုံနှင့် ကြက်ခြေနီတွေလည်း ယောက်ယက်ခတ်နေရသည်။

"(......) မီးပုံးပျံမှ မီးဆရာ (......)၊ အဖွဲ့ခေါင်းဆောင် (......) ဒိုင်အဖွဲ့ထံ အမြန်လာပါ၊ လာရောက်ဖြေရှင်းပါ"

ဒိုင်စင်က မိုက်ခ်ဖြင့် ခေါ်နေပြီဖြစ်သည်။ သူတို့သုံးယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ လမ်းလျှောက်လာခဲ့ကြသည်။ သန္တာက သူ့ကို အလွန်အမင်း အားနာနေသော မျက်လုံးများဖြင့်ကြည့်ကာ ...

"ကိုညို တော်တော်ထိသွားလားဟင်"

"ရပါတယ်၊ သိပ်မများပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟုတ်မလဲ၊ အကျီတောင် မီးလောင်ထားတဲ့ဟာ၊ ပြဿနာပဲ တုရယ်၊ နင်ကလည်း အရမ်းအရဲကိုးတာပဲ၊ အရမ်းအန္တရာယ်ကြီးတယ်လေ"

"ဒါ ရုပ်ရှင်ရိုက်နေတာမဟုတ်ဘူး၊ တကယ်ဖြစ်နေတာ၊ ဒါကို မှတ်တမ်းတင်ရမှာပဲ"

သူမကလည်း ခေါင်းမာမာပဲ ပြန်ပြောသည်။ သန္တာက မဟုတ်သေးဘူးဟူသော သဘောဖြင့် ခေါင်းကို ခါယမ်းကာ ...

"ဒါပေမဲ့ နင် ဒီလောက်ကြီး အတင့်မရဲသင့်ဘူးလေ"

သန္တာပင်လျှင် သူမကို ဒေါသထွက်နေဟန်တူသည်။ ဒါလည်း သူမက ဂရုစိုက်ဟန်မတူပါ။

"ငါ့ကိုယ်ငါ ကောင်းကောင်းကြီး တာကွယ်နိုင်ပါတယ်၊ နောက်ဆုံး ဖြစ်သွားတော့ရော ဘာဖြစ်လဲ၊ နင်တို့ကို အပြစ်တင်မယ့်သူ မရှိပါဘူး"

"ကျွတ် ... တု ... နင်ဟာ စေတနာကို နားမလည်ဘူး"

သန္တာက ဘာမှ ဆက်မပြောတော့။ မဏ္ဍပ်စင်မြင့်ဆီသို့ ပြန်ရောက်လာလျှင် သန္တာရဲ့အမျိုးအဆွေတွေက စိတ်ပူစွာဖြင့် စောင့်ဆိုင်းနေကြသည်။ ပြီးတော့ အဖြစ်အပျက်များကို ပြန်





ပြောင်းပြောဆိုကြသည်။ မေးမြန်းကြသည်။ သူတို့မှာတော့ ဘယ်လိုစိတ်ပူရကြောင်း မျှော်ရကြောင်း မီးပုံးပျံပေါက်တာ ဘယ်လိုအံ့မခန်းကြည့်ကောင်းကြောင်း အာပေါင်အာရင်းသန်သန်ဖြင့် ပြောကြတာတွေကို သူမက ကင်မရာပြန်ဖွင့်ပြလိုက်လျှင် သူမအနားမှ လူတွေ ဝိုင်းအုံသွားတော့သည်။

သန္တာကတော့ သူ့ကို စိတ်ပျက်လက်ပျက်ပုံစံဖြင့် ခေါင်းယမ်းပြကာ ...

"သန္တာတော့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး ကိုညိုရယ်၊ အရမ်းလည်း အားနာပါတယ်၊ အရမ်းလည်း ကျေးဇူးတင်ပါတယ် ...

ကိုညို့အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုလည်း ဖြစ်နေခဲ့ပါပြီ၊ အဲဒီတော့"

သန္တာ ဆက်မပြောခင် သူက လက်ကာပြလိုက်သည်။

"ဝန်ထုပ်ဝန်ပိုးလို့ မမှတ်ပါဘူး သန္တာ၊ ကျွန်တော် ပျော်ပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ပျော်ပါတယ် ...

ကဲ ... ကျွန်တော့်ကို ခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သန္တာက သူ့ကို ပါးစပ်အဟောင်းသားပွင့်ကာ ငေးကြည့်ပြီး ကျန်ရစ်ခဲ့သည်။ သူ့လက်မောင်းမှာ ယမ်းမှန်ထားသော နာကျင်နေသော်လည်း သူ့ရင်ထဲက နာတာကိုတော့ မမီပါ။ ဒီလောက် စိုးရိမ်ဂရုစိုက်နေတာကိုတောင် တစ်ချက်လေးမှ ဂရုမစိုက်၊ ဘယ်နားထိသွားလဲလို့ ဟန်ဆောင်ပန်ဆောင်လေးတောင် မေးဖော်မရသူ၊ အင်မတန် စိမ်းကားဥပေက္ခာပြုတတ်သူ၊ နားလည်ရခက်တဲ့သူ၊ ပုံမှန်ဆိုလျှင် ချစ်ချင်စရာတစ်ကွက်မှ မရှိ။

ဒါပေမဲ့လည်း မြန်မာစကားပုံတစ်ခုရှိသည်။ အရိုးကွဲအောင်ရိုက်မှ အသည်းစွဲအောင်ချစ်သည်တဲ့။ သူကလည်း ရင်နာလေ ပိုချစ်လေသာဖြစ်ပါသည်။





## ၁၇

ဒီနေ့မနက်ခင်းသည် တာအတွက် ထူးခြားသော နံနက်ခင်းတစ်ခုဟု ဆိုနိုင်လေသည်။ အဘယ်ကြောင့်ဆိုသော် တာ့ရဲ့ အဖေက ဖုန်းဆက်နှိုးသောကြောင့်ဖြစ်သည်။ ဖေဖေက မနက်ငါးနာရီခွဲမှာ ဂေါ့ဖ်သွားရိုက်တတ်ပြီး ရှစ်နာရီခွဲလောက်မှာ အိမ်ပြန်ရောက်ပြီဖြစ်သည်။ အဲဒီအချိန်မှာ တာ့ဆီကို ဖုန်းဆက်တာဖြစ်သည်။ ရှစ်နာရီခွဲသည် တာ နိုးပြီးကာစ Breakfast စားဖို့ ပြင်ဆင်နေတုန်းအချိန်ဖြစ်သည်။ အိမ်ဖုန်းကို လာတာမို့ တာက သွားကိုင်လိုက်လျှင် ...

"သမီး နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ ဖေဖေရော"

"အင်း ... ဖေဖေတော့ သိပ်နေမကောင်းချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကောင်းမလဲ၊ ဖေဖေက ဒီလောက်အရက်တွေ လုပ်နေတာကို:"

ကြင်နာသည့် စကားသံမပါဘဲ ပြန်လည်ဘုတော လျှင် ဖေဖေက သဘောကျစွာ တဟားဟားနှင့် ရယ်မောသည်။ တုသည်လည်း ဒီဘက်ကနေ၍ အသာအယာပြုံးနေခဲ့ပါသည်။

"သမီးရဲ့ SMS ကို တွေ့ပါတယ်၊ သမီးက ဖေဖေ့ကို တောင်ကြီးလာစေချင်တာလား"

"လာစေချင်တယ်၊ ဒီမှာပဲဖြစ်ဖြစ် ကလောမှာပဲဖြစ်ဖြစ် အနားယူစေချင်တယ်၊ ဖေဖေ့အလုပ်တွေက တစ်လလောက် ခွင့်ယူလိုက်ပါလား"

"အမယ်လေး ... သမီးလေးရယ်၊ တစ်လ ! ဟုတ်လား၊ အင်း ... တစ်ပတ်ဆိုတောင် တော်တော်စဉ်းစားရဦးမှာပါ ...

ဖေဖေက လာချင်ပါတယ်၊ ဖေဖေ့အလုပ်တွေက အဲဒီလောက် ပစ်မရဘူးလေ"

"အခုနေ ဖေဖေ သေသွားရင်ရော တစ်သက်လုံးစာအတွက် ပစ်သွားရမှာ မဟုတ်ဘူးလား"





"ဟား ဟား ဟား ... ငါ့သမီးကတော့ကွာ၊ ပြောလိုက်မှဖြင့် ပိသာလေးနဲ့ဘေးပစ်၊ အေး ... ဟုတ်ပါတယ်၊ ဟုတ်ပါတယ် ...

သမီးပြောသလို အဲဒီ...က်မှာ ဖေဖေ တစ်လလောက် လာနားမယ်၊ အခုတော့ မဟုတ်...ဘူး၊ နွေရောက်တော့မှ ခုတော့ အရမ်းအေးတယ်ကွ၊ ဖေဖေ အဲဒီလောက် အအေးဒဏ်ကို မခံနိုင်ဘူး ...

သမီး သိပါတယ်၊ ဖေဖေက အရမ်းအေးရင် အဆစ်အမြစ်တွေ ကိုက်တတ်တယ်"

တုက အဲဒါကိုတော့ ဘာမှ ပြန်မပြောတော့ချေ။

"သမီး ဘယ်တော့လောက် ပြန်လာမလဲ"

"မစဉ်းစားရသေးပါဘူး ဖေဖေ၊ ပြန်လာဖို့တော့ နီးနေပါပြီ၊ ပြန်လာခဲ့ရင်လည်း တုဘဝကို အသစ်ကပြန်စဖို့ စဉ်းစားထားပါတယ် ...

တု ဖေဖေ့ရဲ့အလုပ်တွေကို ကူပါမယ်၊ တချို့ကို ဦးစီးပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... ဖေဖေ့ကို နောက်နေတာတော့ မဟုတ်ပါဘူးနော် သမီး"

"တုက စိတ်မပါရင် စကားတောင် မပြောတတ်သူပါ၊ ဖေဖေ့သမီးရဲ့အကြောင်းကို ဖေဖေ မေ့နေပြီလား"

"မမေ့ပါဘူး၊ အံ့ဩလွန်းလို့ပါ၊ အေး ... တောင်ကြီး ခရီးစဉ်က သမီးကို အဲဒီလောက်တောင် ပြောင်းလဲစေလား၊ မိုးမိုးနဲ့ သန္တာက သမီးကို ဘာတွေ စည်းရုံးလိုက်လဲ"

"အန်တီမိုးနဲ့ သန္တာက သမီးကို စိတ်ချမ်းသာအောင် ထားရုံကလွဲပြီး အဲဒီလိုတွေ ဘာတစ်ခုမှ မပြောပါဘူး ...

သမီးကိုယ်သမီး အကြိမ်ကြိမ် ဆန်းစစ်ကြည့်နေတာပါ၊ မျှော်လင့်ချက် Hope ဆိုတဲ့ စကားလေးက အရင်က သမီးနဲ့ ဘာမှ မဆိုင်သလိုပဲ ...

ခုတော့ သမီးမှာလည်း မျှော်လင့်စရာတွေ အများကြီးရှိတယ်၊ အများကြီးပြောင်းလဲဖန်တီးနိုင်တယ် ဆိုတာတွေ သိလာရပြီ ...





မျှော်လင့်ချက်တစ်ခုနဲ့ အသက်ရှင်ရတာ ဘယ်လောက် ရှုးသွပ်စရာကောင်းလဲဆိုတာကို မီးပုံးပျံလွှတ်တဲ့ လူတွေကို ကြည့်ပြီးမှ ပိုသဘောပေါက်လာခဲ့တာ၊ သမီးကိုယ်တိုင်လည်း မျှော်လင့်ချက်ပါတဲ့ အလုပ်တွေကို လျှောက်လုပ်ကြည့်ခဲ့တယ် ...

ဥပမာ အလှူယ်ဆုံး ပွဲခင်းထဲမှာ လောင်းကစားဆော့တာပေါ့ ဖေဖေ၊ အဲဒီမှာ မျှော်လင့်ချက်နဲ့ မျက်လုံးတွေ တောက်ပနေတဲ့ လူတွေရဲ့ မျက်နှာကို တု သွားဖတ်မိတယ် ...

ရှုံးဖို့ Chance များတဲ့ အချိန်မှာတောင် မျှော်လင့်ချက်တစ်ခုကို ဆုပ်ကိုင်ထားတဲ့ စိတ်ထားမျိုး တု ကြိုက်တယ်၊ ဒါကြောင့် တုလည်း အဲဒီ ဖီလင်ကို ဝင်ခံစားတတ်ခဲ့တာ ...

တု ပြန်လည်ရှင်သန်တော့မှာပါ"

"ဖေဖေ ဝမ်းသာတယ် သမီးရယ်၊ သိပ်ကို ဝမ်းသာတယ်၊ အထူးသဖြင့် ဘယ်သူ့ကြောင့်မှ မဟုတ်ဘဲ သမီးရဲ့ ရပ်တည်ရှင်သန်မှုကို သမီးဘာ့သာ ပြန်လည်ရှာဖွေနိုင်တဲ့ အတွက် ပိုဝမ်းသာတာ ...



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ယူပါတယ် သမီးလေးရယ်၊ ဖေဖေ့သမီးလေးက ဖေဖေ မဆုံးမခဲ့ပေမယ့် မသွန်သင်ခဲ့ပေမယ့် တကယ် လိမ္မာပါတယ် ...

အိုကေ ... သမီး အိုကေ ... ဘာပြောဦးမလဲ"

"ကျန်းမာရေးကို ဂရုစိုက်ပါ ဖေဖေ"

"အေးပါကွာ အေးပါ၊ အဲဒါဆို ဆီးယူ သမီးလေး၊ ဖေဖေ ရုံးသွားဖို့ ပြင်ဆင်လိုက်ဦးမယ်"

ဖေဖေ့ထံမှ ဖုန်းချသွားလျှင် တုသည် Breakfast စားဖို့ ထမင်းစားခန်းထဲ ဝင်သွားခဲ့သည်။ Breakfast ဝိုင်းမှာ အန်တီမိုးနှင့် သန္တာက ရောက်နှင့်နေပြီ။ သန္တာက ဝင်လာတာမြင် လျှင် ...

"တု လပြည့်နေ့ကျရင် ဖေဖေတို့နဲ့ ကလောကို သွားစရာရှိတယ်၊ အဲဒါ နင် လိုက်မှာလား"

"မလိုက်တော့ဘူး"

"ဒါဆိုလည်း နေချင်နေခဲ့လေ၊ ညဘက် မီးပုံးပျံပွဲရော သွားဦးမှာလား၊ အမီတော့ ပြန်လာခဲ့မှာပါ၊ မိုးချုပ်သွားရင်တော့ ကရလောအိမ်မှာပဲ အိပ်လိုက်တော့မယ်"





"ရပါတယ်၊ ငါ့အတွက် စိတ်မပူပါနဲ့"

အန်တီမိုးက Brakefastစားပြီး၍ ဈေးသို့ ထွက်သွားလျှင် သန္တာက တုကို ညကအကြောင်း စကားဆက်လာသည်။

"ညက ကိုညိုကို တော်တော်အားနာဖို့ကောင်းတယ် တု၊ သူ့ကို နင် ဖုန်းဆက်ပြီးတော့ တောင်းပန်သင့်တယ်"

"တောင်းပန်တယ်ဆိုတာ ငါက တစ်ခုခု အပြစ်လုပ်မှ တောင်းပန်ရမှာမဟုတ်လား၊ ပြီးတော့ သူက ငါ့ကို ချစ်နေတဲ့သူပဲ၊ သူ့ဟာသူဖြစ်နေတဲ့ ကိစ္စတစ်ခုကို ငါက ဘာကိစ္စ တောင်းပန်ရမှာလဲ ...

လူတစ်ယောက်ကို ချစ်ရင် သံယောဇဉ်ထားနေရင် ဒီလိုမျိုး မဆိုင်တဲ့ပူလောင်မှုတွေဆိုတာ ကပ်ပါလာမှာပဲ၊ အဲဒီအတွက် ငါ့မှာ တာဝန်မရှိဘူးလို့ ငါ ခံစားရတယ် သန္တာ"

သန္တာက အေးအေးဆေးဆေး ပြန်ပြောနေသော တုကို မျက်တောင်မခတ်စတမ်း ငေးကြည့်နေသည်။ ပြီးတော့မှ ...

"နင့်ကို ချစ်နေတယ်ဆိုတာ နင် ဘယ်လိုလုပ်သိတာလဲ"

"သူကိုယ်တိုင် မနေ့က ပြောခဲ့တာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ဘုရားရေ"

သန္တာက ရင်ဘတ်ကဖိဖိဖြင့် အံ့သြနေသော်လည်း တုကတော့ ကော်ဖီသောက်မပျက်ပါ။

"နင် သူ့အပေါ်မှာ ဘယ်လိုမှ မခံစားရဘူးလားဟင်"

"အမှန်အတိုင်းပြောရရင် သူက ခင်ဖို့ကောင်းတဲ့ လူတ ယောက်ပါ၊ စိတ်ရင်းလည်း ကောင်းပါတယ်၊ ဒါပေ နှိုင်းဘွဲ့နေရာမှာတော့ အစားထိုးဝင်လာစရာအကြောင် မရှိဘူး ...

ပြီးတော့ ဒီထက်ပိုတဲ့ ခင်မင်မှုမျိုးနဲ့ သူ့ကို ဒု မပေးချင်ဘူး၊ ငါက အချိန်တန်ရင် ပြန်မယ့်လူပါ၊ ဒါကြော အတတ်နိုင်ဆုံး ဥပေက္ခာပြုထားခဲ့တာပဲ၊ အစောကြီးတည် က သူ့စိတ်ကို ငါ ကြိုသိနေခဲ့တယ်"

"တုရယ်"

သန္တာက အံ့သြစွာ ရေရွတ်သည်။ တုက ခေါ တစ်ချက်ဆတ်လိုက်ကာ ...

"သိပ်မကြာခင် ငါ ရန်ကုန်ကို ပြန်တော့မယ် သန္တာ





"ဘာဖြစ်လို့လဲ၊ ဒီမှာ နင် ပျော်တယ်ဆို !၊ စိတ်ချမ်းသာတယ်ဆို"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီအတိုင်းပဲ တစ်သက်လုံးနေသွားလို့မှ မဖြစ်တာ၊ ဒီမှာရခဲ့တဲ့ စိတ်ဓာတ်ခွန်အား ပြောင်းလဲမှုတွေနဲ့ ငါ့ဘဝကို ပြန်ရှင်သန်ရမယ်လေ ...

မေမေ့အလုပ်တွေကို ဝင်ကူရမယ်၊ ဘဝကို အစီအစဉ်ရှိရှိ ရှင်သန်ရမယ်၊ နှိုင်းဘွဲ့လည်း ငါ့ကို ဒီအတိုင်းပဲ ဖြစ်စေချင်မှာပါ"

"နင် နှိုင်းဘွဲ့ကို ခုထိ မမေ့သေးဘူးပေါ့"

"နှိုင်းဘွဲ့ဆိုတာ မေ့စရာလူလား"

တုက ကော်ဖီသောက်ရင်းမှ မျက်လုံးလှန်ကြည့်ကာ အေးအေးဆေးဆေးပဲ မေးဖြစ်သည်။ သန္တာကတော့ အဲဒီမေးခွန်းကြောင့် တုရဲ့ မျက်လုံးတွေထဲမှာ အဖြေကို အရင်ရှာနေမိသည်။ မျက်လုံးတွေကတော့ မှိုင်းညို့မနေပါ။ ရီဝေမနေပါ။ အင်းလေ ... ဒီမိန်းကလေးဟာ အစတည်းက ဖြတ်ဖြတ်သားသား ရှိခဲ့တဲ့ မိန်းကလေးပဲ။ ပြီးတော့ သူ မှန်တယ်ထင်ရင် ခေါင်းမာတတ်တဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com



"မေ့စရာလို့ပြောတာမဟုတ်ပါဘူး၊ ငါ စကားပြောတာ လောသွားလို့ပါ၊ သူနဲ့ပတ်သက်ပြီး နင် တည်ငြိမ်သွားပြီလား၊ အဲလိုပြောတာ"

"တကယ်တော့လေ ..."

တုက အဲဒီလို အစချီကာ စကားကို ဆက်မပြောသေးပေ။ အတိတ်ရဲ့အကြောင်းအရာကို ပြောမှာမို့ တုရဲ့စိတ်တို့သည် အတိတ်ဆီသို့ ပျံဝဲသွားကြသည်။ နှိုင်းဘွဲ့ကို တု ချစ်ခဲ့သည်။ တုရဲ့ပယောဂမကင်းစွာဖြင့် သူ သေဆုံးသွားခဲ့ရသည်။ အဲဒီစိတ်နဲ့ တုလည်း သွက်သွက်ခါရူးမသွားရုံတမယ် ဆေးကုသခဲ့ရပါသည်။

အခုချိန်မှာတော့ တုကိုယ်တု ဘာလုပ်သင့်တယ်ဆိုတာကို သိသွားခဲ့ပြီဖြစ်သည်။ အဲဒီလိုပဲ အချစ်မှာ ရောစပ်ပါဝင်သော သံယောဇဉ်အကြောင်းကိုလည်း နားလည်သိတတ်ခဲ့ပြီဆိုပါစို့။

"နှိုင်းဘွဲ့ကို ချစ်ခဲ့တယ်ဆိုတာလည်း ငါ့အပေါ်မှာ သိပ်ကို နားလည်ပေးနိုင်တဲ့ ယောကျ်ားတစ်ယောက်မို့ ချစ်ခဲ့တာပါ ...





ပြောရရင် ငါက အတ္တကြီးတယ် သန္တာရယ်၊ ငါ့အတ္တတွေက တော်တော်ကြီးကို ကြီးခဲ့တာ၊ အဲဒီအတ္တတွေကြောင့်လည်း နှိုင်းဘွဲ့ သေခဲ့ရတာပဲ၊ ငါ့အတ္တကြောင့်ပဲ ငါ့ဘဝလည်း သေခဲ့ရတာ ...

အခု ပြန်စမယ့်ဘဝသစ်မှာ အတ္တတွေ နည်းသထက်နည်းအောင်၊ နောက်ဆုံး လုံးဝမရှိတော့အောင် ငါ ကြိုးစားမယ်၊ ငါနဲ့ ဆက်ဆံရတဲ့လူတွေကို ငါ့အတ္တတွေနဲ့ ပတ်သက်ရတဲ့သူတွေ မဖြစ်စေချင်ဘူး ...

ဒါကြောင့် ခွန်မင်းညိုကိုလည်း ဥပေက္ခာပြုထားခဲ့တာ အဲဒီအတ္တတွေစင်မှာစိုးလို့ပါ၊ ငါ့ကြောင့် လူတွေ ဒုက္ခမရောက်စေချင်ဘူး"

သန္တာက နားလည်ဟန်ဖြင့် ဘာမှ ဆက်မပြောတော့ချေ။ တုသည်လည်း ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်သွားသည်။ ဒီနေ့ဟာ မီးပုံးပျံပြိုင်ပွဲရဲ့ နောက်ဆုံးနှုတ်ဆက်ညဖြစ်သည်။ သန္တာကတော့ ကလောကို ကိစ္စရှိ၍ ဆင်းရမည်။ ဒါဆို တုကရော အဲဒီပြိုင်ပွဲရဲ့ တောင်ပေါ်သားအဖွဲ့ကို သွားအားပေးမှာလား။ ဒါက တုကိုယ်တု ပြန်မေးနေသော မေးခွန်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

သူ့ရင်ထဲတွင် တော်တော်ကြီးကို ဂနာမငြိမ်ဖြစ်နေခဲ့သည်။ ဒီနေ့ဟာ လပြည့်နေ့ည သူတို့ရဲ့ တောင်ပေါ်သား မီးပုံးပျံကို လွှတ်တင်ပြိုင်ပွဲဝင်ရမှာလည်းဟုတ်သလို သူမတစ်ယောက် လာပါ့လာပါ့မလားလို့ တွေးပူတာလည်းပါသည်။ သန္တာ့ကို ဖုန်းဆက်မေးသောအခါ သူမကတော့ ကလောသို့ ဆင်းမည်ဟု သိရသဖြင့် မလာဖြစ်တော့ဟု သိရသည်။ တုမရခင်တစ်ယောက်တော့ ကလောသို့ မလိုက်ဟုသိသောအခါ သူ ဘယ်လိုလုပ်ရမှန်းမသိဖြစ်သွားသည်။

သူမကို ဖုန်းဆက်ပေးရင်လည်း ကောင်းကောင်းဖြေမှာမဟုတ်ဟု ကြိုသိနေသောကြောင့် မေးလည်းမမေးချင်တော့။





ပေမဲ့ ဒီနေ့ပွဲကို သူမ ရောက်မလာနိုင်တော့ဘူးဟူသော အသိင်လာလျှင် သူ့ရင်ထဲ၌ စိတ်မာတ်ကျချင်သလိုလို အားမရှိတော့သလိုလို ဖြစ်သွားသည်။ ကစ်သက်လုံးက လွှတ်တင်လာခဲ့သော မီးပုံးပျံလွှတ်ရမှာတောင် ယုံကြည်မှုမရှိတော့သလိုလို အားငယ်သလိုလိုတွေ ဖြစ်လာသည်။

သေချာတာကတော့ သူမ လာဖို့ မမြင်ပါ။ တစ်နေ့တင် ယောက်ယက်ခတ်နေသော ပွဲထဲမှာ သူမအတွက် စိုးရိမ်တ်အပြည့်ဖြင့် ချစ်တဲ့အကြောင်း ပွင့်ထွက်သွားပြီးပြီ။ သူမကတော့ ဘယ်လိုထင်မယ်မသိ။ သေချာတာတော့ သူ့အတွက် မိုင်းစ်ပဲဖြစ်သည်။ နဂိုတည်းကမှ သူ့ကိုဆိုလျှင် ခြေအားစက်စိမ်းကားတ်သော မိန်းကလေးဟာ အခုချိန်မှာဆိုရင်တော့ ပြောဖွယ်မရှိတော့ပြီ။ သူ့ရင်ထဲမှာ တကယ်ပဲ ခံစားရပါသည်။ ဒီမိန်းကလေးကို ဘာကြောင့်များ ဒီလောက်ထိ ချစ်သွားရသလဲ သူ့ကိုယ်သူတောင် မသိတော့ပါ။

သူတို့အဖွဲ့ လွှတ်တင်ရတော့မည့်အချိန် နီးကပ်လာလျှင် သူတို့အုပ်စုက ကားတန်းကြီးနှင့် ချီတက်လာခဲ့ကြရသည်။ သူက ယမ်းခွေတင်ထားသော ကားပေါ်မှာလိုက်ကာ အိတ်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကို ခဏခဏ ထုတ်ကြည့်ပြီးနောက် သူမဆီဆက်ရင် ကောင်းမလားဟု စဉ်းစားမိသည်။ ဒါပေမဲ့လည်း မဆက်ဖြစ်။ ဒီလိုနှင့် သူတို့ မီးပုံးပျံကို ယမ်းချိန်တဲ့နေရာသို့ ရောက်လာသည်။ သူမဆီတော့ ဖုန်းမဆက်ဖြစ်တော့။

နောက်တော့ သူသည် သူမကို စိတ်ထဲမှ လုံးဝထုတ်ထားလိုက်တော့ကာ မီးပုံးပျံဆီမှာပဲ အာရုံစိုက်လိုက်တော့သည်။ မီးပုံးပျံအရွက်ကြီးကို စဖြန့်သူတွေကဖြန့်၊ မီးဆော်တွေကို မီးစရှို့ကာ မီးပုံးပျံလွှတ်တင်ဖို့ စပြီး Ran နေပြီဖြစ်သည်။ အဲဒီအချိန်မှာ ဒိုင်ကလည်း နာရီကြည့်ကာ အမှတ်စပေးနေပြီမို့ သူ့အာရုံတွေကို မီးပုံးပျံဆီမှာပဲ အပြည့်အဝပို့ထားလိုက်ပြီဖြစ်သည်။ သူက မီးပုံးပျံ မှိုင်းခံနေချိန်မှာ ယမ်းခွေတွေကို လိုက်စစ်သည်။ သူ့လူတွေက မီးပုံးပျံအနားသို့ ဘယ်သူမှ အကပ်မခံတော့ဘဲ စည်းတားလိုက်ကြပြီဖြစ်သည်။

မီးပုံးပျံလည်း မှိုင်းဝပြီ။ ယမ်းခွေကိုလည်း မီးပုံးပျံမှာ ချိတ်ပြီးလျှင် အားလုံး Ready ဖြစ်သွားပြီ။ အဲဒီအချိန်မှာ ယမ်းစကို မီးရှို့ပေးလိုက်ပြီ။ သူတို့ရဲ့ တောင်ပေါ်သားမီးပုံးပျံကြီးသည် အပေါ်သို့ တငြိမ့်ငြိမ့်ဖြင့် တက်သွားတော့လေသည်။





တက်တာမှ ဖြည်းဖြည်းလေးတက်သွားကာ ဘာမီးမှ စမပေါက်။ တော်တော်ကို ငြိမ်သက်နေသေးသည်။ သူ့ရင်ထဲမှာတော့ တဒုတ်ဒုတ်။ လူတွေကလည်း ယမ်းမပေါက်သေးဘူးလားဟု တထင့်ထင့်။ အမှန်က ဒီအချိန်မှာ ယမ်းတွေ စပေါက်ရတော့ဖြစ်သည်။ ဒါမှ အလှဆုံးအနေအထားကိုရမည်။ အဲဒီအချိန်မှာပဲ ပုလဲပန်းလိုရောင်စုံအလုံးလေးတွေက တဖွားဖွားပြုတ်ကျလို့လာလျှင် လူတွေထံမှ ဟောခနဲ အသံတွေ ညံသွားသည်။ ပြီးတော့ အဖြူရောင်မီးပန်းကြီးတစ်ခုက ဖြောင်းခနဲ မြည်အောင် လှပစွာ ပေါက်ကွဲသွားသည်။

နောက်တော့ ဆက်တိုက်ဆိုသလိုပင် မီးဒီဇိုင်းတွေ မျိုးစုံ ပေါက်ကွဲတော့သည်။ ပရိသတ်တွေထံမှ လက်ခုပ်သံတွေ၊ ဟေးခနဲ အားခနဲ အော်ဟစ်သံတွေက ဆူညံနေသည်။ အဲဒီကျမှ အိုးစည်သံတွေကလည်း သောသောညံလျက်။ အဖွဲ့သားတွေလည်း ကခုန်နေတော့သည်။ သူ့သူငယ်ချင်းတွေ သူ့ကို စိုင်းဖက်ကြသည်။ တခြားအသိမိတ်ဆွေတွေကလည်း လာရောက်နှုတ်ဆက်ကြသည်။ သူတို့တတွေ ကွင်းထဲက ပြန်ထွက်လာသောအခါ အပေါက်ဝနားမှာ သူ မမျှော်လင့်ထားသော လူတစ်ယောက်ကို အံ့ဩစရာတွေ့ရှိလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လောင်းကုတ်အင်္ကျီရှည်ထဲကို လက်နှစ်ဖက်လျှိုသွင်းကာ သူ့ကို အကြည်လင်ဆုံးပြုံးပြနေသော သူမ။

ရုတ်တရက်တော့ ပွဲခင်းကြီးတစ်ခုလုံးသည့် တိတ်ဆိတ်သွားသလို ပြီးတော့ ဒီကွင်းကြီးထဲမှာ သူနဲ့သူမ နှစ်ယောက်တည်းပဲ ရှိတော့သလို ခံစားသွားရသည်မှာ အကြာကြီး။ သူက မှင်သက်နေတုန်းမှာပဲ သူမက ရှေ့တစ်လှမ်းတိုးလာကာ ...

"Congratarationပါ ကိုခွန်မင်းညို၊ ရှင်တို့မီးပုံးပျံ သိပ်လှတာပဲ၊ ဆုတစ်ခုခုတော့ ရမှာပါ"

သူက အဲဒါတွေ သိပ်စိတ်မဝင်စားတော့ပါ။ အကောင်းဆုံးလုပ်ထားခဲ့သော အလုပ်တစ်ခုအပေါ်မှာ တာဝန်ကျေခဲ့ပြီမို့ မျှော်လင့်ချက်ကတော့ နောက်နားမှာပဲ ထားတော့သည်။ အခုချိန်မှာ သူ စိတ်အဝင်စားဆုံးကိစ္စက သူမ ဘယ်သူနဲ့ လာတာလဲဟူသော မေးခွန်းပဲ ဖြစ်တော့သည်။

"တုမရခင် ဘယ်သူနဲ့ လာတာလဲ"

သူမက ထုံးစံအတိုင်း အသည်းယားစဖွယ် မျက်နှာပေးဖြင့် မခိုးမခန့်ပြုံးကာ ...

"အဲဒါက ဒီလောက် စိတ်ဝင်စားဖို့ကောင်းလို့လား"





"မင်းတစ်ယောက်တည်း ကားမောင်းလာတာလား"

"ဆိုပါတော့"

"ဟား ... တုမရခင်ရယ် ... စိတ်ထင်ရာတွေ သိပ်လုပ်တတ်တာပဲကွာ၊ ဘာဖြစ်လို့ တစ်ယောက်တည်း ထွက်လာရတာလဲ"

"တစ်ယောက်တည်းလာတော့ ဘာဖြစ်လဲ၊ ရှင် လုံးဝ သင်မထားဘူးမဟုတ်လား၊ ကျွန်မလည်း လာဖို့ စိတ်ကူးမရှိပါဘူး ...

ဒါပေမဲ့ တောင်ကြီးမြို့မှာ ကျွန်မရဲ့ ရှားရှားပါးပါး မိတ်ဆွေတစ်ယောက်ကို လာအားပေးသင့်တယ်လို့ ထင်လို့ပါ၊ အဲ ... သင့်တာတော့မဟုတ်ဘူး၊ အားကိုပေးချင်ခဲ့တာ"

သူဟာ စိတ်လိုလက်ရ ပြောနေသော ကောင်မလေးရဲ့ မျက်နှာကို ဆို့နင့်စွာ ငေးနေမိသည်။ မင်းဟာ တကယ်ကို အရူးမလေးပါလား တုရယ်။ မင်းကို ဘယ်လို နားလည်ပေးရမှာတော့မှာလဲ။

"အိုကေလေ ... သိပ်မှောင်လို့မဖြစ်ဘူး၊ ကျွန်မ ပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လိုက်ပို့မယ်"

"မလိုဘူး၊ ရတယ်"

"မဟုတ်ဘူး၊ မင်း ကားကို မင်းမောင်း၊ ကိုယ် နောက်က ဆိုင်ကယ်နဲ့လိုက်ခဲ့မှာ၊ သွားတော့ ...

အိမ်ထဲရောက်ရင် ကိုယ် ဖုန်းဆက်မယ်၊ မင်းနဲ့ စကားပြောချင်တယ်၊ ဖုန်းကိုင်ပါ"

သူမက သူ့ကို ခပ်နက်နက် တစ်ချက်စိုက်ကြည့်ကာ ဘာမှ မပြောတော့ဘဲ လှည့်ထွက်သွားသည်။ အဲဒီနောက် မလှမ်းမကမ်းရှိ ကားပါကင်မှာ ရပ်ထားသော သူမရဲ့ကားပေါ်သို့ တက်ကာ မောင်းထွက်သွားလေသည်။ သူက ဆိုင်ကယ်ကို ယူ၍ သူမရဲ့ကားနောက်က လိုက်လာလျှင် ခဏလေးနှင့် မီသည်။ ကြားအချိန်မို့ လမ်းမှာ ကားတွေကျပ်မနေတော့။ နောက်တော့ သူမက ဆောက်လုပ်ရေးဝင်းထဲသို့ ချိုးဝင်သွားလျှင် သူက လိုက်မဝင်တော့ဘဲ အဝမှာပဲ ကျန်နေခဲ့ကာ ဆိုင်ကယ်ကို ရပ်လိုက်သည်။ ပြီးတော့ အဲဒီဇိပ်ကွာ အုတ်ခုံလေးမှာ ဝင်ထိုင်လိုက်ကာ အိတ်ထဲကဖုန်းကို ထုတ်လိုက်သည်။





ဖုန်းဖွင့်လိုက်ပြီး နာရီတစ်ချက်ကြည့်လိုက်လျှင် ကိုးနာရီထိုးပြီးပြီဖြစ်သည်။ သူမတစ်ယောက် အိမ်ထဲသို့ ရောက်လောက်ပြီဟုသော အချိန်မှာ ဖုန်းခေါ်လိုက်သည်။ သူမရဲ့လက်ကိုင်ဖုန်းနံပါတ်ကို သူ မသိပါ။ ကိုင်တာလည်း မတွေ့ရ။ လက်ကိုင်ဖုန်း မနှစ်သက်သောမိန်းကလေးကို ဒီတစ်ခါပဲတွေ့ဖူးပါသည်။

သူ ဖုန်းခေါ်တာ နှစ်ချက်မြည်ပြီးလျှင် တစ်ဖက်က ဖုန်းကောက်ကိုင်သည်။ ဟယ်လိုထူးသံသည် သူမရဲ့ ထူးသံမှန်း သူ အတပ်သိပါသည်။

"တုမရခင်"

"ပြောလေ ကျွန်မ နားထောင်နေတယ်"

"ကိုယ့်ကို မင်း လာအားပေးမယ်လို့ မျှော်လင့်မထားဘူး၊ လုံးဝ ထင်မထားဘူး၊ အဲဒီအတွက် ကျေးဇူးအများကြီးတင်ပါတယ်"

"ရှင် ပြောချင်တာ ဒါပဲလား"

"မဟုတ်သေးဘူး၊ ကိုယ် အဓိကပြောချင်တာက တစ်နေ့က မင်းကိုပြောတဲ့ ချစ်စကားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအတွက် ကျွန်မမှာ ရှင့်ကို ပြန်ပြောစရာ ဘာအကြောင်းမှ မရှိဘူး"

"ကိုယ့်မှာတော့ အကြောင်းရှိတယ်၊ မင်းကို အဲဒီစကားနဲ့ ပတ်သက်ပြီး ဘာဝန်ထုပ်ဝန်ပိုးမှ မဖြစ်စေချင်ဘူး၊ ပြီးတော့ အချစ်ကိုလည်း ကိုယ် မမျှော်လင့်ဘူးဆိုတာ ပြောမလို့ပါ"

"ဘယ်လို !"

"ဟုတ်တယ်၊ မင်းမှာ တစ်သက်လုံးချစ်သွားရမယ့် ချစ်သူရှိတယ်ဆိုတာ ကိုယ် သိပါတယ်၊ အဲဒီအတွက် မင်းဆီက အချစ်ကိုလည်း ကိုယ် မမျှော်လင့်ပါဘူး ...

ဒါပေမဲ့ မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာကိုတော့ မင်း သိစေချင်တယ်၊ မင်းထင်နေသလို မင်းကို ချစ်နေလို့ မင်းအချစ်ကို လိုချင်လို့ မင်းအနားကပ်ရပ်ပြီး အနွံတာခံနေတယ်လို့တော့ မထင်နဲ့ ...

ကိုယ်တို့ တောင်ပေါ်သားတွေက စကားပြောတာ ပြတ်ပါတယ်၊ မင်းလည်း ပြတ်တာပဲ၊ ဒီတော့ ကိုယ့်စကားတွေကို မင်း နားလည်မှာပါ"





သူမထံမှ စကားသံ ထွက်မလာချေ။ တစ်ခုခုကို အပြင်းအထန် စဉ်းစားနေတာလည်း ဖြစ်နိုင်ပါသည်။ ခဏကြာတော့မှ ...

"မိန်းကလေးတစ်ယောက်ကို ချစ်တယ်လို့ပြောပြီး သူ့ဆီက အချစ်ကိုတော့ ပြန်မလိုချင်ပါဘူးဆိုတဲ့ စကားက ရိုးသားမှု ပါနိုင်ရဲ့လား ...

စစ်မှန်နိုင်ပါ့မလား"

"ဒီမှာ တုမရခင်၊ ယောက်ျားတိုင်းမှာလေ တောင်ပေါ်က ယောက်ျားပဲဖြစ်ဖြစ် မြေပြန့်ကယောက်ျားပဲဖြစ်ဖြစ် တူညီတဲ့ အတ္တတစ်ခုတော့ ရှိတယ် ...

အဲဒါ ဘာလဲဆိုတော့ ကိုယ့်ကိုပြန်ချစ်ဖို့ ရှစ်ဆယ်ရာခိုင်နှုန်းလောက်သေချာတဲ့ မိန်းကလေးကိုမှ သူတို့ချစ်ကြောင်း ဖွင့်ပြောတတ်ကြတာပဲ ...

မင်းကတော့ ကိုယ့်ကို ပြန်ချစ်ဖို့ဆိုတာ ဟိုဘက်ဘဝမှာတောင် ဖြစ်မလာနိုင်တဲ့ကိစ္စပါ၊ ဒါပေမဲ့ ကိုယ်က မင်းကို သိသွားစေချင်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ မင်းက အချိန်တန်ရင် အိမ်ပြန်မယ့်သူပါ။ တစ်နေ့နေ့မှာ မင်း ကိုယ့်ကို မေ့သွားမှာပါ ...

ဒါပေမဲ့ မင်းစိတ်တွေကို ပြန်လည်လန်းဆန်းစေခဲ့တဲ့ တောင်ကြီးမြို့ကိုတော့ အမြဲတမ်း သတိရနေမယ်လို့ထင်တယ်၊ တောင်ကြီးမြို့နဲ့ ထပ်တူ ကိုယ့်ကိုလည်း နည်းနည်းလောက်ဖြစ်ဖြစ် သတိရရင် ကျေနပ်ပါပြီ ...

မင်းဆီက ကိုယ်လိုချင်တာ အဲဒီလောက်ပါပဲ တုမရခင်"

သူမဘက်မှ အသက်ရှူသံတစ်ခုမှလွဲ၍ ဘာမှ မကြားရချေ။ အဲဒီနောက်မှာတော့ ခဏကြာသောအခါ ဖုန်းချသွားခဲ့ပါသည်။ သူသည် Display ပေါ်ကို တစ်ချက်စိုက်ကြည့်ကာ အသက်ကို ဝဝရှူလိုက်လေသည်။

❣ ○ ❣





၁၉

မနက်ဖြန်သည် ရန်ကုန်သို့ တု ပြန်မည့်နေ့ဖြစ်သည်။ တောင်ကြီးသို့ အလာတုန်းကတော့ သန္တာ့ပါတာရော၊ အလာခရီးမို့ စိတ်ဝင်စား တက်ကြွတာရော၊ ကားမောင်းချင်တာကြောင့်ရောအတွက် ကိုယ့်ဟာကိုယ် မောင်းလာခဲ့ပေမယ့် အပြန်မှာတော့ တု တစ်ယောက်တည်းဖြစ်၍ လေယာဉ်နဲ့ပြန်မှာဖြစ်သည်။ တုရဲ့ထုံးစံအတိုင်း ဘာကိုမှ ကြိုမပြောတတ်သူပီပီ အန်တီမိုးတို့တောင် တု လက်မှတ်ဝယ်တော့မယ်ဆိုမှ သိကြတာဖြစ်သည်။ တုရဲ့ကားကိုတော့ ဖေဖေ့ရဲ့တပည့်တစ်ယောက် လာယူကာ မောင်းပြန်သွားမှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီမိုးနှင့် သန္တာကတော့ တု ပြန်သွားမှာကို စိတ်မကောင်းကြချေ။ အထူးသဖြင့် အန်တီမိုးတို့က တုရဲ့ကျန်းမာရေးကို စိတ်မချတာဖြစ်သည်။ တုက အန်တီမိုးရဲ့လက်နှစ်ဖက်ကို တုရဲ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီးနောက် အကြည်လင်ဆုံး ပြုံးပြကာ ...

"သမီးကို စိတ်ချပါ အန်တီ၊ သမီး နေကောင်းပါတယ်။ ပြီးတော့ ရန်ကုန်ကို ပြန်သွားခဲ့တာ ဟိုမှာ သမီး ဘာလုပ်ရမယ်ဆိုတာကို အသေအချာ သိသွားလို့ပါ ...

သမီး ဒီကို နောက်တစ်ခေါက် ပြန်လာခဲ့ဦးမှာပါ။ ဖေဖေနဲ့အတူတူ ပြန်လာဦးမှာပါ"

"အေးပါ သမီးရယ်။ သမီးကို ယုံကြည်ပါတယ်။ အေး ... သမီးကို စေတနာနဲ့ ဂရုတစိုက် ဆေးကုပေးခဲ့တဲ့ ဒေါက်တာဆီလည်း သွားနှုတ်ဆက်ပါဦး ...

ခွန်မင်းညိုရော သူ့အမေရောက စိတ်သဘောထား သိပ်ပြည့်ဝတဲ့သူတွေပါ၊ နှုတ်ဆက်သွားပါဦး သမီးရယ်"

အန်တီမိုးက တုကို ချော့ပြောသလို ပြောနေတာမို့ တုက သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်ကာ ...





"သမီး သွားမှာပါ အန်တီမိုးရဲ့။ ဒေါက်တာနန်းကို သမီး ခင်ပါတယ်"

"အေး ... အေး။ သေချာနှုတ်ဆက်ခဲ့ပါကွယ်။ မသန္တာရော လိုက်သွား"

တုနဲ့ သန္တာက တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကာ ခေါင်းညိတ်ပြလိုက်ကြသည်။ အဲဒီလိုနှင့် တုသည် တစ်ခါမှ မသွားဖူးသော ဒေါက်တာနန်းတို့အိမ်သို့ ကိုယ်ဝိုင်ကား မောင်းပြီး ထွက်လာခဲ့သည်။ တောင်ကြီးမြို့သို့ ရောက်သည်မှာ ငါးလရှိခဲ့ပြီမို့ ဒီမြို့ပေါ်မှာတော့ အတော်လေးကို နှံ့နှံ့စပ်စပ် သွားတတ်ပြီဟု ပြောရမည်ဖြစ်သည်။

ရေအေးကွင်းရပ်ကွက်မှာ ရှိသော ဒေါက်တာနန်းတို့ အိမ်သို့ ဆယ့်ငါးမိနစ်လောက် ကြာသောအခါ ရောက်သွားသည်။ တုလာလိမ့်မယ်ဟု မထင်သော ဒေါက်တာနန်းက အံ့ဩဝမ်းသာစွာနဲ့ ကြိုဆိုပါသည်။ တုက ရှုပါမားကတ်က ဝင်ဝယ်လာသော လက်ဆောင်ခြင်းနှင့်အတူ ဒေါက်တာနန်းအတွက် ရည်ရွယ်ပြီး မှာထားသော မန္တလေးက ပိုးချိတ်ဘူးတွေကို တရိုတသေပင် စားပွဲပေါ်ချပေးကာ ...



www.burmeseclassic.com

www.burmeseclassic.com



“ဒေါက်တာ့ကို လာနှုတ်ဆက်တာပါ။ မနက်ဖြန်ဆို တု ရန်ကုန်ကို ပြန်ပါတော့မယ်”

“ဟုတ်လား။ ဩော် ... ပြန်တော့မယ်။ အေး ... အန်တီက နေဦးမယ်တောင် ထင်နေတာ”

“ဟုတ် ... နေချင်ပါတယ်။ ဒါပေမဲ့ ရန်ကုန်မှာ သမီးလုပ်စရာလေးတွေ ရှိသေးလို့ပါ ...

ဒီမှာ ရှိစဉ်ကာလတစ်လျှောက်လုံး တုကို ဂရုစိုက်ခဲ့တဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်။ ရန်ကုန်ရောက်ရင်လည်း ဖုန်းဆက်ပါ ဒေါက်တာ။ တု လာတွေ့ချင်ပါတယ်။ ဒါက တုရဲ့လိပ်စာကတ်ပါ”

“အေးကွယ် ... အေး ... အေး။ ခုလို နေကောင်းကျန်းမာသွားတာ အရမ်းဝမ်းသာပါတယ်။ သမီးကို ဆုံးမချင်တာကတော့ ဘဝမှာ ဘာတွေပဲ ကြုံတွေ့လာလာ ဘယ်တော့မှ စိတ်ဓာတ်မကျပါနဲ့ ...

လူတွေကို မေတ္တာထားနိုင်အောင် ကြိုးစား။ ဒါဆိုရင် သမီးဘဝလည်း အေးချမ်းလာလိမ့်မယ်”





“ဟုတ်ကဲ့ ... မှတ်ထားပါ့မယ် ဒေါက်တာ။ ဒါနဲ့ ကိုခွန်မင်းညိုရောဟင်၊ သူ့ကိုလည်း တု နှုတ်ဆက်ချင်လို့ပါ”

“ဩော် ... သားလေးက ကလောကို ဆင်းသွားတယ်။ မနေ့တည်းကပဲ။ ကလောတို့ အောင်ပန်းတို့ဘက်မှာက သူ့အဖေရဲ့စိုက်ပျိုးရေးခြံတွေ ရှိတယ်လေ။ အဲဒီမှာ သွားသွားပြီး ကြည့်ပေးရတယ် ...

ဒီတစ်ခေါက်တော့ တစ်ပတ်လောက် ကြာမယ်နဲ့တူတယ်။ ကုန်တွေပို့ရမှာတွေ ရှိတော့လေ”

“ဩော် ... သူတို့မီးပုံးပျံရော ဆုရလားဟင်”

“ဒုတိယရတယ် သမီးရဲ့။ မနှစ်ကတော့ ပထမပေါ့”

“ဟုတ်ကဲ့။ ဒါဆို ခွန်မင်းညိုကိုလည်း တုက နှုတ်ဆက်သွားတယ်လို့ ပြောပေးပါ ဒေါက်တာ”

“အေး ... ပြောလိုက်ပါ့မယ်။ သမီးလည်း လာလည်ဦးလေ။ ဒီဘက်က နေလို့ ထိုင်လို့ သိပ်ကောင်းပါတယ်”

“ဟုတ်ပါတယ်။ တုလည်း သိပ်သဘောကျပါတယ်။ ဒါဆိုရင် တုတို့ကို ခွင့်ပြုပါဦး အန်တီ”

“ကောင်းပါပြီ သမီး”



www.burmeseclassic.com

www.burmeseclassic.com



တုတို့နှစ်ယောက် ဒေါက်တာနန်းအိမ်က ပြန်ထွက်လာခဲ့ပြီးလျှင် တုက သန္တာ့ကို ခွင့်တောင်းလိုက်သည်။

"သန္တာ ... ငါ ကြိုးတံတားဘက် ခဏသွားချင်တယ်။ အဲဒီကနေ တောင်တန်းကြီးတွေဘက် ခဏလောက် ငေးကြည့်ချင်တယ်။ နင် ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်၊ သွားလေ"

တုက အိုကေဟု ခပ်တိုးတိုးရေရွတ်ကာ ကားကို ကြိုးတံတားရှိရာ မြို့ပြင်ဘက်သို့ ဦးတည်လိုက်သည်။ ခဏနေတော့ တောင်ကြီးမြို့မှ ကြိုဆိုပါ၏ဟူသော ဆိုင်းဘုတ်ရှိရာ ရှခင်းသာနေရာတွင် တုက ကားကိုရပ်လိုက်လေသည်။ အဲဒီနေရာကနေ ဟိုးတစ်ဝေးကြီးကို လှမ်းမြင်နေရသည်။

တုသည် လက်နှစ်ဖက်ကို တင်းတင်းပိုက်ကာ ခပ်ဝေးဝေးက ရှမ်းရိုးမတောင်တန်းကြီးတွေကို ငေးမောကြည့်နေမိသည်။ တစ်စုံတစ်ယောက်က တုကို မေးခဲ့ဖူးသည်။ အဲဒီတောင်တန်းကြီးတွေမှာ ဗီလင်ရှိတယ်တဲ့။ အဲဒီဗီလင်ဟာ ဘာလဲတဲ့။ တုသည် တောင်တန်းကြီးတွေကို ငေးကာ အဲဒီအဖြေကို နင့်နင့်နဲနဲ စဉ်းစားနေမိသည်။ ဒီဇင်ဘာလထဲသို့ ဝင်ရောက်တော့မည်





ဖြစ်သောကြောင့် အအေးဓာတ်က သိသိသာသာကို ပိုလာသည်။ ညနေလေးနာရီခွဲခန့် ဖြစ်သော်လည်း မကြာခင် နေဝင်တော့မှာလို ပိုပြီးမှိုင်းညို့လာသည်

ဒီနေ့မှ တောင်တန်းတွေက ပိုပြီးမှိုင်းညို့နေသလိုပဲ။ ဒါဆို အရင်နေ့တွေကရော။ တောင်တန်းတွေကတော့ ထာဝစဉ် မှိုင်းညို့နေတတ်တာပဲနော်။ မှိုင်းညို့မှုရဲ့ဗီလင်ဟာ ဘာလဲ။ ဟား။

အဲဒီအချိန်မှာပဲ တုရဲ့ခေါင်းထဲတွင် လင်းခနဲဖြစ်ကာ အဖြေတစ်ခုကို ရှာတွေ့သွားတာဖြစ်သည်။ အဲဒီအဖြေကြောင့် တုသည် ကျေကျေနပ်နပ်ကြီးပြုံးကာ ကိုယ့်လိုပဲ ဘေးနားမှာ အတွေးတွေဖြင့် ရပ်ငေးနေသော သန္တာ့ကို လှည့်ကြည့်ကာ ခေါ်လိုက်သည်။ တုရဲ့ခေါ်သံကြောင့် သန္တာက လှည့်ကြည့်သည်။

"သန္တာ ဒီပုံအတိုင်းဆို ခွန်မင်းညိုကို ငါ တွေ့သွားရမှာ မဟုတ်တော့ဘူး။ အဲဒီတော့ နင်နဲ့တွေ့ရင် ပြောလိုက်ပါ။ သူ မေးဖူးတဲ့မေးခွန်းရဲ့ အဖြေကို ငါ သိပြီလို့ ...

အဲဒီအဖြေကို နောက်နှစ် တောင်ကြီးတန်ဆောင်တိုင်ကို အလည်ပြန်လာတဲ့အခါ ပြောပြမယ်။ ဒီကြားထဲ တော့ ငါ့ကို မဆက်သွယ်ပါနဲ့လို့"



www.burmeseclassic.com

www.burmeseclassic.com



သန္တာက တုကို အဓိပ္ပာယ်ပါသော မျက်ဝန်းများ ဖြင့်ကြည့်ကာ ခေါင်းညိတ်ပြသည်။ အဲဒီနောက် တုတို့နှစ်ယောက် သည် နေမဝင်ခင် အိမ်ပြန်ခဲ့ကြလေသည်။





လူတစ်ယောက်မှာ ဆဋ္ဌမအာရုံ ဆိုတာ ရှိတတ် စမြဲဖြစ်သည်။ ၎င်းအာရုံဆိုသည်မှာ တစ်ခုခုနှင့် ပတ်သက်၍ မသိစိတ်မှာ စေ့ဆော်မှုတစ်ခုပဲဖြစ်သည်။ တုနှင့်ပတ်သက်၍ သူ့စိတ်မှာ အရမ်းကို သတိတရ ရှိနေခဲ့သည်။ သူမထံကို ဖုန်းလည်း ဆက်ချင်သည်။ ဒါပေမဲ့ သူ့ဆီကို သူမကများ မီးပုံးပျံသတင်း လေး ဘာလေး မေးရင်းနဲ့ ဆက်လေမလားဟု မျှော်လင့်နေခဲ့သော ကြောင့် သူက မဆက်ခဲ့ခြင်းဖြစ်သည်။

ဒီနေ့တော့ ဆက်မည်ဟု စိတ်ကူးထားတုန်းမှာပဲ သူ့အမေဆီက ဖုန်းဝင်လာသည်။ တုမရခင် တစ်ယောက် ဒီနေ့ ပြန်တော့မည်။ လာနှုတ်ဆက်သွားသည် စသော အကြောင်းတွေ ကိုကြားလျှင် သူ့မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ … တကယ်လား မေမေ။ မေမေကလည်း သားကို ဘာလို့ အခုမှပြောတာလဲဗျာ။ ဘာနဲ့ပြန်မှာလဲ။ ဘယ်အချိန်လဲ"

"ဩော် … မေမေက သားတို့ချင်း အဆက်အသွယ်ရှိတယ် ထင်လို့ပေါ့။ သားကိုတော့ ဖုန်းဆက်ပြီး နှုတ်ဆက်မယ် ထင်တာပေါ့"

"မဆက်ဘူး မေမေ။ မေမေ သိလား ဘယ်အချိန်ပြန်မှာလဲ"

"မသိဘူး သားရဲ့"

"ဟား … ဒါပဲ မေမေရာ"

သူက ဖုန်းချကာ သန္တာတို့အိမ်ဖုန်းကို ခေါ်လိုက်သည်။ သူ့ရင်ထဲတွင် အခုမှ တကယ့်ကို မောဟိုက်နေတာဖြစ်သည်။ သူမကို အကြာကြီး မဟုတ်တောင် ခဏလေးတော့ဖြစ်ဖြစ် တွေ့လိုက်ချင်ပါသည်။ သူကလည်း သူ့ကိုယ်သူ အပြစ်တင်မဆုံး ဖြစ်ရသည်။ ဒီကြားထဲမှာ ဘာကြောင့် ဖုန်းမဆက်မိရတာပါလိမ့်။

သူ့ရင်ထဲ ပျာနေတုန်းမှာပဲ တစ်ဖက်က ဖုန်းထူးသံ ကြားလိုက်ရသည်။





"မသန္တာနဲ့ ပြောချင်လို့ပါ"

"အန်တီမိုးနဲ့ မသန္တာက မမတို့ကို လေယာဉ်ကွင်း လိုက်ပို့ပါတယ်"

"ဟုတ် … လား။ ဟို … ဘယ်အချိန်က သွားတာလဲ။ လေယာဉ်က ဘယ်နနာရီလဲ တစ်ဆိတ်လောက်"

"ရှစ်နာရီကထွက်သွားကြတာပါ။ လေယာဉ်က Air Bagan (၁၀)နာရီ Flight လို့ ပြောပါတယ်"

"ဟုတ်ကဲ့ … ကျေးဇူးတင်ပါတယ်။ မသန္တာ ပြန်လာရင် ပြောပေးပါ၊ ခွန်မင်းညို ဖုန်းဆက်တာပါလို့။ ကျေးဇူးပါပဲ"

သူက ဖုန်းပိတ်လိုက်ပြီးနောက် နဖူးကို လက်ဝါးနှင့် ပိတ်ရိုက်လိုက်သည်။ နာရီကို ကြည့်လိုက်တော့ ခုကိုပဲ ကိုးနာရီ ခွဲတော့မည်။ လက်ရှိ သူ ရောက်နေတာက အောင်ပန်းမှာ။ အောင်ပန်းကနေ ဟဲဟိုးကို နာရီဝက်နှင့် သူ ဘယ်လိုရောက်အောင် သွားရမှာတဲ့လဲ။

သူ့ရင်ထဲတွင် ပြင်းပြင်းပြပြ အော်ငိုပစ်ချင်စိတ်တွေ ပေါက်လာသည်။ သူသည် ငါးမိနစ်လောက်တော့ မျက်နှာပေါ် လက်အုပ်ကာ တွေဝေဆို့နင့်နေသေးသည်။ နောက်တော့ ဖုန်းချ



www.burmeseclassic.com

www.burmeseclassic.com



ထကာ ဂျစ်ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့သည်။ ဆယ်နာရီမှာ လေယာဉ်အတိအကျ ထွက်မယ်လို့ ဘယ်သူက အာမခံထားလို့လဲ။ အဲဒီအတွေးနဲ့အတူ သူက ဟဲဟိုးလေယာဉ်ကွင်းရှိရာသို့ ကားကို အပြင်းမောင်းနှင်လာခဲ့သည်။

အသက်မရှူစတမ်း မောင်းနှင်လာသော သူ့ရဲ့ကားမှာ ဟဲဟိုးလေဆိပ်ထဲသို့ ချိုးကွေ့ဝင်လိုက်လျှင် ဆယ့်တစ်နာရီထိုးတော့မည်ဖြစ်သည်။ ကားတွေက အပြင်ဘက် ကားပါကင်မှာ ရပ်ထားခဲ့ရတာမို့ သူက လေဆိပ်ခန်းမရှိရာ ဝင်းအတွင်းသို့ ကသောကမြော ပြေးဝင်ရသည်။ အဲဒီအချိန်မှာပဲ သူ့နားထဲသို့ ကြားလိုက်ရတာက လေယာဉ်စက်သံကျယ်ကြီးဖြစ်ပြီး အပေါ်သို့ ပြေးတက်သွားသော Air Bagan လေယာဉ်ကြီးပဲ ဖြစ်တော့လျှင် သူ့ရင်ထဲမှာ ဟာခနဲ ဖြစ်သွားသည်။

ဒါပေမဲ့ သူက လေဆိပ်ထဲသို့ ပြေးဝင်သွားခဲ့သည်။ အဲဒီမှာပဲ အထဲက ပြန်ထွက်လာသော သန္တာနှင့် သူမ၏မိခင်တို့ကို တွေ့လိုက်ရတာဖြစ်သည်။ သန္တာက သူ့ပုံစံကို အံ့ဩသလို ကြည့်ကာ ...

"ကိုညို ... တုရဲ့လေယာဉ်က အခုပဲ တက်သွားတာ"





သူ ဘာမှမပြောနိုင်တော့။ ခေါင်းငိုက်စိုက်ကျသွားသည်။ သန္တာက ရှေ့သို့တိုးလာကာ သူ့ကိုစကားဆက်ပြောသည်။

"တုက မှာသွားတယ်။ ကိုညို့ကို နှုတ်ဆက်သွားပါတယ်တဲ့။ ပြီးတော့ ပြောခဲ့တယ်။ နောက်နှစ် တန်ဆောင်တိုင်မှာ သူ ပြန်လာခဲ့ဦးမယ်တဲ့ ...

အဲဒီအချိန်ကျရင် ကိုညို မေးဖူးတဲ့ မေးခွန်းရဲ့အဖြေကို ပြောပြမယ်တဲ့။ သူ သိသွားပြီတဲ့။ ဒီကြားထဲမှာ သူ့ကို လုံးဝမဆက်သွယ်ပါနဲ့တဲ့လေ"

ကိန္နရီချောင်းခြား အမှာစကားလား တုရယ်။ သူသည် အဲဒီလို တိုးတိုးလေး မေးလိုက်ချင်သော်လည်း သူမက ကြားနိုင်မှာ မဟုတ်တော့ပြီ။ သေချာတာတော့ တစ်နှစ်တိတိ သူ့နှလုံးသားဟာ အကျဉ်းကျနေရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com








ပွဲတော်က ဝါးမျိုးထားသောညသည် ထုံးစံအတိုင်း ပင် တီးလုံးသံ၊ အိုးစည်သံ၊ လူသံသူသံတွေဖြင့် စည်ကားသိုက်မြိုက်နေသည်။ ခွန်မင်းညိုသည် သူငယ်ချင်းတွေဖြင့် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ထဲသို့ ရောက်နေသည်။ ဒီနေ့က သူတို့အဖွဲ့ လွှတ်တင်ပြိုင်ပွဲဝင်ရမည့်နေ့ မဟုတ်သေးချေ။ ဒါကြောင့် သူများတွေပြိုင်တာကို လာအားပေးတာဖြစ်သည်။ သူတို့အုပ်စုမှာ ကားဘောနပ်အဖုံးပေါ် တက်ထိုင်ကာ သောက်လိုက် စားလိုက်ဖြင့် ဆူညံနေကြသည်။

သူက နည်းနည်းကြာလာသောအခါ ပွဲခင်းထဲ လျှောက်ဖို့ ဆုံးဖြတ်လိုက်သည်။ သူငယ်ချင်းတွေကတော့ သောက်ကောင်းနေတုန်းမို့ မလိုက်ကြ။ ကိစ္စမရှိ၊ သူက တစ်ယောက်တည်းပဲ အေးအေးဆေးဆေး ထွက်လာခဲ့သည်။ မနှစ်က ဒီလိုအချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာ သူမ်နဲ့အတူတူ ပွဲခင်းထဲ လမ်းလျှောက်ရတဲ့ အဖြစ်အပျက်ကို အင်မတန် လွမ်းလှသည်။ ဒေသခံတွေရဲ့ ခလေ့စရိုက်ကို စူးစမ်းလေ့လာတတ်သော၊ ရိုးရာဓလေ့တွေကို ချစ်မြတ်နိုးတတ်သော ကောင်မလေးတစ်ယောက်ရဲ့ မျက်ဝန်းတွေကို အရမ်းပဲလွမ်းဆွတ်သတိရလို့လာလေသည်။

သူ့ခြေလှမ်းတွေက ဂုံညင်းဝိုင်းသို့ ရောက်သွားလျှင် လွမ်းဆွတ်သတိရစိတ်ကြောင့် နင့်ခနဲ ဖြစ်သွားရသည်။ ဒါတွေကိုလည်း သူမက ဝါသနာပါသေးတာပင်။ သူက အသာအယာပြုံးလိုက်ကာ ဆက်လျှောက်လာခဲ့သည်။ လာ ယ်လို့ ဟာ ပြောထားခဲ့တာပဲ။ ဘယ်တော့မှ ရောက်လာမှာလဲတော့ မသိပါ။ ပွဲတော်စတာတော့ ဒီနေ့နဲ့မှ သုံးရက်တည်းပဲ ရှိသေးတာမို့ မျှော်လင့်စရာတော့ ရှိပါသေးသည်။

ရှေ့မှာက မြူးမြူးကြွကြွနဲ့ လူတွေအုံနေကြတာက ရွှေဘောလုံးဒိုင်ဖြစ်သည်။ အဲဒါကို မြင်လျှင်တော့ သူက သဘောတကျဖြင့်ပြုံးကာ အနားသို့ ကပ်သွားမိသည်။ သူမက ရွှေဘောလုံးကစားရတာကို အင်မတန် သဘောကျသူဖြစ်သည်။ သူမကိုသတိရသွားသောကြောင့် သူ ဝင်ကစားဖို့ စိတ်ကူးလိုက်သည်။ ဒါကြောင့်





အိတ်ထဲမှ တစ်ထောင်တန်တစ်ရွက်ကိုထုတ်ကာ အဝါရောင်အကွက်ပေါ်သို့ တင်လိုက်သည်။

သိပ်မကြာပါ။ မဲဖွင့်သောအခါ အဝါရောင်ပေါက်သည်။ သူ့ကို ဒိုင်က ပိုက်ဆံတွေလျော်သည်။ သူက ဒီတစ်ခါတော့ ရွှေရောင်ကိုထိုးသည်။ အဲဒါတော့ မပေါက်ပါ။ နောက်ထပ် အစိမ်းရောင်ကို များများပုံအောဍ် ထိုးလိုက်သည်။ ဒီတစ်ခါတော့ ပေါက်သွားသည်။ ဒိုင်က ပိုက်ဆံတွေ အများကြီးလျော်လျှင် သူက ထပ်မထိုးတော့ပါ။ နားထဲတွင် သူမ ပြောခဲ့သောစကားတို့ကို ကြားယောင်မိသောကြောင့်ဖြစ်သည်။

“လောင်းကစားဆိုတာ ကံနဲ့ဆိုင်တယ်။ ကံဆိုတာ အမြဲတမ်း မကောင်းနိုင်ဘူး။ နိုင်နေရင် ရပ်လိုက်တော့။ ပွဲထဲက ထွက်လိုက်တော့”

သူက ပြုံးမိသွားကာ ဘော်ဒါတွေဆီ ပြန်ဖို့ဆုံးဖြတ်လိုက်သည်။ အဲဒီနောက် ကစားနေသူတွေထံသို့ ဘာရယ်မဟုတ်လျှောက်ကြည့်လိုက်လျှင် သူ့မျက်လုံးတွေ ဝိုင်းသွားရသည်။ ဟုတ်ပါ့မလား။ ရွှေဘောလုံးကစားကွက်ကြီးက အကျယ်ကြီးမို့ တစ်ဖက်ထောင့်ကလူကို သူက ဇဝေဇဝါဖြစ်နေမိသည်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှတော့ မှားစရာအကြောင်းမရှိဘူးဟု ထင်သည်။ ပုံစံကတော့ သူ တွေ့ဖူးခဲ့သောပုံစံ မဟုတ်ပါ။

နီညိုရောင် ဆံနွယ်အခွေအလိပ်တွေကြားက နုဖပ်ချောမွေ့နေသော မျက်နှာတစ်ခုသည် ပေါက်မဲကို ကြော်ငြာသောအခါ ဟက်ဟက်ပက်ပက် ရယ်မောနေသည်။ အရင်က ဂျူးလိယက်ပုံစံ ဖြောင့်စင်းစင်းဆံပင်တွေနဲ့ အေးစက်တင်းမာသော မျက်နှာထား၊ အခုတော့ ချိုလွင်နွေးထွေးသော မျက်နှာပေးနှင့် Sexy ဆံနွယ်အခွေကောက်များ၊ သူမက တုမရခင်မှ ဟုတ်ရဲ့လား။ တူနေတာလား၊ သူကပဲ စိတ်စွဲလမ်းအားကြီးလို့မှားလား။

ဒီနေရာမှာ သူမ တစ်ယောက်တည်း ဘယ်လိုလုပ်ရောက်နေတာလဲ။ တုမရခင်သာဆို သန္တာပါ ပါရမှာပေါ့။ ဒါပေမဲ့လည်း ...။ သူက အဲဒီနားသို့ ခြေလှမ်းတွေကို သွက်သွက်လှမ်းသွားမိသည်။ အဲဒီနားသို့ရောက်၍ သူမဆီသို့ တိုးဝင်မည်ပြုလျှင် ခပ်ထွားထွား လူနှစ်ယောက်က သူ့ကို မျက်နှာထားတင်းတင်းဖြင့်ကြည့်ကာ ဆွဲမဖယ်ရုံတမယ်ဖြင့် ...

"ဟိတ် ... မင်းက ဘာလုပ်မလို့လဲ"

"ဟိုဒင်း ... ခဏပါ၊ ဒီနားဝင်ချင်လို့"





"ဝင်ချင်ရင် ဟိုဘက်က ဝင်လေကွာ။ ဘာလို့ဒီနားကိုလာဇွတ်တိုးနေတာလဲ"

"မဟုတ်ပါဘူး ... သူ ... သူ"

"ဘာလဲ ... သူ့ကို ဘာလုပ်မှာလဲ၊ ဟောကောင် ... မင်းမူးနေတာလား၊ သွားစမ်းကွာ"

သူ့ရင်ထဲတွင် အဲဒီတော့မှ တဒိတ်ဒိတ်နဲ့ ပိုခုန်လာတော့သည်။ ဒီလူနှစ်ယောက်ဟာ သူမရဲ့ဘော်ဒီဂတ်တွေ ဖြစ်နိုင်သည်။ သူမ တစ်ယောက်တည်းတော့ ဒီလိုတွေ ထိုင်စောင့်နေမှာမဟုတ်။ သူက ပိုခုန်လာသော ရင်အစုံဖြင့် ရှေ့ကိုဇွတ်တိုးလျှင် ဟိုလူတွေဟောင် ရုတ်တရက် ကြောင်သွားသည်။ ပြီးတော့ သူမရဲ့ပခုံးကို ဆွဲလှည့်လိုက်လျှင် သူမက အံ့သြသွားသော မျက်နှာထားဖြင့် ပါလာသည်။

သူက သူမမျက်နှာကို စေ့စေ့ကြည့်ကာ ...

"မင်း ... မင်းက ဘယ်သူလဲ"

"တုမရခင်လေ"

"ဘာ ... ဘာရယ်"

သူမက ဟက်ဟက်ပက်ပက် ပြုံးရယ်သည်။ ပြီးတော့ထပ်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"တုမရခင်လေ"

"ဟာ"

အဲဒီအချိန်မှာပဲ လူထွားထွားတစ်ယောက်က သူ့အင်္ကျီစကို ဆောင့်ဆွဲလိုက်တာကို ခံလိုက်ရသည်။ သူမက သူဖြစ်ပျက်သွားသောပုံစံကိုကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်သည်။

ဘုရားရေ ... သူမကို ဒီလို ရယ်တတ်လာအောင် ဘယ်သူကများ သင်ပေးလိုက်တာလဲ။ သေချာတာတော့ အဲဒီလူက သူ မဟုတ်ခဲ့ပါ။

❣ ၀ ❣



BURMESE CLASSIC .com



မီးပုံးပျံတစ်လုံးက ကောင်းကင်ပေါ်သို့ ပျံတက်သွားသည်။

အဲဒီမီးပုံးပျံက စိန်နားပန်အမျိုးအစား ဖြစ်သည်။ သူမက အဲဒါကို မော့်ကြည့်ကာ စကားပြောသည်။

"စိန်နားပန် မီးပုံးပျံလည်း လှတာပဲ။ ဒါပေမဲ့ တည်ငြိမ်တယ်။ ဝုန်းဒိုင်းကြဲ ပေါက်ကွဲတာတွေ မပါဘူး ...

ညမီးကျည်ကတော့ အရမ်းစိတ်လှုပ်ရှားစရာ ကောင်းတယ် ...

ဘဝဆိုတာလည်း ဒီလိုပါပဲ။ စွန့်စားမှုတွေ စိန်ခေါ်မှုတွေ ယှဉ်ပြိုင်ကြိုးစားမှုတွေနဲ့မှ ပိုကောင်းတယ်ဆိုတာ ကျွန်မ လက်ခံသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို တောင်တန်းတွေရဲ့ဖီလင်ကရော"

"တောင်တန်းတွေရဲ့ဖီလင်က အလွမ်း အဆွေး ဖီလင်ပေါ့။ သူတို့က အမြဲမှိုင်းညို့နေတာလေ။ ဒါကြောင့် တောင်ပြာတန်းတွေကိုမြင်ရင် လူတွေက လွမ်းဖို့ကောင်းတယ်လို့ ပြောကြတာ"

"မင်းရဲ့အဖြေက မှန်ပါတယ်"

သူ့စကားကြောင့် သူမက လှည့်ပြီးပြုံးပြသည်။ အဲဒီအပြုံးလေးကို သူသည် အသက်မရှူစတမ်း ငေးမောနေမိသည်။

"ရှင်တို့ မီးပုံးပျံ ဘယ်နေ့ပြိုင်မှာလဲ"

"လပြည့်နေ့မတိုင်ခင် တစ်ရက်။ လာကြည့်ဦးမှာလား လွှတ်တဲ့နေရာအထိလေ"

"ဒါပေါ့ ... အဲဒီအတွက် ကျွန်မ လာခဲ့တာပဲလေ"

သူ ပါးစပ်အဟောင်းသား ပွင့်သွားသည်။ သူမကတော့ ထုံးစံအတိုင်း ပီကေဝါးရင်း မစိုးမခန့် ပြုံးနေသည်။ အိုကေ ... ဒါမှ ကုမရခင် အစစ်။ သူက မြတ်နိုးလှစွာသော သူမ





ကို တစိမ့်စိမ့် စိုက်ကြည့်နေမိသည်။ ဒီမိန်းကလေးကို ဘာကြောင့်များ ရူးလောက်အောင် ချစ်မိတာပါလိမ့်။ သေချာတာတော့ အဲဒီမေးခွန်းကိုလည်း သူမကပဲ ဖြေပေးလိမ့်ဦးမည်။

❣ ○ ❣



www.burmeseclassic.com

www.burmeseclassic.com



ရှိသေလေးစားလျက်

BURMESE CLASSIC .com

ဆုမြတ်မွန်မွန်

12:30 (A:M)

12-2-2010

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါဆုမြတ်မွန်မွန်

ကျွန်တော်က မဆုရဲ့ဝတ္ထု(၈)အုပ်လောက် ဖတ်ဖူးပါတယ်။ အရမ်းကောင်းတာပဲ။ ကျွန်တော်အကြိုက်ဆုံး(၂)အုပ်ကတော့'ကိုယ်ယောင်ဖျောက်တဲ့နှင်းဆီတို့ရဲ့သခင်ဂရယ်'ဒီဇိုင်းကွဲပုံတူလိပ်ပြာအမြန်စွံဖျူပြဟာ'ပါ။ ဆင်းရဲတဲ့ဓာတ်လမ်းတွေရေးပေးပါဦး။

မဆုရဲ့ ထာဝရစာဖတ်ပရိသတ်
ချူတုံ(ခ)သက်နိုင်ဝင်း

ကုန်တိုက်လမ်း၊
မြကျွန်းသာ၊
ပန်းပဲတန်းရပ်၊
စစ်ကိုင်းမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

သို့

မမဆုမြတ်မွန်မွန်

ညီမလေးက မမဆုရဲ့ပရိသတ်ပါ။ မမဆုရဲ့စာအုပ်တွေကိုထွက်တိုင်း မပြတ်ဖတ်ပါတယ်။ ညီမလေးအကြိုက်ဆုံးဝတ္ထုကတော့မမဆုရဲ့ 'လသုံးစင်းနှင့်ကခုန်ခြင်း' ဝတ္ထုကို အစွဲလမ်းဆုံးပဲ။ မိတ်ဆက်စာတစ်ခါမှ မရေးဘူးလို့ အမှားပါရင်ခွင့်လွှတ်ပါ။ မမဆုရဲ့စာအရေးသားကို အရမ်းကြိုက်တယ်။ အမြဲကြိုးစားပါနော်။ အရင်ကလည်း အားပေးခဲ့တယ်။ ခုလည်းအားပေးဆဲပါ။ နောင်လည်းအားပေးမယ့် ညီမလေးပါ။ မမဆု ကျန်းခန့်သာလို့ မာပါစေ။ ရေးလိုအေးပြီး ပန်းလိုမွှေးပါစေလို့ ဆုမွန်တောင်းလျက် ... ။

မမဆုရဲ့ ညီမလေး
အေးပြည့်ပြည့်ဖြိုး

မအေးပြည့်ပြည့်ဖြိုး
စည်ပင်သာယာ၊ ညောင်ရမ်း၊
သာစည်မြို့နယ်၊ မိတ္ထီလာခရိုင်၊
မန္တလေးတိုင်း။

## စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

ရင်းနှီးမှုများစွာဖြင့် "မ"လို့ခေါ်ပါရစေ။ ပထမဆုံးမိတ်ဆက်စာရေးတာမို့ မှားတာပါရင်ခွင့်လွှတ်ပါနော်။ "မ" ရဲ့စာအုပ်တွေက အရမ်းလည်း ဖတ်လို့ကောင်းတယ်။ အရမ်းလည်း ဆွဲဆောင်မှုရှိတယ်။ "မ"ရေးတဲ့စာအုပ်ကို ဖတ်ပြီးရင်း လက်ကတောင်မချချင်ဘူး။ "မ" ရေ နောက်ထွက်မဲ့စာအုပ်တဲ့မှာ သီချင်းလေးတွေထည့်ပေးနော်။ အင်္ဂလိပ်လို ကိုရီးယားလိုပါထည့်ပြောပေးပါနော်။ "မ"တစ်ယောက်အောင်မြင်မှုတွေ ထာဝရသိမ်းပိုက်နိုင်ပါစေလို့ ဆုတောင်းလျက်...

မေ့မရ

မကေခင်မင်းဦး
ဒုတိယနှစ် (ရူပဗေဒ)
၂-၇၀-၆၅
ဟင်္သာတတက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

သို့

မဆုလို့ပဲခေါ်မယ်နော်။ ညီမကမဆုရဲ့စာအုပ်တွေကိုအမြဲဖတ်တဲ့သူတစ်ယောက်ပါ။ မဆုရဲစာအုပ်တွေက အရမ်းဖတ်လို့ကောင်းတယ်။ မဆုရဲ့ဘဝမှာ ပျော်ရွှင်ပါစေလို့ ညီမဒီစာလေးနဲ့ အတူဆုတောင်းပေးလိုက်ပါတယ်။

ဖြူးသီရိဇော်

အမှတ်(၁၁၁)၊
ရွှေတောင်လမ်း၊
ရွှေဘိုရပ်ကွက်၊
ငါးသိုင်းချောင်းမြို့နယ်ခွဲ။

စေတနာစာပေ
၏

အမှတ်တရအစီအစဉ်

သို့

မမဆု

စာရေးလည်းကောင်းပြီး၊ ရုပ်ချော်တဲ့မမ ပရိသတ်ရဲ့အားပေးမှု လက်ခုပ်သံတွေနဲ့အတူ စာပေလောကမှာ ဘုရင်မလေးတစ်ပါးဖြစ်ပါစေ။ ညီမလေးက ဆယ်တန်းဆိုတော့ အခုမမစာအုပ်တွေ မဖတ်ရတော့ဘူး။ စာမေးပွဲပြီးရင် မလွတ်တမ်းဖတ်ရမှာပါ။ မမသရုပ်ဆောင်ဘက်ကို ဝါသနာမပါဘူးလား။

'အသက်ခွင်းလိပ်ပြာလေးရဲ့ ရာဇဝင်'ထဲမှာ'ဘုန်းမေထိုက်'က မမနဲ့တူတယ်လို့ ခံစားမိတယ်။

မမရေ ဒီလောက်ပါပဲ
စာကျက်စရာရှိလို့ပါ။

မမကို ချစ်တဲ့
မေမြတ်မွန်

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

မမဆုမြတ်မွန်မွန်

ခင်မင်မှုနဲ့ မဆုလို့ပဲခေါ်မယ်နော်။ ညီမလေးတို့က မဆုရဲ့ ပင်တိုင်စံ ပရိသတ်တွေပါ။ မဆုက ရုပ်ကလည်းချော သလို စာရေးလည်း အရမ်းကောင်းတယ်။ မဆုရဲ့စာအုပ်တွေ အားလုံးတစ်မျိုးစီ ဆွဲဆောင်မှုရှိတယ်။ 'ချစ်သူ၏ နှလုံးသားရုပ်ဝန်းတွင် မိုးခေါင်နေသည်' စာအုပ်ကို အရမ်းကြိုက်တယ်။

မဆု ဒီ့ထက်မက အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမ ကောင်းတစ်ယောက်ဖြစ်ပါစေ။

မသီတာစိုး
မခင်ချိုသူ

'မိုးအေး'ထမင်းဆိုင်
(ဈေးအတွင်း)၊
နတ်မောက်မြို့၊
မကွေးတိုင်း။

စေတနာစာပေ

၏

အမှတ်တရအစီအစဉ်

သို့

မမမွန်

မင်္ဂလာပါရှင် ....... သာပေါင်းသူလေး

မိတ်ဆက်စာရေးလိုက်ပါတယ်။ ညီမလေးက ဝတ္ထုဖတ်လေ့မရှိပါဘူး။ ဒါပမဲ့ သူငယ်ချင်းဆီက မမမွန်ရဲ့ 'အသက်သွင်းလိပ်ပြာလေးရဲ့ ရာဇဝင်' စာအုပ်ကို ငှားဖတ်ရင်းနဲ့ မမမွန်ရဲ့ စာအုပ်တွေကို အရမ်းကြိုက်သွားတာပဲ။ ဒါကြောင့် မမမွန်ရဲ့ စာအုပ်ကို ငှါးဖတ်နေတာပါ။ မမမွန်က စာရေးတာ အရမ်းတော်တာပဲ စာအုပ်မှန်သမျှ ဖတ်လို့အရမ်းကောင်းတာပဲနော်။

မနန်းငုဝါခင် (၁၈) နှစ်
(ဆောင်းဥတုဝေ–သာပေါင်း)

အမှတ် (၃)သီရိ ရွှေဝါဈေး၊
ကမ်းနားလမ်း၊
သာပေါင်းမြို့နယ်၊
ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မမဆုမြတ်မွန်မွန်

ညီမလေးက မမရေးတဲ့စာအုပ်ဆို မလွတ်တမ်းဖတ်နေတဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ မမရဲ့စာအုပ်တိုင်းကို အရမ်းကြိုက်ပါတယ်။ မမရဲ့စာအုပ်တွေကို အမြဲတမ်းအားပေးနေမယ်နော်။ ညီမလေးရဲ့ပထမဆုံး မိတ်ဆက်စာမို့ အမှားပါရင် ခွင့်လွှတ်ပါနော်။ မမ စာအရေးကောင်းသလို မမအရမ်းလှတယ်။ မမရဲ့ကဗျာလေးတွေ ကြိုက်ပါတယ်။ နောက်ထွက်မဲ့စာအုပ်ကို စောင့်မျှော်နေပါတယ်နော်။

မွန်မြတ်သော အနာဂတ်များစွာကို
ပိုင်ဆိုင်နိုင်ပါစေ။
မမကိုချစ်တဲ့ညီမလေး
ဝါဝါအောင်

ကျောက်ဆည်ရိုင်
တံတားဦးမြို့နယ်
မြစ်သာရပ်ကွက်
အိမ်အမှတ်(၂၅၉)။

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မမဆုမြတ်

မမဆီကို အရင်ဦးဆုံး မိတ်ဆက်စာရေးတဲ့အတွက် အမှားပါရင် ခွင့်လွှတ်ပေးပါ။ မမရဲ့စာအုပ်တွေက အရမ်းဖတ်လို့ကောင်းတာပဲ။ စာအုပ်တော်တော့်များများကိုဖတ်ဖူးပါတယ်။ အဲဒီထဲမှာ အကြိုက်ဆုံးစာအုပ်နှစ်အုပ်ရှိပါတယ်။ တစ်အုပ်က 'နေမဝင်ချယ်ရီ၊ နောက်တစ်အုပ်က 'အကြည့်မှာရင်ခုန်၊ အတွေ့မှာလှိုက်မော နောက်ဆုံးတော့ သူမကို ကျွန်တော် ဒူးထောက်လိုက်ရတယ်' ဆိုတဲ့ စာအုပ်တွေကို ကြိုက်ပါတယ်။ မမကို ညီမလေး အမြဲတမ်းအားပေးနေမှာပါ။ နောက်ထွက်မဲ့စာအုပ်တွေကိုလည်း မျှော်လင့်နေပါတယ်။ မမဆုမြတ် ဒီထက်မက အောင်မြင်ပါစေလို့ ဆုတောင်းလျက် ....

မမရဲ့ညီမလေး
ထက်သီရိဇော်

အမှတ်(က)(၂၃)(B)
နဝင်းကွက်သစ်(၁၃)လမ်း၊
မြည်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မမွန်

တစ်အုပ်နဲ့တစ်အုပ် မတူညီတဲ့ခံစားမှုရသတွေကို ပေးစွမ်းနိုင်တဲ့ မမွန်ရဲ့ new idea တွေကို အရမ်းချီးကျူးနေမိပါတယ်။ အကြိုက်ဆုံးကတော့ ဇာတ်ကောင်နာမည် ဆန်းဆန်းလေးတွေ ပေးတာရယ်၊ မိန်းကလေးတွေဆို ထက်ထက်မြက်မြက်ဖြစ်တာလေးတွေရေးတာ အရမ်းကြိုက်တယ်။

ထူးခြားတဲ့ပါရမီရှင် မမွန်တစ်ယောက်
မမွန်ကိုချစ်သော ပရိသတ်များ၏
ပို့သမေတ္တာကြောင့် ထာဝစဉ်
ရွှင်လန်းချမ်းမြေ့ပါစေ...

M . T . Z
ဝေါ်တော်မှုဘုရားရှေ့
ကျုံဒိုး၊ ကရင်ပြည်နယ်။

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

မဆုလို့ပဲခေါ်မယ်နော်၊ ခွင့်ပြုမှာလား။ မမဆီကို မိတ်ဆက်စာရေးချင်တာကြာလှပြီ။ တစ်ခါမှမရေးဖူးတော့ အမှားပါရင် ခွင့်လွှတ်ပါ။ 'ချစ်သူ၏နှလုံးသားရပ်ဝန်းတွင်မိုးခေါင်နေသည်' 'အတူတူငိုဖူးတဲ့သူ'၊ 'လျှော်ပစ်လိုက်သောအချစ်များ' အဲဒီစာအုပ်တွေကို အရမ်းကြိုက်တယ်။ မမရေးတဲ့ဝတ္ထုတွေအားလုံးကောင်းတယ်။ မမက တခြားစာရေးဆရာတွေနဲ့ မတူဘူး။ တစ်မျိုးပဲ။ စိတ်ဝင်စားအောင်ရေးတယ်နော်။ မမ အောင်မြင်မှုသရဖူရရှိပါစေ။ ဒီထက်မက အောင်မြင်ပါစေလို့ ဆုတောင်းပေးနေမယ်နော်။

မမရဲ့စာဖတ်ပရိသတ်
ညီမလေး
မွန်မွန်
တောင်သာမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

အစ်မ

မမြင်နိုင်တဲ့ တတောင့်တနေရာက်နေ ရေးပို့လိုက်တာပါ။ ကျွန်တော့်ကို အစ်မရဲ့ မောင်လေး (or) ပရိသတ်တစ်ဦးအနေနဲ့ သတ်မှတ်ပေးပါလို့ တောင်းဆိုချင်ပါတယ်။ ကျွန်တော်ကတော့ အစ်မရဲ့ စာအုပ်အားလုံးကို ကြိုက်တယ်။ အစကတော့ အစ်မဆီကို စာရေးမပို့တော့ဘူးထင်ထားတာ အစ်မကစာဖတ်ပရိသတ်တွေဆီကို စာပြန်ရေးတာ အားကျလို့ ခုလိုရေးဖြစ်သွားတယ်။ အစ်မရဲ့ စာဖတ်ပရိသတ်တွေ ဆုတောင်းပေးထားကြတာလဲ စုံနေပြီ။ ကျွန်တော်ကတော့ အစ်မကို 'အနာမရေးရန် ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်းအကျိုးငှါ' ဆိုတဲ့ ဩကာသ ကန်တော့ကျိုးထဲကအတိုင်း ဆုတောင်းပေးလိုက်ပါတယ်။

မိုးဝေ

စိုး၊ သစ်၊ ရဲသီဆောင်၊
စိန်ပန်း၊ သဇုံ့ရပ်။

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

ဆရာမ

ဆုမြတ်မွန်မွန်

ပထမဆုံးအကြိမ်ရေးတာမို့ အမှားပါရင်ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်။ မဆုလို့ ခင်မင်ရင်းနှီးစွာ ခေါ်ခွင့်ပေးပါ။ မဆုရဲ့စာအုပ်တွေ အကုန်လုံးကောင်းပါတယ်။ စာအရေးအသားတွေလည်း သမီးကြိုက်ပါတယ်။ သမီးဖတ်တဲ့ စာအုပ်တွေကတော့ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ'၊ 'ရင်ခုန်ခြင်းနှင့်အတ္တနန်းတော်'၊ 'ကြွင်းကျန်ရစ်သောသစ္စာ'၊ 'အသက်သွင်းလိပ်ပြာလေးရဲ့ရာဇဝင်း'၊ 'အညှိုးမြစ်'ကတော့ အကြိုက်ဆုံးစာအုပ်မို့လို့ အပိုင်ဝယ်လိုက်ပါတယ်။ 'လသုံးစင်းနှင့် ကခုန်ခြင်း' နှင့် 'အနမ်းဆက်တိုင်း'ကို သမီး အရမ်းဖတ်ချင်ပါတယ်။ သမီးတို့ မိုးကုတ်မြို့ကို လာလည်ဖို့ ဖိတ်ခေါ်ပါတယ်။

ချစ်ခင်တဲ့ အောင်မြင်မှုသရဖူကို ကြယ်စင်တွေလို အရောင်တလက်လက်နဲ့ စာပေလောကမှာ ထာဝရပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းပေးရင်း....

ချောကလျာ

စည်ပင်သာယာလမ်း၊
စည်ပင်သာယာကျောင်းအနီး၊
မိုးကုတ်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မင်္ဂလာပါ 'မ'

November လထုတ် 'အလွမ်းတွေနီဗွေးဖို့နှလုံးတစ်ခုကို ရဲပေးရတယ်'လုံးချင်းကို ဖတ်လိုက်ရပါတယ်။ စာအုပ် Titleက စပြီး ဆွဲဆောင်မှုရှိတာကို ခံစားရမိတယ်။ Cover ကလည်း အရမ်းမိုက်တယ်။ မှုက စာအရေးအသားနူးညံ့တယ်နော်။ ဇာတ်ကောင်တွေပြောတဲ့ စကားတွေက အရမ်းလန်းတယ်။ ချွဲပျစ်နေတာ မဟုတ်ပဲ ရင်ခုန်ဖွယ်ရာတွေပေါ့။ မနဲ့ ဟာအုင် တွက အရမ်းမြင့်တယ်။ သာမန်၊ ချစ်၊ ကြိုက်၊ ကွဲ၊ ညား ဇာတ်တွေမဟုတ်ဘူး။ အရမ်းလေးစားမိတာက ခုလူငယ်တွေကြားမှာ ခေတ်စားနေတဲ့ သင်တန်း Golbal English ကို ထည့်သုံးထားတယ်။ တစ်ချို့ဆိုရင် Speaking၊ Lccl တို့ထဲက ရုန်းမထွက်နိုင်သေးဘူး၊ ရေးထားပြီး ထွက်လာမဲ့ စာအုပ်နာမည်လေးတွေ သိခွင့်ရချင်ပါတယ်။

လိုက်အေး!

အမှတ် ၂၂၉၊
ကြီး ဇလမ်း၊
အေးအရဲ။

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမဆုမြတ်

ခင်မင်လေးစားစွာနဲ့ပါ။ ထွက်သမျှ စာအုပ်တွေကို ဖတ်ရှုအားပေးနေတဲ့ ပရိသတ်တစ်ဦးမို့ မမဆုမြတ်ရဲ့ Ideaတွေ ဆန်းသစ်လာတာကို အားကျနှစ်သက်မိပါတယ်။ အဖြစ်သင့်ဆုံး နဲ့ ဇာတ်သိမ်းပေးသွားတဲ့'လိမ္မော်ပင်ပျိုလေးရဲ့ ကောင်းဘွိုင်'ဆိုတဲ့ စာအုပ်ကို ကြိုက်ဆုံးပါပဲ။ အခုလိုစာပေနယ်ပယ်မှာ အောင်မြင်ရုံသာမက ရုပ်ကလည်း နတ်သမီးလေးလို လှပတဲ့ မမဆုမြတ်အတွက် ဂုဏ်ယူမိပါတယ်။ ရေးချင်တာတွေ၊ မေးချင်တာတွေများနေပေမယ့် မမဆုမြတ်ကို အားနာလို့ မမေးတော့ပါဘူး။ ဒါပေမယ့် ပရိသတ်တစ်ဦး အဖြစ် အသိအမှတ်ပြုတဲ့ တုန့်ပြန်စာနဲ့ ဓာတ်ပုံတစ်ပုံကို ပို့မွေးခဲ့မယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပါပဲ။

မမဆုမြတ် ဒီထက်မက အောင်မြင်ပါစေ။

ကသော်မြေက
စိုင်း
စိုင်းအောင်မြင့်
သနန်းကျေးရွာ၊ မြို့သစ်မြို့နယ်ခွဲ၊
တမူးခရိုင်၊ စစ်ကိုင်းတိုင်း။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်

ခင်မင်စွာဖြင့် မိတ်ဆက်စာရေးလိုက်ပါတယ်။ မရဲ့ ပရိသတ်တစ်ဦးပါ။ မရဲ့ ဝတ္ထုထဲက စိတ်နေစိတ်ထားကို သဘောကျမိတယ်။ မရဲ့ ပရိသတ်တစ်ဦးပါ။ မရဲ့ဝတ္ထုကိုဖတ်ပြီး ရင်ထဲမှာ တစ်ခုခု ကျန်ခဲ့သလိုပဲ၊ မဝတ္ထုကို ဖတ်တာ သိပ်မကြာသေးဘူး။ ဒါပေမဲ့ဒီပြင်ဝတ္ထု မဖတ်တော့ဘူး။ ကျွန်တော်မိတ်ဆက်စာ မရေးဖူးတော့ အမှားပါရင် ခွင့်လွှတ်ပါ။

မိုးတိမ်တိုက်

အမှတ် (၃)၊ သီရိဂေဟာလမ်း၊
ဓဝနရပ်ကွက်၊ သဃ်္ငန်းကျွန်း။
က S

စေတနာစာပေ

၏

အမှတ်တရအစီအစဉ်

တူမလေး

ဆုမြတ်မွန်မွန်ရဲ့ဝတ္ထုတွေဖတ်ပြီး အရမ်းကိုလေးစားသွားတယ်။ အထင်လည်းကြီးမိတယ်။ ဒါကြောင့် ဆရာမလို့ပဲ ခေါ်ပါရစေ။ 'နှုးညံ့ခြင်းမြိုင်ပွဲ'ဆိုတဲ့ ဝတ္ထုကိုအရမ်းကြိုက်သွားပြီး၊ ထွက်သမျှစာအုပ်တွေကို အကုန်လုံးဖတ်လိုက်တယ်။ မထင်မှတ်ဘဲ ဆရာမရဲ့ပရိသတ်တစ်ဦးဖြစ်သွားခဲ့တယ်။ ဆရာမရဲ့ဝတ္ထုတွေထဲမှာ အချစ်အကြောင်းတွေထက် ကိုယ်ချင်းစာနာမှု၊ နားလည်ပေးမှု၊ သံယောဇဉ်တွေ၊ မေတ္တာတရားတွေကို အခြေခံပြီး အဆင့်မြင့်မြင့် ဒိုင်ယာလော့(ခ်)တွေနဲ့ ရေးထားတယ်။ သိပ်ကောင်းတာပဲ ဆရာမရယ်။ ဆရာမ စိတ်ကောင်းရှိတယ်ဆိုတာ ဆရာမရဲ့စာအုပ်တွေက သက်သေပြနေတယ်။

ဦးဝင်း
ဈေးသစ်ရပ်၊ ပလိပ်၊
စဉ့်ကိုင်မြို့နယ်၊
မန္တလေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

ဧေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

သို့

ခင်မင်လေးစားစွာဖြင့် မိတ်ဆက်စာရေးလိုက်ပါတယ်။

မမဆုမြတ်လို့ပဲ ခေါ်ပါရစေနော်။ သမီးက ပထမနှစ် ပထဝီနဲ့တက်နေပါတယ်။ အစ်မရေးခဲ့တဲ့ စာအုပ်တွေထဲမှာ အရင်ကရေးခဲ့တဲ့ 'နှုးညံ့ခြင်းပြိုင်ပွဲ'ဆိုတဲ့ စာအုပ်ကို အရမ်းအရမ်းကြိုက်ပါတယ်။ အဲဒီလိုဇာတ်လမ်း ထပ်ရေးပေးပါလို့တောင်းဆိုချင်ပါတယ်။ မမရဲ့ထွက်ပြီးတဲ့စာအုပ်ကိုလည်း ဖတ်နေဆဲပါ။ စွဲဆောင်မှုရှိတယ်နော်။ လူငယ်တွေအတွက်လည်း ပညာအများကြီးရပါတယ်။ အမှားပါရင် ခွင့်လွှတ်ပါ။

မမရဲ့ အမြဲတမ်းစာဖတ်ပရိသတ်
သုဇာအေး

ညောင်ပင်တောင်ရပ်၊
အောင်ပန်းမြို့၊
ကလောမြို့နယ်၊
ရှမ်း/တောင်။

BURMESE CLASSIC .com

ဧေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

မမ

ဒီလိုခေါ်ဖို့ မမဆီက ခွင့်မတောင်းတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မမကို ကျွန်တော့် ရင်ထဲမှာ ရင်းနှီးပြီးသားမို့ပါ။ အခုဆို ကျွန်တော်အားနဲ့ ဝေးရာမှာ ရောက်နေပါတယ်။ ဒါပေမဲ့ မမစာအုပ်တွေကို ဝယ်ပြီးဖတ်နေဆဲပါပဲ။ ကျွန်တော်တို့ ရမည်းသင်းမြို့နယ်က မမရဲ့ စာဖတ်ပရိသတ်တွေ အကြောင်းနည်းနည်းလောက် ပြောချင်ပါတယ်။ မမရဲ့ စာအုပ်တွေကို ဘယ်လိုဘယ်လို အခက်အခဲတွေနဲ့ ဖတ်နေရလည်းဆိုရင်ပေါ့။ တောဆိုတော့ မမရယ်ကောင်မလေးတွေက ကောက်စိုက်ရင်းဖတ်ကြပါတယ်။ တောင်ပေါ်တတ် မျှစ်ချိုးရင်းဖတ်ကြတယ်။ ကောင်လေးတွေကတော့ လယ်ထွန်ရင်း နွားကျောင်းရင်းဖတ်ကြရတယ်။ မမပရိသတ်တွေ မမဝတ္ထုကို ဘယ်လောက်နှစ်သက်သလဲဆိုတာ သိစေချင်လို့ပါ။

မမရည်ရွယ်ထားတာတွေ အားလုံး
အဆင်ပြေချောမွေ့ပါစေ။

နိုင်လင်း(ခ)မျောက်မူးလဲ
မန္တလေးတိုင်း။
ရမည်းသင်းမြို့နယ်၊
ဝကုန်း၊ ကျေးရွာ။

www.burmeseclassic.com

www.burmeseclassic.com

ဧ စ တ နာ စာ ပေ

၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မဆုမြတ်မွန်မွန်

ငယ်လေးက မဆုမြတ်ရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ မဆုမြတ် ထွက်ပြီးသမျှစာအုပ်တွေအကုန်နီးပါး ငယ်လေးဖတ်ဖြစ်တယ်။ မဆုမြတ်ရဲ့စာအရေးအသားကို ငယ်လေးအရမ်းကြိုက်တယ်။ 'လသုံးစင်းနှင့်ကခုန်ခြင်း'စာအုပ်ကို ငယ်လေးမေမေ အရမ်းကြိုက်တယ်။ ငယ်လေးက မဆုမြတ်ရဲ့စာအုပ်ဘယ်စာအုပ်ပိုကောင်းတယ်ဆိုတာ မပြောတတ်လောက်အောင်ကြိုက်ပါတယ်။ မဆုမြတ်တစ်ယောက် စာပေလောကမှာဒီ့ထက်မက အောင်မြင်ပါစေလို့ 'ငယ်လေး' ဆုတောင်းပေးလိုက်ပါတယ်။

မဆုမြတ်ရဲ့ပရိသတ်
ငယ်လေး

ငယ်လေး(ခ)ဝေဝေယုနွယ်
အမှတ်(၂၆၀)
အောင်သပြေလမ်း
ပုလုံးတုံတုံးရပ်ကွက်
ကော့သောင်းမြို့

ဧ စ တ နာ စာ ပေ

၏

## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်

မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်သက်စကားဆိုလိုက်ပါတယ်။ ကျွန်တော်တို့က အစ်မရဲ့ပရိသတ်တွေပါ။ အစ်မရဲ့ထွက်ပြီးသမျှ စာအုပ်တိုင်း ဖတ်ပြီးပါပြီ။ မကြိုက်တဲ့စာအုပ်ဆိုလို့ တစ်အုပ်မှကို မရှိပါဘူး။ အကုန်လုံးကိုကြိုက်ပါတယ်။ အစ်မရဲ့ ဇာတ်လမ်းဖွဲ့စည်းပုံ အရေးအသားတွေက အရမ်းမိုက်တယ်။ အခုဆို အစ်မရဲ့ဝတ္ထုတွေကို ဗီဒီယိုဇာတ်ကားတွေရိုက်လာတာလည်း တော်တော်များလာတယ်နော်။ အစ်မရဲ့ဝတ္ထုတွေကိုရိုက်ထားတဲ့ ဗီဒီယိုဇာတ်ကားတွေလည်း ကြည့်ဖြစ်ပါတယ်။ အစ်မက အချိန်တိုတိုလေးအတွင်းမှာ အောင်မြင်မှုတွေရခဲ့တယ်နော်။ အစ်မက အရမ်းတော်လို့ ချီးကျူးမိပါတယ်။ ဂုဏ်လည်းယူပါတယ်။ အစ်မကိုလည်း လေးစားမိတယ်။ အားလည်းအားပေးပါတယ်။ စာပေလောကမှာ အစ်မ တည်တံ့နေသ၍ အားပေးနေမယ့် ...

သူရ+ကြယ်စင်မှူး+မြင့်မိုရ်+မိုးစက်

မင်းကျောင်းဆောင်
ကန်အောက်ရပ်၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း/နောက်၊
တောင်ကြီးမြို့၊ ရှမ်း/တောင်။

BURMESE CLASSIC .com
www.burmeseclassic.com